

# ဗုဒ္ဓသမိုင်း
# (သို့)
# အမှတ်တရ ဒိုင်ယာရီ

မေဃဝတီဆရာတော် ဦးနာရဒ

ဗုဒ္ဓဂယာ ဘုရားဖူးမှတ်တမ်းနှင့် ဗုဒ္ဓဂယာ ဘုရားဖူးလမ်းညွှန်

ကရုဏာရှင် ဆရာတော်၏ တပေလက်ရာ

ကိုသက်([illegible])

မာတိကာ

* နိဒါန်း (မေဃဝတီဆရာတော်ဦးနာရဒ)
* အမှာ (မာန်အောင် ပီယ)
* စီစဉ်သူ့ တောင်းပန်လွှာ... (မျိုးချစ်သူ)
၁။ မဟာဗောဓိ (ဝါ) ဗုဒ္ဓဂယာ ၁
၂။ ဘာသာကြီး (၄)ဘာသာနှင့် အမြတ်ဆုံးနေရာ (၄)ရပ် ၂
၃။ ကြွေကွဲဖွယ်ကောင်းသော ဗုဒ္ဓဂယာ ၂
၄။ အမြတ်ဆုံးသော နေရာများ ၅
၅။ ဗုဒ္ဓဂယာ စေတီဒါယကာ ၅
၆။ မဟာဝင်ကျမ်းအဆို ၆
၇။ ဖာဟီယန်နှင့် ဟူယင်ဆန် ၇
၈။ ဗောဓိပင် ၈
၉။ ယခု ရှိနေသော ဗောဓိပင် ၁၂
၁၀။ မဟန့်ဂီရိနှင့် ဗုဒ္ဓဂယာ ၁၄
၁၁။ မစ္စတာမာတင်၏ အဆို ၁၅
၁၂။ မြန်မာရှင်ဘုရင်များနှင့် ဗုဒ္ဓဂယာ ၂၀
၁၃။ ကျောက်စာဂူတော်ကြီး ၂၁
၁၄။ ဓမ္မပါလနှင့် ဗုဒ္ဓဂယာ ၂၂
၁၅။ မဟန့်၏ ယုတ်မာမှု ၂၄
၁၆။ တရားစွဲပြီ ၂၅
၁၇။ လူထုဘာသာ ၂၆
၁၈။ ဟိန္ဒူတို့ ဆည်းကပ်ပုံ ၂၇
၁၉။ အိန္ဒိယပြည်တွင် မဟာမေဒင် ပြန့်ပွားရခြင်းအကြောင်း ၂၈
၂၀။ အစ္စလာမ် သာသနာပြုနည်း ၂၉
၂၁။ ခေတ်မီသော အစ္စလာမ်တရားတော် ၃၀

၂၂။ ဗုဒ္ဓဂယာကို မူဆလင်တို့ ဖျက်ဆီးပုံ ၃၂
၂၃။ ဟိန္ဒူလည်း မသက်သာ ၃၆
၂၄။ ဟိန္ဒူဘုန်းကြီးနှင့် ဗုဒ္ဓဘာသာဘုန်းကြီး ၃၈
၂၅။ ဘာကြောင့် မူဆလင်တွေ ဝင်လာရသလဲ? ၄၁
၂၆။ **အိန္ဒိယရာဇဝင်အကျဉ်း** ၄၃
၂၇။ မောရိယမင်းဆက် [BC 322 – 185] ၄၃
၂၈။ အသောက (ဝါ) သီရိဓမ္မာသောက ၄၅
၂၉။ ကိုးတိုင်း၊ ကိုးဌာနသို့ သာသနာပြုစေလွှတ်ခြင်း ၄၉
၃၀။ ကိုးတိုင်းကိုးဌာနကို ဝေဖန်ပြခြင်း ၅၀
၃၁။ မောရိယအင်ပါယာကြီး ပျက်စီးရပုံ ၅၆
၃၂။ ဆုံဂ (SUNGA) မင်းဆက် [BC 184 – 80] ၅၇
၃၃။ သံဃာတော်ဦးခေါင်းတစ်လုံး ဆုငွေ (၅၀၀) ၅၈
၃၄။ ပုရှမိတြနှင့် မိလိန္ဒမင်းကြီး ၅၈
၃၅။ အဿမေဓယဇ် ပူဇော်ခြင်း ၅၉
၃၆။ ကနိရှကမင်းလက်ထက် ဗုဒ္ဓသာသနာ ၆၀
၃၇။ မဟာယာန် သင်္ဂါယနာတင်ခြင်း ၆၂
၃၈။ တရုတ်ပြည်သို့ သာသနာပြု စေလွှတ်ခြင်း ၆၅
၃၉။ မဟာယာနဆိုတာ ဘာလဲ? ၆၆
၄၀။ သျှာတ်ဝါဟန်မင်းဆက် ၆၇
၄၁။ ဂုတ္တမင်းလက်ထက် ရွှေခေတ်အိန္ဒိယ ၆၈
၄၂။ စန္ဒဂုပတ (စန္ဒဂုတ္တ) [AD 319 - 335] ၆၈
၄၃။ သမုဒြဂုတ္တ [AD 335 - 380] ၆၉
၄၄။ ဒုတိယ စန္ဒဂုတ္တမင်း [AD 380 - 431] ၇၀
၄၅။ ကုမာရဂုတ္တမင်း [AD 414 - 455] ၇၀
၄၆။ တရုတ်ဘုန်းတော်ကြီး ဖာဟီယန် ၇၂
၄၇။ ရာဇဝင်ကွယ်သော ခေတ် ၇၂

၄၈။ ဟရ်ာသျှဝါခေန သီလာဒိတြမင်း ၇၂
၄၉။ တရုတ်ဘုန်းတော်ကြီး ဟူယင်ဆန် (Hiuen Seing) ၇၄
၅၀။ ဘင်္ဂလားပြည် ပါလမင်းများ ၇၆
၅၁။ ဓမ္မပါလမင်း ၇၆
၅၂။ ဒေဝပါလမင်း ၈၀
၅၃။ မဟီပါလမင်း ၈၀
၅၄။ သာသနာဆုတ်ယုတ်ပုံနှင့် ကွယ်ပုံ ၈၁
၅၅။ သာသနာဖျက် ဆံကရာချာရယ (သံကရာဆာရယ) ၈၃
၅၆။ တို့ဘုရားဆိုသောစကား မှန်နိုင်ပါမည်လော? ၈၆
၅၇။ အဝတာရခေါ် ဓမ္မဒူတအကြောင်း ၈၆
၅၈။ အစ္စလာမ်ဘာသာနှင့် ဟဂျရတ် မဟာမ္မဒ် ၈၉
၅၉။ အလ္လာ အင်ပါယာ ၉၀
၆၀။ အိန္ဒိယပြည်နှင့် မူဆလင် ၉၁
၆၁။ မဟာမ္မဒ် ဘိန်ကာစင် ၉၁
၆၂။ ဆဗုတ္တဂိန် ၉၂
၆၃။ မဟာမ္မဒ် ဂေါ်ရီ ၉၂
၆၄။ ကုတ်ဘွဒ္ဒိန်နှင့် ဘတ်တီယာခိလ်ဂျီ ၉၃
၆၅။ စစ်ရှုံးရခြင်းအကြောင်း ၉၃
၆၆။ မိဂဒါဝုန်အကြောင်း ၉၅
၆၇။ ဆာရ်နာထ် (SARNATH) ၉၅
၆၈။ ဣသိပတန ၉၆
၆၉။ မိဂဒါယ ၉၆
၇၀။ နိဂြောဓမိဂဇာတ် ၉၇
၇၁။ ချောက်ခဏ္ဍီစေတီ (CHOUKHANDI STUPA) ၁၀၀
၇၂။ တူးဖော်ထားသော အဆောက်အအုံများ ၁၀၀
၇၃။ မြေအောက်စကြံတော်ကြီး ၁၀၇

၇၄။ အခြားကျောင်းတော်များ ၁၀၈
၇၅။ ဓမ္မေခစေတီ (DHAMEK STUPA) ၁၀၈
၇၆။ မိဂဒါဝုန် ပျက်စီးဆုတ်ယုတ်ရပုံ ၁၁၀
၇၇။ မိဂဒါဝုန်ကို မူဆလင်များ ဖျက်ဆီးပုံ ၁၁၁
၇၈။ သာဝတ္ထိ (SARAVASTI) ၁၁၇
၇၉။ ဝိဟာရမြို့ခေါ် ဘီဟာမြို့သာသနာ ၁၂၀
၈၀။ တိလာဟစ္စာအကြောင်း ၁၂၂
၈၁။ ရာဇဂြိုဟ် (RAJGIR) ၁၂၅
၈၂။ နာလန္ဒာ (NALANDA) ၁၂၆
၈၃။ စေတီများနှင့် ကျောင်းတော်ကြီးများ ၁၂၇
၈၄။ နာလန္ဒာရာဇဝင် ၁၃၁
၈၅။ ကမ္ဘာကျော်ကထိကများ ၁၃၂
၈၆။ သက်သာနဂိုရ် ၁၃၇
၈၇။ ဆံချီ (SANCHI) ၁၃၈
၈၈။ စိတ်ဝင်စားဖွယ်ကောင်းသော နေရာများ ၁၃၉
၈၉။ စေတီမကြီး (GREAT STUPA) ၁၃၉
၉၀။ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန် ဓာတ်တော်များကို ရရှိရာ စေတီပျက် ၁၄၀
၉၁။ အသောကကျောက်တိုင်နှင့် အခြားကျောက်တိုင်များ ၁၄၂
၉၂။ ဆံချီ၏ အတိတ်ရာဇဝင် ၁၄၄
၉၃။ ဆံချီ ပျက်စီးရပုံ ၁၄၅
၉၄။ တက္ကသိုလ်ပြည် (TAXILA) ၁၄၆
၉၅။ (၁) ချိရ်တို့ပ်ခေါ် ဓမ္မရာဇိကစေတီတော်ကြီး ၁၄၇
၉၆။ (၂) ဂိရိတောင်ကြားရှိ ကျောင်းတော်များ ၁၄၈
၉၇။ (၃) ကူနာလစေတီနှင့် ကျောင်းတော် ၁၄၉
၉၈။ (၄) မိုဟာရာ မိုရာဒူ အဆောက်အအုံ ၁၅၁

၉၉။ (၅) ဝိပ္ပလာအဆောက်အအုံများ ၁၅၂
၁၀၀။ (၆) ဂျူလီယံ အဆောက်အအုံများ ၁၅၂
၁၀၁။ (၇) ဘဒါလ်ပူရ် ၁၅၃
၁၀၂။ (၈) လာလ် အဆောက်အအုံများ ၁၅၃
၁၀၃။ (၉) ဇလ္လာစေတီကြီး ၁၅၃
၁၀၄။ တက္ကသိုလ်ရာဇဝင် ၁၅၄
၁၀၅။ ဟိန္ဒူသည် သာသနာအင်အားကို ယုတ်စေသည် ၁၅၇
၁၀၆။ အကြွင်းမရဖျက်ဆီးသူ မူဆလင် ၁၅၈
၁၀၇။ ဒသနီယဌာနလေးပါး ၁၅၈
၁၀၈။ ဥရောပသာသနာသမိုင်း ၁၆၂
၁၀၉။ အယ်လင်ဘင်နက် ၁၆၂
၁၁၀။ ဗုဒ္ဓဘာသာ စာအုပ်ဆိုင် ၁၆၃
၁၁၁။ ဂရိတ်ဗြိတိန်နှင့် အိုင်ယာလန် ဗုဒ္ဓဘာသာအသင်း ၁၆၃
၁၁၂။ အာနန္ဒမေတ္တေယျ ၁၆၄
၁၁၃။ အသင်းကြီးပျောက်ကွယ်ရခြင်း ၁၆၆
၁၁၄။ နောက်လူတို့၏ ဝီရိယ ၁၆၆
၁၁၅။ အနာဂါရိက ဓမ္မပါလ ၁၆၇
၁၁၆။ ဆရာတော် တိုက်စူး ၁၆၈
၁၁၇။ ပါဠိကျမ်းရင်း ၁၆၉
၁၁၈။ ဂျာမဏီဗုဒ္ဓဘာသာ ၁၇၀
၁၁၉။ ကျေးဇူးရှင်များ ၁၇၀

# နိဒါန်း

## နမော ဗုဒ္ဓါယ

မဇ္ဈိမတိုင်းခေါ် အိန္ဒိယပြည်ကြီးသို့ ဘုရားဖူးသွားရောက်ကြသော ပုဂ္ဂိုလ်တို့ သည် ကျိုးပဲ့ပြိုပျက်လျက်ရှိသော အဆောက်အအုံများနှင့် ရုပ်တုတော်များကို ဖူးမြင်ကြရပေလိမ့်မည်။ ထိုသို့ ဖူးမြင်ရသောအခါ ထိုပုဂ္ဂိုလ်တို့၏ စိတ်ဓာတ်ကို အထူး ထိခိုက်သွားမည့်အပြင် ဝမ်းနည်းကြေကွဲခြင်းလည်း ဖြစ်ပေလိမ့်မည်။

သို့သော်... အဘယ့်အကြောင့် ဤကျောင်း,ဤကန်,ဤစေတီ,ဤပုထိုး, ဤသာသနာကြီးတို့မှာ ထိုကဲ့သို့ ပျက်စီးယိုယွင်းကာ အကြွင်းမရ ဖြစ်လေရသနည်း? ဆိုတာကို သိရှိသူကား အထူးရှားပေလိမ့်မည်။

ပါရာဇိကဏ်အဋ္ဌကထာနိဒါန်း၊ မဟာဝင်ကျမ်း၊ ဇိနတ္ထပကာသနီ၊ ဓမ္မပဒ အဋ္ဌကထာ-စသော ကျမ်းတို့သည် သာသနာထွန်းစဉ်မျှကိုသာ ရေးသားဖော်ပြထားလေသည်။ ဗုဒ္ဓခေတ်အခါသမယက အိန္ဒိယပြည်ကြီး၏ သန်းခေါင်စာရင်း တွင်မူကား ဗုဒ္ဓဘာသာသည် ထိပ်ဆုံးမှ နေခဲ့ရသော်လည်း လက်ရှိ အိန္ဒိယ သန်းခေါင်စာရင်း၌မူကား ဗုဒ္ဓဘာသာဦးရေကို မှန်ပြောင်းဖြင့် ကြည့်ရှုပါသော်လည်း ပြောပလောက်အောင် မတွေ့ရှိရတော့ချေ။ ဟိန္ဒူနှင့် မွတ်ဆလင်ဦးရေသည်သာလျှင် အများဆုံး ဖြစ်လေသည်။

သာသနာတော်ကြီး ထွန်းစဉ်ကို ကိုရင်ဘဝကပင် သိရှိခဲ့သော ကျွန်ုပ်သည် သာသနာတော် ပျက်စဉ်ကို အထူးသိလိုသဖြင့် ၁၉၄၁-ခုနှစ်တွင် အိန္ဒိယပြည်ကြီးသို့ ထွက်ခွါလာခဲ့လေသည်။ အဝကျွန်းတွင် တစ်ဝါဆိုပြီး ဒိနာဇပူရ်၊ ဗာရာဏသီ.စသော မြို့တို့၌ (၉)နှစ်တိုင်တိုင် ပညာသင်ကြားလျက်ပင် အရေးကြီးသော စာတိုစာချွန်များကို ရှာဖွေစုဆောင်းရလေသည်။ ဗာရာဏသီ ဟိန္ဒူ ယူနီဗာစတီကြီး၌ ဂီတာစကောလားရှစ်အဖြစ်ဖြင့် ပညာသင်ကြားခဲ့စဉ် ရာဇဝင် ဆရာတစ်ဦးဖြစ်သူ ပရိုဖက်ဆာကြီး အာလာတေကာနှင့် သွားရောက်ဆွေးနွေးလေရာ

၎င်းပုဂ္ဂိုလ်ကြီးက ဗုဒ္ဓသာသနာတော်ကြီး ကွယ်ပပုံကို ခရားစေ့ တွင်းကျ သိရှိနိုင်ရန်မှာ...

(၁)ကျောက်စာဘက်ဌာန အစီရင်ခံစာများ၊ (၂)ဒိစတြိတ် ဂဇက်တီယာစာအုပ်များ၊ (၃)ဟိန္ဒီ, ဘင်္ဂါလီ, အင်္ဂလိပ်-စသော ဘာသာများဖြင့် ရေးသားထားသော ရာဇဝင်များ၊ (၄)ဖာဟီယန်, ဟူယင်ဆန် မှတ်တမ်းများ-စသည်တို့ကို စေ့စေ့အောင် ဖတ်ရှုလျှင် အထိုက်အလျောက် ရနိုင်မည်ဖြစ်ကြောင်း... အကြံပေးလေသည်။ ထို့ကြောင့် ကျွန်ုပ်မှာ ဖော်ပြပါစာအုပ်များကို အနလုံ-ပဋိလုံ ဖတ်ရှုပြီးလျှင် လိုအပ်သော စာပိုက်များကို ကောက်နုတ်ယူရလေသည်။ သို့သော် ကျွန်ုပ်စာအုပ်ကား ထိုမျှနှင့် မပြီးမြောက်သေးသဖြင့် အီလီယတ် ဟိစတိုရီခေါ် စာအုပ်ကြီးကို ကာလကတ္တားမြို့ အရှတိုစ်စာကြည့်တိုက်ကြီးမှ ငှားရမ်းကာ ဖတ်ရှုခြင်းဖြင့် အရေးကြီးမည့် စာပိုဒ်များကို ထုတ်နုတ်ယူပြန်လေသည်။ ယခု ရေးသားထားသော အကြောင်းအရာများကို စုဆောင်းရှာဖွေခဲ့ရာတွင် (၆)နှစ် ကြာခဲ့လေသည်။

ကျွန်ုပ် ရရှိထားသော စကောလားရှစ်မှာလည်း နှစ်စေ့နေပြီဖြစ်သဖြင့် ၁၉၄၈-ခုနှစ်တွင် ယူနီဗာစီတီကြီးမှ ထွက်ခဲ့ပြီး အရှေ့ပါကစ္စတန်(ဘင်္ဂလားဒေ့ရှ်)ရှိ မြန်မာလူမျိုး(၁၆၀၀၀)တို့၏ သာသနာအကျိုး ဘာသာအကျိုးကို မျှော်ကိုးကာ အမှုကိစ္စ အဝဝတို့ကို ထမ်းဆောင်နေရင်း ဤစာအုပ်ကို ရဟန်း(၈)ဝါမြောက်တွင် အဝကျွန်း ဘောတလီယာရွာ၌ စတင်ရေးသား၍ ပြီးစီးခြင်းသို့ရောက်လေသည်။

၎င်းရွာနေ ကိုမဲတုတ်+မအောင်သာနှင့် ကိုထွန်းလှဖြူ+မဝင်းစိန်ဦးတို့က သီတင်းကျွတ်လျှင် ပုံနှိပ်ထုတ်ဝေရန် တာဝန်ယူထားသည့်အခိုက် ကံကြမ္မာဆိုးဝါးလှသည့် ကျွန်ုပ်မှာ အရှေ့ပါကစ္စတန်အစိုးရမင်းတို့က ပြည်သူ့လုံခြုံရေး ဥပဒေ အပိုဒ်(၆)၊ ပုဒ်မ(၁၈)အရ ဖမ်းဆီးကာ ဒက္ကားဗဟိုထောင်ကြီးထဲတွင် (၆)လခွဲတိုင်တိုင် စံစေလေသည်။

ဧပြီလ (၇)ရက်နေ့တွင် ၎င်းအစိုးရက လူ့ဒါန်းအပ်သော ပြည်နှင်ဒဏ်တံဆိပ်တော်ကို လက်ခံခဲ့ပြီး၍ မိမိဒေသဖြစ်သော မေယာဝတီ မာန်အောင်ကျွန်းနှင့် ရမ်းဗြဲကျွန်း လေးတောင်တိုက်နယ်သို့ လာရောက်ခဲ့ပြီး အကျိုးအကြောင်း ပေါပြောပြသလေသောကြောင့် အနည်းခန့်လောက်သော ဝတ္ထုကြေးငွေများကို ရရှိခဲ့သဖြင့် "**သာသနာပျက်စဉ်ကျမ်း**"ဟု ခေါ်ဆိုထိုက်သော ဤ"**ဗုဒ္ဓသမိုင်း**"

ကို ပုံနှိပ်ထုတ်ဝေနိုင်ခြင်း ဖြစ်ပါသည်။ ဤစာအုပ်ကို ရေးသား ဖော်ပြလိုက်ရသော ကျွန်ုပ်၏ အဓိကစေတနာမှာကား...

မည်သည့်လူမျိုးကိုမှ မုန်းထားမာန်တို မနာလိုသောသဘော မပါရှိကြောင်း၊ အံ့ဖွယ်ရှစ်ဖြာနှင့် ပြည့်စုံတော်မူသော ငါတို့ သာသနာတော်ကြီးသည် အိန္ဒိယပြည်တွင် ဤမည်သော အကြောင်းတို့ကြောင့် ကွယ်ပရလေသည်ဟူသော အကြောင်းဥသယံ အလုံးစုံကို အကုန်အစင် သိကြစေရန်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံရှိ သာသနာတော်ကြီးကိုလည်း ထိုသို့မဖြစ်စေရန် မည်သို့မည်ပုံ ကာကွယ်စောင့်ရှောက်သင့်ကြောင်းဟူသော ရည်ရွယ်ချက်သာ ရှိပါကြောင်း...

ဤစာအုပ် ထွက်ပေါ်နိုင်ရန် (၁)မိဂဒါဝုန်ဆရာတော် ဦးကိတ္တိမ-က စာမူအနည်းငယ်ခန့်ကို စုဆောင်းပေးခြင်း၊ (၂) စစ်တွေမြို့ ရာဇဝတ်အုတ် ဦးသာကျော်-က ကောက်နုတ်ယူလိုသော စာပိုဒ်များကို တိုက်ပရိတ်တာနှင့် အထူးကြိုးစား ရိုက်ပေးခြင်း၊ (၃) စာရေးဆရာ မာန်အောင်ပီယ(ဦးသိန်းလွင်)က စာအသွားအလာ စသည်တို့ ချို့ယွင်းချက် မရှိအောင် ကူညီပေးခြင်း၊ (၄) ၃၃-လမ်း၊ နံပါတ်(၁၈၆)နေ ကျားညီနောင်ဆေးတိုက်ပိုင်ရှင် ဒါယကာဦးဘအိုနှင့် ဒေါ်လှစိန်တို့က ငွေကြေး,အကြံဉာဏ်စသည်တို့ဖြင့် ကူညီ,စောင့်မ,ပေးခြင်း၊ ဤကဲ့သို့ တတ်အားသရွေ့ အဘက်ဘက်မှ ကူညီစောင်မ ပေးခဲ့ကြသော ရဟန်းပုဂ္ဂိုလ် လူပုဂ္ဂိုလ်တို့အား အထူးကျေးဇူးတင်သအပ်ပါကြောင်း...

ဤစာအုပ် ဝါကျစကားအသုံးအနှုန်း အနည်းငယ်ခန့် အဆင်မပြေမှုများ ရှိခဲ့ပါမူ အပြစ်မရှု အကျိုးပြုကာ ဖတ်ရှုပါရန် စာဖတ်ပရိသတ်ကြီးသို့ လေးနက်စွာ တောင်းပန်အပ်ပါကြောင်း...

မေဃာဝတီ - ဦးနာရဒ

## အမှာ

မေဃဝတီဦးနာရဒသည် ဗုဒ္ဓသမိုင်းစာမူကို ဖတ်၍ တည်းဖြတ်ပေးရန်နှင့် အမှာစာ ရေးပေးရန် ကျွန်တော့်အား အမိန့်ရှိလေသည်။ ကျွန်တော်သည် ဦးနာရဒ၏ စာမူကို အစမှ အဆုံးတိုင်အောင် ဖတ်ကြည့်ပါ၏။ သို့သော် အရှင်မြတ်မှာ စာပေဗဟုသုတနှင့်တကွ အရေးအသား နှံ့စပ်ကျွမ်းကျင်သူ ဖြစ်သဖြင့် တိုနေသော နငယ်၏ အမြီးကို ရှည်ရှည်ဆွဲပေးရုံမှတပါး တစ်လုံးတစ်ပါဒမျှ ပြင်ဆင်ဖြည့်စွက်ရန် ကျွန်တော် မတွေ့ရှိပါ။

စာအုပ်တစ်အုပ်ကို ဖတ်ကြည့်မိလျှင် ထိုစာအုပ်ရေးသားသူ စာရေးဆရာ၏ အကြောင်းအခြင်းအရာများကို သိလိုကြသည့် ဆန္ဒရှိတတ်ကြသည့် အားလျော်စွာ စာရေးသူဦးနာရဒနှင့် စာဖတ်ပရိသတ်များအကြားတွင် မိတ်ဆက်ပေးရန် ကျွန်တော့်မှာ တာဝန်ရှိလေသည်။

**မေဃဝတီဦးနာရဒ**ဟူသော ဘွဲ့အမည်ကို မှတ်မိချင်မှ မှတ်မိကြပေမည်။ သို့သော်... ပါကစ္စတန်က ပြည်နှင်ဒဏ်ပေးလိုက်သော ဘုန်းကြီးတစ်ပါးကိုမူကား လူကြီးလူငယ်မကျန် တစ်တိုင်းပြည်လုံးက မှတ်မိကြမည်မှာ မုချပင် ဖြစ်ပါသည်။

ဦးနာရဒသည် မြန်မာပြည်မှာ ပါဠိပိဋကတ်စာပေများကို တတ်မြောက်သည့်တိုင်အောင် သင်ယူပြီးနောက် ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ တစ်နှစ်လောက်က အိန္ဒိယပြည်သို့ ကြွသွားခဲ့လေသည်။ ဗာရာဏသီ ယူနီဗာစီတီတွင် လေးနှစ်မျှ အင်္ဂလိပ်,သက္ကတ,ဘင်္ဂါလီ-စသော တက္ကသိုလ်ပညာ ဘာသာရပ်များကို သင်ယူပြီးနောက် အရှေ့ပါကစ္စတန် ဘင်္ဂလားအဝကျွန်းသို့ ပြန်ကြွလာကာ သာသနာပြုလုပ်ငန်းနှင့် အမျိုးသားရေးလုပ်ငန်းများကို ထိရောက်စွာ အားကြိုးမာန်တက်ဆောင်ရွက်ခဲ့လေသည်။

ဦးနာရဒသည် ဗုဒ္ဓဘာသာဝင်များအသင်းကို တည်ထောင်သည့်အပြင် အဝကျွန်းတွင် နေထိုင်သော မြန်မာ(၁၆၀၀၀)ခန့်တို့၏ လူနည်းစု အခွင့်အရေးများကို ပါကစ္စတန်အစိုးရထံ မကြာမကြာ အရေးဆိုခဲ့လေရာ ဘာသာရေးနှင့် အမျိုးသားရေးတွင် အယူသည်းလှသော ပါကစ္စတန်အစိုးရသည် အရှင်မြတ်အား ဒဏ္ဍား

ထောင်ကြီးအတွင်းသို့ စေတနာဗလဝဖြင့် ပင့်ဆောင်ခဲ့လေသည်။ နောက်ဆုံးတွင် အနာဟာရသပိတ်ကို ကိုင်စွဲကာ အစာအငတ်ခံသော ဦးနာရဒအား ထောင်မှ ထုတ်၍ ပြည်နှင်ဒဏ်ပေးရသော အခြေအနေသို့ ရောက်ခဲ့လေသည်။

၁၉၄၈-ခုနှစ်တွင် ဦးနာရဒသည် မြန်မာပြည်သို့ ပြည်နှင်ဒဏ်နှင့်တကွ ပြန်လည် ရောက်ရှိလာသောအခါ အဝကျွန်းပြဿနာ စာမူနှင့် မူကြမ်းအားဖြင့် ပြီးစီးလာသော ဗုဒ္ဓသမိုင်းပါ တစ်ပါတည်း ပါရှိလာခဲ့သည်။

မြန်မာပြည်သို့ ပြန်လည်ရောက်ရှိပြီးနောက် ဤဗုဒ္ဓသမိုင်းကို ဆက်လက်၍ အချောကိုင် ရေးသားလေသည်။ ဗုဒ္ဓသမိုင်းမှာ ဗုဒ္ဓသာသနာသမိုင်းပင် ဖြစ်လေသည်။ မြန်မာစာပေဖြင့် ရေးသားထားသော ရာဇဝင်၊ သာသနာဝင်ကျမ်းများတွင် သာသနာထွန်းကာ ပေါ်ပေါက်လာပုံကို ဖတ်ရှုကြရမည် ဖြစ်သော်လည်း ဗုဒ္ဓရှင်တော် ပရိနိဗ္ဗာန်စံလွန်ပြီးနောက် အိန္ဒိယတွင် ဗုဒ္ဓသာသနာသည် အဘယ်ပုံကွယ်ပသွားရသည်ကိုကား ထိုစာအုပ်များတွင် အကျယ်တဝင့် ရေးသားထားသည်ကို မတွေ့ရတော့ချေ။ သို့သော် ယခု မေဃဝတီဦးနာရဒ၏ ဗုဒ္ဓသမိုင်းမှာမူ ဗုဒ္ဓသာသနာနောက်ပိုင်း၏ ရာဇဝင်ကို အသေးစိပ်ကာ... "ဗုဒ္ဓသာသနာသည် ဘာသာခြားအယူသည်းသမားများ၏ လက်ချက်ဖြင့် ဤသို့ဤပုံ ကွယ်ပသွားသည်"ကို ချရေးစေ့တွင်းကျ ဖော်ပြထားလေသည်။

ကျွန်တော် ထင်သည်...

မေဃဝတီဦးနာရဒက ဤဗုဒ္ဓသမိုင်းကို ဗုဒ္ဓဘာသာဆန့်ကျင်ရေး အခြားဘာသာဝင် အယူသည်းများ၏ ပယောဂဖြင့် အိန္ဒိယနှင့် မြန်မာအပါအဝင် ကမ္ဘာအနှံ့အပြား လောင်စွဲလျက်ရှိသော ဗုဒ္ဓဘာသာဖျက်မီးကြီးကို အချိန်မီ ငြိမ်းသတ်ရန်နှင့် လောင်စွဲလတ္တံ့သော သာသနာဖျက်မီးကိုပါ ကြိုတင်ကာကွယ်နိုင်ရန် အထောက်အပံ့ဖြစ်သော သခ်ိန်းစာ စာအုပ်တစ်အုပ် ဖြစ်ပါစေဟူသော ရည်ရွယ်ချက်ဖြင့် ရေးသားခြင်း ဖြစ်ပေလိမ့်မည်။

အမှန်တော့ ဤစာအုပ်သည် မြန်မာပြည်တွင် ရှိသင့်ရှိထိုက်သော စာအုပ်တစ်အုပ် ဖြစ်သည့်အပြင် ရာဇဝင်လိုက်စားသူတိုင်းနှင့် ဗုဒ္ဓဘာသာဝင်တိုင်း ချန်မထားဘဲ ဖတ်သင့်ဖတ်ထိုက်သော စာအုပ်တစ်အုပ် ဖြစ်သည်ဟု ယုံကြည်ပါသည်။

သည့်ထက်တော့ ကျွန်တော် အထူးတလည် ဝေဖန်ရေးသားရန် လိုမည်မထင်။ "ဤစာအုပ်သည် အဘယ်မျှ အနှစ်သာရနှင့် ပြည့်စုံ၍ အဘယ်မျှ အဖိုးထိုက်တန်သည်၊ အဘယ်ကဲ့သို့သော အရည်အချင်းမျိုးရှိမှ ဤစာအုပ်မျိုးကို ရေးသားနိုင်မည်၊ အဘယ်မျှပင် အပင်ပန်းခံ၍ စုဆောင်းရေးသားမှ ဤစာအုပ်မျိုး ပေါ်ပေါက်လာနိုင်မည်"ကိုကား စာအုပ်ဖတ်ပြီးသည့် နောက်ဆုံးတွင် စာဖတ်သူကိုယ်တိုင် သိရှိမည်ပင် ဖြစ်ပါသည်။

မာန်အောင်ပီယ

၄-၅-၁၉၅၂

စီစဉ်သူ့ တောင်းပန်လွှာ...

"စာပေချစ်သူများဟာ စာပေကို ထိန်းသိမ်းရမည်။ မျိုးချစ်သူ ဘာသာချစ်သူများကတော့ ကိုယ့်လူမျိုး ကိုယ့်ဗုဒ္ဓဘာသာကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည်"

ဒီအသိစိတ်ဓာတ်လေးနဲ့ပဲ ကျွန်တော်ဟာ စာပေကို ထိန်းသိမ်းသည့်အနေအားဖြင့်လည်းကောင်း၊ ကိုယ့်လူမျိုး ကိုယ့်ဗုဒ္ဓဘာသာကို ကာကွယ်စောင့်ရှောက်သည့်အနေအားဖြင့်လည်းကောင်း ပျောက်ကွယ်လုနီး ဖြစ်နေသည့် ဤဗုဒ္ဓသမိုင်းစာအုပ်ကို အသစ်တဖန် ပြန်လည် ရိုက်နှိပ်နိုင်အောင် ကြိုးစားခဲ့ပါသည်။

စာအုပ်အဟောင်းအနွမ်းတစ်ခုကို မူတည်ပြီး စီစဉ်(စာစီ)သည့်အခါ စာလုံးပေါင်းသတ်ပုံနှင့် အထူးသဖြင့် အင်္ဂလိပ်+မြန်မာ ဘာသာပြန်မှုများ၊ မူရင်းကျမ်းကိုး အင်္ဂလိပ်စာ သဒ္ဒါအသုံးအနှုန်းများ တိကျမှုမရှိပဲ လွဲချော်နိုင်တာမျိုး ရှိနိုင်ပါသည်။ ယင်းအလွဲအချော်များကို သနား, ခွင့်လွှတ်သော စိတ်ထားဖြင့် ဖတ်ရှုပေးကြပါရန် တောင်းပန်အပ်ပါသည်။

ကိုသက်(မျိုးချစ်သူ)

10.Jul.2013

# ဗုဒ္ဓသမိုင်း

(သို့မဟုတ်)

# အမှတ်တရ ဒိုင်ယာရီ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## မဟာဗောဓိ (ဝါ) ဗုဒ္ဓဂယာ

ဘဂဝါ အတုလ တိပဝရသခင် မြတ်ဗုဒ္ဓဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ သဗ္ဗညုတ ဉာဏထင်ရှား ဘုရားအဖြစ်သို့ ရောက်ရှိတော်မူသော နေရာကား မဟာဗောဓိခေါ် ဗုဒ္ဓဂယာမြို့ပင် ဖြစ်တော့သည်။ ထိုမြို့သည် အိန္ဒိယပြည် ဘီဟာနယ် ဂယာဒိစတြိတ်တွင် တည်ရှိလေသည်။

ဤစာအုပ်တွင် ဘုရားရှင်ကိုယ်တော်မြတ်၏ လက်ထက်တော်မှစ၍ သာသနာ့ဒါယကာ သီရိဓမ္မာသောကမင်းကြီးလက်ထက်တိုင်အောင် ဗုဒ္ဓဂယာနှင့် ပတ်သက်သော အကြောင်းအတ္ထုပ္ပတ္တိများကို မဖော်ပြဘဲ သီရိဓမ္မာသောကမင်းမှသည် ယနေ့အထိ ဖြစ်ပျက်ခဲ့သော၊ ဖြစ်ပျက်လျက်ရှိသော မဟာဗောဓိ၏ ကြမ္မာဆိုးကိုသာ ခရားစေ့တွင်းကျ ဝေဖန်ရေးသားလိုပေသည်။

ဗုဒ္ဓဂယာမြို့ရှိ မဟာဗောဓိပင်နှင့် သတ္တဋ္ဌာနတည်းဟူသော ဗုဒ္ဓရှင်တော် ကိန်းဝပ်စမ္မာယ်တော်မူသောနေရာများသည် ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာဝင်အပေါင်း တို့၏ ဘာသာရေးကိစ္စနှင့် စပ်လျဉ်းလျက် အရေးကြီးသော အမြတ်ဆုံးနေရာဟု ခေါ်ရပေမည်။

## ဘာသာကြီး (၄)ဘာသာနှင့် အမြတ်ဆုံးနေရာ (၄)ရပ်

ကမ္ဘာပေါ်တွင် ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ် ဘာသာဟူ၍ ဘာသာကြီး(၄)ခုရှိရာ...

ဟိန္ဒူဘာသာဝင်တို့အဖို့ ဗာရာဏသီ၊ အယုဒ္ဓယ၊ ဗြိန္ဒာဗန် ဟရိဒွါရနှင့် မထူရာမြို့တို့သည် အမြတ်ဆုံးသော မြို့များဖြစ်၍ ထိုမြို့ကြီးများရှိ ကျောင်းကန် စေတီပုထိုးစသော ဘာသာရေးအဆောက်အအုံများကို ဟိန္ဒူတို့ကသာ ပိုင်ဆိုင် အုပ်ချုပ်လျက် ရှိလေသည်။

ခရစ်ယာန်ဘာသာဝင်တို့၏ အမြတ်ဆုံးသော နေရာမှာ ပါလက်စတိုင်းပြည် (ယခု အစ္စရေးနိုင်ငံ)ဂျေရုဆလင်မြို့တွင်ရှိသော ခရစ်တော်ယေရှုကို မွေးဖွားရာ အရပ်ပင် ဖြစ်၍ ထိုနေရာကိုလည်း ခရစ်ယာန်တို့သာ သဘောကျ စီမံအုပ်ချုပ် လျက် ရှိလေသည်။

အစ္စလာမ်ဘာသာဝင်တို့၏ အမြတ်ဆုံးသော နေရာမှာ အလ္လာသခင်၏ တမန်တော်မဟာမွဒ်ကို မွေးဖွားရာအရပ်ဖြစ်သော အာရပ်ပြည်ရှိ မက္ကာမြို့နှင့် ၎င်း၏ သချိုင်းရှိရာ မဒီနာမြို့တို့ ဖြစ်လေသည်။ ထိုနေရာတို့ကိုလည်း အာရပ် ပြည်သား မူဆလင်များကသာ ပိုင်ဆိုင်အုပ်ချုပ်လျက် ရှိလေသည်။

ဗုဒ္ဓဘာသာဝင်အပေါင်းတို့၏ အမြတ်ဆုံး အရေးကြီးသော နေရာကား... ဗုဒ္ဓ ဘုရား၏ ပွင့်တော်မူရာနှင့် သတ္တဋ္ဌာနတည်ရာဖြစ်သော မဟာဗောဓိခေါ် ဗုဒ္ဓဂယာမြို့ပင် ဖြစ်တော့သည်။

## ကြေကွဲဖွယ်ကောင်းသော ဗုဒ္ဓဂယာ

ဤရွှေ့ဤမျှပင် အထွတ်အမြတ်ဆုံးဖြစ်သော်လည်း ဗုဒ္ဓဘာသာဝင်မဟုတ် သူ၊ ဗုဒ္ဓရန်သူကြီးတစ်ဦးက ပိုင်ဆိုင်ထားခြင်းကြောင့် ဝမ်းနည်းကြေကွဲဖွယ်ရာ တွေ့မြင်ရသည်ကား...

၁။ စေတီပုထိုးစသည်တို့မှာ နောက်ဘေးအိမ်သာတမျှ ညစ်ပတ်လျက် ရှိ ခြင်း။

၂။ ဖူးမြော်သူတို့အား သမာဓိမရနိုင်လောက်အောင် ရာ,ထောင်မကသော သူတောင်းစားများက လာရောက်ကာ ဆူဆူပူပူ တောင်းခံကြခြင်း။

၃။ ဗုဒ္ဓဝါဒနှင့် ဆန့်ကျင်ဘက်ဖြစ်သော ဟိန္ဒူမဟာဒေဝ လိင်ရုပ်ကြီးတစ်ခု ကို စေတီတော်ကြီးအောက်ထပ်ရှိ ရုပ်ပွားတော်ရှေ့၌ ချထားခြင်း။

၄။ ဆွမ်းတော်ကပ်၊ ဆီမီးပူဇော်သောအခါ ဆုတောင်းလို့ မဆုံးမီမှာပင် အလစ်ဝင်သုတ်လေ့ရှိခြင်း။

၅။ မုစ္စလိန္ဒရေအိုင်တော်၌ ရေချိုးခြင်း၊ ညစ်ပတ်သော အဝတ်များကို ဖွတ် လျှော်ခြင်း၊ မစင်ဆေးခြင်း။

၆။ စေတီ,ပုထိုးပျက်များမှ အုတ်ကျောက်များဖြင့် အိမ်ဆောက်ခြင်း၊ ဆင် တင်းကုတ်၊ မြင်းတင်းကုတ်နှင့် မစင်အိမ်သာ လုပ်ခြင်း။

ဤကဲ့သို့သော ယုတ်မာသော ညစ်ပတ်ပုံများကို တွေ့မြင်ကြသော ကျွန်ုပ်တို့ နှင့်တကွသော ဗုဒ္ဓဘာသာဝင်အပေါင်းတို့မှာ အဘယ်မှာလျှင် စိတ်၏ချမ်းသာမှု ကို ရနိုင်ပါတော့အံ့နည်း?

ထို့ကြောင့် လွတ်လပ်သော မြန်မာနိုင်ငံတော်ရှိ ဗုဒ္ဓဘာသာဝင်အပေါင်းတို့ နှင့် ကမ္ဘာ့ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် ဤမျှ မွန်မြတ်သော နေရာတော်ကို ဘာသာခြားတို့ လက်တွင်းမှ မိမိတို့ လက်ဝယ်သို့ ရောက်ရှိလာအောင် ကြိုးစား အားထုတ်သင့်လှပေသည်။

ဗုဒ္ဓဘာသာဝင်အပေါင်းတို့၏ အမွန်မြတ်ဆုံးသော ဗုဒ္ဓဂယာကို ဗုဒ္ဓဘာသာ ဝင်တို့ကသာ ပိုင်ဆိုင်ရမည်ဟု တောင်းဆိုခဲ့သော် မည်သူကမှ တရားနည်းလမ်း မကျဟု ဝေဖန်နိုင်မည် မဟုတ်ပေ။ ဤတွင် အကျွန်ုပ်သည် ဤစာအုပ်ကို ဖတ်သူ တိုင်း သိရှိကြစေရန် ဗုဒ္ဓဘာသာပိုင်မဟုတ်သော အိန္ဒိယပြည် စတိတ်မန့်သတင်း စာ၌ ဝေဖန်ရေးသားထားသည်ကို ရေးသားဖော်ပြလိုက်ပါအံ့။

## Statement of object and reasons

The Mahabodhi Temple at Bodhgaya is most sacred shrine of Buddhist world as it stands on the spot where Lord Buddha attained

Supreme Wisdom. It is to the Buddhist what Mecca is to the Muslim. Ayodhya to Hindu and Jerusalem to Christian it is in the hands of a non-Buddhist the salivate Mahanth of Bodhgaya. For many years past, the Buddhists have Deem greatly dissatisfied with his management of the temple. They have expressed their strong desire to have them stored to their control. The desire is natural and this bill intended to make for provision. The better management of the temple and temple compound for their restoration to the Buddhists of India, Burma and Ceylon without prejudice to the right of Hindus to worship the image of Buddha in the temple and to offer alms food at the Bodhi tree to the north of the temple.

### ဥပဒေပြုရခြင်းအကြောင်းရင်းခံ ဖော်ပြချက်

"ဗုဒ္ဓဂယာမြို့တွင် တည်ရှိနေသော မဟာဗောဓိစေတီတော်မြတ်၏ နေရာတွင် ဗုဒ္ဓဘုရားရှင်သည် သဗ္ဗညုတဉာဏ်တော်ကို ရရှိတော်မူသဖြင့် ကမ္ဘာ့ဗုဒ္ဓဘာသာအတွက် အမြတ်ဆုံးသောနေရာ ဖြစ်ပေသည်။ မူဆလင်များအဖို့ မက္ကာမြို့၊ ဟိန္ဒူဘာသာဝင်များအဖို့ အယုဒ္ဓယမြို့၊ ခရစ်ယာန် ဘာသာဝင်များအဖို့ ဂျေရုဆလင်မြို့တို့သည် အမြတ်ဆုံးဖြစ်သကဲ့သို့ ထိုနေရာသည် ဗုဒ္ဓဘာသာဝင်တို့အဖို့ အမြတ်ဆုံး ဖြစ်ပေသည်။ ထိုစေတီနှင့်မြေမှာ ဗုဒ္ဓ ဘာသာဝင်တို့အဖို့ မည်မျှပင် အမြတ်ဆုံးဖြစ်စေကာမူ ဗုဒ္ဓဘာသာဝင် မဟုတ်သူ (သျှိဝ)သိဝဂိုဏ်းဝင် မဟန့်၏ လက်သဲ၌ ကျရောက်နေမှုကြောင့် ဗုဒ္ဓဘာသာဝင် အပေါင်းတို့မှာ သူ၏ ပြုပြင်,စီမံပုံတို့ကို များစွာပင် မနှစ်မြို့က်ဘဲ ရှိခဲ့လေသည်။ သူ(Buddhist)တို့သည် ကိုယ်ပိုင်အုပ်ချုပ်စီမံခွင့်ရရှိဖို့ရာ ထက်သန်သော သဘောဆန္ဒများကို ဖော်ပြခဲ့လေပြီ။ ဤသဘောတရားမှာ အထူးသဘာဝကျလှပေသည်။ ၎င်းပြင် ဤဥပဒေကြမ်းသည် ဗုဒ္ဓဂယာစေတီတော်ကြီးကို ပြန်လည် ပြင်ဆင်ရေးနှင့် စေတီတော်ထဲရှိ ဟိန္ဒူတို့၏ ရုပ်ပွားတော်ကို ကိုးကွယ်မှုနှင့် ဗောဓိပင်ခြေရင်းတွင် ဆွမ်းတော်

*ကပ်မှုတို့ကို မထိခိုက်စေဘဲ အိန္ဒိယ, မြန်မာနှင့် သီဟိုဠ်ဗုဒ္ဓ ဘာသာတို့ကသာ အုပ်ချုပ်ထားရန် ရည်ရွယ်လေသည်"*

ဤဆောင်းပါးကို ၁၉၃၅-ခုနှစ်က...

ဦးသိန်းမောင်၊ ဦးဘစီနှင့် ဒေါက်တာသိန်းမောင်တို့က ဗုဒ္ဓဂယာဥပဒေကြမ်း ရေးဆွဲပြီး ဒေလီဘုရင်ခံချုပ်ထံ တင်သွင်းခဲ့စဉ်က ကာလ်ကတ္တားမြို့မှ ထုတ်ဝေသော Statement သတင်းစာကြီးမှ ရေးသားဖော်ပြလိုက်သည်။ ဗုဒ္ဓဘာသာတို့ အဖို့ အထူးစိတ်ဝင်စားဖွယ် ကောင်းလှ၏။

## အမြတ်ဆုံးသော နေရာများ

ဗုဒ္ဓဘာသာဝင်အပေါင်းတို့၏ အမြတ်ဆုံးသောနေရာများမှာ...

(၁) ဗုဒ္ဓဂယာမြို့ရှိ ဗောဓိပင်နှင့် ရွှေပလ္လင်တည်ရာ ဌာန၊

(၂) မိဂဒါဝုန်တောရှိ ဓမ္မစကြာတရားဦးကို ဟောတော်မူရာ ဌာန၊

(၃) သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ကြီးထဲရှိ ညောင်စောင်းတော် တည်ရာ ဌာန၊

(၄) သင်္ကဿနဂိုရ် ဌာန...

ဟူ၍ အဝိဇဟာဟိတဌာန လေးခုရှိလေသည်။ ထိုဌာနများကို သမုဒ္ဒရာ ဂင်္ဂါဝါလု သဲစုမက ပွင့်တော်မူကြကုန်ပြီးသော ဘုရားရှင်အဆူဆူတို့ မစွန့်ကောင်းပေ၊ မစွန့် ထိုက်ပေ။ ထို့ကြောင့် အမြတ်ဆုံးနေရာများ (ဝါ) အဝိဇဟိတဌာနများ ဖြစ်လေ သည်။ (ဒီ၊ဌ၊၂၁၇) (ဗုဒ္ဓဝံသ၊ဋ္ဌ၊၁၅၈,၃၅၁)

## ဗုဒ္ဓဂယာ စေတီဒါယကာ

မဟာဗောဓိနှင့် ပလ္လင်တော်၏ ရှေ့မျက်နှာဘက်တွင် အထပ်အားဖြင့် နစ်ထပ်ရှိသော စတုဂံစေတီတော်ကြီးတစ်ဆူကို တွေ့ရှိရ၏။ *(မဟာဗောဓိ စေတီ တော်ကြီးကို ဆိုလိုသည်)* ၎င်းစေတီတော်ကြီးမှာ အရှေ့နှင့်အနောက်ဘက်ကို (၅၇) တောင်၊ တောင်ဘက်နှင့်မြောက်ကို အတောင်(၅၀)၊ အောက်မှသည် အထက် ငုက်မြတ်နားတော်ထိ ပေပေါင်း(၁၀၀)ကျော်ခန့် ရှိလေသည်။ အောက်ထပ်တွင်

ဉာဏ်တော်အမြင့် (၃)တောင်ကျော်ခန့်ရှိသော ကျောက်ညိုဆင်းတုတော်ကြီး တစ်ဆူ ကိန်းဝပ်လျက်ရှိသည်။

သာသနာ့ဒါယကာ သိရီဓမ္မာသောကမင်းကြီးသည် ဤစေတီတော်ကြီး နေရာတွင် သေးငယ်သော စေတီကလေးတစ်ဆူကိုသာ ဆောက်လုပ်ခဲ့၍ ခရစ်နှစ် (၂)ရာစုလောက်က မဂဓနေပြည်တော်ကြီးကို စိုးစံတော်မူသော ဗုဒ္ဓဘာသာ မင်းတို့သည် လက်ရှိစေတီတော်ကြီးကို ဆောက်လုပ်ခဲ့ကြောင်း ဖော်ပြထားလေသည်။

အချို့သော ပညာရှင်များကမူ ခရစ်နှစ် (၅)ရာစုလောက်မှာ ဤစေတီတော်ကြီးကို ဆောက်လုပ်ခဲ့ကြောင်း ရေးသားကြသည်ကို တွေ့ရှိရပြန်လေသည်။ ဆရာအမျိုးမျိုးတို့က မည်သို့ပင် ရေးသားဝေဖန်စေကာမူ ကျောက်စာဝန်မင်းကြီး ကန်နင်ဂန်၏ Archaeological report of Bihar ခေါ်သော စာအုပ်တွင် ဤသို့ ရေးသားထားလေသည်။

*"ဤစေတီတော်ကို အသောကမင်းကြီးသည်သာလျှင် ဆောက်လုပ်လှူဒါန်းခဲ့သည်ဟု ဆိုနိုင်စရာအကြောင်း ရှိ၏။ အကြောင်းမှာမူကား... ကျွန်ုပ်တို့သည် ဤစေတီတော်ကြီးကို အမိန့်အရ တူးဖော်စဉ်က ရရှိခဲ့သော ကျောက်စာအချို့တွင် အသောကမင်းကြီးသည် ဤစေတီဆောက်လုပ်လှူဒါန်း၍ သာဓုအနုမောဒနာ ပြုခဲ့ကြောင်း ပါရှိကာ ဤသာကေဖြင့် စေတီဒါယကာကို အသောကမင်းကြီးဟု မှတ်ယူရပေမည်"*

## မဟာဝင်ကျမ်းအဆို

မဟာဝင်ကျမ်းအလိုအားဖြင့် သိရီဓမ္မာသောကမင်းကြီးသည် ရာဇဂြိုဟ်ပြည်တွင် ဘုရင်အဇာတသတ်လက်ထက်က ဌာပနာခဲ့သော ဓာတ်တော်ခုနစ်စရွက်တို့ကို တူးဖော်၍ ရရှိခဲ့ပြီးနောက် "ဇမ္ဗူဒိပ်ကျွန်းအလုံး၌ အနံ့အပြား ကိုးကွယ်စိမ့်သောငှာ ရစ်သောင်းလေးထောင်သော မြို့နိုင်ငံတို့၌ တစ်မြို့လျှင် စေတီတစ်ဆူစီ တည်လေစေ"ဟူ၍ (၉၆)ကုဋေသော ငွေအသပြာတို့ကို အမတ်တို့အား အပ်နှင်း၍ စေတီတော်တစ်ဆူနှင့် ကျောင်းတစ်ဆောင်စီ တည်စေတော်မူလေသည်။

ဤရှစ်သောင်းလေးထောင်သော မြို့ရွာကြီးငယ်တို့တွင် စေတီတစ်ဆူစီ တည်ဆောက်လှူဒါန်းခဲ့သော အသောကမင်းကြီးသည် ဘယ်နည်းနှင့်မဆို မဟာဗောဓိကဲ့သို့ အဝိဇဟိတဌာနကြီးကို ချန်လှပ်ထားခဲ့မည် မဟုတ်။ အကြီးအကျယ် ဆောက်လုပ်ခဲ့မည်သာတည်း။

## ဖာဟီယန်နှင့် ဟူယင်ဆန်

ခရစ်သက္ကရာဇ် (၄)ရာစု ကုန်ခါနီးတွင် ဖာဟီယန်[1]အမည်ရှိသော တရုတ်ဘုန်းတော်ကြီးတစ်ပါးသည် အိန္ဒိယပြည်သို့ ကြွလာပြီးလျှင် အတိုင်းတိုင်း အပြည်ပြည်သို့ လှည့်လည်ကာ ဘုရားဖူးသွားခဲ့၏။ ၎င်းဖာဟီယန်သည် မဟာဗောဓိသို့ ရောက်ရှိခဲ့စဉ်က များပြားလှစွာသော ကျောင်း,ကန်,စေတီ,ပုထိုးများကို ဖူးမြော်ခဲ့ ရကြောင်းကို သောဠသတိုင်း ဒိုင်ယာရီတွင် ဖော်ပြထား၏။

ထို့နောက် ဟူယင်ဆန်အမည်ရှိသော တရုတ်ဘုန်းတော်ကြီးတစ်ပါးသည် ဟရ်ဿျဝါခန(Harsha Vardhana)မင်းလက်ထက်ဖြစ်သော (၇)ရာစုလောက်က မဇ္ဈိမတိုင်းသို့ ရောက်ရှိခဲ့သေးရာ မဟာဗောဓိအကြောင်းနှင့် ပတ်သက်၍ အထူး စိတ်ဝင်စားဖွယ်ကောင်းသော မှတ်တမ်းကြီးကို ရေးသားထားခဲ့လေသည်။ ထို့ပြင် ဟူယင်ဆန်နှင့် မရှေးမနှောင်းသော နှစ်သက္ကရာဇ်တို့တွင်လည်း များစွာသော တရုတ်ဘုန်းကြီးတို့သည် မဟာဗောဓိသို့ ရောက်ရှိခဲ့သေး၏။ သို့သော် သူတို့ ကဲ့သို့ မှတ်တမ်းများ မရေးသားခဲ့ခြင်းကြောင့် မည်သူမည်ဝါဖြစ်ကြောင်း မသိရ ချေ။ ကန်နင်ဂန်ဆရာကြီးက ဖော်ပြထားသည်မှာ "နိုင်ငံခြား ဘုရားဖူးသား တို့သည် အိန္ဒိယပြည်ကြီးတွင် မူဆလင်များစိုးစံခဲ့သော နှစ်သက္ကရာဇ်များဖြစ် သော ၁၂၉၈၊ ၁၃၀၂၊ ၁၃၂၈-နှင့် ၁၃၃၁-ခုနှစ်တို့၌ တစ်ယောက်ပြီးတစ်ယောက် ရောက်ရှိခဲ့ကြောင်း... ပါဠိဘာသာဖြင့် ရေးထိုးထားသော ကျောက်ကမ္ပည်း အချို့ တွင် တွေ့ရှိရသည်"ဟု ဆို၏။ ထိုသက္ကရာဇ်များက ရောက်ရှိခဲ့သော ဘုရားဖူး သားတို့မှာ စေတီပုထိုးများ၏ ပကတိ အခြေအနေကို မဖူးမြော်နိုင်ကြရတော့ဘဲ

---

[1] အိန္ဒိယရောက် ပထမဆုံးခရီးသည် ဖြစ်သည်။ အိန္ဒိယနိုင်ငံ၌ (၁၅)နှစ်ကြာ နေထိုင်ခဲ့ပြီး၊ နာလန္ဒာတက္ကသိုလ်တွင် (၆)နှစ်ကြာ ပညာသင်ကြားခဲ့သည်။

မူဆလင်တို့ အကြွင်းမရှိ ဖျက်ဆီးမှုကြောင့် ကျိုးပဲ့ကာ မီးလောင်ကျွမ်းထားသော အဆောက်အအုံ အပျက်အစီးများကိုသာ ဖူးမြင်သွားကြရရှာလေသည်။

အထက်ပါ ဘုရားဖူးသားများ၏ မှတ်တမ်းများအရဆိုပါက သီရိဓမ္မာသောက မင်းကြီး၏ ကောင်းမှုတော် ဘုရား,ကျောင်း,ကန်,စေတီ,ပုထိုးများသည် မူဆလင်တို့ ဝင်ရောက်ဖျက်ဆီးခြင်းကို ခံရသော ခရစ်(၁၂)ရာစုထိ မပျက်မစီး၊ မယိုယွင်းဘဲ တည်ရှိခဲ့ကြောင်းကို သိနိုင်လောက်ပေ၏။

## ဗောဓိပင်

စေတီတော်ကြီး၏ နောက်ဘက်တွင် ကပ်၍ ပေါက်နေသော ဗောဓိပင်ကြီးတစ်ပင်ကို ဖူးတွေ့ရပေမည်။ ၎င်းအပင်သည် အလုံးအားဖြင့် (၁၀)တောင်၊ အမြင့် (၃၂)တောင်ခန့် မြင့်မား၍ အုပ်နံရံတို့ဖြင့် ဝိုင်းကာထားလေသည်။ ဤဗောဓိပင်အကြောင်းနှင့် စပ်လျဉ်း၍ ဆရာတော်ဦးကိတ္တိ၏ အိန္ဒိယကြေးမုံကျမ်းတွင် အောက်ပါအတိုင်း ရေးသားထားလေသည်။

*"သီရိဓမ္မာသောကမင်းကြီးသည် ဗုဒ္ဓဘာသာမဖြစ်မီ ရှေးအဖို့၌ မနာလိုဝန်တိုစိတ်ရှိသည်ဖြစ်၍ စစ်သည်တော်အပေါင်းနှင့် လာရောက်ပြီးလျှင် ပင်လုံးကျွတ်နှင့်တကွသော အကိုင်းအခက်တို့ပါ ခုတ်ဖြတ်နိုင်းစေလေသည်။ ထို့နောက် အနောက်ဘက် မနီးမဝေးသော အရပ်၌ စုပုံပြီးမှ ဤအပင်အငုတ်ကို မီးပုံရှို့၍ ယဇ်ပူဇော်လေဟု ပုဏ္ဏားတစ်ယောက်အား စေခိုင်းလိုက်ရာ ထိုပုဏ္ဏားသည် မင်းကြီးဆိုတိုင်း ပြုလေသည်။ ထိုသို့ပင် ဖျက်ဆီးစေသော်လည်း ပါရမီတော်အဟုန်ကြောင့် မီးနိုးငြိမ်းလျှင်ငြိမ်းချင်း ထိုထက်သာလွန် ကြီးမားတင့်တယ်သော ဗောဓိပင်ကြီးတစ်ပင် ပေါက်ရောက်လာလေသည်။*

*ဤသို့လျှင် ဗောဓိပင်မြတ်၏ တန်ခိုးကြီးမားပုံကို မင်းကြီးမြင်လျှင် မိမိပြုသော အပြစ်ကို အောက်မေ့လျက် စိတ်နှလုံးပူပန်ခြင်းသို့ ရောက်လေရကား မဟာဗောဓိပင်နေရာသို့ ကိုယ်တိုင်ကြွချီတော်မူပြီးလျှင် နေ့ရက်များစွာ တိုင်အောင် ပူဇော်ပသလျက်ရှိသည်ကို မိဖုရားသိလေသော် ဘာသာတရား၌ ကွဲသော,မစ္ဆေရဝင်ပြီးလျှင် လျှို့ဝှက်သော အကြံအစည်ဖြင့် မင်းကြီးမရှိစဉ် ဗောဓိပင်တော်ကို အဖြတ်နိုင်းလေသည်။ အသောကမင်းကြီး လာရောက်ပြီး*

*ယဇ်ပူဇော်အံ့ဟု ကြည့်လျှင် အပိုင်းပိုင်းပြတ်လျက်နေသည်ကို မြင်ရကား ကြီးစွာသော စိုးရိမ်ခြင်းသည် ဖြစ်လတ်၍ နွားနို့ရည်ဖြင့် ပူဇော်ပြီး အဓိဋ္ဌာန်တော်မူလေလျှင် ယခင်အတိုင်း အမြစ်အရင်းမှ ပေါက်လာပြန်လေသည်။ ယခုလို အံ့ဖွယ်သူရဲ ထူးကဲလှစွာသော တန်ခိုးပြာဋိဟာတော်ကို မြင်ရခြင်းကြောင့် မင်းကြီးမှာ တိုးတက်သော သဒ္ဓါတရားရှိသည်ဖြစ်၍ အရပ်လေးမျက်နှာကို အုတ် တံတိုင်းဖြင့် ကာရံပြီးလျှင် အစဉ်ထာဝရ ဆည်းကပ်သွားကြောင်း"* ရေးသားထား လေသည်။

သို့သော် ဆရာတော်ဦးကိတ္တိသည် မည်သည့်ကျမ်းမှ ထုတ်နုတ်၍ ဖော်ပြထားကြောင်း မပါရှိချေ။ ဤစကားမှာ သင်္ဂဇာဆရာတော်ဘုရားကြီး၏ စကားပုံစာအုပ်ထဲမှ ဖြစ်တန်ရာသည်၊ ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး၏ မဟာဝင်စကားပြေစာအုပ် နောက်ဆက်တွဲ၌ကား... *"မြန်မာသက္ကရာဇ် ၁၁၇၁-ခုနှစ်၊ တန်ခူးလဆန်း(၁၃)ရက်နေ့ မဟာဗောဓိပင်သို့ ဗေဿုကျော်ထင်နှင့် ဗေဿုကျော်စွာ-တို့ရောက်ခဲ့၍ တောင်စူးစူးသို့ တက်သည့် ခက်မက ခက်လက်ကိုင်း သုံးဖြာတွင် အောက်ပိုင်းလုံးပတ် ငါးထွာတစ်မိုက်ကို သိရှိမှောသောကာမင်း ပင့်ဆောင်လေသောကြောင့် ပြတ်လျက်ရှိသည်... စသည်ဖြင့် သုသောဓိတ မဟာရာဇဝင်တော် ပဌမအုပ်၊ စာမျက်နှာ(၁၈၁)၌ ရေးသားဖော်ပြထားသည်ကို တွေ့ရှိရကြောင်း"* ဆိုထားလေသည်။

(Mr.L.L.S.O.Malley's Bengal, District Gazetteer chapter III ; Page No.45) တွင် ပါရှိသော ဗောဓိပင်အကြောင်းကို မူအတိုင်း ဘာသာပြန်ဆိုလိုက်ဦးအံ့...

*"ဗုဒ္ဓဘာသာဝင်အပေါင်းတို့၏ သာသနာ့ရန်သူတစ်ဦးဟု ခေါ်ဆိုထိုက်၍ (သျှိဝ)သီဝဘုရားရှင်ကို ကိုးကွယ်ဆည်းကပ်လေ့ရှိသော ဘင်္ဂလားပြည် အလယ်ပိုင်း ရှင်ဘုရင်ရာဇာဆက်သည် ခရဇ်(၆)ရာစုလောက်က ဗောဓိပင်ကို ခုတ်ဖြတ်တူးဖော်ပြီးလျှင် ထာပတ်များဖြင့် သွန်းလောင်းကာ မီးရှို့ပစ်လေသည်။ ဤအကြောင်းကို မဂဓတိုင်းပြည် ရှင်ဘုရင်ပုဏ္ဏဝမ်ာ သိတော်မူလေသော် ဘိုးဘေးများ ဖြစ်ကုန်သော အသောကအစရှိသော မောရိယမင်း အဆက်ဆက်တို့၏ မြတ်နိုးကော်ရောက် ပူဇော်တော်မူသည်ကို အတုလိုက်သောအားဖြင့် ထပ်မံကာ စိုက်ပျိုးခဲ့ရလေသည်။ ဤသို့ပင် ပုဏ္ဏဝမ်ာ-က စိုက်ပျိုးထားသော်*

*လည်း ဘာသာရေးတွင် ဣဿာ,မစ္ဆေရ ကြီးမားလှသော ဆာဆက်သည် ဒေါသအမျက် မီးလျှံကဲ့သို့ ထွက်ပြီးလျှင် ဒုတိယမွိ ခုတ်ဖြတ်မီးရှို့ပြီးနောက် မည်သူမဆို ဤနေရာတွင် ထပ်မံ၍ ဗောဓိပင် မစိုက်စေရဟု အမိန့်တော် ထား ခဲ့လေသည်။ ဘိုးဘေးအစဉ်အဆက်မှ စ၍ ကိုးကွယ်ဆည်းကပ်လာသော ဗောဓိ ပင်ကို အလွန်ရှိသေလေးစားရှိသော ပုဏ္ဏဗာမာသည်လည်း ဒုတိယမွိ ထပ်မံ စိုက် ပျိုးပြန်၏။ အထူးအံ့ဩဖွယ်ကောင်းသော ဗောဓိပင်တော်သည်လည်း တစ်ညဉ့် တည်းမှာပင် (၁၀)ပေခန့် ကြီးမြင့်လာလေသည်။ ယင်းကဲ့သို့ အံ့ဖွယ်သူရဲ ပေါက် ပွါးလာသည်ကို တွေ့မြင်ရသော ဆာဆက်သည်လည်း အလွန် ကြောက်ရွံ့တုန် လှုပ်သော စိတ်ရှိသည်ဖြစ်၍ (၃)ကြိမ်မြောက် အကြွင်းမရ ခုတ်ဖြတ်ပြီးလျှင် (၂၄) ပေခန့် မြင့်မားသော ကျောက်လက်ရန်းကြီးကို ကာရံထားခဲ့လေသည်။ ပြုအပ် ပြီးသော ဝီရိယကို လက်မလျှော့လိုသော ပုဏ္ဏဗာမာသည်လည်း နွားမတစ် ထောင်မှ ညှစ်၍ ရအပ်သော နို့ရည်ဖြင့် သွန်းလောင်းကာ (၃)ကြိမ်မြောက် စိုက် ပျိုးခဲ့ရလေသည်"*

ကျောက်စာဝန်မင်းကြီး ကန်နင်ဂန်ကမူ ထိုကျောက်လက်ရမ်းကြီးကို ဗောဓိ ပင်အား ရန်သူတို့ မဖျက်ဆီးနိုင်ရန် ပုဏ္ဏဗာမာ-ကပင် ဆောက်လုပ်ခဲ့သည်ဟု ဆို၏။

အထက်ပါ အချက်ကြီးသည် အလွန်အံ့ဩဖွယ်ကောင်းသော အချက်ကြီး တစ်ခုပင် ဖြစ်၍ ဗုဒ္ဓရှင်တော်၏ ဖွားဖက်တော်ဖြစ်သော ဗောဓိပင်အား မသူတော် မင်းတို့က မည်သို့ပင် အစတုံးပစ်ရန် ကြံရွယ်အားထုတ်စေကာမူ အစမတုံးနိုင် ကြောင်းကို ထင်ရှားအောင် ပြလိုက်သော သာဓကကြီးတစ်ရပ်ပင် ဖြစ်ပေသည်။

(ဤကား မစ္ဆတာမာလေ၏ အဆို)

ဤတွင် ကျွန်ုပ်သည် မဟာဗောဓိပင်၏ တန်ခိုးဣဒ္ဓိပါဒ်ကြီးမားပုံကို အနည်း ငယ် ဖော်ပြလိုပေသည်။

မဟိန္ဒထေရ်အရှင်၏ အကြံပေးချက်အရ ဒေဝါနံပိယတိဿမင်းကြီးသည် သံဃမိတ္တာထေရီမနှင့် ဒက္ခိဏသာခါ(လက်ျာတောင်ဘက်ကိုင်း)ကို သီဟိုဠ်ကျွန်း သို့ ပင့်ဆောင်တော်မူရန် အရိဋ္ဌအမတ်ကြီးကို ပဋ္ဌလိပုတ်နေပြည်တော်သို့ သံတမန်အဖြစ်ဖြင့် စေလွှတ်ခဲ့လေသည်။ အရိဋ္ဌအမတ်ကြီးသည်လည်း ပါဋ္ဌလိ

ပုတ်နေပြည်တော်သို့ ဆိုက်ရောက်လာ၍ အသောကမင်းကြီးအား သဝဏ်လွှာနှင့် တကွ လျှောက်ထားလေရာ ဘုရင်မင်းမြတ်က မိန့်ဟတော်မူသည်ကား...

"ဘုရားရှင်ကိုယ်တော်ကြီး ပွင့်တော်မူရာ ဗောဓိပင်သည် ဘုရားကိုယ်တော် နှင့် တူသောကြောင့် ဓားဖြင့် ခုတ်ပိုင်းဖြတ်ခြင်းငှာ မထိုက်" ဟု ဆိုလေသည်။

သို့နှင့် ရဟန်းသံဃာတော်အပေါင်းတို့အား ပင့်ဖိတ်စည်းဝေးတော်မူပြီးလျှင် အကြောင်းကို လျှောက်ထားလေရာ အရှင်မြတ်တို့က ဘုရားရှင်ကိုယ်တော်မြတ် ကြီး ပရိနိဗ္ဗာန်ပြုခါနီး ရတနာဉာဏ်စောင်းထက်၌ လျောင်းလျက် အဓိဋ္ဌာန်(၅) ချက် ထားခဲ့ကြောင်းကို ဟောတော်မူပြီးမှ ဒက္ခိဏာသာခါသည် ဆေးဒန်း မြင်း သီလာဖြင့် သားရာမှ အလိုအလျောက်ပြတ်၍ ရွှေဖျဉ်း၌ တည်လတ္တံ့ဖြစ်ကြောင်း ကို သိတော်မူလေသည်။ ထိုသို့ သိတော်မူပြီးသော သိရီဓမ္မာသောကမင်းကြီး သည်လည်း ရဟန်းပရိသတ်၊ လူပရိသတ်အပေါင်း ခြံရံလျက် ဗောဓိပင်ရှိတော်မူ ရာ အရပ်သို့ ကြွချီတော်မူလေသည်။

ဗောဓိပင်သို့ ရောက်တော်မူသောအခါ မင်းကြီးသည် ရွှေစုတ်ကို ကိုင်၍ ဆေးဒန်းမြင်းသီလာဖြင့် သားပြီးမှ "အကယ်၍ ဤဗောဓိပင်သည် လင်္ကာဒီပသို့ ကြွထိုက်သည် ဖြစ်အံ့။ ငါသည်လည်း ဘုရားသာသနာတော်၌ သံသယကင်း ရှင်းသော ဒါယကာတစ်ဦး အကယ်၍ ဖြစ်သည် မှန်အံ့၊ ဆေးဒန်းမြင်းသီလာနှင့် သားရာမှ ပြတ်၍ ရွှေဖျင်း၌ မတ်တတ်ရပ်တည်သည် ဖြစ်ပါစေသတည်း"ဟု အဓိဋ္ဌာန်ပြုသည်နှင့် တပြိုင်နက် ဗောဓိခက်သည် ပြတ်လာတော်မူ၍ နံ့သာ ညွှန်ပျောင်းဖြင့် ပြည့်သော ရွှေဖျင်းထက်၌ တည်လေသည်။ အညို၊အရွှေ၊အနီ၊ အမောင်း၊အနက် ပြိုးပြိုးပြက်သော ရောင်ခြည်တော်တို့သည် ထွက်လာ၍ စကြာ ဝဠာ တိုက်အလုံးကို ဖုံးလွှမ်းမြှေးယှက်လျက် အထက်ဗြဟ္မာ့ပြည်တိုင်အောင် ရောက်လေသည်။ ထို့နောက် ရွှေဖျဉ်းနှင့်တကွသော ရတနာဗောဓိပင်သည် ရတနာအင်းပျဉ်မှ အထက်ကောင်းကင်သို့ ပျံတက်၍ (၇)ရက်လုံးလုံး လူတို့ မမြင် နိုင်သော ဆီးနှင်းတိမ်တိုက် သို့ဝင်၍ တည်လေသည်။

မဟာဗောဓိမဏ္ဍလအပြင်၌ ယခုကဲ့သို့သော တန်ခိုးပြာဋိဟာကို ပြတော်မူခဲ့ ပြီးနောက် သီဟိုဠ်ကျွန်းသို့ ရောက်သွားသောအခါ၌လည်း ရွှေဖျဉ်းတွင် ထည့်၍ မြေတွင်စိုက်မည်ပြုရာ ကောင်းကင်သို့ ပျံတက်လျက် အတောင်(၈၀)ရှိသော

အရပ်၌ တည်ပြီးလျှင် ဖြာ,ဝါ,စိမ်း,လဲ့ နဂါးသွဲ့အတူ ဖြူရှိ,နီရှိ အရည်ဒီးဒီး ယိုစီးမည့်သဖွယ် ခြောက်သွယ်သော ရောင်ခြည်တော်တို့သည် ထွက်ကုန်၏။ လူအားလုံးတို့ ရွှင်ပြုံးမွေ့လျော်ဖွယ် အသွယ်သွယ်သော ရောင်ခြည်တို့သည် နေဝင်သည်တိုင်အောင် ထွန်းတောက်၍ သီဟိုဠ်ကျွန်းအလုံးကို ဖုံးလွှမ်းပြီးမှ ဗြဟ္မာ့ပြည်တိုင်အောင် တက်လေ၏။ မိုးချုပ်သော အခါမှသာလျှင် ကောင်းကင်မှ ဆင်း၍ တွင်း၌ တည်လေသည်။ ယင်းသို့ တည်သောအခါ မဟာပထဝီမြေကြီးသည် ကောင်းချီးပေးသဖြင့် တုန်လှုပ်၏။ ထိုဗောဓိသာခါမှ တစ်ရာသော အမြစ်ငယ်တို့သည်လည်း ရွှေဖျဉ်းသို့ မြွေးယှက်ကုန်လျက် မြေသို့ သက်လေကုန်၏။ များစွာသော လူအပေါင်းတို့သည် ပန်းနံ့သာတို့ဖြင့် ပူဇော်ကြကုန်သတည်း။

ဤသို့လျှင် အံ့ဖွယ်ကောင်းကြောင်းတို့ကို ပါရာဇိကဏ်အဋ္ဌကထာနိဒါန်းနှင့် မဟာဝင်ကျမ်းတို့တွင် လာရှိလေသည်။ ဤရွေ့ဤမျှ လောက် ကြီးကျယ်သော တန်ခိုးပြာဋိဟာတော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင်၏ ဖွားဖက်တော် ဗောဓိပင်အား မသူတော်မင်းတို့၏ ပယောဂကြောင့် သေနိုင်ကောင်းအံ့လော။ မည်သည့်နည်းနှင့်မှ အစတုံးနိုင်မည်မဟုတ်ပေ။ အမြစ်ကျန်လျှင် အမြစ်မှ ပြန်လည် ပေါက်ဖွားလာရမည်သာတည်း။

ဆာဆက်ဲသည် မဟာဗောဓိပင်ကို တူးဖော်ခဲ့စဉ်က အမြစ်၏ အဆုံးကို ရှာမတွေ့နိုင်ဟု ဟူယင်ဆန်၏ ကျမ်းက ဆိုပြန်၏။ ပုရိဏာဗာမာသည် သူ့လောက်ကြီးကျယ်သော နေပြည်တော်ကို စိုးစံရသော မင်းတစ်ပါးပင် မဟုတ်ငြားသော်လည်း ၎င်း၏ အမိန့်ကို ဗီဆန်ကာ သုံးကြိမ်တိုင်တိုင် စိုက်ပျိုးလေသည်မှာ ဗောဓိပင်၏ တန်ခိုးတော်ကြောင့်ပင် ဖြစ်၏ဟု ယူဆရပေမည်။

## ယခု ရှိနေသော ဗောဓိပင်

ခရစ်(၁၉)ရာစုအစဖြစ်သော ၁၈၁၁-ခုနှစ်က ဘူချနန်ဟာမီလ်တန်အမည်ရှိသော အင်္ဂလိပ်ပညာရှင်တစ်ဦးသည် ဗုဒ္ဓဂယာမြို့သို့ ရောက်ရှိခဲ့ဖူးရာ ခက်မငါးဖြာဖြင့် စည်ပင်နေ၍ မြေ၏ ပကတိနေရာမှ အမြင့်ပေ (၃၀)ခန့်ရှိသော ဗောဓိပင်ကြီးတစ်ပင်ကို မြင်ဖူးခဲ့သည်ဆို၏။ ထိုဗောဓိပင်၏ အသက်မှာ အနှစ်တစ်ရာထက် ပိုအိုမည်(ပိုကြီးမည်)မထင်ဟုလည်း ဆိုသေး၏။ ၁၈၇၅-ခုနှစ်တွင်ကား ယင်းဗောဓိပင်သည် တစ်ကိုယ်လုံး ယိုယွင်းလာသောကြောင့် ၁၈၇၆-ခုနှစ်တွင်

လေနီကြမ်းနှင့် လဲပါသွားလေသည်။ ထိုအပင်မှ အစေ့များကို ယူထားလိုက်သည့် အပြင် အခက်ကြီးတစ်ခက်ကိုလည်း ၎င်းနေရာ၌ပင် ပြန်လည် စိုက်ပျိုးခဲ့လေသည်။ ထိုအကိုင်းမှ စည်ပင်ပြန့်ပွားလာသော ဗောဓိပင်မှာ ယခု ရှိနေသောအပင်ဖြစ်၏။ မည်သူမည်ဝါ စိုက်ခဲ့သည်ဟုကား မပါရှိချေ။

(Dr.Rajendra Lal Mitra's The Bodh-Gaya. Chapter V.III Page No.82) ဒေါက်တာရာဂျင်ဒြာလာလ်မိတြ၏ ဗုဒ္ဓဂယာခေါ်စာအုပ်၊ စာမျက်နှာနံပါတ် (၈၂)တွင်ကား ဤသို့ ရေးထားလေသည်။

*"အလွန်တရာ အိုမင်းလှပြီဖြစ်၍ တစ်စိတ်တစ်ပိုင်းခြောက်နေသော ဗောဓိပင်ကြီးသည် မိမိသွားရောက်ခဲ့သော ၁၈၈၇-ခုနှစ်တွင် လေမုန်တိုင်း တိုက်ခတ်မှုကြောင့် လဲပါသွားလေသည်။ သို့သော် ဟိန္ဒူလူမျိုးတို့က ထိုအပင်မှ အကိုင်းကြီးတစ်ကိုင်းကို ယူပြီးလျှင် စေတီတော်၏မြောက်ဘက် ပေ(၈၀)ခန့် ကွာသောနေရာတွင် ပြန်လည် စိုက်ပျိုးကြကြောင်း တွေ့ရှိရပြန်သေး၏"*

တရုတ်ဘုန်းကြီးဟူယင်ဆန် မဟာဗောဓိသို့ ရောက်ရှိခဲ့သော ခရစ်(၇)ရာစုလောက်ကလည်း အကိုင်းအခက်စသည်တို့နှင့် အထူး စည်ကားနေသော ဗောဓိပင်ကြီးတစ်ပင်ကို ဖူးမြော်ခဲ့ရကြောင်း... ရေးသားထားပြန်၏။ ဤဗောဓိပင်ကား ပုဏ္ဏဗာမာစိုက်ပျိုးခဲ့သော ဗောဓိပင် ဖြစ်တန်ရာသည်။

ဘူချနန်ဟာမီလ်တန် တွေ့ခဲ့သည်ဆိုသော ဗောဓိပင်မှာ အနှစ်တစ်ရာထက်ပို၍ အသက်ကြီးသည် မထင်ဟု ဆိုခြင်းကြောင့် ဟူယင်ဆန် ရောက်ရှိခဲ့သော ခရစ်(၇)ရာစုနှင့် ဟာမီလ်တန်ရောက်ရှိခဲ့သော ခရစ်(၁၉)ရာစုမှာ အထူးကွာခြားလျက်ရှိရာ နှစ်ပေါင်းတစ်ထောင်ကျော်အတွင်း ဗောဓိပင်အဆက်ပေါင်း မည်မျှစိုက်ပျိုးခဲ့ပြီးဆိုတာကို ဝေဖန်နိုင်းယှဉ်ရန် အတော်ခဲယဉ်းလှပေတော့၏။

ဒေါက်တာရာဂျင်ဒြာမိတြ၏ ၁၈၈၇-ခုနှစ်တွင် ပြန်လည် စိုက်ပျိုးရသည်ဆိုသော ဗောဓိပင်သည်လည်း မည်သည့်နည်းနှင့်မဆို ယခု စေတီတော်ကြီး၏ အနောက်ဘက်တွင် ကပ်လျက် ရှိနေသော ဗောဓိပင် ဖြစ်နိုင်မည် မဟုတ်ပေ။ အသို့ဆိုမူ... ဗောဓိပင်ခက်ကြီးကို စေတီတော်၏ မြောက်ဘက်စူးစူး ပေ(၈၀) အကွာလောက်တွင် စိုက်ပျိုးခဲ့သည်ဟု ဆိုထားခြင်းကြောင့် ဖြစ်သည်။ ဤဗောဓိ

ပင်ကို စေတီတော်ကြီး၏မြောက်ဘက် ခပ်လှမ်းလှမ်းတွင် ရှိနေသော ဗောဓိပင်ဟု ယူဆအပ်၏။

ကျွန်ုပ်တို့ အထူးမှတ်သားရန်မှာကား စေတီတော်ကြီး၏ အနောက်ဘက်တွင် ယခု ရှိနေသော ဗောဓိပင်သည် ၁၈၇၆-ခုနှစ်တွင် လေမုန်တိုင်း တိုက်ခက်ပြီးမှ ပြန်လည်၍ စိုက်ပျိုးထားသော ဗောဓိပင်ဖြစ်၍ အသက်မှာ (၇၅)နှစ်ရှိပြီဟု မှတ်သားအပ်၏။ (ယခု ၂၀၁၂-ခု၌ ဗောဓိပင်သက်တမ်းမှာ ၁၃၆-နှစ် ရှိပါပြီ)

အချို့သော ကျမ်းဂန်တို့တွင်ကား လက်ရှိဗောဓိပင်ကို ဘုရားရှင်လက်ထက်တော်က ဗောဓိပင်ပဲ ဖြစ်နေဟန်၊ အသောကမင်းတရားကြီး စိုက်ပျိုးခဲ့သော ဗောဓိပင်ပဲ ဖြစ်သလိုလို အမျိုးမျိုး ရမ်းသန်းကာ ရေးသားကြကုန်၏။ ထိုကဲ့သို့ အမျိုးမျိုးရေးသားကြကုန်သော ဆရာတို့၏ စကားမှာ မှန်မည်/မှားမည် ဆိုတာကို ဖော်ပြပါ သာဓကများကို သုံးသပ်ဝေဖန်ခြင်းဖြင့် သိနိုင်မည်ဖြစ်၍ အထူးဖော်ပြစရာ မလိုတော့ပေ။

သို့ရာတွင် ကျွန်ုပ်တို့ သံသယဖြစ်ဖွယ်ရာကား... လက်ရှိဗောဓိပင်သည် ဘုရားရှင်၏ လက်ထက်တော်ရှိ ဗောဓိပင်ကြီးမှ ဆင်းသက်လာသော အနွယ်ဝံသဟုတ်/မဟုတ်ကိုသာ စဉ်းစားရပေမည်။ ထိုသို့ ဝေဖန်ခဲ့လျှင် "အတက်ခြေရာရှိက အဆင်းခြေရာလည်း ရှိရမည်"ဟူသော စကားပုံအရ ဗုဒ္ဓရှင်တော်မြတ်ကြီး ပွင့်တော်မူခဲ့သော ဗောဓိပင်ကြီး၏ အနွယ်ဝံသစင်စစ် အမှန်ဖြစ်သည်ဟု မှတ်ယူကုန်ရာ၏။

## မဟာန့်ဂီရိနှင့် ဗုဒ္ဓဂယာ

ခရစ်(၁၄)ရာစုအစလောက်က ဗြာဟ္မဏပုဏ္ဏားတို့သည် မဟာဗောဓိမြေနေရာနှင့်တကွသော ဗောဓိပင်ကြီးကိုပါ ပိုင်ဆိုင်ခဲ့ကြလေသည်။ ကျော်စောန်မင်းကြီး ကန်နင်ဂန်၏ ထင်မြင်ချက်မှာ ဘာသာရေးတရား၌ အယူသည်းလှသော ဟိန္ဒူပုဏ္ဏားတို့သည် စေတီတော်၏ ရှေ့မျက်နှာတွင် ကပ်ထား၍ ၁၃၀၈-ခုနှစ်ဟု နေ့စွဲထိုးထားသော ဗိသနိုးခြေရာကို ကိုးကွယ်စောင့်ရှောက်သည်မှတပါး ဗောဓိပင်ကိုလည်းကောင်း၊ စေတီတော်ကြီးကိုလည်းကောင်း၊ စေတီတော်ပရိဝုဏ်တွင်းရှိ မည်သည့်ဘုရားပုထိုးကိုသော်မှလည်းကောင်း ကိုးကွယ်စောင့်ရှောက်ခြင်း

မရှိဘဲ ငွေရရုံမျှသာ အပိုင်စံကြလေသည်။ သူတို့သည် မင်းအဆက်ဆက်တို့မှ လှူဒါန်းခဲ့သော စိန်,ကျောက်,ပတ္တမြား,ရွှေ,ငွေအစရှိသော အဖိုးအနဂ္ဃ ထိုက်တန်သော ဘုရားဘဏ္ဍာတော်ကို လက်ဝါးကြီးအုပ်မိလေသည့်အပြင် နိုင်ငံခြားဘုရားဖူးများ အထံမှလည်း သိန်း,သန်း,ကုဋေမကသော ငွေအသပြာများကို ရရှိခဲ့ဟန်တူ၏။ အသို့ဆိုမူ... သူတို့၏ အဆက်အနွယ်ဖြစ်သော မဟန့်၏ ရှေ့နောက်အခြေအနေကို နှိုင်းယှဉ်ခြင်းဖြင့် သိနိုင်၏။ (မဟန့်ဂီရိဆိုသူမှာ ဗုဒ္ဓဂယာစေတီတော်ကြီးကို လက်ရှိပိုင်ဆိုင်ထားသူဖြစ်၍ ပစ္စည်းပစ္စယအရာတွင် ဇော်ဘွားတစ်ယောက်မျှ ကြွယ်ဝနေသော ဟိန္ဒူရသေ့ကြီး ဖြစ်သည်။)

## မစ္စတာမာတင်၏ အဆို

(Martin's East India) မာတင်၏ အရှေ့အိန္ဒိယခေါ်စာအုပ်တွင် ရေးသားထားပြန်သည်မှာ... *"လက်ရှိမဟန့်၏ ဘိုးဘေးများ ဖြစ်ကြကုန်သော ကွယ်လွန်သူ မဟန့်တို့သည် ယခုအခါ နန်းတော်တမျှ ကြီးကျယ်လျက်ရှိသော ကျောင်းတော်ကြီးနေရာတွင် ခရစ် ၁၅၉၀-ပြည့်နှစ်က ကျောင်းငယ်တစ်ဆောင်ကို စတင်ဆောက်လုပ်ကာ နေထိုင်သွားကြလေသည်။ ထိုစဉ်အခါတုန်းက စေတီတော်ကြီးမှာ ချုံနွယ်အထပ်ထပ် ရစ်ပတ်ထားခြင်းကြောင့် တောကြီးသဖွယ် ဆိတ်ငြိမ်လျက် ရှိလေသည်။ ထိုကျောင်းငယ်သည် စေတီတော်ကြီးမှ ကိုက်(၄၀၀၀)ခန့်ကွာဝေးလေသည်။ မဟန့်တို့သည် ထိုစဉ်အခါမှစ၍ ဗောဓိမဏ္ဍလနေရာတော်ကို အပိုင်စံလာကြသည်"*ဟု ဆို၏။

မစ္စတာမာလေ၏ ဘင်္ဂါဒိစတြိတ် ဂဇက်တီယာ၌ ဤသို့ ရေးထားပြန်၏။

*"အိန္ဒိယပြည်ကြီးသည် မူဆလင်တို့ လက်အောက်သို့ အလုံးစုံကျရောက်ပြီးနောက် မောဂိုလ်မင်းတို့သည် (၁၃)ဆက်တိုင်အောင် ဒေလီမြို့တော်ကြီးမှာ ထီးနန်းစိုက်ခဲ့လေသည်။ လက်ရှိ ပိုင်ဆိုင်သူ မဟန့်၏ ဘိုးဘေးများတို့သည် မဟာဗောဓိပရိဝုဏ်အပါအဝင်ဖြစ်သော တာရာဒီရွာကို ၁၇၂၇-ခုနှစ်က ဒေလီရှင်ဘုရင် မဟာမွဒ်ရှားထံမှ အပိုင်စားပေးသဖြင့် ရရှိခဲ့လေသည်။ ထိုရောအခါက စေတီတော်ကြီး၏ အောက်တစ်ပိုင်းမှာ မြေထဲတွင် မြုပ်နေလေသည်။ သူတို့*

သည့် စေတီတော်ကြီးကိုပင် ပိုင်ဆိုင်ထားသော်လည်း စေတီကြီးကို ပြုပြီး ငွေရှာသည်မှတပါး မည်သို့မျှ ပြုပြင်ခြင်း၊ စောင့်ရှောက်ခြင်း မရှိခဲ့ချေ” ဟု ဆိုပြန်၏။

(Hunter's Indian Empire P.203-256) ဟန်တား၏ အိန္ဒိယအင်ပါယာခေါ် စာအုပ်စာမျက်နှာ(၂၀၃)နှင့် (၂၅၆)တွင် ဖော်ပြထားပြန်သည်မှာ...

“ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့၏ အမြတ်ဆုံးသောနေရာ ဗုဒ္ဓဂယာကို ပိုင်ဆိုင်ထားသူမှာ မဟန့်အမည်ရှိသော သီဝဂိုဏ်းသား ဟိန္ဒူရသေ့ကြီးဖြစ်၍ သူသည် ဗုဒ္ဓဘုရားအား မိမိတို့ကိုယ်တိုင် ကိုးကွယ်ဆည်းကပ်လို၍ သိမ်းဆည်းထားရကြောင်း ဆင်ခြေပေးလျက်ရှိရာ ဤအကြောင်းနှင့်စပ်လျဉ်း၍ ခရစ် ၁၈၀၁-ခုနှစ်က ဂယာစီရင်စု၏ အကြောင်းကို ရှာဖွေလေ့လာ၍ ရရှိခဲ့သော ဘူချနန်ဟာမီလ်တန်၏ ကိုယ်တွေ့များကို ကျွန်ုပ် ရေးသားမည်ဆိုပါက ယခုအခါ စေတီတော်ကြီး၏ အောက်ထပ်တွင် ကိန်းဝပ်စမ္မယ်တော်မူလျက်ရှိသော ကျောက်ညိုရုပ်ပွားတော်ကြီးမှာ ထိုစဉ်တုန်းက ဟိန္ဒူတို့ လျစ်လျူရှုထားသောကြောင့် ပိုမိုညစ်ပေလျက် ရှိ၏။ စေတီတော်ကြီး၏ နောက်ဘက်တွင် ကပ်၍ ပေါက်ရောက်လျက်ရှိသော ဗောဓိပင်သို့ ဖူးမြော်ရန် လာရောက်ကြကုန်သော ဟိန္ဒူဘုရားဖူးသားများအား မဟန့်၏ တပည့်ဖြစ်သူ ဂီရိတို့သည် ဟိန္ဒူနတ်ကွန်းများကိုသာ သွားရောက်ဖူးမြော်ကြရန် ညွှန်ပြပေးကြသည်ကို တွေ့ရှိရ၏။

ဘာသာရေးတွင် ဣဿာ မစ္ဆေရအားကြီးလှသော ဂီရိတို့သည် ဗုဒ္ဓဂယာသို့ လာရောက်ကြကုန်သော ဟိန္ဒူဘုရားဖူးတို့ အလို့ငှာ ရည်မှန်း၍ နတ်ကွန်းအချို့ကို ဆောလျင်စွာ စေတီအပြင်ဘက်မှ ဆောက်လုပ်လိုက်ကြ၏။ ထိုနတ်ကွန်းများ ပြီးစီးသည့်နောက် မဟန့်၏ တပည့်ဖြစ်သူ ဂီရိများက မုန်းတီးရွံရှာဖွယ်ဖြစ်သော ဗုဒ္ဓရုပ်ပွားတော်ကို မဖူးမြော်ကြရန် တားမြစ်ကြပြီးလျှင် အဆိုပါ နတ်ကွန်းများသို့ ခေါ်ယူလေ့ရှိကြ၏။ အယူသည်းလှသော ဟိန္ဒူတို့သည် ၎င်းတို့၏ အသွေးအသားဖြစ်သော ဗုဒ္ဓရှင်တော်အား မုန်းတီးရွံရှာဖွယ်ကောင်းကြောင်းနှင့် စွပ်စွဲပုတ်ခတ်သော ဤစကားမှာ အသူးအံ့ဖွယ်ကောင်း၏”ဟု ရေးသားထား၏။

(The BodhGaya by Dr.R.L Mitra) ဒေါက်တာမိတြ၏ ဗုဒ္ဓဂယာခေါ် စာအုပ်တွင် ဤသို့ ဖတ်ရှုရသေး၏-

*"မဟာန့်သည် ဗုဒ္ဓဂယာစေတီတော်ကြီးကို ပိုင်ဆိုင်သူတစ်ဦးအဖြစ်ဖြင့် ဂုဏ်ယူနေသော်လည်း စေတီတော်ကို စောင့်ရှောက်သူတစ်ဦးအနေဖြင့် မည်သည့်အခါမှ ဂုဏ်မယူဖူးကြောင်း၊ အကြောင်းမူကား... သူသည် မြင်းဖောင်းတွင် နေထိုင်ခဲ့ရသော ဘဝမှ စေတီတော်ကို အမှီသဟဲပြုကာ ကြီးပွားလာသူ ဖြစ်၍ ဘဏ္ဍာတိုက်ကြီးသဖွယ်ဖြစ်သော ဗုဒ္ဓဂယာကို အပိုင်ခံထားရခြင်းသာ ဖြစ်သည်။ သူတို့သည် မည်သည့်အခါမှ စေတီတော်ကို ဆည်းကပ်ခဲ့သည် မဟုတ်။ ဆည်းကပ်လိမ့်မည်လည်း မဟုတ်ကြောင်းကို ထင်ရှားစွာ ပြပေဦးအံ့။*

*ယခုအခါ ဟိန္ဒူနတ်ကွန်းများစွာတို့ကို စေတီတော်ပရိဝုဏ်အပြင်ဘက်တွင် ဆောက်လုပ်ထားကြရာ... (၁) တာရာဒေဝီကျောင်း၊ (၂) ဝါဂီဆွာရီဒေဝီကျောင်း၊ (၃) ဆာဘတ္တာရီဒေဝီကျောင်း၊ (၄) ပဥ္စာစန္ဒကျောင်း၊ (၅) မဟာဒေဝကျောင်း၊ (၆) ဗိဿနိုးကျောင်းတို့ ဖြစ်၏။ ဤနတ်ကွန်းများကို ဆောက်လုပ်ရခြင်းမှာ မိမိတို့ကသာ ကိုးကွယ်ရန်သာ မဟုတ်သေးဘဲ မဟာဗောဓိသို့ ဘုရားဖူးလာကြသော ဟိန္ဒူတို့အား မုန်းတီးရွံ့ရှာဖွယ်ကောင်းသော ဗုဒ္ဓရုပ်ပွားတော်များအား မဖူးမြော်ကြရန်နှင့် ထိုနတ်ကွန်းများကို ဖူးမြော်ခြင်းကိစ္စ ပြီးစီးနိုင်ရန် ရည်သန်လျက် ဆောက်လုပ်ထားကြလေသည်"*

(History of Bihar by Mr. Tripathi M.A, Ph.D) မစ္စတာတြိပါထီ၏ ဘီဟာရာဇဝင် အဆိုမှာကား ဤသို့တည်း-

*"ဘုရင် မဟတ္တာမဂန္ဒီ၏ အမြဲထာဝရစဉ် သုံးစွဲလေ့ရှိသော လက်နက်ကြီးကား အဟိံသာ-တရားတော်ပင် ဖြစ်၍၊ ဤတရားတော်မှာ သန်းပေါင်းများစွာကုန်သော အိန္ဒိယသားတို့အား စာရိတ္တဖွံ့ဖြိုးရေး ဘာသာအယူဝါဒ၌ ဖြောင့်မတ်တည်ကြည်ရေးစသော အထောက်အပံ့ပေါင်း များစွာတို့ကို ပေးလျက်ရှိ၏။ ဤတရားတော်မှာ ဗုဒ္ဓဂယာမြို့မှ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့သော ဘုရင်ကြီး ဂေါတမရှင်တော်၏ ရွှေနှုတ်တော်မှ ထုတ်ဖော်မြွက်ကြားတော်မူခဲ့သော ဒေသနာတော်ပင် ဖြစ်တော့သည်။ ဤတရားတော်၏ မူလဘူတ တည်ရာဌာနသည် ကျွန်ုပ်တို့ ဘီဟာနယ်ရှိ ဗုဒ္ဓဂယာခေါ် ဘုမ္မိနက်သန် မြေမှန်မြေကောင်း မြို့တော်ဟောင်းပင် ဖြစ်တော့၏။ ဤမြို့တော်ကလေးမှာ ရှင်တော်ဂေါတမ သုံးလူ့သခင် ဘုရားရှင်၏ တန်ခိုးတော်အရှိန်ကြောင့် ကမ္ဘာကြီးတစ်ခုလုံး၌ အမွေးအကြိုင် သင်းပျံ့လှိုင်ခဲ့၏။*

ဗုဒ္ဓဘုရား၏ အဒေးမြဆုံးသော တရားရေစင်ကိုလည်း ကျွန်ုပ်တို့ ဘီဟာနယ်သူ နယ်သားတို့သာလျှင် ဦးစွာပထမ သောက်သုံးခဲ့သည့်အပြင် အသောကမင်းတရားကြီးလက်ထက်က ကမ္ဘာတစ်ခုလုံးပင် ဗုဒ္ဓဝါဒတည်းဟူသော မျိုးစေ့ကို စိုက်ပျိုးပေးခဲ့ရကား ယခုတိုင် ကမ္ဘာအနှံ့အပြား၌ စည်ကားလျက် ရှိလေသည်။ သို့သော် ဘီဟာနယ်တွင်ကား စည်ကားခြင်း မရှိခဲ့ပြီ။ လက်ရှိ ဘီဟာနယ်သူ နယ်သားတို့နှင့်တကွသော အိန္ဒိယသားတို့၏ အပေါ်၌ကား ဩဝါဒတော် မတည်တော့ပြီ။ တရားတော်နှင့် ကင်းဝေးခဲ့ချေပြီ။ ဗုဒ္ဓသာသနာတော်တည်းဟူသော ဖိုးလမင်းကြီးလည်း ကွယ်ပခဲ့ပြီး မှောင်အတိ ဖုံးလွှမ်းလျက် ရှိလေပြီ။ ဘခင်ကြီးဂေါတမ၏ လက်ရာ,ခြေရာများဖြစ်သော ဗုဒ္ဓဂယာမြို့ရှိ ကျောင်း,ကန်,စေတီ,ပုထိုးစသည်တို့မှာလည်း ကျိုးပဲ့ပြိုပျက်လျက် ရှိရကား ဖူးမြော်ရသူ ကျွန်ုပ်တို့၏ စိတ်နှလုံးကို အထူးထိခိုက် တုန်လှုပ်စေ၍ တားမရ, ဆီးမနိုင် မျက်ရည်ဖြိုင်ဖြိုင် ယိုစီးစေပါ၏။ ဤနေရာတော်ကို ကျွန်ုပ်တို့ ဟိန္ဒူမျိုးနွယ်ဖြစ်သော မဟန့်ခေါ်ရသေ့ကြီးက အပိုင်ယူထားခြင်းကြောင့် ပျက်စီးရခြင်းဖြစ်ပြီး၊ ထပ်မံ၍ ပြုပြင်လိုသော ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့၏ လက်ထဲ၌ ရှိခဲ့ပါမူ ယခုလို အခြေအနေမျိုး ရှိမည် မဟုတ်ပေ။ ကျွန်ုပ်တို့ကား ဟိန္ဒူဖြစ်သော်လည်း ဟိန္ဒူမဟန့်၏ ညစ်ပတ်ပုံတို့ကို ထုတ်ပယ်ပစ်နိုင်မည် မဟုတ်ပေ။ သူ၏ ဗုဒ္ဓဂယာစေတီတော်ကို အပိုင်ခံထားခြင်း၏ ရည်ရွယ်ချက်မှာ ငွေရရုံနှင့် လိင်ရုပ်,ဇိဿနီးရုပ်-စသည်တို့ကို စေတီတော်ကြီးအထဲ၌ ချထားပြီး ဗုဒ္ဓဘာသာဘုရားဖူးသားတို့၏ ဦးချခြင်းကို ခံယူရန် ရည်ရွယ်လေသည်။ ဦးချသော ဗုဒ္ဓဘာသာဝင်တို့သည်လည်း ထိုအရုပ်တို့၏ အဓိပ္ပါယ်ကို နားလည်မည် မဟုတ်ပေ။ ဗုဒ္ဓအမှတ်ဖြင့် ဦးချကြမည် ဖြစ်သော်လည်း မဟန့်အဖို့ အထူးဂုဏ်ယူစရာ ဖြစ်၏။ ထောင်ပေါင်းများစွာသော ရုပ်တုတော်များကို မဟန့်တံခါးဝတွင် စီတန်းထားခြင်း၊ ရုပ်တုတော်များပါသော ကျောက်ချပ်များဖြင့် မီးဖိုချောင်လုပ်ခြင်း၊ ဆင်တင်းကုတ်, မြင်းတင်းကုတ် လုပ်ခြင်း၊ အပြင်တံတိုင်းကြီးတွင် ထည့်သွင်းခြင်း၊ ဗုဒ္ဓဦးခေါင်းတော်များကို မဟာဒေဝဦးခေါင်းများ လုပ်ခြင်း၊ ဤသို့လျှင် ယုတ်မာညစ်ပတ်သော အလုပ်ဖြင့် ဗုဒ္ဓဘုရားကို စော်ကားသည်သာမက သေးဘဲ အလွန့်အလွန် ရိုင်းစိုင်းညစ်ပေ လှကလေတို့ ကဲ့သို့ ဗုဒ္ဓရုပ်ပွားတော်၏ လက်တော်တစ်ဖက်ကို ရှေပ်ကြိုပ် ကျောက်လုံးကြီး လုပ်ခြင်းနှင့် မစင်အိမ်သာတစ်ခု၏ ရှေ့ဘက်တွင် ရုပ်တော်မှုတစ်ဆူ ကပ်ထား

*သည်ကို တွေ့ရှိရ၏။ ကျွန်ုပ်သည် ဟိန္ဒူဘာသာဝင် တစ်ဦးပင် ဖြစ်သော်လည်း ဟိန္ဒူမဟန္တ၏ ယခုကဲ့သို့ ညစ်ပတ်ယုတ်မာပုံကို မြင်ရသဖြင့် စိတ်ဓာတ်မှာ အတော်ပဲ တုန်လှုပ်ချောက်ခြားမိလေသည်။ ဗုဒ္ဓဘာသာဝင်တို့အဖို့ကား အဘယ်ဆိုဘွယ်ရာ ရှိအံ့နည်း"*

(Ancient Magadha by J.C.Ghose) ဂျေစီဃောဆ်၏ ရေးမဂဓစာအုပ်တွင် တွေ့ရပြန်သေးသည်မှာ...

*"ဗောဓိပင်ကို ဟိန္ဒူတို့ ကိုးကွယ်ဆည်းကပ်ပုံနှင့် ပတ်သတ်၍ ကျွန်ုပ်တို့သိရသလောက်မှာ သူတို့သည် ဂယာမြို့ပေါ်တွင် ဩဇာတိက္ကမနှင့် ပြည့်စုံဆုံးသော ဗိသျှုနုဂိုဏ်းဝင် ရသေ့ကြီး၏ အမိန့်အတိုင်းသာ လာရောက်ဖူးမြော်ကြ၏။ ရသေ့ကြီးကိုယ်တိုင်ကား ဗုဒ္ဓရုပ်ပွားတော်ကို မည်သည့်အခါမှ ရှိခိုးသည်ကို မတွေ့ရကြောင်း၊ အကြောင်းဆိုသော်... သူသည် ဗြာဟ္မဏဇာတ်ဝင်တစ်ဦးဖြစ်၍ ဂေါတမမှာ ခတ္တိယမျိုးနွယ်ဖြစ်ရကား သူ့ထက် ဇာတ်နိမ့်သူဟု အယူရှိခြင်းကြောင့်ဖြစ်သည်။ ထို့ပြင် ဗုဒ္ဓဂယာစေတီတော်ပိုင်ရှင် မဟန္တသည်လည်း ဗုဒ္ဓရုပ်ပွားတော်ကိုလည်းကောင်း၊ ဗောဓိပင်ကိုလည်းကောင်း မည်သည့်အခါမျှ ရှိခိုးသည် မရှိခဲ့ဖူးကြောင်း၊ ဗောဓိပင်ကို ဖူးမြော်လိုသော ဟိန္ဒူတို့မှာ မဟန္တထံတွင် အဖိုးအခကို ပေးပြီးမှ ဖူးမြော်ကန်တော့ကြရလေသည်။ ဗောဓိပင်အား ရည်မှန်း၍ လှူဒါန်းသော အလှူဝတ္ထုတို့ကိုကား ဂယာဝါလ်ရသေ့ကြီးက သိမ်းယူ၏။ ထို့ကြောင့် ဗောဓိပင်မြတ်အား မဟန္တ၏ ရွှေလမ်း,ငွေလမ်းဖွင့်ပေးရေးကို ဖန်တီးပေးတတ်သော ပြဒါးလုံးနှင့် တူသည်ဟု ပြောဆိုနိုင်စရာရှိ၏။ ထိုသူနှစ်ဦးစလုံးတို့သည် မဟာဗောဓိသို့ ဟိန္ဒူတို့ လာရောက်ဖူးမြော်ကြသည်ကို မနာလို ဝန်တိုသော စိတ်ရှိတတ်ကြ၏။ သိနိုင်လောက်သော အချက်ကြီးတစ်ခုမှာ ဗောဓိပင်မှ အကိုင်း (၄၂)ကိုင်းကို ခုတ်ဖြတ်ယူပြီးလျှင် ဂယာမြို့ ပတ်လည်တွင် စိုက်ပျိုးလိုက်ခြင်းပင်ဖြစ်၏။ အဓိကရည်ရွယ်ချက်မှာ ဟိန္ဒူဘုရားဖူးသားတို့အား ဂယာမြို့ပေါ်ရှိ ထိုဗောဓိပင်များကို ဖူးမြော်ခြင်းဖြင့် နှစ်သိမ့်ကျေနပ်စေရန် ဖြစ်၏"*

(ဤကား ဃောဆ်၏ ရေးသားချက်)

ဤသို့လျှင် ဆရာအမျိုးမျိုး ပညာရှင်အမျိုးမျိုးတို့ ရေးသားထားကြသည်ကို ထောက်ရှုဝေဖန်ခြင်းဖြင့် မဟန္တ၏ ဗုဒ္ဓဂယာစေတီတော်ကို ကိုးကွယ်ရန်အလို့ငှာ

အပိုင်ခံထားရပါသည်ဟု **မဟာဗောဓိအသင်းကြီး** **တည်ထောင်ခဲ့သူ** **အနာဂါရိက** **ဓမ္မပါလ**နှင့် တရားဖြစ်စဉ်အခါက တရားသူကြီးရှေ့၌ ချေပပြောဆိုခဲ့သော စကားမှာ မည်သည့်နည်းနှင့်မှ မဟုတ်နိုင်၊ မမှန်နိုင်။ ဟိန္ဒူစေတီတော်အဖြစ် ပြောင်းလွဲကာ ကိုးကွယ်လိုသောကြောင့်လည်းကောင်း၊ စေတီတော်ကြီးသည် ဗုဒ္ဓဘာသာတို့ လက်ထဲသို့ ကျရောက်သွားပါက သူ့အဖို့ ပြဒါးလုံးပျောက်ဆုံးသွားသည်နှင့် တူသဖြင့် လာဘ်လာဘ ဆုတ်ယုတ်သွားမည်ကို သိသောကြောင့်လည်းကောင်း အပိုင်ခံထားခြင်း ဖြစ်သည်ဟု ယူဆအပ်ပေသည်။

## မြန်မာရှင်ဘုရင်များနှင့် ဗုဒ္ဓဂယာ

မဂဓတိုင်းတွင် ဗုဒ္ဓဘာသာဝင် ရှင်ဘုရင်များ စိုးစံတော်မူခဲ့စဉ်ကာလများက အထူးသဖြင့် ကြည်ညိုမြတ်နိုးခြင်းခံခဲ့ရသော ဗုဒ္ဓဂယာ(မဟာဗောဓိ)စေတီတော်ကြီးမှာ နှစ်ပေါင်း(၈၀၀)နီးပါးလောက် ပြုစုစောင့်ရှောက်သူ ဒါယကာများနှင့် ကင်းဝေးခဲ့ပြီးသည့်နောက် မသူတော်မင်းတို့၏ လက်အောက်၌ ပျက်စီးယိုယွင်းလျက်ရှိခဲ့လေရာ ဘုရားစေတီပုထိုးတို့မှာ တောကြီးသဖွယ် ချုံနွယ်အထပ်ထပ် ရစ်ပတ်ပြီးလျှင် ကျေးငှက်သံ တညံညံတို့ဖြင့် ဝမ်းနည်းကြေကွဲဖွယ်ရာ အဆင့်အတန်းဖြင့် ရှိနေခဲ့လေသည်။

ဝိတိုရိယ(Victoria)ဘုရင်မကြီး၏ လက်ထက်သို့ ကျရောက်သော အခါဝယ် ဘဝရှင်မင်းတရားကြီးသည် ဖုံးအုပ်လျက်ရှိသော ခြုံနွယ်များကို သန့်ရှင်းကာ ဘုရင်မကြီး၏ အကူအညီဖြင့် ထပ်မံတည်ထားခဲ့လေသည်။ မြန်မာသက္ကရာဇ် ၁၁၈၃-ခုနှစ်၊ နတ်တော်လဆန်း(၉)ရက်နေ့ ဆင်ဖြူရှင်မင်းတရားကြီး၏မြေးတော် စတုတ္ထအမရပူရမြို့တည် ဘုရင်မင်းမြတ်သည် အဖိုးအနဂ္ဃထိုက်တန်သော အလှူဝတ္ထု အစုစုတို့ကို လှူဒါန်းခဲ့ကြောင်း ကမ္ပည်းစာ ထိုးထားလေသည်။

တဖန် ၁၂၃၆-ခုနှစ်၊ တန်ဆောင်မုန်းလတွင် မြန်မာရှင်ဘုရင် မင်းတရားကြီးသည် အိန္ဒိယပြည်အစိုးရ၏ အကူအညီဖြင့် ဗုဒ္ဓဂယာစေတီတော်ကို ပြန်လည်ရရှိရန်အလို့ငှာ အကြိမ်ကြိမ် ကြိုးပမ်းဆောင်ရွက်လေရာ တစ်ကြိမ်တစ်ခါ အောင်မြင်ခဲ့ဖူးကြောင်း၊ မဟန့်နှင့် ဓမ္မပါလအမှု အကြောင်းတို့ကို ဂယာဒိစတြိတ်တရားသူကြီး မက်ဖာဆင်၏ ထုံးတွင် တွေ့ရ၏။ မဟန့်သည်လည်း မိမိရထား

သမျှသော ဘုရားဘဏ္ဍာများကို ပြန်အပ်ခဲ့သည် ဆို၏။ မြန်မာဘုန်းတော်ကြီးတို့သည်လည်း သီပေါမင်းနှင့် အင်္ဂလိပ်စစ်ဖြစ်သည့်တိုင်အောင် စေတီတော်အနီးရှိ သီပေါမင်းတရားကြီး၏ ပရိဘောဂတိုက်ကြီးတွင် နေထိုင်ဖူးလေသည်။

ယခုအခါ ၎င်းတိုက်ကြီးမှာ အုတ်,အင်္ဂတေ စသည်တို့ ကွဲအက်ပြီး ပျက်စီးယိုယွင်းလျက် ရှိပေပြီ။ မြန်မာဘုရားဖူးသားတို့သည်လည်း မတည်းခိုနိုင်တော့ပြီ။ စေတီတော်ကို မှီငြမ်းကာ တောင်းရမ်းစားသောက်နေကြသော သူတောင်းစားများနှင့် ဂျုံးဝါးလား ကုလား,ကုလားမတို့ နေရာသာ ဖြစ်နေတော့သည်။ တိုက်ကြီး၏ ဒါယကာကား ရတနာဂီရိမြို့တွင် မြေခေါင်းအောင်းလျက် ရှိရာမှ မြန်မာပြည်သို့ ပြန်လည် ရောက်ရှိလာပေပြီ။ သူ၏ လက်ရာ,ခြေရာများဖြစ်သော ပရိဘောဂတိုက်ကြီးနှင့် မဟာန့်ခြံထဲရှိ ကျောက်ဂူကြီးတို့ကား ယနေ့အထိ မပျက်မစီးသေးဘဲ အထင်အရှား ရှိသေးရာ မြန်မာပြည်ရှိ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့သည် ကွယ်လွန်သူ ဒါယကာများအား ရိုသေဦးညွှတ်သောအားဖြင့် ဤအဆောက် အအုံများကို တနည်းနည်းဖြင့် စောင့်ရှောက်ထားသင့်၏။

## ကျောက်စာဂူတော်ကြီး

ဘဝရှင်မင်းတရားကြီးသည် ပါဠိ-မြန်မာ နှစ်ဘာသာဖြင့်ပြွမ်းသော ကျောက်စာ ကမ္ပည်းကို ဂူတော်ကြီးထဲတွင် စိုက်ထူထားခဲ့၏။ ထိုကျောက်ကမ္ပည်းစာတွင် ရေးသားဖော်ပြထားသော အလှူဝတ္ထုတို့မှာ စိန်လုံးရေ (၅၁၁)လုံး၊ မြလုံးရေ (၁၁၁)လုံး၊ ပတ္တမြားလုံးရေ (၁၉၆၆)လုံး၊ ပုလဲလုံးရေ (၆၂၃)လုံးတို့ကို မဟာဗောဓိစေတီတော်ကြီးအတွက် ရည်မှန်းကာ လှူဒါန်းခဲ့ကြောင်း တွေ့ရှိရ၏။

ယခုအခါ ၎င်းလိုဏ်ဂူကြီး နှစ်ခုစလုံးကို မဟာန့်၏ တပည့်များက ကျွဲ,နွား, ဆိတ်,မြင်းတို့ကို ကျွေးမွေးရန် ပဲ,မြက်စသော အစားအသောက် သိုလှောင်ရာ ဂိုထောင်ကြီးအဖြစ်ဖြင့် အသုံးပြုလျက်ရှိရကား... အလွန်လှပခိုင်ခံ့သပ်ရပ်သော ကျောက်စာများပင် အနည်းငယ်ခန့် ပျက်စီးယိုယွင်းလျက်ရှိသည်ကို တွေ့ရှိရ၏။ ဤကျောက်စာဂူတော်သည် မဟာန့်ခြံထဲရှိ ဟင်းလင်းလယ်တွင် ရှိ၏။ ဤဂူတောင်ဘက် ခပ်လှမ်းလှမ်းတွင် အုတ်မှုန့်ရောင် သုတ်ထားသော မင်းတုန်းမင်းတရားကြီး ကောင်းမှုတော် ဇရပ်ကြီးတစ်ဆောင် ရှိ၏။ ဤဇရပ်ကြီးကို ဟိန္ဒူဘုရားဖူးသားတို့

တည်းခိုနေထိုင်ရန် (ဒက် ဘန်ဂလို)အဖြစ်ဖြင့် အသုံးပြုထား၏။ ဤဇရပ်ကြီးမှာ သီပေါမင်း၏ ကောင်းမှုတော် ပရိဘောဂတိုက်ထက် တစ်ဆခန့် အနံအလျား ကျယ်ဝန်းသည့်အပြင် ကျောက်များဖြင့် ဆောက်လုပ်ထားခြင်းကြောင့် အထူး နိုင်ခံ့၏။

အထက်ပါ အကြောင်းအရာများကို ဖတ်ရှုရခြင်းဖြင့် မြန်မာမင်းတို့ ဘုရားပွင့် တော်မူရာ ဗုဒ္ဓဂယာကို အညီအမျှ မြတ်နိုးကော်ရော် ပူဇော်ခဲ့ကြောင်း သိနိုင်လိမ့် မည်ဟု ယုံကြည်မိပါသည်။

## ဓမ္မပါလနှင့် ဗုဒ္ဓဂယာ

၁၈၉၁-ခုနှစ်၊ မေလ(၃၀)ရက်နေ့တွင် သီဟိုဠ်သား ဥပါသကာတစ်ယောက် သည် ကိုလံဘိုမြို့တွင် မဟာဗောဓိအသင်းကြီးကို တည်ထောင်ခဲ့သည်။ အသင်း ကြီး၏ အဓိကရည်ရွယ်ချက်မှာ ဗုဒ္ဓဂယာစေတီတော်ကို ဗုဒ္ဓဘာသာတို့ လက်ဝယ် သို့ ပြန်လည်ရောက်ရှိရေးနှင့် ပိဋကတ်ကျမ်းဂန်များကိုလည်း အိန္ဒိယဘာသာ အမျိုးမျိုးတို့ဖြင့် ပြန်ဆိုရေးသားရန် ရည်ရွယ်လေသည်။ အသင်းကြီး၌ အေးရှ်- သုမင်္ဂလဆရာတော်က ဥက္ကဋ္ဌ၊ ကိုလိုနယ်အိုလကောက်က အတိုင်ပင်ခံ လူကြီး အဖြစ်ဖြင့် ပါဝင်ကြပြီးလျှင် ဓမ္မပါလမှာ အကျိုးဆောင်အဖြစ်ဖြင့် ရွက်ဆောင်လေ သည်။ အသင်းကြီးကို တည်ထောင်ပြီးလျှင် (၃)နှစ်မျှ ကြာသောအခါ ဓမ္မပါလ သည် အမျိုးမျိုးသော တိုင်းပြည်,နိုင်ငံတို့သို့ သွားရောက်လှည့်လည်ပြီးလျှင် အသင်းကြီးနှင့် အဆက်အသွယ် ပြုလုပ်လေသည်။

၁၈၉၃-ခုနှစ်က အမေရိကန်ပြည် ချီကာဂိုမြို့တွင် ကျင်းပခဲ့သော Parliament of Religions ခေါ် ဓမ္မသဘင်ကြီးသို့ ဗုဒ္ဓဘာသာတို့၏ အထူးကိုယ်စား လှယ် တစ်ယောက်အဖြစ်ဖြင့် တက်ရောက်လေသည်။ ၁၈၉၂-ခုနှစ်တွင် ဗုဒ္ဓ ဂယာအကြောင်း ပါဝင်သော သတင်းဆောင်းပါး အမျိုးမျိုးတို့ဖြင့် ရေးသားဝေဖန် ထားသော မဟာဗောဓိဂျာနယ်ခေါ် စာစောင်ကိုလည်း ကာလ်ကတ္တားမြို့မှ ထုတ် ဝေလေသည်။ ထိုဂျာနယ်၌ အများဆုံး ရေးသားလေ့ရှိသော အချက်တို့မှာ မဟာန့်အပိုင်ခံထားသော ဗုဒ္ဓဂယာစေတီတော်နှင့် မြေနေရာကို မည်သည့်နည်းနှင့် ဗုဒ္ဓဘာသာတို့ လက်ထဲသို့ ရောက်ရှိရမည်နည်း? ဟူသော အချက်ပင် ဖြစ်၏။

ဓမ္မပါလသည် မဟာဗောဓိသို့လာတိုင်း ရုပ်ပွားတော်များကို ဟသ်လာပြဒါး(အနီ) သုတ်လိမ်းခြင်း၊ ယမင်းရုပ်သဖွယ် အဝတ်ပတ်ခြင်း၊ ဘုရားရှေ့တွင် အမင်္ဂလာ လိင်ရုပ်ကြီးကို ချထားခြင်း၊ ဘုရားဖူးသားတို့ သမာဓိပျက်ကွက်လောက်အောင် ရာထောင်မကသော သူတောင်းစားတို့က လာရောက်တောင်းခံခြင်း၊ အနှောက် အယှက်ပေးခြင်း၊ ဤကဲ့သို့သော ပြုမူပုံတို့ကို တွေ့ကြုံရ၍ အလွန် စိတ်မချမ်း မသာ ဖြစ်ရကား ၁၈၉၄-ခုနှစ်၊ မတ်လထုတ် ၎င်း၏ဂျာနယ်တွင် ဗုဒ္ဓဂယာမြေကို ဗုဒ္ဓဘာသာတို့ကသာ ပိုင်ပိုင်နိုင်နိုင် အုပ်ချုပ်ခွင့်ရရှိရေးနှင့် မတရားသဖြင့် ပိုင်ဆိုင် ထားသော မဟန့်၏လက်မှ တရားမျှတသော အဖိုးအခဖြင့် ဝယ်ယူရန်ဟူ၍ ခေါင်းကြီးပိုင်းမှ ရေးသားဖော်ပြလိုက်လေသည်။ ထိုသို့ ရေးသားလိုက်ခြင်းမှာ ပြုစုစောင့်ရှောက်သူမရှိဘဲ ပျက်စီးယိုယွင်းနေသော စေတီတော်ကြီး၏ ကြမ္မာဆိုး ကို မမြင်ရဲ,မဖူးရဲသောကြောင့်ပင် ဖြစ်၏။ ဤသဘောတရားကို ဓမ္မပါလ မဝေဖန် မီ ရေးမဆွ၌ ဆာအီဒွင်အာနိသည် ၁၈၈၆-ခုနှစ်၊ ကာလ်ကတ္တားမြို့မှ ထုတ်ဝေ သော ဒယ်လီတေလီခေါ် သတင်းစာမှ ရေးသားဖော်ပြဖူးလေသည်။ ၁၈၉၃-ခုနှစ်တွင် ဓမ္မပါလသည် အမေရိကန်ပြည်တွင် ကျင်းပခဲ့သော မဟာဓမ္မသဘင် ကြီးမှ အပြန်တွင် ဝိနယပုသျှကာပါမလာခေါ်သော သတင်းစာထဲ၌ ဤသို့ ရေး သားထားသည်ကို ဖတ်ရှုရလေသည်။

*"ဗုဒ္ဓဂယာမြို့ရှိ ကျောင်း,ကန်,စေတီ,ပုထိုးတို့ကို မဟာမေဒင်(မူဆလင်)တို့ ဖျက်ဆီးခဲ့သော ခရစ် ၁၂၀၀-ခုနှစ်တွင် ဗုဒ္ဓဂယာမြို့တွင် သီတင်းသုံးကြကုန် သော ဘုန်းတော်ကြီးတို့သည် စေတီအတွင်းရှိ ရုပ်ပွားတော်များကို ဆောင်ယူ လေသည်။ ဘုရားခန်းသည်လည်း ယခုကဲ့သို့ အောက်မှာမဟုတ်ဘဲ စေတီတော် ကြီး၏ အထက်၌သာ ရှိလေသည်။ ယခုကား အပေါ်ထပ်တွင် ရုပ်ပွားတော် အလျဉ်းမရှိတော့ပြီ။ ဘုရားခန်း၏ တည်နေရာမှာလည်း အောက်ထပ်မှာ ဖြစ်နေ ကြောင်း"* အဆိုပါသတင်းစာက ဖော်ပြထားလေသည်။

ထို့ကြောင့် ဓမ္မပါလသည် တိုကျိုဂျပန်ဂိုဏ်းချုပ်ဆရာတော်ကြီးကို ထိုနေရာ နှင့် ထိုက်တန်သော ရုပ်တုတော်ကြီးတစ်ဆူကို ထုလုပ်ပေးရန် တိုက်တွန်းလေရာ ဆရာတော်ကြီးသည်လည်း အလွန်ချောမွတ် သပ္ပါယ်တော်မူလှသော ရုပ်ပွား တော် တစ်ဆူကို လက်ဆောင်ပေးအပ်လိုက်လေသည်။

## မဟာန္တ၏ ယုတ်မာမှု

ဓမ္မပါလသည်လည်း ၁၈၉၄-ခုနှစ် မတ်လ(၁)ရက်နေ့တွင် အိန္ဒိယပြည်သို့ ပြန်ရောက်လာပြီးနောက် ထိုရုပ်ပွားတော်နှင့်အတူ ဂယာမြို့သို့ မေလ(၁၇)ရက်နေ့တွင် ဆိုက်ရောက်လာလေသည်။ ထိုသို့ ရောက်လာရခြင်းမှာ သူသည် မေလ(၁၉)ရက်နေ့ဖြစ်သော ကဆုန်လပြည့်နေ့တွင် ညောင်ရေသွန်းပွဲကျင်းပ၍ ထိုရုပ်ပွားတော်ကိုလည်း စေတီတော်အပေါ်ထပ်တွင် ပူဇော်ထားရန် ရည်ရွယ်ချက်ကြောင့် ဖြစ်သည်။ ဤသို့ ပူဇော်တော့မည့်အကြောင်းကို သူ၏ ဂျာနယ်တွင်လည်း အကျယ်တဝင့် ရေးသားထားလိုက်၏။ ပထမအဖို့၌ ဤကိစ္စတွင် မည်သူမည်ဝါကမှလည်း အနှောက်အယှက်ပေးလိမ့်မည် မဟုတ်ဟု ထင်ရှိခဲ့သည့်အတိုင်း ကုက္ကား,တံခွန်,ဖယောင်းတိုင် အစုံတို့ဖြင့် အပေါ်ထပ်သို့ ပူဇော်ရန် အလို့ငှာ သွားကြလေတော့၏။ ထိုခဏ၌ မဟာန္တ၏ တပည့်များဖြစ်ကြသော ဂျေပါလဂီရိ၊ မဟိန္ဒြဂီရိနှင့် တခြားကျေးကျွန်တို့ကပါ စုရုံးရောက်ရှိလာကြပြီးလျှင် ဓမ္မပါလအား တားမြစ်ကြလေတော့သည်။ ဓမ္မပါလသည်လည်း ဗုဒ္ဓဘာသာဝင်တို့၏ အမြတ်ဆုံးသော အဝိဇဟိတဌာနရှိ ပရိဘောဂစေတီကြီး၏ အပေါ်ထပ်တွင် မထားရဟု ဟိန္ဒူတို့က တားမြစ်ကြသည်ကို တရားနည်းလမ်းကျသည်ဟု မယူဆချေ။ ထို့ကြောင့် ပူဇော်မြဲအတိုင်း ပူဇော်နေလေရာ အဆိုပါ ဂီရိများတို့သည် ဓမ္မပါလ၏ လည်ပင်းကို ကိုင်ကာ တွန်းလှန်လိုက်ပြီးနောက် "ဘာဒမာ့ရှ်" အစရှိသည်ဖြင့် ညစ်ညမ်းစွာ ဆဲဆိုကြိမ်းမောင်းကြပြီးလျှင် ရုပ်တုတော်ကိုလည်း အပေါ်ထပ်မှ အောက်ထပ်သို့ ဆွဲဝင်ချလိုက်လေသည်။ ဂျပန်ဗိသုကာဆရာကြီးတို့၏ အကောင်းဆုံးသော လက်စလက်နများဖြစ်သော ရုပ်ပွားတော်ခမျာမှာလည်း တန်ခိုးပြာဋိဟာတော် မပြနိုင်တော့ဘဲ သူတောင်းစားနှင့် ဂျရုံးဝါးလား ကုလား, ကုလားမတို့၏ ကျက်စားရာဖြစ်သော ဗောဓိမဏ္ဍလအပြင်ဝယ် ကျိန်းစက်တော်မူရလေတော့သတည်း။

ဓမ္မပါလအား ဂယာမြို့၌ ဒိစတြိတ်တရားသူကြီး မက်ဖာဆင်က မော်တော်ကားဖြင့် တင်ဆောင်ယူသွားရလေသည်။

## တရားစွဲပြီ

ဓမ္မပါလ၏ တရားစွဲချက်အရ ဂယာဒီစတြိတ်တရားသူကြီး မက်ဖာဆင်က အိန္ဒိယရာဇသတ်ပုဒ်မ (၂၉၆)အရ တစ်ဘာသာက တစ်ဘာသာကို အနှောက်အယှက်ပေးမှု ထင်ရှားသောကြောင့် မဟိန္ဒြဂီရိ ဗီမာလ်ဒေဝဂီရိနှင့် ဂျေပါလဂီရိ တို့အား ထောင်ဒဏ်တစ်လနှင့် ဒဏ်ငွေတစ်ရာစီ ကျခံစေရန်၊ အကယ်၍ ဒဏ်ငွေ တစ်ရာကို မထမ်းဆောင်နိုင်ပါက ထောင်(၁၅)ရက်စီ တိုး၍ ကျခံစေဟု အမိန့် ချမှတ်လေသည်။ တရားဆုံးဖြတ်သောနေ့မှာ ၁၈၉၅-ခုနှစ် ဇူလိုင် (၁၉)ရက်နေ့ ဖြစ်လေသည်။ ထိုသို့ ချမှတ်သည်ကို မနာယူလို၍ ပတ္တနားမြို့ စက်ရှင်ရုံးတော်၌ အယူခံဝင်ပြန်လေရာ ထောင်ဒဏ်တစ်လကို ပယ်၍ ဒဏ်ငွေတစ်ရာစီ ပေးဆောင်ရန်၊ မဆောင်နိုင်က မက်ဖာဆင်၏ အမိန့်အတိုင်း ထောင်ဒဏ်(၁၅)ရက်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့လေသည်။ ထိုသို့ ဆုံးဖြတ်ချက်ကိုလည်း မကျေနပ်နိုင်သေးသော မဟန့်သည် ထောင်ပေါင်းများစွာသော ငွေအသပြာများကို သွန်းလောင်းကာ ကာလ်ကတ္တားမြို့ ဟိုက်ကုတ်ရုံးတော်သို့ အယူခံ ဝင်လေသည်။ ဟိုက်ကုတ်တရားသူကြီး မစ္စတာဗန်နာဂျီက မဟန့်သည် မိမိပိုင်နက်သို့ ဝင်လာသော သူကို ပိုင်ရှင်၏ ဝတ္တရားအတိုင်း အတန်တန် တားမြစ်သော်လည်း မနာယူလိုသော ဓမ္မပါလ၏ အဝမ္မကျူးကျော်မှုကြောင့် ဤအမိကရုဏ်းဖြစ်ပွားရကား မဟန့်မှာ အလျဉ်း အပြစ်မရှိ။ တရားသေ လွှတ်စေဟု အမိန့်ချမှတ်လေသည်။ (ဤအကြောင်းကို မက်ဖာဆင်၏ စာမျက်နှာ (၁၀၀)ကျော်ခန့်ရှိသော ဖြတ်ထုံးရှည်ကြီးမှ ဘာသာပြန်ဆိုလိုက်သည်။ အကျယ်ကို သိလိုမူ Maha Bodhi Case ခေါ် စာအုပ်ကို ဖတ်ရှုကြပါကုန်။)

ထို့ကြောင့် ဓမ္မပါလ၏ အလုပ်ဟူသမျှမှာ သဲရေကျ ဖြစ်ခဲ့ရလေသည်။ ဤကား ကျွန်ုပ်တို့ လက်ထက်တွင် ဖြစ်ပွားခဲ့သော အမိကရုဏ်းမျှသာ ဖြစ်၍ ရှေးလွန်လေပြီးသော ကာလတုန်းက မဟန့်တို့သည် ဗုဒ္ဓဘာသာများအပေါ်တွင် မည်မျှ စော်ကားခဲ့လိမ့်မည်ဆိုတာကို စဉ်းစားရန် အချက်တစ်ခုပင် ဖြစ်လေသည်။

## လူထုဘာသာ

အိန္ဒိယပြည်တွင် ဘာသာရေးဝါဒများ ခေတ်စားခဲ့စဉ်က ဂယာစီရင်စုသည် အထူးစိတ်ဝင်စားဖွယ်ကောင်းသော နေရာတစ်ခုအဖြစ်ဖြင့် ထင်ရှားခဲ့ဖူး၏။ အသို့ဆိုမူကား... ကရုဏာသခင်ဖြစ်တော်မူသော ဂေါတမရှင်တော်ဘုရားမှာ ဂယာဒိစတြိတ် ဗုဒ္ဓဂယာမြို့တော်တွင် ပွင့်တော်မူခဲ့ခြင်းကြောင့် ဖြစ်သည်။ သို့ရာတွင် ရှသာမျိုးစုံ သင်းပျံ့ထုံသော ဗုဒ္ဓတရားတော်သည်ကား ဂယာနယ်သူ၊ နယ်သားတို့၏ ကိုးကွယ်ဆည်းကပ်ခြင်းမှ ကင်းဝေးခဲ့ပေပြီ။ သကျမုနိဘုရားရှင်၏ ပွင့်တော်မူရာဖြစ်သော ဗောဓိပင်တော်မြတ်မှာလည်း ဂယာနယ်သူ၊ နယ်သားတို့ ဆည်းကပ်ကော်ရော်ခြင်းထက် နိုင်ငံခြားသားဗုဒ္ဓဘာသာဝင်တို့ ပူဇော်ပသခြင်းကိုသာ ခံယူလျက်ရှိ၏။

ဗုဒ္ဓတရားတော်သည် ဂယာစီရင်စုနှင့်တကွ အိန္ဒိယနိုင်ငံတစ်လျှောက်လုံးတွင် လူထုဘာသာဖြစ်ခဲ့သော်လည်း နတ်မိစ္ဆာများကို ကိုးကွယ်ခြင်းဖြင့် မောက္ခတရားတို့ကို လိုလားတောင့်တ လျက်ရှိကြကုန်သော လူမျိုးတစ်မျိုးက နိုင်ထက်ကလူ ပြုမှု၊ဖိနှိပ်၊ချုပ်ချယ်မှုတို့ကြောင့် အအေးမြဆုံးသော ဗုဒ္ဓတရား ရောင်ခြည်တော်ကြီးမှာ လုံးဝနစ်မြုပ် ကွယ်ပသွားရလေသည်။

ယခုအခါ ဂယာမြို့သည် ဘာသာရေးကိစ္စနှင့်စပ်လျဉ်း၍ အရေးကြီးသော မြို့များအနက် တစ်မြို့အပါအဝင် ဖြစ်လေသည်။ အကြောင်းဆိုသော်... ဗိဿနိုးပါဒ်ခေါ်သော နတ်ကွန်းစင်တွင် ကွယ်လွန်သူ ဘိုးဘေးများကို ရည်မှန်း၍ အလှူပေးကာ မည်သည့်ဒုဂ္ဂတိဘုံ၌ပင် ကျရောက်ခံစားနေရစေကာမူ သုဂတိဘုံသို့ သွားရောက်ကြသည်ဟု အယူရှိခြင်းကြောင့် ဖြစ်သည်။ ထိုသို့ အယူရှိခြင်းကို ဆရဒ္ဓါဟု ခေါ်သည်။

ဗုဒ္ဓဘာသာသည် ဂယာစီရင်စုမြောက်ပိုင်းတွင် အလွန်တရာ စည်ပင်ခဲ့သော်လည်း တောင်ဘက်အပိုင်း၌ကား ပျံ့နှံ့ပုံမရချေ။ တောင်ဘက်အပိုင်းသည် ထိုစဉ်အခါတုန်းက တောကြီးသာ ရှိခဲ့ဟန်တူသည်။ မြောက်ဘက်အပိုင်း လူဦးရေမှာ နည်းသည် ဖြစ်စေ၊ များသည် ဖြစ်စေ ဗုဒ္ဓဘာသာတို့သာ ကြီးစိုးခဲ့ဟန် တူ၏။ သိနိုင်သလောက်သော အချက်မှာကား မဂဓတိုင်းတွင် ဗုဒ္ဓဘာသာတို့ အင်အား

ရှိစဉ်က အများအပြား ဆောက်လုပ်လှူဒါန်းခဲ့သော ကျောင်း,ကန်,စေတီ,ပုထိုး များကို နေရာတကာတွင် တွေ့ရှိရခြင်းဖြင့် သိနိုင်လေသည်။

## ဟိန္ဒူတို့ ဆည်းကပ်ပုံ

ဟိန္ဒူတို့သည် ဝက်,ကြက်,ဆိတ်စသည်တို့ကို သတ်ဖြတ်ယစ်ပူဇော်ခြင်းဖြင့် မောက္ခတရားကို လိုလားကြ၏။ ဗုဒ္ဓဘာသာတို့၏ အမြတ်ဆုံးသော မဟာဗောဓိပင်အောက်တွင် ထူးခြားသော ဗိဿနိုးခြေရာတစ်ခု ရောက်နေခြင်းမှာ အလွန်ထူးဆန်းလှ၏။ ဤခြေရာမှာ ဗုဒ္ဓဂယာမြို့ရှိ ဟိန္ဒူအဆောက်အအုံတို့တွင် ကိုးကွယ်လေ့ရှိသော အရာဝတ္ထုမျိုးဖြစ်၍ တစ်ဦးတစ်ယောက်က ဘာမှ မဆိုင်သော ဤဗောဓိပင်အောက်၌ ချထားခြင်းမှာ ဗုဒ္ဓခြေရာတော်အဖြစ် လှည့်စားလိုသောကြောင့် ဖြစ်တန်ရာသည်။

ဗုဒ္ဓရုပ်ပွားတော်များကို များစွာကုန်သော ကျောင်း,စေတီ အပျက်အစီးတို့မှလည်းကောင်း၊ သစ်ပင်အောက်များမှလည်းကောင်း၊ ဂယာစီရင်စုရှိ အမျိုးမျိုးသော နေရာတို့မှလည်းကောင်း တူးဖော်ရရှိထားလေသည်။ ထိုရုပ်ပွားတော်များကို ဟိန္ဒူတို့သည် ဗိဿနိုးကျောင်း ပိတလာကျောင်းတို့၏ အစွန်းနား၌ ချထားသည်ကို တွေ့ရ၏။ တချို့တလေ ဘုရားဦးခေါင်းများကို မဟာဒေဝဦးခေါင်းအဖြစ်ဖြင့် ကိုးကွယ်ထားကြ၏။ ရာပေါင်းများစွာသော စေတီပျက်များမှ သီဝ (သျှိဝ=Shiva)လိင်ရုပ်များကိုလည်း ရရှိ၏။

ဤသို့လျှင် လိင်ရုပ်များကိုပါ စေတီအပျက်များမှ ရရှိခြင်း၊ ဗုဒ္ဓရုပ်ပွားတော်များကို အမျိုးမျိုးသော ဟိန္ဒူနတ်ကွန်းတို့တွင် တည်ထားသည်ကို တွေ့ရှိခြင်းဖြင့် ဟိန္ဒူတို့သည် ဗုဒ္ဓဘုရားကို ထာဝစဉ်ပင် ကိုးကွယ်ရောသလားဟု ယုံမှားသံသယရှိဘွယ်ရာ ဖြစ်၏။ သူတို့သည် မည်သည့်အခါမှ လိုလားခဲ့သည် မဟုတ်သောကြောင့် ဗုဒ္ဓဘာသာမင်းဆက်များ ပြုတ်ပြီးသည့်နောက် သူတို့ဘာသာဝင်မင်းများလက်ထက်တွင် နိုင်ထက်ကလူပြုကာ ဌာပနာခဲ့သည်ဟု မစ္စတာမာလေက ဆို၏။

ယခုအခါ အသိလိမ္မာနည်းပါးသော ဟိန္ဒူအချို့က ဗုဒ္ဓဘုရားကို ဦးချကြသော်လည်း ဗုဒ္ဓဟူသော အမှတ်ဖြင့်လည်းကောင်း၊ ဗုဒ္ဓဘာသာ၏ ထုံးတမ်းအရ ဖြင့်လည်းကောင်း ဦးချကြသည် မဟုတ်။ သူတို့ ယုံကြည်သော နိတ်မိစ္ဆာများ အဖြစ်ဖြင့်သာ ရှိခိုးကြ၏။

ဂယာစီရင်စုတွင်ရှိသော နတ်ကွန်းများတွင် ထားရှိပြီးဖြစ်သော ရုပ်ပွားတော်များကို ဟိန္ဒူတို့သည် ဟသ်ာပြဒါး(အနီ)သုတ်ခြင်း၊ ကြက်,ငှက်,ဆိတ် ဦးခေါင်းများကို ပန်းကုံးသဖွယ်ပြုပြီး လည်ပင်း၌ ဆွဲခြင်းတို့ဖြင့် အထက်ပါ ရေးသားဝေဖန်ချက်မှာ လုံလောက်ပေပြီ။ ဗုဒ္ဓဂယာအကြောင်းနှင့် ပတ်သက်၍ အမှန်ကို ထုတ်ဖော်ရေးသားရမည်ဆိုပါက ဟိန္ဒူဘုရား ကျောင်းကန်တို့သို့ မဝင်ရသော ဇာတ်ညံ့ဟိန္ဒူတို့ကသာ စေတီတော်ကြီးအနီး နေသူတို့အဖြစ်ဖြင့် ကိုးကွယ်လေ့ရှိကြ၏။ ယခုအခါကား တရွေ့ရွေ့ပြောင်းလဲလျက် ရှိချေပြီ။ ဂယာဒိစတြိတ်ရှိ ဟိန္ဒူအချို့နှင့် ဘင်္ဂါလီဟိန္ဒူအချို့ ပြောဆိုလေ့ရှိသည်မှာ... **"ဗုဒ္ဓဘာသာသည် အမိဟိန္ဒူဘာသာကို မယုံကြည်မှု၊ ပုန်ကန်မှုတို့ကြောင့် အိန္ဒိယပြည်တွင် ကွယ်ပသွားရလေသည်။ ဟိန္ဒူဘာသာကား မကွယ်ပသေး။ (၃၁)ကုဋေသော လူတို့၏ ဆည်းကပ်ခိုလှုံမှုကို ခံယူလျက်ရှိသေးကြောင်း..."** စသည်ဖြင့် ပြောဆိုလေ့ရှိကြ၏။

## အိန္ဒိယပြည်တွင် မဟာမေဒင် ပြန့်ပွားရခြင်းအကြောင်း

ယခုအခါ အိန္ဒိယပြည်နှင့် ပါကစ္စတန်ပြည်တို့တွင် မဟာမေဒင်(မူဆလင်) (၁၀)ကုဋေခန့် ပျံ့နှံ့လျက်ရှိသည်ကို တွေ့ရှိရ၏။ နိုင်ငံတော်ဘာသာအဖြစ်ဖြင့် ကိုးကွယ်ဆည်းကပ်ခဲ့သော ဗုဒ္ဓဘာသာကြီးကား အရင်းအမြစ်ပါမကျန် အစတုံးလေပြီ။ ဤသို့ ကွယ်ရခြင်း၏ အကြောင်းကား အသို့နည်း?

ခရစ် ၆၀၀-လောက်က မူဆလင်တစ်ဦးဘစ်ယောက်မှ မရှိခဲ့သော အိန္ဒိယပြည်တွင် အဘယ်ကြောင့် ယခုအခါ မူဆလင်(၁၀)ကုဋေ ရှိနေပါသနည်း? အာရပ်ပြည်ကပင် (၁၀)ကုဋေ ပါလာရလေရောသလား? ဟု မေးခွန်းထုတ်ခဲ့ပါမူ ကျွန်ုပ်ကား ဤသို့ ဖြေဆိုရပေလိမ့်မည်။

(၁) ဟိန္ဒူလူမျိုးတို့ မညီညွတ်မှုကြောင့် အိန္ဒိယပြည်တည်းဟူသော ဆတ်ကောင်ကြီးကို စပါးကြီးမြွေပမာဏရှိသော အာရပ်နှင့် အာဖဂန်ပြည်တို့က မျိုသွပ်ခဲ့လေသည်။

(၂) ခရစ်(၉)ရာစုလောက်က စ၍ ယနေ့အထိ မူဆလင်(၁၀)ကုဋေ ပေါက်ပွားနေရခြင်းမှာ အာရပ်ပြည်မှ အိမ်ထောင်စုံ လာရောက်ပြီး အိန္ဒိယပြည်တွင် မွေးဖွားခြင်းကြောင့် မဟုတ်။ အာရပ်ပြည်မှ လာရောက်တိုက် ခိုက်ခဲ့စဉ်က သူတို့မှာ မိန်းမဟူ၍ အလျဉ်းမပါဟု ဆိုနိုင်စရာရှိ၏။ သို့ရာတွင် မူဆလင်မင်းတို့သည် နှစ်ပေါင်း(၇၀၀)ခန့် အိန္ဒိယပြည်ကြီးကို စိုးမိုးအုပ်ချုပ်ကြလေရာ ထောင်ပေါင်းများစွာသော တိုင်းတစ်ပါးသား မူဆလင်များတို့သည် ဟိန္ဒူဘာသာမှ ရာထောင်မကသော အမျိုးသမီးတို့အား မတရားသော အခမ္မပရိယာယ်အမျိုးမျိုးဖြင့် အစ္စလာမ်ဘာသာသို့ ဆွဲငင်သွင်းခဲ့ပြီးလျှင် နှစ်ပေါင်း(၇၀၀)ခန့် လူဖောက်သာသနာပြုလုပ်ငန်းကြီးကို တွင်တွင်ကြီး လုပ်ခဲ့ရကားယခုအခါ ဦးရေအားဖြင့် (၁၀)ကုဋေ ဖြစ်လာရလေသည်။

## အစ္စလာမ် သာသနာပြုနည်း

ကမ္ဘာပေါ်ရှိ ဘာသာအသီးသီးတို့မှ လူမျိုးအသီးသီးတို့သည် မိမိတို့၏ ကိုးကွယ်ရာ သာသနာတော်ကြီး ထွန်းကားစည်ပင်စိမ့်သောငှာ ပြည်တွင်း,ပြည်ပနှစ်ဌာနတို့၌ သာသနာပြုလုပ်ငန်းကြီးကို အထူးကြိုးပမ်းကြကုန်၏။

အစ္စလာမ်ဘာသာမှတပါး အခြားသော ဘာသာတို့၏ သာသနာပြုပုံမှာ မိမိတို့၏ အယူဝါဒများကို ကျေနပ်လောက်အောင် ရှင်းလင်းဟောပြောပြီးမှ သဘောပေါက်၍ လိုလားသော ပုဂ္ဂိုလ်များကို မိမိတို့ ကိုးကွယ်ရာ ဘာသာကြီးထဲသို့ သွတ်သွင်းကြကုန်သည်။

သို့သော်လည်း အစ္စလာမ်ဘာသာဝင်တို့၏ သာသနာပြုပုံကား ထိုကဲ့သို့ မဟုတ်ပေ။ မူဆလင်တစ်ဦးတစ်ယောက်က တခြားဘာသာဝင် မိန်းမတစ်ဦးအား တစ်ခုခုသော နည်းပရိယာယ်ဖြင့် ချစ်ကြိုက်အောင် သွယ်ဆောင်ပြီး မယားအဖြစ် သိမ်းပိုက်လေ့ရှိသည်။ ထိုမိန်းမမှ ပေါက်ဖွားလာသော သားသမီးတို့ကို သမီး

မိန်းမဖြစ်ခဲ့မူ မူဆလင်အစစ်နှင့် လက်ထပ်၍ သားယောကျ်ားဖြစ်ပါက ထိုမိန်းမ၏ အနွယ်ဖြစ်သော (အခြားဘာသာဝင်)မိန်းမနှင့်ပင် လက်ထပ်စေလေ့ရှိ၏။ လိုရင်းကို ရေးသားရမည်ဆိုပါမူ မူဆလင်သာသနာပြုနည်းကို လူဖောက်သာသနာပြုနည်းဟု ဆိုပါက မှားနိုင်မည် မဟုတ်ပေ။

အိန္ဒိယပြည်ကြီးကို နှစ်ပေါင်း(၇၀၀)လောက် အုပ်ချုပ်ခဲ့သော မူဆလင်တို့သည် ဖော်ပြပါနည်းဖြင့် သာသနာပြုခဲ့လေရာ ယခုအခါ မူဆလင်ပေါင်း (၁၀) ကုဋေ ဖြစ်လာရလေသည်။ ကိုရန်(Koran/Quran)[2] ကျမ်းကြီး၌ ပါရှိသည်မှာ... "ယောကျ်ားတို့မှာ လက်ထပ်ထိမ်းမြားအပ်သော မယားဖြစ်စေ၊ အသေးအမြှောင်ဖြစ်စေ လေးယောက်ယူရန် အခွင့်ပြုသည်။ သုံးကြိမ်တိုင်တိုင် ကွာရှင်းပြီးသော မယားကိုမူ နောက်ထပ် မယူရတော့ချေ။ သို့ရာတွင် အခြားယောကျ်ား တစ်ယောက်သည် ထိုမိန်းမကို လက်ထပ်ထိမ်းမြား ကာမစပ်ယှက်ပြီးသည့်နောက် ကွာရှင်းလျှင် ပထမလင်ကြီးသည် သူမအား ထပ်မံသိမ်းပိုက်နိုင်လေသည်"

(ကြီးကျယ်သော အပြစ်တစ်စုံတစ်ရာ မရှိဘဲ ကွာရှင်းခြင်း မပြုနိုင်ရန် ဤသို့ ပညတ်ထားဟန် လက္ခဏာရှိသည်။)

အလ္လာ(Allah)သည် မဟာမ္မဒ်(Muhammad)သို့ အထူးပေးအပ်ထားသော စပါယ်ရှယ်ပါဝါကား... "လက်ထပ်မယားဖြစ်စေ၊ အချောင်/အမြှောင်မယားဖြစ်စေ အရေအတွက်မရှိ လိုသလောက် ယူနိုင်သော အခွင့်၊ မိမိနှင့်အတူ မယားတို့ အိပ်အပ်သော အလှည့်ကို သဘောရှိသလို ပြင်ဆင်ပြောင်းလွဲနိုင်သော အခွင့် (မယားတွေ များလွန်းသဖြင့် မိမိနှင့် အတူအိပ်မည့် မိန်းမကို မိမိလိုသလို အလှည့်ပေးနိုင်သည့် အခွင့်)၊ ကွာရှင်းပြီးသည့်နောက် ဖြစ်စေ, သေဆုံးပြီးသည့် နောက် ဖြစ်စေ, မိမိမယားကို သူတပါး မယူရသော အခွင့်၊ ဤအခွင့် (၃)ပါးကို အလ္လာသည် မဟာမ္မဒ်သို့ အပ်နှင်းလေသည်" ဟူ၏။

---

[2] **Koran** ( also **Qur'an** ) /kəraːn/ [ခရားန်] မဟာမေဒင်တို့၏ ကိုရမ်ကျမ်းစာ
**The Koran** [singular] the holy book of the Islamic religion, written in Arabic, containing the word of Allah as revealed to the Prophet Muhammad. *(Oxford Dictionary)*

## ခေတ်မီသော အစ္စလာမ်တရားတော်

ဗုဒ္ဓဂယာနှင့် ဟိန္ဒူတို့၏ အဖြစ်အပျက်ကို ကျွန်ုပ်သိသလောက် ရေးသား ဖော်ပြခဲ့လေပြီ။ တဖန် ဆက်လက်၍ ဗုဒ္ဓဂယာနှင့် မဟာမေဒင်တို့၏ အဖြစ်အပျက်များကို ကျွန်ုပ်၏ ရှာဖွေစုဆောင်းထားသော သာဓကယုတ္တိများဖြင့် ကိုးကားကာ ရေးသားလိုပေသေးသည်။

ဟိန္ဒူဘာသာဝင်တို့သည် ဗုဒ္ဓရှင်တော်အား နတ်မိစ္ဆာများကိုကဲ့သို့ အစွဲအမြဲ မယုံကြည်ဟု ဆိုရခြားလည်း ဗုဒ္ဓရှင်တော်အား ရှိခိုးနိုင်ကြသေး၏။ ဗုဒ္ဓတရားတော်ကို ဟောပြောမည့် ပုဂ္ဂိုလ်များလည်း ရှိတတ်ကြသေးသည်။ ကိုးကွယ်ပုံ၊ ဆည်းကပ်ပုံချင်းလည်း တူနိုင်သလောက် တူကြ၏။ သို့သော် အစ္စလာမ်ဘာသာဝင် မူဆလင်လူမျိုးတို့အဖို့ကား ဗုဒ္ဓရုပ်ပွားတော်မှာ သစ်တုံး,ကျောက်တုံးလောက်သာ အဓိပ္ပါယ်ရှိ၏။ စေတီပုထိုးစသည့် အဆောက်အအုံများကိုလည်း ကျောက်ပုံ, အုတ်ပုံလောက်သာ သဘောထားကြ၏။ အဘယ်ကြောင့်ဆိုသော်... ဝိညာဉ်ကင်းသော ဘုရား,စေတီ,ပုထိုးများကို ကိုးကွယ်ဆည်းကပ်ခြင်းဖြင့် အကျိုးမရှိ။ ကိုးကွယ်သူကိုလည်း ကျေးဇူးမပြုနိုင်၊ ကိုးကွယ်သူသာလျှင် ကျေးဇူးပြုရသည်ဟု ယူဆကြသည့်အပြင် ငါတို့ ရှင်တော်ထွန်းထား မြတ်စွာဘုရား၏ ဟောကြားမြွက်ဖော် တရားတော်ကိုလည်း စာနယ်ဇင်းနှင့် ဒဏ္ဍာရီဝတ္ထုမျှသာ ဖလေးနက်သည်ဟု ယူဆကြသည်။ ၎င်းတို့ သက်ဝင်ယုံကြည်သော တရားတော်ကား မဟာမွဒ်ခေါ် အာရပ်ပြည်သား တစ်ဦးအား ထာဝရဘုရား နိဒါအရှင်က ပေးအပ်ခဲ့သော "ကိုရန်" ကျမ်းစာအုပ် တစ်အုပ်တည်းသာ။

ဗုဒ္ဓဝါဒအရအားဖြင့်လည်းကောင်း ဟိန္ဒူဝါဒအရအားဖြင့်လည်းကောင်း ဒါန, သီလစသည်တို့ကို အားထုတ်သော သူတို့မှာ နတ်ရွာသုဂတိသို့ ရောက်ကြရပြီး၊ သူ့အသက်သတ်ခြင်းစသည့် ဒုစရိုက်များကို ကျူးလွန်သော သူတို့မှာ မကောင်းသော သုဂ္ဂတိဘုံဘဝသို့ ကျရောက်ကြရသည် ဆို၏။ သို့သော် မူဆလင်တရားတော်ကား ထိုကဲ့သို့မဟုတ်၊ "နွားကြီးတစ်ကောင်ကို စားလိုသော စိတ်ဖြင့် သတ်ဖြတ်၍ (၁၀၀)သော လူပုဂ္ဂိုလ်တို့အား ဝေမျှစေအံ့။ နွားသတ်သမားအဖို့ နွားသတ်ခြင်းတည်းဟူသော မကောင်းကျိုးအကုသိုလ်ကံက မညှင်းဆဲနိုင်၊ (ဝါ) အပြစ်မထိုက်၊ အဟောသိကံသာလျှင် ဖြစ်၏။ အကြင်သူသည် အလ္လာသခင်၏ နှုတ်ခပါဠ်

တော်ဖြစ်သော ကိုရန်ကျမ်းကို မယုံကြည်ပြားအံ့၊ ထိုသူ၏ သဏ္ဍာန်၌ရှိသော မျက်စိ,နား,နှာခေါင်းစသော ဇာသဒ္ဒါရ ခြောက်ပါးတို့သည်လည်း တန်ဖိုးမရှိကုန်။ ထို့ကြောင့် အစ္စလာမ်ဘာသာဝင် တစ်ဦးက ၎င်း၏ ဇီဝိန်ကို ချွေလိုက်ခြင်းဖြင့် အပြစ်မရှိ" (ကိုရမ်းကျမ်းကို မယုံကြည်သော လူနှင့် ဘာမျှ အသိဉာဏ်မရှိသော တိရစ္ဆာန်ကို သတ်လိုက်ခြင်းဖြင့် အပြစ်မရှိဟု ဆိုလိုသည်။)

ကိုရန်ကျမ်း၌ လာရှိပြန်သေးသည်မှာ "အလ္လာကို မယုံကြည်သောသူတို့အား စစ်တိုက်ခြင်းသည် ကြီးသော အကျိုးရှိ၏၊ မဟာမ္မဒ်ဘာသာ ကြီးပွားရေးအတွက် ဖြစ်သော စစ်ပွဲတွင် ကျဆုံးသော မူဆလင်လူမျိုးတို့သည် ကောင်းကင်ဘုံ၌ ခံစားရလတ္တံ့၊ ထိုကဲ့သို့သော သဘောရှိသော စစ်ပွဲမျိုး၌ တစ်နေ့တိုက်ခြင်းသည် နှစ်လ ပတ်လုံး ဝါရှောင်ခြင်းထက် အကျိုးကြီး၏။ တပ်မှ ထွက်ပြေးခြင်း၊ တိုက်ခိုက်ရန် ငြင်းဆန်ခြင်း၊ စစ်စရိတ်ငွေ ထောက်ပံ့ရန် ငြင်းဆန်ခြင်းတို့သည် ကြီးလေးသော အပြစ်ရှိ၏" ဟူ၍ ပါရှိလေသည်။

အစ္စလာမ်ဘာသာဝင်အပေါင်းတို့၏ တစ်အုပ်တည်းသော စာ၊ တစ်စောင်တည်းသော ကျမ်းဖြစ်သော (ဝါ) ဘာသာတရား၏ ဝိဉာဉ်ဟု ဆိုအပ်သော ကိုရန်ကျမ်းကြီးတွင် ဤကဲ့သို့ စိတ်ဓာတ်ကို တက်ကြွစေရန် လှုံ့ဆော်လျက်ထားရကား... မဟာမ္မဒ်ဘာသာဝင်တို့သည် အခြားဘာသာဝင်များနှင့် တိုက်ခိုက်ကြရာအခါ၌ အဘယ်မှာလျှင် အကုသိုလ်အမှုကို ကြောက်ရွံ့နိုင်ပါတော့မည်နည်း?

(ဤကား ခေတ်မီသော အစ္စလာမ်တရားတော်တည်း)

## ဗုဒ္ဓဂယာကို မူဆလင်တို့ ဖျက်ဆီးပုံ

(Mr.L.S.S.O Molley I.C.S Bengal Detect Gazette Chapter V.1 Page No.26) တွင် ပါရှိသော ဗုဒ္ဓဂယာနှင့် မဟာမေဒင်တို့၏ အဖြစ်အပျက်ကို ဝမ်းနည်းစွာဖြင့် ရေးသားဖော်ပြရပေအံ့။

*"ခရစ်သက္ကရာဇ် ၁၁၉၃-ခုနှစ်တွင် မဟာမ္မဒ်ဘတ်တီယာခိလ်ဂျီခေါ် မူဆလင် စစ်ဗိုလ်ကြီးသည် မဂဓတိုင်းခေါ် ဘီဟာနယ်ကို သိမ်းပိုက်ခဲ့လေသည်။ ဘတ်တီ*

ယာခိလ်ဂျီဆိုသည်မှာ အိန္ဒိယပြည်ကြီးကို ရှေးဦးစွာ လာရောက်တိုက်ခိုက်ခဲ့သော မဟာမွဒ်ဂေါရီခေါ် အဖဂန်စစ်ဗိုလ်ကြီး၏ ဗိုလ်မှူးတစ်ယောက်ဖြစ်၍ သူ၏ တာဝန်မှာ ဘီဟာနယ်ကို တိုက်ခိုက်ရန် ဖြစ်လေသည်။ အခြားဗိုလ်မှူး တစ်ယောက်၏ အမည်မှာ မဟာမွဒ်ကုတ်ဘွဒ္ဒိန်ဖြစ်၍ သူ၏ တာဝန်မှာကား ယူပီ နယ်ကို တိုက်ခိုက်ရန် ဖြစ်သည်။ သူတို့နှစ်ယောက်စလုံး လက်အောက်ခံ စစ်သား ပေါင်း (၆၀၀၀)ခန့်ကို အုပ်ချုပ်ရလေသည်။ မဟာမွဒ်ဘာတ်တီယာခိလ်ဂျီနှင့် နောက်ပါ မူဆလင်စစ်သားတို့သည် ဂယာဒိစတြိတ်ရှိ လူပေါင်းမြောက်များစွာ တို့ကို သတ်ဖြတ်လုယက်ပြီးလျှင် ကိုးကွယ်ရာ ဘာသာရေးအဆောက်အအုံ ပေါင်း မြောက်များစွာတို့ကိုလည်း ဖျက်ဆီးပစ်လေရာ ထိုအထဲတွင် ဗုဒ္ဓဂယာမြို့ ပေါ်ရှိ အဆောက်အအုံတို့ ပါဝင်လေသည်။ ၁၁၉၃-ခုနှစ်၊ မတ်လတွင် သူတို့သည် စစ်သားပေါင်း(၂၀၀၀)ခန့်နှင့် ဗုဒ္ဓဂယာမြို့သို့ လာရောက်ကာ ကျောင်းစသော အဆောက်အအုံတို့အား မီးရှို့ခြင်း၊ လုယက်ခြင်း၊ ရဟန်းတော်များအား ဓား,လှံ စသော လက်နက်တို့ဖြင့် သတ်ဖြတ်ခြင်း၊ ရာပေါင်းများစွာသော စေတီ,ပုထိုး တို့ကိုလည်း ရက်ရက်စက်စက် ဖျက်ဆီးခြင်း၊ မြေပုံချင်း မရေတွက်နိုင်လောက် အောင် များပြားလှသော ရုပ်ထုတော်များအား ရိုက်ချိုးခြင်း၊ ခြေထောက်နှင့် နင်းခြင်း၊ ကန်ကျောက်ခြင်း စသည်တို့ကို ပြုလုပ်လေသည်။ ဤသို့လျှင် ရက်စက် ကြမ်းကြုတ်စွာ ဖျက်ဆီးလေရကား ဓား,လှံလက်မှ လွတ်သော ရဟန်းတော် အချို့မှာ တိဗက်ပြည်၊ နီပေါပြည်နှင့် အိန္ဒိယပြည်တောင်ပိုင်းသို့ တိမ်းရှောင်သွား ကြရရှာလေသည်။

ဘီဟာနယ်တွင် လူအများဆုံးကိုးကွယ်ရာဖြစ်သော ဗုဒ္ဓဘာသာသည် ဘာတ်တီ ယာခိလ်ဂျီ၏ ဓား,သန်လျက်,မီးစသော လက်နက်တို့ဖြင့် အစပျောက်ခဲ့ရလေ သည်။ ထောင်ပေါင်းများစွာသော ရဟန်းသံဃာတော်များလည်း ပျံလွန်တော်မူခဲ့ ရရှာလေသည်"

စာမျက်နှာ(၅၅)တွင် ရေးသားထားပြန်သည်မှာ...

"ခရစ်(၁၂)ရာစု ကုန်ခါနီးတွင် မဂဓတိုင်းသူ၊ တိုင်းသားတို့၏ ကိုးကွယ်ရာ နာထဖြစ်ထသော သံဃာတော်အရှင်မြတ်တို့မှာ လုံးစုံကွယ်ခဲ့ပြီဖြစ်ရာ တိုင်းကြီး တစ်လျောက်တွင် တောကြီး,သေလာ ဟိမဝန္တာကဲ့သို့ ဆိတ်ငြိမ်လျက် ရှိလေ

သည်။ မဂဓတိုင်းတစ်ခုလုံးကို တောက်ပြောင်စေခဲ့သော သာသနာအရောင်တော်သည်လည်း လကွယ်နေ့သန်းခေါင်အချိန်ကဲ့သို့ အမိုက်မှောင်အတိ ဖုံးအုပ်လျက်ရှိတော့သည်။ ရဟန်းရှင်လူအပေါင်းတို့၏ စုရုံးဝတ်ပြုရာဖြစ်သော ကျောင်း,ကန်,စေတီ,ပုထိုး,ဓမ္မာရုံ စသည်တို့မှာလည်း ပြာပုံအတိဖြစ်ပြီးလျှင် တိုင်းပြည်နိုအောင်း လူအပေါင်းတို့အား သောကလှိုက်လှဲ ဝမ်းနည်းစဖွယ်ကောင်းသော အခြင်းအရာ ပြသလျက်ရှိရာ ဥပါသကာ,ဥပါသိကာမအပေါင်းတို့မှာ ယူကြုံးမရ မျက်ရည်များပင် တဖြိုင်ဖြိုင်တစက်စက် ကျခဲ့ရရှာကုန်တော့သတည်း။

မူဆလင်လက်အောက်သို့ ကျရောက်ကြရရှာသော မဂဓတိုင်းသူ အချောအလှတို့ကိုလည်း မူဆလင်စစ်သားတို့က သဘောကျရွေးယူပြီးလျှင် အတင်းအဓမ္မ အစ္စလာမ်ဘာသာသို့ ဆွဲသွင်းကြလေကုန်သည်။ အလိုဆန္ဒမတူဘဲနှင့် ကာမဂုဏ်စည်းစိမ်ကို မြိန်မြိန်ရှက်ရှက်ကြီး ခံစားကြလေသည်"

မစ္စတာဂျေ-စီကျောက်ရှုရီ၏ ဗာရတာဝရသျှက္ကတိပဟာဆဲခေါ် စာအုပ် စာမျက်နှာ နံပါတ် (၁၂၃)တွင်ကား ဤသို့ ရေးသားထားပြန်၏။

"မဂဓတိုင်းကြီးကို (၃)ကြိမ်တိုင်အောင် မူဆလင်တို့ ဝင်ရောက်တိုက်ခိုက်ခဲ့ကြသည်။ ၁၁၉၃-ခုနှစ်တွင် မဟာမ္မဒ်ဘတ်တီယာခိလ်ဂျီသည် ခြေလျင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ကုလားအုပ်တပ်တို့ဖြင့် ဝင်ရောက်တိုက်ခိုက်လေရာ မဂဓတိုင်း တောင်ဘက်အပိုင်းကို လွယ်ကူစွာ အောင်မြင်ခဲ့၍ များစွာကုန်သော လူ,ရှင်,ရဟန်းတို့အား သတ်ဖြတ်ခြင်း၊ လုယက်ခြင်း၊ အမျိုးသမီးများအား မုဒိန်းကျင့်ခြင်းများကို ကျူးလွန်လေသည်။ ဤကဲ့သို့ ရက်ရက်စက်စက် သောင်းကျန်းမွှေနှောက်ကြကုန်သည်ရှိသော် ၁၁၉၅-ခုနှစ်တွင် ရွှေ,ငွေ,ဘဏ္ဍာ မြောက်များစွာတို့ကို လုယူပြီး အိန္ဒိယပြည်မြောက်ဘက်ရှိ ဒက်ကင်းနယ်သို့ ပြန်သွားကြလေသည်။ တိုင်းပြည်ကို မည်သို့မည်ပုံ အုပ်ချုပ်ရန်ဟူသော ဥပဒေစည်းမျဉ်း တစ်စုံတစ်ခုကိုမျှ မရေးဆွဲခဲ့ချေ။ ထို့ကြောင့် ဤစစ်ပွဲကို စီးပွားရေးအကြောင်းခံသော စစ်ပွဲဟု ဆိုအပ်ပါပေသည်။ ရာဇဂြိုဟ်,နာလန္ဒာ,ပါဋလိပုတ်မြို့များသို့ မရောက်ခဲ့သေး။ ဗုဒ္ဓဂယာအဆောက်အအုံတို့မှာကား ဤအချိန်အခါတုန်းကပင် ပျက်စီးခြင်းသို့ ရောက်ပေပြီ။ ဗုဒ္ဓဂယာကို ဖျက်ဆီးစဉ်က ဘတ်တီယာခိလ်ဂျီကား ကြောက်ရွံ့ခြင်းမရှိသေး။ ဤဂေါတမဘုရားကို ဆုံးမမှုကြောင့် ငါ၏ စစ်သား

*ပေါင်းများစွာ မရှုမလှ သေကြေရလေပြီ။ ထို့ကြောင့် ဤဂေါတမသည် လူသတ်ဘုရားသာ ဖြစ်သည်ဟု စွပ်စွဲကာ စစ်သားတို့ကို မြှုပ်နှံပြီးလျှင် အချို့ကို ဗုဒ္ဓဂယာနှင့် ဂယာအကြားသို့ ယူဆောင်ပြီးလျှင် စေတီ၊ ပုထိုးများမှ ကျောက်,အုတ်တို့ဖြင့် အရိုးဂူဗလီများ ဆောက်ထားခဲ့လေသည်"*

ထို့ကြောင့် ၁၁၉၃-ခုနှစ်ကို ဘီဟာနယ်တောင်ပိုင်းရှိ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူတို့၏ သွေးစက်များ မြေပေါ်သို့ ကျခဲ့ရသော နှစ်သက္ကရာဇ်ဟူ၍ မှတ်ယူကြရပေမည်။ ဗုဒ္ဓဘာသာရဟန်းတော်များမှ ယိုစီးခဲ့ရသော မျက်ရည်စက်နှင့် သွေးစက်တို့ကား ဗုဒ္ဓဂယာမြေကြီး တစ်ခုလုံး နီမြန်းစွတ်စိုစေလေသည်။ ထောင်သောင်းမကသော ဘုရား, ကျောင်း, စေတီ, ပုထိုးတို့မှာလည်း အန္တိမဘဝသို့ ကျရောက်ကာ ပြုစုစောင့်ရှောက်မည့် ဒါယကာများနှင့် ကင်းဝေးကြရလေသည်။ ဗုဒ္ဓရှင်တော်ဘုရား၏ ဘုရားအဖြစ်သို့ ရောက်တော်မူရာ အပိဇဟိတ ဌာနကြီး တစ်ခုပင် ဖြင်လင့်ကစား သခ်ါရမ္မစက်ကွင်းမှ မလွတ်ကင်းနိုင်သဖြင့် ဤကဲ့သို့ မူဆလင်တို့၏ ဓား,သန်လျက်စသော လက်နက်တို့ဖြင့် ပျက်စီးခြင်းသို့ ရောက်ရပါတကားဟု သံဝေဂယူကြပါကုန်။

ဤအကြောင်းအတ္ထုပ္ပတ္တိကို ထုတ်ဖော်ကာ ရေးသားလိုက်ရသော ကျွန်ုပ်သည် ယခုရေးဆဲသော ခဏ၌ပင်လျှင် အခဲမကြေ ဖြစ်မိ၏။ ကြေကွဲဝမ်းနည်းမိပါ၏။ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့အဖို့ အထူးနာကျည်းဖွယ် ကောင်းလှတော့၏။

ဒုတိယတဖန် အဆိုပါ ဘတ်တီယာခိလ်ဂျီသည် ခရစ် ၁၁၉၇-ခုနှစ်၊ ဇန်နဝါရီလတွင် မဂဓနေပြည်တော်သို့ ဝင်ရောက်တိုက်ခိုက်ပြန်လေရာ ရှေးသကဲ့သို့ပင် ဟိန္ဒူနှင့် ဗုဒ္ဓဘာသာနှစ်ရပ်စလုံးကို ဖျက်ဆီးပြန်လေသည်။

တတိယအကြိမ် ၁၁၉၉-ခုနှစ်တွင် မဟာမ္မဒ်ကုတ်ဘ္ဗဒ္ဒိန်သည် ပါဋလိပုတ်, ဗင်္ဂါလ်ပူရ်စသော ဘီယာနယ်မြောက်ဘက်ရှိ မြို့များမှ ဝင်ရောက်တိုက်ခိုက်ပြန်လေရာ ပါဋလိပုတ်,နာလန္ဒာ,ရာဇဂြိုလ်စသော နယ်များရှိ ဘုရားအဆောက်အအုံပေါင်းများစွာတို့နှင့် ရဟန်းတော်ပေါင်းများစွာတို့အား သတ်ဖြတ်ဖျက်ဆီးလေရာ နာလန်မထူနိုင်အောင် ပျက်စီးရလေတော့သည်။

ဤသက္ကရာဇ်၌ မဂဓတိုင်းခေါ် ဘီဟာနယ်ကြီးမှာ မူဆလင်တို့လက်အောက်သို့ အလုံးစုံကျရောက်ရလေတော့သည်၊ ၎င်းကုတ်ဘွဒ္ဒိန်သည်ပင်လျှင် ဘီဟာနယ် တစ်ခုလုံးကို ပွဲဦးထွက် ဘုရင်ခံအဖြစ်ဖြင့် အုပ်ချုပ်ခဲ့လေသည်။

(မည်သို့မည်ပုံ ဖျက်ဆီးခဲ့သည်ဆိုတာကို ပါဋ္ဌလိပုတ်, ဘီဟာ, နာလန္ဒာနှင့် ရာဇဂြိုဟ်အကြောင်းများကို ဘာသာပြန်ထားသော ဤစာအုပ်နောက်ပိုင်းတွင် ဖတ်ရှုကြပါကုန်။)

## ဟိန္ဒူလည်း မသက်သာ

(၁) မူဆလင်တို့သည် ဗုဒ္ဓဘာသာကိုသာလျှင် ဖျက်ဆီးခဲ့၍ ဟိန္ဒူဘာသာကို မထိခဲ့ပါသလား?

(၂) အိန္ဒိယပြည်တွင် ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာဟူ၍ ဘာသာကြီး နှစ်ဘာသာ ရှိခဲ့ပါလျက် ဟိန္ဒူဘာသာမကွယ်ပဘဲ အဘယ့်ကြောင့် ဗုဒ္ဓဘာသာသည်သာလျှင် ကွယ်ပလေရသနည်း?

(၃) ဗုဒ္ဓဘာသာတွေ ဘယ်ကို ရောက်သွားသလဲ?

ဤကဲ့သို့ မေးခွန်းထုတ်ခဲ့လျှင် ကျွန်ုပ် ဤသို့ ဖြေဆိုရပေလိမ့်မည်။

(၁) မူဆလင်တို့သည် ဗုဒ္ဓနှင့်ဟိန္ဒူ နှစ်ဘာသာစလုံးကို အမှန်စင်စစ် ဖျက်ဆီးခဲ့သည်။

(၂) ဗုဒ္ဓသာသနာတော် ကွယ်ပရခြင်းမှာ သာသနာတော်၏ ဝိညာဉ်သဖွယ် ဖြစ်သော ရဟန်းတော်များ အစတုံးခဲ့ရခြင်းကြောင့် သာသနာ ကွယ်ပရလေသည်။ ဟိန္ဒူသာသနာပြုများဖြစ်သော ဗြာဟ္မဏပုဏ္ဏားတို့ အညွန့်မတုံးခဲ့။ အငုတ်မှ ကျန်ရှိခဲ့ခြင်းကြောင့် ဟိန္ဒူဘာသာ မကွယ်ပဘဲ ယခုထိ တည်မြဲလျက် ရှိသေး၏။

(၃) ဗုဒ္ဓဘာသာဝင်တို့သည် အနီးကပ်ဆုံးဖြစ်သော ဟိန္ဒူဘာသာသို့ ကူးပြောင်းသွားခဲ့၍၊ မိန်းမချော, မိန်းမလှများအား မူဆလင်တို့က လူဖောက်

သာသနာပြုရန် မိမိတို့ မဟာမေဒင်ဘာသာသို့ အတင်းအဓမ္မ ဆွဲသွင်းသဖြင့် ပါသွားရရှာလေသည်။

အကျယ်ကိုသိစေဦးအံ့...

သာသနာဆိုသည်မှာ အမည်မျှသာရှိ၍ အသက်မရှိသော အဝိညာဏက နာမပညတ်ကြီးတစ်ခု ဖြစ်၍ သာသနာကို ပြုစုစောင့်ရှောက်မည့် ပုဂ္ဂိုလ်များ ရှိမှသာလျှင် တည်မြဲနိုင်မည်။ စည်ပင်နိုင်ပေမည်။ သာသနာတော်စည်ပင်ပြန့်ပွားရေး ကြာမြင့်စွာ တည်မြဲနိုင်ရန်မှာ သာသနာ့ဝိညာဉ်သဖွယ်ဖြစ်သော ရဟန်းတော်များသည် အလွန်အရေးကြီးလှ၏။ သာသနာတော်အထဲရှိ တရားတော် အဆီအနှစ်တို့သည် သာသနာပြုပုဂ္ဂိုလ်အပေါ်၌ တည်ရမည်။ သာသနာပြုပုဂ္ဂိုလ်၏ ဟောကြားမြွက်ဖော် တရားတော်သည် သာသနာတော်ကို မှီတင်းခိုလှုံကြကုန်သော လူတို့၏ အပေါ်၌ တည်ရမည်။ သို့မှသာလျှင် သာသနာတော်ကြီးလည်း စည်ပင်နိုင်မည်။ ပြန့်ပွားနိုင်မည်။ ကြာမြင့်စွာ တည်မြဲနိုင်မည် ဖြစ်၏။

အကြင်အခါ၌ သာသနာတော်ကြီး၏ တံခါးမှူးနှင့်တူသော ရဟန်းတော်များ မရှိပြီးအံ့။ သာသနာတော်ကို မှီတင်းခိုလှုံကုန်သော လူတို့သည်လည်း တရားတော်တည်းဟူသော ကျင့်စဉ်မှ ချို့ယွင်းလတ္တံ့။ လစ်ဟင်းကြကုန်လတ္တံ့။ ထိုကဲ့သို့ ချို့ယွင်းလစ်ဟင်းကြကုန်သည်ရှိသော် မိုးခိုရာကိုင်းကျွန်းသဖွယ်ဖြစ်သော သာသနာတော်ကြီးမှာ ဆုတ်ယုတ်ပိန်ဖျင်းလာ၍ အဆုံး၌ ကွယ်ခြင်းသို့ ရောက်ရပေမည်။

ဥပမာ...ဟိန္ဒူဘာသာတည်တံ့ရေးအတွက် ပြာဟ္မဏပုဏ္ဏားတို့သည် အလွန်အရေးကြီးသော ပုဂ္ဂိုလ်များဖြစ်ကြသည်။ အကြောင်းဆိုမူ ဟိန္ဒူဘာသာ၏ အဆီအနှစ်ဖြစ်သော ဝေဒကျမ်း, ဇောတိကျမ်း, ဥပနိသျှကျမ်း, နီတိကျမ်း, ကဗျာအလင်္ကာကျမ်းတို့သည် အများအားဖြင့် သူတို့၏ သန္တာန်၌သာ တည်ကြသည်။

အစ္စလာမ်ဘာသာတည်တံ့ရေးသည် မော်လဝီခေါ် ပုဂ္ဂိုလ်တို့အပေါ်၌ တည်၏။ အကြောင်းဆိုသော် အစ္စလာမ်ဘာသာဝင်တို့၏ တစ်အုပ်တည်းသော စာ၊ တစောင်တည်းသော ကျမ်းဟုဆိုအပ်သော ကိုရန်ကျမ်းစာမှာ သူတို့အပေါ်၌သာ အများဆုံး တည်၏။

ခရစ်ယာန်ဘာသာဝင်တို့အဖို့ Father ခေါ် သာသနာပြုတို့သည် အရေးကြီးသော ပုဂ္ဂိုလ်များ ဖြစ်၏။ ထိုထိုသို့သော ဘာသာတို့၌ ထိုထိုသို့သော သာသနာပြုများ မရှိခဲ့ပြားအံ့။ အချိန်ကာလအနည်းငယ်အတွင်း၌ပင်လျှင် ကွယ်ပသွားပေလိမ့်မည်။

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာများအဖို့ သာသနာ့ဝိညာဉ်သဖွယ်ဖြစ်သော ရဟန်းတော်တို့သည် အရေးကြီးဆုံး ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သုတ်, ဝိနည်း, အဘိဓမ္မာဟု ဆိုအပ်သော ပိဋကတ်သုံးပုံမှာ ရဟန်းတော်တို့၏ အပေါ်၌သာ အများဆုံး တည်လျက်ရှိ၏။ ဒါတွင် မကသေးဘဲ ဝိပဿနာဘာဝနာပွားမှု၊ စာပေကျမ်းဂန် သင်ကြားမှု၊ မိစ္ဆာဒိဋ္ဌိသဘောသို့ သက်ဝင်နေသော သူကို သမ္မာဒိဋ္ဌိ ဖြစ်လာအောင် ဟောကြားမှု အစရှိသည်တို့သည် ကျွန်ုပ်တို့ကဲ့သို့သော ရဟန်းတော်တို့၏ တာဝန်ပင် ဖြစ်ဘိ၏။

အကျဉ်းအားဖြင့် ရေးရမည်ဆိုလျှင် သာသနာတော်ကို စည်ပင်ပြန့်ပွားအောင် ဆောင်ရွက်ရမည့် ပုဂ္ဂိုလ်များမှာ ရဟန်းတော်များပင် ဖြစ်သည်ဟု ဆိုလို၏။

## ဟိန္ဒူဘုန်းကြီးနှင့် ဗုဒ္ဓဘာသာဘုန်းကြီး

ဃရာဝါသ အိမ်ရာတည်ထောင်မှုကို မစင်,တံတွေးပေါက်တမျှ ရွံရှာပြီး ရဟန်းအဖြစ် ရရှိသော ဗုဒ္ဓဘာသာ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့မှာ မြတ်စွာဘုရားရှင်၏ ပညတ်တော်ဖြစ်သော ဝိနည်းဒေသနာတော်နှင့်အညီ ဖန်ရည်စွန်းသော မြတ်သင်္ကန်းကိုသာ ဝတ်ရုံရကား အိမ်ရာတည်ထောင်သော အဂါရိကလူဒကာဒကာမတို့ ဝတ်ဆင်ပုံနှင့် အထူးတလည် ကွာခြားလျက်ရှိရာ၊ ဘယ်ဒေသ၌ပင် သွားလာနိုင်စေကာမူလည်း ဆင့်ပေါ်မှာ အလံလွှင့်သကဲ့သို့ ထင်ရှားပေါ်လွင်ကြ၏။ အနေအထိုင်မှာလည်း လူဒကာများနှင့် ရောနှော၍ မနေအပ်ခြင်းကြောင့် ကျောင်း,ကန်,လိုဏ်ဂူတို့၌သာ နေထိုင်လေ့ရှိပြန်ရာ အရာရာတွင် ကွာခြားလျက် ရှိ၏။

သို့သော် ဟိန္ဒူပုဏ္ဏားတို့ ဝတ်စားနေထိုင်ပုံနှင့် လူသာမန်တို့၏ ဝတ်စားနေထိုင်ပုံမှာကား တစ်စားတည်းပင် ဖြစ်၍ ထူးခြားခြင်း မရှိလှပေ။ လူသာမညာ

ကဲ့သို့ပင် သားမယား၊ အိုးအိမ်အတည်တကျနှင့် ကာမဂုဏ်စည်းစိမ်ကို မြိန်ယှက်စွာ သုံးဆောင်ခံစားနိုင်၏။ ကုန်သွယ်ခြင်း၊ လယ်လုပ်ခြင်း၊ မင်းမှုထမ်းခြင်းနှင့် တရားဓမ္မဟောကြားခြင်းတို့ကိုလည်း ပြုလုပ်နိုင်၏။ ထို့ကြောင့် ဟိန္ဒူဘုန်းကြီးခေါ် ပုဏ္ဏားတို့၏ ဘဝကို ဘုရားလည်းဖူး၊ လိပ်ဥလည်း တူးရသောဘဝဟု ဆိုကမှားနိုင်မည်မဟုတ်ပေ။

ပုဏ္ဏားနှင့် ပုဏ္ဏားမဟုတ်သူတို့၏ ထူးခြားသော သင်္ကေတမှာ ပုဏ္ဏားတို့၏ ကိုယ်တွင် ချည်စလွယ်ပါ၍ ပုဏ္ဏားမဟုတ်သူတို့မှာ မပါခြင်းမျှသာ ဖြစ်၏။ ၎င်းစလွယ်ငယ်သည်လည်း ကိုယ်ခန္ဓာအတွင်း၌ အဝတ်ဖြင့် ဖုံးအုပ်လျက် ရှိလေရာ တိုင်းတစ်ပါးသားတို့အဖို့ ပုဏ္ဏားမဟုတ်သူကို ခွဲခြား၍ သိနိုင်ဖို့ရာ အတော်ပင် ခဲယဉ်းပေမည်။

ခရစ် ၁၁၉၃-ခုနှစ်တွင် မဂဓနယ်တောင်ပိုင်းသို့ ဝင်ရောက်တိုက်ခိုက်ခဲ့သော မဟာမ္မဒ်ဘတ်တီယာခိလ်ဂျီ အမှူးရှိသော မူဆလင်စစ်သားတို့သည် လူသာမန်တို့ကို သတ်ဖြတ်ညှင်းဆဲသည်ထက် ဘာသာ၏ ဝိညာဉ်သဖွယ်ဖြစ်သော ဟိန္ဒူပုဏ္ဏားတို့နှင့် ဗုဒ္ဓရဟန်းတော်တို့ကိုသာ အစပျောက် သုတ်သင်ခဲ့လေသည်။ ဂယာမြို့ရှိ ဗိသျှနုဂိုဏ်းဝင်ပုဏ္ဏားများအား အစပျောက် သုတ်သင်ခဲ့ပြီးနောက် ဗိသျှနုပါဒ် မန္ဒိရခေါ် ဘုရားရှိခိုးကျောင်းကြီးအား မွမွကြေအောင် ဖျက်ဆီးခြင်း၊ စစ်တိုက်ရာ ဌာနတိုင်း၌ မရေမတွက်နိုင်လောက်အောင်သော စလွယ်နှင့် ပုဏ္ဏားတို့အား သတ်ဖြတ်ခြင်း၊ အမျိုးသမီးများအား မုဒိန်းကျင့်ခြင်း၊ အိုမင်းမစွမ်းဖြစ်၍ အရွယ်လွန်နေသဖြင့် သားသမီးမရနိုင်သော ပုဏ္ဏေးမများကို သတ်ဖြတ်ခြင်း၊ ဤသို့လျှင် ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်ကြလေရာ မရေတွက်နိုင်လောက်သော ပုဏ္ဏားတို့သည်လည်း သေကြေပျက်စီးခြင်းသို့ ရောက်ကြရလေကုန်၏။ ရာထောင်မသော ပုဏ္ဏေးမတို့သည်လည်း မူဆလင်မများဘဝသို့ ကျရောက်ကြရရှာလေသည်။ ဤကဲ့သို့ သေကြေပျက်စီးခြင်း များလတ်သော် စလွယ်တစ်ပင်ကိုပြကာ ငါတို့ ဗြာဟ္မဏမျိုးဟေ့ စသည်ဖြင့် ဇာတ်အားဖြင့် ဂုဏ်ယူလေ့ရှိတတ်သော ပုဏ္ဏားတို့သည်လည်း ဇာတ်၏ မြင့်မြတ်ခြင်းကို မပြနိုင်တော့ဘဲ စလွယ်များကို ချွတ်ကာ သာမညလူအသွင်ဖြင့် ပုန်းရှောင်ကာ နေကြရလေတော့သည်။

ထို့ကြောင့် ပုဏ္ဏားတစ်မျိုးလုံးကား အဆက်မပြတ်ခဲ့။ ကြွင်းကျန်သလောက် ကြွင်းကျန်ရစ်ခြင်းကြောင့် ယခုအထိ ဟိန္ဒူသာသနာ တိမ်ကောမသွားဘဲ (၃၅) ကုဋေလောက်သော ဟိန္ဒူလူမျိုးတို့၏ မှီခိုရာ ကိုင်းကျွန်းကြီးသဖွယ် ဖြစ်လျက် ရှိလေသည်။ ထိုစဉ်အခါက ပုဏ္ဏားတစ်မျိုးလုံးသာ ပြုန်းတီးခဲ့မည်ဆိုပါက ဟိန္ဒူ သာသနာကြီး ယခုလို တည်တံ့လျက် နေနိုင်မည်မဟုတ်ပေ။ ဗုဒ္ဓသာသနာ ကဲ့သို့ပင် ကွယ်ပသွားပေမည်။

ဗုဒ္ဓဘာသာဘုန်းတော်ကြီးတို့မှာမူကား သူတို့ကဲ့သို့ လူဝတ်ကြောင်ကို လဲပြီးလျှင် အသွင်ဖျောက်နေထိုင်ရန် အတော်ပင် ခဲယဉ်းလှ၏။ **ရဟန်းတော်တို့သည် လူဝတ်ကြောင်ကို လဲရုံမျှဖြင့် သိက္ခာမကျနိုင်ဟု** သိသော်လည်း ယင်းခေတ်အခါ တုန်းက သံဃာတော်အရှင်မြတ်တို့မှာ ယခုခေတ် သံဃာတော်အရှင်မြတ်တို့ ထက် ဆထက်ထမ်းပိုး ပိုမို၍ အယူသည်းတတ်ကြသည်။ ဝိနည်းသိက္ခာပုဒ်တော် ကိုလည်း သာလွန်၍ ကြောက်ရွံ့ရှိသေကြ၏။ သေးငယ်သော လဟုကအာပတ် ပင် ဖြစ်စေကာမူ အာပတ်သင့်မိခြင်းကို ပါရာဇိကတမျှ ကြောက်ရွံ့ကြ၏။

ဤရွေ့ဤမျှ သိက္ခာပုဒ်တော်ကို ကြောက်ရွံ့ရှိသေကြပြီး အယူသည်းလှ သော သံဃာတော်တို့သည် မူဆလင်တို့ သတ်ဖြတ်သည့်တိုင်အောင် လူဝတ် ကြောင်ကို လဲကာ ကိုယ်ဖျောက်မခံကြတော့ဘဲ မရဏာနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းလျက် သေပွဲဝင်ကြရရှာလေကုန်တော့သတည်း။ ပါရမီနုနယ်သော သံဃာ တော်အချို့မှာလည်း လူထွက်ကြရလေသည်။ မူဆလင်တို့သည်လည်း ဝါဝါမြင် သမျှ အဆီးအတားမရှိ သတ်ဖြတ်ကြလေရာ သံဃာတော်ဟူသမျှ မြုံမျှမကျန် ပျံလွန်တော်မူကြရရှာလေသည်။ ကုသိုလ်ရေး၊ ဒါနရေးစသည်တို့တွင် မပါလျှင် မပြီး အလွန်အရေးကြီးသော သံဃာတော်များ အစတုံးပြီဖြစ်ရကား ကျန်ရှိခဲ့သူ ဒါယကာဒါယိကာမတို့မှာ တဖြည်းဖြည်း ဟိန္ဒူဘာသာသို့ အများဆုံး သက်ဝင် သွားပြီးလျှင် တချို့တလေမှာ မူဆလင်တို့၏ နည်းပရိယာယ်အမျိုးမျိုးဖြင့် အစ္စလာမ်ဘာသာသို့ သွတ်သွင်းခြင်း ခံကြရရှာလေသည်။

## ဘာကြောင့် မူဆလင်တွေ ဝင်လာရသလဲ?

အိန္ဒိယပြည်သည် တရုတ်ပြည်ကြီးကို ချန်လှပ်၍ ကမ္ဘာပေါ်တွင် လူဦးရေအားဖြင့် အကြွယ်ဝဆုံးသော နိုင်ငံကြီးတစ်နိုင်ငံ ဖြစ်ပါလျက်နှင့် အဘယ်ကြောင့် မူဆလင်လက်အောက်သို့ ကျရောက်ရသနည်း?ဟူမူကား ဟရိသျှဝါနေသီလာ ဒိတြမင်းကြီး နတ်ရွာစံပြီးသည့်နောက် ခရစ်(၇)ရာစုလောက်တွင် နိုင်ငံတော်တစ်ခုလုံးကို စိုးမိုးအုပ်ချုပ်သော မင်းကောင်းမင်းမြတ် မရှိတော့ပြီ။ တစ်မြို့တစ်နယ် တစ်ပြည်တစ်မင်းဆိုသလို အချင်းချင်း ကွဲပြားလျက်ရှိရာ စော်ဘွားပေါင်း (၄၀၀)ကျော်ခန့် ဖြစ်သွားလေသည်။

ထိုစော်ဘွားများအနက် မြောက်ဘက်၌ ကသ္မီရ, သိန္ဓု, ကာနော်ဇ်အဂျမီ, ဘင်္ဂလား, ဘီဟာနှင့် တောင်ဘက်တစ်လျှောက်တွင်လည်း စာလုကျရာဂျကုဋ္ဌပဏ်ဒြ, စောလ, စေရ-အစရှိသော စော်ဘွားတို့သည်သာလျှင် ရာဇဝင်၌ အများအားဖြင့် ထင်ရှားခဲ့သည်။ သူတို့သည် တိုင်းပြည်နိုင်ငံကို မည်သို့မည်ပုံ အုပ်ချုပ်ရမည်၊ ကာကွယ်ရမည်ဆိုတာကို တစ်စိတ်တစ်ဒေသမျှလည်း စဉ်းစားကြဟန်မတူချေ။ နေပြည်တော်အတွင်းရှိ အချောအလှဒေဝီ ကချေသည်တည်းဟူသော မောင်းမမိဿံ ခြွေရံပရိသတ်တို့နှင့် ကာမဂုဏ်စည်းစိမ်ကို မြိန်မြိန်ရှက်ရှက်ကြီး ခံစားခြင်းဖြင့် အချိန်ကို ဖြုန်းတီးလျက် ရှိလေသည်။

အိန္ဒိယပြည်၌ ရွှေ,ငွေ,ရတနာမျိုးစုံ ပြည့်ဝကြောင်းကို ကြားသိရသော အာရပ်နှင့် အာဖဂန်နစ္စတန်ပြည်သား မူဆလင်များတို့သည်လည်း ထိုသို့ကြားသိရခြင်းကြောင့် အိန္ဒိယပြည်မြောက်ဘက် ဒက်ကင်းနယ်မှ ဝင်ရောက်တိုက်ခိုက်ကြလေရာ တစ်စတစ်စနှင့် ခရစ်(၁၂)ရာစုလောက်တွင် အိန္ဒိယပြည် တစ်ပြည်လုံးကို သိမ်းပိုက်မိလေသည်။ ပထမရှေးဦးစွာ ဝင်ရောက်တိုက်ခိုက်သော မူဆလင် စစ်ဗိုလ်ကြီး၏ အမည်မှာ မဟာမွဒ်ဘိန်ကာစင် ဖြစ်သည်။

မောရိယမင်းဆက်မှသည် မူဆလင်မင်းဆက်တိုင်အောင် အိန္ဒိယပြည်တွင် မင်းအမျိုးမျိုး ပြောင်းလွဲခဲ့သည်ကို ဖော်ပြရမည်ဆိုပါက အလွန့်လွန်ပင် ကျယ်ဝန်းလှပေသည်၊ ထိုသို့ပင် ကျယ်ဝန်းငြားသော်လည်းလည်း ဤစာအုပ်တွင် ကျဉ်းနိုင်သလောက်ကျဉ်း၍ ရေးသားဖော်ပြလိုပေသည်။ အကြောင်းမှာမူကား ဗုဒ္ဓဘာသာတို့သည် ဟိန္ဒူမင်းတို့၏ ဖျက်ဆီးမှုကြောင့်လည်း မြောက်များစွာ ပျက်စီးခဲ့ဖူးလေ

ရာ ထိုအကြောင်းများကို ချန်လှပ်၍ ထားပစ်ခဲ့မည်ဆိုပါက ဤစာအုပ်တွင် သာသနာ ကွယ်ပုံအကြောင်း အစုံအလင် ပါနိုင်မည် မဟုတ်တော့ပေ။ ထို့ကြောင့် အိန္ဒိယရာဇဝင်ကို အကျဉ်းချုံး၍ရေးသား ဖော်ပြလိုက်ရပေဦးအံ့။

# အိန္ဒိယရာဇဝင်အကျဉ်း

(သို့)

# အိန္ဒိယဘာသာရေးသမိုင်း

## မောရိယမင်းဆက် [BC 322 – 185]

ခရစ်မပေါ်မီ အနှစ်(၃)ရာစုလောက်က အိန္ဒိယပြည်သို့ ဝင်ရောက်တိုက်ခိုက်ခဲ့သော ဂရိတ်စစ်ဗိုလ်ကြီးအလက်ဇန္ဒား(Alexander the Great)ကို နိုင်ငံတော်မှ တိုက်ထုတ်လိုက်သော သူမှာ မောရိယမျိုးနွယ် စန္ဒဂုတ္တမင်းပင် ဖြစ်၏။

အလက်ဇန္ဒားသည် ပန်ဂျပ်ပြည်ကို တိုက်ခိုက်အောင်မြင်သည့်တိုင်အောင် စန္ဒဂုတ္တမင်းကား မဂဓနေပြည်တော်ကို မစိုးစံရသေးချေ။ အလက်ဇန္ဒားသည် ပန်ဂျပ်နယ်မှ အိန္ဒိယပြည်အလယ်ပိုင်းသို့ ရောက်သောအခါမှသာ စန္ဒဂုတ္တမင်းသည် ဇနက(သက္ကတ၌ ချဏကျ=Chanakya)ဟု ခေါ်သော ပုဏ္ဏားအမတ်ကြီး၏ အကူအညီဖြင့် နန္ဒမျိုးနွယ်ဖြစ်သော ပဋလိပုတ်ပြည့်ရှင် ဘုရင်ဓနနန္ဒကို သတ်ပြီးလျှင် မဂဓနေပြည်တော်ကို စိုးစံတော်မူလေသည်။

မဟာဝင်ကျမ်း၌ ဓနနန္ဒမင်းသည် ဇနကပုဏ္ဏားကြီးအား မကြည်သို့၊ မနှစ်မြို့သဖြင့် တစ်ခုသော ပွဲသဘင်မှ ဏ္ဍန္ဓြေပျက် အရှက်တကွဲဖြစ်အောင် နှင်ထုတ်လေရာ ထိုရန်ငြိုးဖြင့် စန္ဒဂုတ္တမင်းသားအား အကူအညီပေးပြီးလျှင် ဓနနန္ဒမင်း၏ ဦးခေါင်းကို ဖြတ်စေ၍ မင်းလုပ်စေလေသည်ဟု ဖော်ပြလေသည်။ အိန္ဒိယရာဇဝင်တို့၌ကား ထိုကဲ့သို့ မပါရှိချေ။

ဇနကပုဏ္ဏားသည် ရာဇနီတိပညာ၊ စက်ယန္တရားပညာ၊ ဆေးပညာနှင့် ဗေဒင်ပညာများကို တစ်ဖက်ကမ်းပေါက်အောင် တတ်မြောက်သူ တစ်ဦးဖြစ်၍ အိန္ဒိယပြည်ထဲသို့ ကျူးကျော်ဝင်ရောက်လာသော ဂရိတ်အလက်ဇန္ဒားအား နိုင်ငံတော်မှ ပြန်လည် တိုက်ထုတ်ရန် စစ်မျိုးစေ့ကို တည်ထောင်အံ့သောငှာ ဓနနန္ဒ

မင်း၏ အထံတော်၌ အသပြာ(၆)သိန်းကို တောင်းခံနေရာ ဘုရင်းမင်းမြတ်က ပျက်ရယ်ပြုပြီး သူ့အား နည်းတော်အတွင်းမှ အပြင်သို့ ဆွဲထုတ်ပစ်လေသည်။ ဤမည်သော အမျက်ဒေါသကြောင့် စန္ဒဂုတ်မင်းသားအား အကူအညီပေးကာ မနန္ဒမင်းကြီးအား ခေါင်းဖြတ်၍ နန်းတက်စေသည်ဟုသာ တွေ့ရှိရ၏။ စန္ဒဂုတ်မင်းကြီးသည်လည်း ထိုဇနကပုဏ္ဏားကြီး၏ အထောက်အပံ့ဖြင့် ဂရိတ်အလက်ဇန္ဒားအား တွန်းလှန်တိုက်ခိုက်လေရာ မကြာမီ အောင်ခြင်းသို့ ရောက်လေသည် ဆို၏။

အချို့သော ရာဇဝင်တို့၌ကား စန္ဒဂုတ်မင်း၏ မိဖုရားကြီးသည်ပင်လျှင် အလက်ဇန္ဒား၏ သမီးတော်ဖြစ်ကြောင်း ဖက်ရှုရသေးသည်။ ပါဋလိပုတ်ပြည်၌ မောရိယမင်းဆက်ကို အုတ်မြစ်ချခဲ့သူမှာ စန္ဒဂုတ်မင်းဟု မှတ်ယူကြပါကုန်။

မဟာဝင်ကျမ်းအလိုအားဖြင့် မောရိယဆိုသည်မှာ ဟိမဝန္တာတောစပ်အနီး ဥဒေါင်း,ကြိုးကြာသံတို့ဖြင့် နစ်လိုဖွယ်ရှိသော မြို့၌ မင်းပြုသော ရှင်ဘုရင်မှာ မောရိယအမည်ရှိ၍ တစ်ပါးသောမင်းတို့က သတ်ဖြတ်လတ်သော် စန္ဒဂုတ်မင်းကို ကိုယ်ဝန်ရှိပြီးသော မိဖုရားသည် ပါဋလိပုတ်ပြည်အနီးသို့ ပြေးခဲ့၍ မကြာမီ သားငယ်ကလေးကို မီးရှူးသန့်စင် ဖွားမြင်တော်မူလေသည်။ ဆင်းရဲသော ဘဝတွင် ကျရောက်နေခြင်းကြောင့် သားသူငယ်ကလေးကို မွေးမြူဖို့ရာ လက္ခဏာမရှိသော မိဖုရားကြီးသည် သေစိမ့်သောငှာ နွားခြံဝ၌ ပစ်ထားခဲ့လေသည်။ သို့ရာတွင် စန္ဒမည်သော နွားလားသည် ရှေးဦးစွာ ထွက်လာ၍ သူငယ်ကို စောင့်သည်ကို အကြောင်းပြု၍ စန္ဒဂုတ္တအမည်တွင်သည် ဆို၏။

အိန္ဒိယရာဇဝင်အချို့၌ကား မောရာမည်သော မိန်းမမှ ဖွားခြင်းကြောင့် မောရိယ စန္ဒဂုတ္တအမည်ရှိသည်ဟု ဆို၏။ အချို့သော ရာဇဝင်၌မူကား မောရိယ အမည်ဖြင့် ရှေးအခါတုန်းကပင် ထင်ရှားခဲ့သော ခတ္တိယအမျိုးအနွယ်မှ ဆင်းသက်လာခြင်းကြောင့် စန္ဒဂုတ္တမောရိယမည်တွင်သည်ဟု ရေးသားကြ၏။

ဤစကားမှာ မဟာဝင်ကျမ်းအဆိုနှင့် တစ်စိတ်တစ်ဒေသတူနေသဖြင့် ယုတ္တိရှိလှ၏။ ထို့ကြောင့် စန္ဒဂုတ်မင်းကြီး၏ ကိုးကွယ်သော ဘာသာကား ဗုဒ္ဓဘာသာ မဟုတ် ဂျိမ်းဘာသာဟု အိန္ဒိယရာဇဝင်ဆရာတို့က ရေးသားကြသည်။

## အသောက (ဝါ) သိရီဓမ္မာသောက

စန္ဒဂုတ်မင်းကြီးသည် ခရစ်မပေါ်မီ (၃၂၂)နှစ်မှသည် (၂၉၈)တိုင်အောင် ထီးနန်းစည်းစိမ်ကို သိမ်းပိုက်ပြီးသည့်နောက် နန်းစံသက် (၂၄)နှစ်တွင် နတ်ရွာလားသော် သားတော်ဗိန္ဒုသာရ(Bindusara)မင်းကြီးသည် (၂၉၈)ခုနှစ်မှ (၂၇၂) ခုနှစ်အထိ စိုးစံတော်မူပြီး၍ နန်းစံသက် (၂၆)နှစ်တွင် နတ်ရွာစံ ကံကုန်လေသည်။ ထို့နောက် သားတော်အသောကမင်းတရားကြီးသည် (၂၇၃)ခုနှစ်မှသည် (၂၃၂)ခုနှစ်အထိ အနှစ်(၄၀)တိုင်တိုင် ဇမ္ဗူဒိပ်ကျွန်း[3]အလုံးကို သိမ်းကျုံးအုပ်ချုပ်မင်းလုပ်တော်မူလေသည်။

အသောကမင်းကြီး၏ ငယ်အမည်မှာ စဏ္ဍာသောကဖြစ်၍ သူသည် (၉၉) ယောက်သော အစ်ကိုတော်တို့အား သတ်ဖြတ် ပြီးသည်မှ နောက်ကာလ၌ ပါဋလိပုတ်နေပြည်တော်ရှိ မောရိယနန်းတော်ကြီးကို သိမ်းပိုက်အုပ်ချုပ်၍ နိုင်ငံတွင် မင်းလုပ်တော်မူလေသည်။

အသောကမင်းကြီးသည် နိုင်ငံတော်အကျယ်အဝန်းနှင့် တန်ခိုးအာဏာ အရှိဆုံးသော မင်းဖြစ်၍ ဘိုးတော်စန္ဒဂုတ်မင်းကြီးသည်များ စွာကုန်သော တိုင်းနယ်ပယ်တို့ကို စိုးစံရဘိသကဲ့သို့ သူသည်လည်း ယခုအခါ ဩရိစ္စအမည်ဖြင့် ထင်ရှားလျက်ရှိသော ကာလိင်္ဂပြည်နှင့်တကွ တောင်ဘက်၌ မဒရပ်နယ် ပန္နာမြစ်၊ မြောက်ဘက်၌ နယ်ပါလ်ပြည်၊ အနောက်ဘက် ကာဘူလ်နယ်နှင့် အရှေ့ဘက်၌ အာသံနယ်တိုင်အောင် အင်ပါယာအားဖြင့် ကျယ်ပြန့်တော်မူလေသည်။

အဘိသိက်ခံပြီး၍ မဟာရာဇာဓိရာဇဘွဲ့ထူးကို ရရှိတော်မူပြီးသော အသောက မင်းကြီးသည် နိုင်ငံတော်ကို အာဏာစက်တော်ဖြင့် မအုပ်ချုပ်ဘဲ ဓမ္မစက်တည်းဟူသော တရားလက်နက်တော်ဖြင့် အုပ်ချုပ်တော်မူလေသည်။ ဤကဲ့သို့ ဓမ္မလက်နက်ဖြင့် အုပ်ချုပ်ရခြင်းမှာ အသောကမင်းတရားကြီးသည် ကာလိင်္ဂပြည်ကို တိုက်ခိုက်၍ အောင်မြင်တော်မူသောအခါ အသိန်းမကသော လူတို့အား

---

[3] မောရိယအင်ပါယာ၌ ယခုခေတ် ပထဝီအနေအထားအရ- အိန္ဒိယ, အာဖဂန်နစ္စတန်, ဘင်္ဂလားဒေ့ရှ်, ဘူတန်, အီရန်, နီပေါ, ပါကစ္စတန်, သီရိလင်္ကာနိုင်ငံတို့ ပါဝင်ပြီး၊ စတုရန်းမိုင်အားဖြင့် ၁,၉၃၀,၅၅၁-မိုင် ကျယ်ဝန်းသည်။ (အင်တာနက်)

ကို တိုက်ခိုက်၍ အောင်မြင်တော်မူသောအခါ အသိန်းမကသော လူတို့အား သတ်မိခဲ့ခြင်း၊ ဒုက္ခရာရစေမိခြင်း၊ ဖမ်းဆီးချုပ်နှောင်ခဲ့ခြင်း၊ ကျုံမည်သော အပြစ်များနှင့် တိုင်းပြည်ခိုအောင်း လူအပေါင်းတို့အား ဒုဋ္ဌိကဋ္ဌကရကာပ်နှင့် သဘ္ဗုဋ္ဌကရကာပ်တို့ဖြင့် သေကြေပျက်စီးခြင်းသို့ ရောက်ကြလေရာ အသောကမင်းမြတ်မှာ အလွန်အမင်း ကြောက်ရွံ့တုန်လှုပ်ခြင်းဖြစ်ရကား တိုင်းပြည်နိုင်ငံကို အုပ်ချုပ်ရာတွင် စစ်လက်နက်ကို အသုံးမပြုတော့ဘဲ တရားတည်းဟူသော ဓမ္မလက်နက်ဖြင့်သာ အုပ်ချုပ်တော်မူလေသည်။

(ဤကား ဇာဂဒိဆ်ချန္ဒရယောဆ်၏ အိန္ဒိယရာဇဝင်ချုပ် အဆို)

တာရာချန်၏ အိန္ဒိယရာဇဝင် အကျဉ်းချုပ် Tara Chand's History of India ၌ ရေးသားပြန်သည်မှာကား... *"ကာလိင်္ဂစစ်မြေပြင်၌ သောင်းသိန်းမကသော လူအပေါင်းတို့ကို သတ်ဖြတ်မိခဲ့သော သိရီဓမ္မာသောကမင်းကြီးသည် မိမိပြုအပ်သော အကုသိုလ်တရားကို အဖန်တလဲလဲ အောက်မေ့မိသဖြင့် အလွန်အမင်း ကြောက်ရွံ့တုန်လှုပ်လျက်ရှိစဉ် ဥပဂုတ္တ(ဥပဂုတ်ကို ဆိုလိုဟန်တူသည်) အမည်ရှိသော ရဟန်းတော်တစ်ပါးနှင့် တွေ့ဆုံ၍ တဏှာတည်းဟူသော ညွန်ဗွက်အိုင်မှ လွတ်မြောက်ကြောင်းဖြစ်သော တရားတော်ကို ကြားနာရခြင်းကြောင့် ဗုဒ္ဓဘာသာသို့ သက်ဝင်သွားလေသည်။ အလွန်တရာမှ ချိုမြိန်လှသော တရားတော်သည် သူ၏ နှလုံးသားဟဒယအတွင်းသို့ တစက်စက် စီးဝင်လျက်ရှိပေရာ သံဃာတော်အရှင်မြတ်တို့အား ကြီးစွာသော အလှူကို ပေးခြင်း၊ ဥပုသ်သီတင်းဆောက်တည်ခြင်း၊ တရားနာခြင်းစသော ကုသိုလ်မှုတို့ဖြင့်သာ ပျော်မွေ့လျက်နေလေတော့၏။ မိမိယုံကြည်သော တရားတော်ကို တခြားတခြားသော တိုင်းနယ်ပယ်ရှိ လူအပေါင်းတို့သည်လည်း မိမိကဲ့သို့ပင် ယုံကြည်ကြစေရန် ရန်သန်စိတ်ထားလျက် သာသနာ့အာဇာနည် ဘွဲ့ထူးချီလောက်သော ပုဂ္ဂိုလ်တို့အား တိဗက်,တရုတ်,မွန်ဂိုလီးယား,တူရကီပြည်များနှင့် အာဖရိကတိုက်၊ ဥရောပတိုက်သို့တိုင်အောင် သာသနာပြုများ ပို့လွှတ်တော်မူလေသည်"*

မင်းကြီး၏ ဝီရိယတို့ကြောင့် ဗုဒ္ဓဘာသာသည် ကမ္ဘာပေါ်တွင် လူအများဆုံးတို့၏ ကိုးကွယ်ရာဘာသာကြီးတစ်ရပ် ဖြစ်ဖူးလေသည်။ မြတ်စွာဘုရားရှင်၏ သာသနာတော်၌ ကွဲပြားလျက်ရှိသော အယူဝါဒအမျိုးမျိုးကို ပပျောက်စေရန်နှင့်

တိုင်းသူပြည်သား လူအများတို့ တရားကို သက်ဝင်ဖြူစင်သော စာရိတ္တ၊ ဝါရိတ္တကို ရရှိစေရန်အလို့ငှာ မင်းလမ်းမတော်ကြီးများ တစ်လျှောက်လုံး၌ ကျောက်စာတိုင်တို့ကို စွင့်စွင့်မားမားကြီး စိုက်ထူထားခဲ့လေရာ ယခုတိုင် အထင်အရှား တွေ့မြင်ရပါသေး၏။ အခလွတ်(အခမဲ့) စာသင်ကျောင်းပေါင်းများစွာနှင့် ဆေးရုံပေါင်း များစွာတို့ကိုလည်း နေရာတကာတွင် ဆောက်လုပ်လှူဒါန်းသည့်အပြင် တိရစ္ဆာန်များအဖို့ သီးသန့်သော ဆေးရုံများကို ဆောက်လုပ်ပေးခြင်း၊ ဆေးပင်,ဝါးပင်တို့ကိုလည်း တစ်နေရာနှင့် တစ်နေရာ ဖလှယ်ပြုကာ စိုက်ပျိုးစေခြင်းဖြင့် နိုင်ငံတော်တစ်လျှောက်လုံး၌ ဆေးပင်ဆေးမြစ်တို့ကိုလည်း ပြည့်စေခဲ့၏။ ရေခေါင်းပါးမှုကြောင့် တွေ့ကြုံနေကြရရှာသော လူရှင်အပေါင်းတို့၏ ဆင်းရဲဒုက္ခကို ပပျောက်စေရန် ရည်သန်လျက် မရေတွက်နိုင်လောက်သော ရေတွင်းရေကန်တို့ကိုလည်း တူးဖော်ပေးခဲ့လေသည်။

ထိုမှတစ်ပါး မင်းလမ်းမတော်ကြီးများ တစ်လျှောက်လုံး၌ ရေချမ်းအိုးများ တည်ထားခြင်း၊ ခရီးသည်အပေါင်းတို့ အရိပ်ခိုအောင်းနိုင်ရန် သရက်,အင်ကြင်း, ညောင်စသော သစ်ပင်တို့ကိုလည်း စိုက်ပျိုးခဲ့သေး၏။ ဤသို့လျှင် အလှူဒါနအရာ၌ ရက်ရောမှု၊ သတ္တဝါများတို့အား သနားကြင်နာမှုတို့ကြောင့် မင်းတရားကြီးသည် ပီယဒဿီဟူသော ဘွဲ့ထူးကို ရရှိလေသည်။

မင်းတရားကြီးသည် ဇရာအရွယ်သို့ ရောက်လတ်သော် အလုံးစုံသော ပစ္စည်းဥစ္စာတို့ကို လှူဒါန်းကာမျှဖြင့် အားရတင်းတိမ်ခြင်းမရှိသေးဘဲ မိမိကိုယ်တိုင်ပင်လျှင် လအနည်းငယ်ခန့်လောက် ဒုလ္လဘအဖြစ်ဖြင့် ရဟန်းဘောင်သို့ ဝင်လေသောကြောင့် ရာဇဣသိ=မင်းရဟန်း ဟူ၍လည်း အမည်တွင်လေသည် ဟူ၏။

မဇ္ဈိမတိုင်းသား အောက်စဖို့ကျောင်းသား အိန္ဒိယရာဇဝင်နှင့် ဣဆွာရီပြဆဒ်၏ မိုးဒင်းအိန္ဒိယရာဇဝင်တို့၌ကား... *"နိဂြောဓသာမဏေ၏ တရားတော်ကို ကြားနာ၍ ဓမ္မပီတိဖြစ်လှသော အသောကမင်းတရားကြီးသည် ပုဏ္ဏားတို့အား ကြည်ညိုသော ပသန္နစေတနာကို ဖြတ်တောက်၍ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်လာကြောင်း..."* မဟာဝင်ကျမ်းများမှာကဲ့သို့ ရေးသားထားရာ ဤစကားသည်သာလျှင် ယုတ္တိရှိလှ၏။ ထို့ကြောင့် *"ဥပဂုတ္တထေရ်အရှင်၏ ဟောချွတ်မှုကြောင့်*

*အသောကမင်းကြီး အကျွတ်တရားရရှိလေသည်"* ဟူသော တာရာချန်၏ စကားမှာ ယုတ္တိမရှိ။

မဟာဝင်ကျမ်းအရဆိုသော် ဥပဂုတ်ထေရ်အရှင်မြတ်အား မာရ်နတ်မင်းကို တားမြစ်ဆုံးမစိမ့်သောငှာ ရေတွင်း,ရေကန်တို့ကို ရေစက်ချသော ပွဲသဘင်ကြီးသို့ အထူးတလည် ပင့်လျှောက်ခဲ့သဖြင့် အရှင်မြတ်သည်လည်း ကြွရောက်တော်မူပြီးလျှင် တန်ခိုးတော်အမျိုးမျိုးဖြင့်တားဆီးခဲ့ကြောင်း ပါရှိလေသည်။ မဟာဝင်ကျမ်း၌ ပါရှိပြန်သည်မှာ ပုဏ္ဏားတက္ကတွန်းတို့ကို မကြည်ညို၊ မမြတ်နိုးနိုင်သော အသောကမင်းကြီးသည် မြတ်သော အလှူခံပုဂ္ဂိုလ်ကို ရှာဖွေလျက်နေစဉ် တနေ့သ၌ နိဂြောဓသာမဏေသည်လည်း နံနက်စောစော ဆရာတို့၌ ပြုထိုက်ပြုအပ်သော ဝတ္တရားကို ပြုစုပြီး၍ မယ်တော်၏ အိမ်သို့ ဆွမ်းခံလာလေသော် မင်းတရားကြီးသည်လည်း လေသာတံခါးဝ၌ ရပ်လျက် အရှေ့အရပ်သို့ ရှုးရှုမျှော်မှန်းနေစဉ် မင်းရင်ပြင်သို့ ဖြတ်သန်းကာ ကြွလာတော်မူသော သာမဏေကို မြင်တော်မူလေသော် အလွန်ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ အမတ်တို့အား အပင့်ခိုင်းလေသည်။ သာမဏေသည်လည်း နန်းတွင်းသို့ ကြွလာတော်မူ၍ ငါ့ထက် သီလရှိသောသူ မရှိဟု သိလျက် မင်းကြီးအား သပိတ်တော်ကို ပေးပြီးလျှင် ရာဇပလ္လင်ပေါ်သို့ တက်ထိုင်လေသည်။

မင်းကြီးသည် အမျိုးမျိုးသော ခဲဖွယ်,ဘောဇဉ်တို့ကို သပိတ်တွင် ထည့်၍ ကပ်လေသည်။ သာမဏေသည်လည်း မြိန်ယှက်စွာ ဘုန်းပေးသုံးဆောင်လေ၏။

ဆွမ်းဘုန်းပေးပြီးသောအခါ မင်းကြီးက ဤသို့ လျှောက်ထားလေသည်...

"သာမဏေ၊ သင်၏ မျိုးနွယ်ကား အဘယ်နည်း? သင်သည် အဘယ်သူ၏ အဆုံးအမကို ခံယူသနည်း? သင်၏ အယူကား အဘယ်သို့ ရှိသနည်း?"

သာမဏေက ပြန်လည် ဖြေကြားတော်မူသည်မှာ...

"ငါ၏ မျိုးနွယ်ကား ဥေယျမံတရား ငါးပါးကို အကုန်သိမြင်တော်မူသော ဘုရားရှင်၏ မျိုးနွယ်တည်း။ ထိုအရှင်ဘုရား၏ အဆုံးအမ ဩဝါဒ၌ ငါ တည်သတည်း။ ငါ၏ အယူသည်လည်း အဆူဆူသော ဘုရားရှင်တို့၏ ပျော်စံရာ နိဗ္ဗာန်ကိုသာ အာရုံပြုသတည်း"ဟု မိန့်တော်မူလေသည်။

ထို့နောက် မင်းတရားကြီးက အသင်တို့ဆရာ၏ ဟောကြားမြွက်ဖော် တရားတော်ကို ကြားနာလိုကြောင်း လျှောက်ထားလေသော် "အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ" အစရှိသော ဓမ္မပဒကျမ်း အပ္ပမာဒဝဂ်ကို ကုန်စင်အောင် ဟောပြလိုက်လေသည်။

ထို့ကြောင့်သာလျှင် မင်းကြီး ဗုဒ္ဓဘာသာဝင်ဖြစ်လာလေသည်။ ထို့နောက်မှ မင်းတရားကြီးသည် သာသနာတော်ကို ကြည်ညိုလွန်း၍ ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်း ရှစ်သောင်းလေးထောင် အစရှိသော ကြီးစွာသော မဟာဒါနကြီးကို (ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀-ကို ဂုဏ်ပြုသောအားဖြင့်) ပြုတော်မူပြီးလျှင် မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်ပြုတော်မူသည်မှစ၍ ၃၂၅-ခုနှစ်တွင် မောဂ္ဂလိပုတ္တတိဿထေရ်အရှင်ကို အမှူးထားပြီး ပါဋလိပုတ်နေပြည်တော်၌ တတိယသင်္ဂါယနာ တင်တော်မူလေသည်။

## ကိုးတိုင်း၊ ကိုးဌာနသို့ သာသနာပြုစေလွှတ်ခြင်း

အသောကမင်းကြီးသည် မိမိကိုးကွယ်ယုံကြည်အပ်သော သာသနာတော်ကြီးကို ကမ္ဘာတစ်ရပ်လုံးရှိ တိုင်းနိုင်ငံဟူသမျှတို့၌ ပျံ့နှံ့တည်တံ့စေအံ့သောငှာ ကိုးတိုင်း,ကိုးဌာနသို့ သာသနာပြု ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မွန်တို့အား စေလွှတ်ခဲ့လေသည်။

(၁)မဇ္ဈန္တိကထေရ်အမှူးရှိသော ငါးဦးသော ထေရ်အရှင်တို့ကို ကသ္မီရတိုင်းနှင့် ဂန္ဓာရတိုင်းသို့ စေလွှတ်လေသည်။ (၂)မဟာဒေဝထေရ် အမှူးရှိသော ငါးဦးသော ထေရ်အရှင်တို့ကို မဟိသနယ်သို့၊ (၃)ရက္ခိတထေရ် အမှူးရှိသော ငါးဦးသော ထေရ်အရှင်တို့ကို ဝနဝါသီနယ်သို့၊ (၄)ယောနကဓမ္မရက္ခိတထေရ် အမှူးရှိသော ငါးဦးသော ထေရ်အရှင်တို့ကို အပရန္တတိုင်းသို့၊ (၅)မဟာဓမ္မရက္ခိတထေရ် အမှူးရှိသော ငါးဦးသော ထေရ်အရှင်တို့ကို မဟာတိုင်းသို့၊ (၆)မဟာရက္ခိတထေရ် အမှူးရှိသော ငါးဦးသော ထေရ်အရှင်တို့ကို ယောနကတိုင်းသို့၊ (၇)မဇ္ဈိမထေရ် အမှူးရှိသော ငါးဦးသော ထေရ်အရှင်တို့ကို ဟိမဝန္တာအရပ်သို့၊ (၈)သောဏထေရ်, ဥတ္တရထေရ်အမှူးရှိသော ငါးဦးသော ထေရ်အရှင်တို့ကို သုဝဏ္ဏဘုမ္မိတိုင်းသို့၊ (၉)မဟာမဟိန္ဒထေရ် [မောဂ္ဂလိပုတ္တတိဿထေရ်အရှင်၏

တပည့်], ဏာဋ္ဌိယထေရ်, ဥတ္တိယထေရ်, သမ္ဗလထေရ်နှင့် ဘဒ္ဒသာလထေရ် ဤငါးဦးတို့ကို လင်္ကာဒီပ(တမ္ဗပဏ္ဏိဒီပ)မည်သော သီဟိုဠ်ကျွန်းသို့ အသီးသီး စေလွှတ်တော်မူသည်။

ဤထေရ် အရှင်အပေါင်းတို့သည်လည်း ရောက်လေရာ ဒေသတိုင်း၌ လူ အပေါင်းတို့အား ဒေသနာရေအေး တိုက်ကျွေးပြီးလျှင် သမ္မာဝါဒီ၌ တည်စေကြ လေသည်။ (ဝါ) ဗုဒ္ဓဘာသာများ ဖြစ်ကြကုန်သည် ဟူ၏။ (ဝိ၊ ဋ္ဌ၊၁၊၄၈)

## ကိုးတိုင်းကိုးဌာနကို ဝေဖန်ပြခြင်း

အသောကမင်းကြီးကဲ့သို့သော သာသနာပြု မင်းကောင်းမင်းမြတ် တစ်ပါးကို အကြောင်းပြု၍ မြန်မာပြည်, သီဟိုဠ်ကျွန်း, ယိုးဒယားပြည်အစရှိသော နိုင်ငံတို့ တွင် ယခုထက်တိုင်အောင် သာသနာတော်နေဝန်း ထိန်ထိန်ထွန်းလျက်ရှိရကား ကျွန်ုပ်တို့အဖို့ အသောကမင်းကြီးနှင့် သာသနာပြုကြွရောက်ခဲ့ကြကုန်သော အရှင်ကောင်းအရှင်မြတ်တို့အား ကျေးဇူးတင်၍ ဆုံးနိုင်စရာ မရှိချေ။ အသောက မင်းကြီးလက်ထက်တော်က စေလွှတ်ခံခဲ့ရသော ပုဂ္ဂိုလ်တို့မှာ ရဟန္တာများသာ လျှင် ဖြစ်ကြောင်း ထင်ရှားလှပေသည်။

ယခုအခါ ကျွန်ုပ်တို့ သာသနာတော်သည် ထေရဝါဒီနှင့် မဟာယာန၊ (တနည်းအားဖြင့်) ဟီနယာနနှင့် မဟာယာနဟူ၍ နှစ်မျိုးနှစ်စား ဂိုဏ်းကွဲပြား လျက် ရှိလေရာ ထေရဝါဒီသာသနာ ထွန်းကားစည်ပင်သော တိုင်းပြည်များမှာ မြန်မာပြည်, ယိုးဒယားပြည်နှင့် သီဟိုဠ်ကျွန်းတို့ ဖြစ်၍ မဟာယာနဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သော တိုင်းပြည်မှာ တရုတ်, တိဗက်, ဂျပန်နှင့် ကမ္ဘောဇ Kamboja (ကမ္ဘောဒီးယား) ပြည်တို့ ဖြစ်ကြသည်။

မြန်မာဖြည်ရှိ အချို့သော ပညာရှိများနှင့် အိန္ဒိယရာဇဝင် ဆရာအချို့က ဂန္ဓာရတိုင်းကို တရုတ်ပြည်ဟု ရေးသားကြ၏။ မဇ္ဈန္တိကထေရ် အမှူးရှိသော ငါးဦးသော ထေရ်အရှင်တို့သည် ကသ္မီရနှင့် ဂန္ဓာရတိုင်းသို့ ကြွရောက်ခဲ့သည် ဆိုခြင်းကြောင့် တရုတ်ပြည်ဟု ရေးသားနိုင်စရာ မဟုတ်။ ကသ္မီရတိုင်းသည် ဂန္ဓာရတိုင်းနှင့် ဆက်စပ်မှု ရှိပေမည်။ ထို့ပြင် မဇ္ဈန္တိကအမှူးရှိသော ထေရ်အရှင် တို့သည် ရဟန္တာစစ်များ ဖြစ်ကြ၍ တရုတ်ပြည်သို့ အမှန်စင်စစ် ရောက်ခဲ့ပါမူကား

မြန်မာပြည်မှာကဲ့သို့ ထေရဝါဒီသာသနာ ထွန်းပသင့်သည်။ ယခုလို မဟာယာန သာသနာ ထွန်းနေမည် မဟုတ်ပေ။ ထေရဝါဒီ ရဟန္တာတို့သည် အဘယ့်ကြောင့် မဟာယာနသာသနာကို စိုက်ပျိုးခဲ့ပါမည်နည်း? ဂန္ဓာရတိုင်းဆိုသည်မှာ ကသ္မီရ(ကက်ရှ်မီးယား Kashmir)နယ်နှင့် ဆက်စပ်လျက်ရှိသော ကာဘူလ်နယ်ကို ခေါ်သည်။ ၎င်းနယ်အတွင်းရှိ အဆောက်အဦး အပျက်အစီးတို့ကို ဆိုင်ရာ ကျောက်စာဘက် ဌာနမှ ၁၉၄၅-ခုနှစ်က တူးဖော်ခဲ့သည်တွင် များစွာသော ဘုရားရုပ်, ဘုရားလောင်းရုပ်နှင့် အဝလောကိတေဆွာရရုပ်များအပြင် ဂန္ဓာရတိုင်း အမည်ပါသော ကျောက်စာများ ပါရှိခဲ့ပါကြောင်းနှင့် Archaeological Report ခေါ် ကျောက်စာဘက် ဌာနများမှ အစီရင်ခံစာကို အလ္လာဟာဗဒ်မြို့မှ ထုတ်ဝေသော "လီးဒါး၏" (The Leader)ခေါ် သတင်းစာတွင် ဖတ်ရှုလိုက်ရသည်။ ထို့ကြောင့် ကာဘူလ်နယ်ကိုသာလျှင် ဂန္ဓာရတိုင်းဟု ယူဆအပ်ပေသည်။

ထို့ကြောင့် (၁)မဇ္ဈန္တိကထေရ်အမှူးရှိသော ငါးဦးသော ထေရ်အရှင်တို့သည် ကသ္မီရတိုင်း(Kashmir)နှင့် ဂန္ဓာရတိုင်း[4](Kabhul-နယ်)သို့သာလျှင် ကြွရောက်တော်မူခဲ့ကြသည်။

(၂)မဟာဒေဝအမှူးရှိသော ထေရအရှင်တို့သည် မဟိံသကတိုင်း၊[5] မဒရပ်နယ် တောင်ပိုင်းသို့ ကြွရောက်ခဲ့သည်။

(၃)ရက္ခိတထေရ် အမှူးရှိသော ထေရ်အရှင်တို့သည် မဟိံသကတိုင်းနှင့် ဆက်စပ်လျက်ရှိသော အာရဗျပင်လယ်ကမ်းခြေရှိ ဝနဝါသီတိုင်း - မိုင်ဆိုးနယ်သို့ ကြွရောက်ခဲ့သည်။

(၄)ယောနကဓမ္မရက္ခိတထေရ်အရှင်တို့သည် အပရန္တတိုင်း - ဘုံဘေနယ်သို့ ကြွရောက်ခဲ့သည်။

---

[4] ကသ္မီရ, ဂန္ဓာရတိုင်းသည် ယခု ပါကစ္စတန်နိုင်ငံ။
[5] မဟိံသကတိုင်းဟူသည် ဟိမဝန္တာဒေသတွင် ပါဝင်ပြီး ဆီးနှင်းထူထပ်ကာ အအေးလွန်ကဲသော အရပ်ဒေသဖြစ်သည်။
မဟိံသကရဋ္ဌာဒီသုပိ ဟိမပါတသီတလေသု ဇတံ ပါကဋမေဝ (သံ၊ဋ္ဌ၊၂၊၂၆၇)
မဟိံသကရဋ္ဌံ နာမ ဟိမဝန္တပဒေသေ ဇာတံ ရဋ္ဌံ (သံ၊ဋီ၊၂၊၂၃၆)

(၅)မဟာဓမ္မရက္ခိတအမည်ရှိသော ထေရ်အရှင်တို့သည် မဟာရဋ္ဌတိုင်း[6] မာရဋ္ဌီစတိတ်သို့ ကြွရောက်ခဲ့သည်။

(၆)မဟာရက္ခိတထေရ်အမည်ရှိသော ငါးဦးသော ထေရ်အရှင်တို့ကို ယောနက-တိုင်း[7]သို့ စေလွှတ်ခဲ့သည် ယောနကတိုင်းကို ပန်းသေးပြည်ဟု ဆိုထားမြန်ရာ ပန်းသေးပြည်သည် ယခုအခါ တရုတ်မူဆလင်တိုင်းပြည် ဖြစ်နေ၏။ ပရိုဖက်-ဆာ ဆရာကြီးအဲယန်ဂရ်-က ယောနတိုင်းကို ယိုးဒယားပြည် Siam ဟု ရေးသားထားသဖြင့် ၎င်းကိုပင် ယုတ္တိရှိသည် ထင်မိ၏။ အကြောင်းဆိုမူ... ယိုးဒယားပြည်တွင် ယခုတိုင် ထေရဝါဒီ သာသနာတော် ထွန်းကားနေခြင်းကြောင့် ဖြစ်၏။

(၇)မဇ္ဈိမထေရ်အမည်ရှိသော ထေရ်အရှင်တို့သည် ဟိမဝန္တာအရပ်ဖြစ်သော နေပေါလ်ပြည်နှင့် တိဗက်ပြည်သို့ ကြွရောက်ခဲ့သည်။

(၈)သောဏထေရ်, ဥတ္တရထေရ်တို့နှင့် အဖွဲ့သည် သုဝဏ္ဏဘူမိ[8]- သထုံပြည်သို့ ကြွရောက်ခဲ့သည်။

(၉)မဟာမဟိန္ဒအမည်ရှိသော ထေရ်အရှင်တို့သည် လင်္ကာဒီပ (တမ္ဗပဏ္ဏိဒီပ) မည်သော သီဟိုဠ်ကျွန်း (Ceylon) သို့ ကြွတော်မူခဲ့သည်။

တရုတ်ပြည်သို့ မဟာယာနသာသနာ ရောက်ရှိသွားပုံကို ကနိဋ္ဌကမင်းအကြောင်းတွင် ဆက်လက်ဖော်ပြပါမည်။

ငါတို့၏ ကိုးကွယ်ရာ မိခိုရာ ကိုင်းကျွန်းကြီးသဖွယ်ဖြစ်သော သာသနာတော်ကြီး ဤရွေ့ဤမျှ တည်မြဲလျက် ရှိနေခြင်း၏ အကြောင်းမှာ အသောကမင်းကြီးနှင့် ရဟန္တာအရှင်မြတ်တို့၏ ကျေးဇူးတော်ကြောင့်ပင် ဖြစ်သည်။ သို့သော် သာသနာတော် ပင်ကိုဂိုဏ်းမ,ကြီးတည်ရာဖြစ်သော အိန္ဒိယပြည်ကြီး၌ကား ကွယ်ပခဲ့လေပြီ၊ အသောကမင်းကြီး၏ ကောင်းမှုတော်တို့သည်လည်း ပျက်စီးချို့ယွင်းလျက် ရှိနေရာ ကျွန်ုပ်နှင့်တကွသော ဖူးမြင်ရသူ ဗုဒ္ဓဘာသာဝင် သူတော်စင်

---

[6] မဟာရဋ္ဌတိုင်းသည် တူရကီနိုင်ငံဖြစ်သည်ဟု အချို့စာအုပ်များ၌ တွေ့ရသည်။
[7] ကမ္ဘာ့ဗုဒ္ဓစာအုပ်၌ ယောနကတိုင်းကို အာဖဂန်နှင့် ရုရှားဟု ရေးသားထားသည်။
[8] သုဝဏ္ဏဘူမိကို အချို့က အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်းဟုလည်းကောင်း၊ အချို့က အရှေ့တောင်အာရှဟုလည်းကောင်း ယူဆကြသည်။

အပေါင်းတို့အား ရှေးဟောင်းခေတ်ကြီးကို ပြန်လည် တ,သ,လွမ်းဆွတ်မိစေလေသည်။

ဤရွှေ,ဤမျှ သာသနာတော်ကြီးကို လေးစားကြည်ညိုး၍ ပစ္စယပရိစ္စာဂ အရာတွင် အလွန်ရက်ရောတော်မူလှသော အသောကမင်းကြီး၏ အိုကံကား ဆိုးဝါးလေစွ၊ ဟိန္ဒူအမတ်တို့၏ နောက်ယုက်တားဆီးမှုကြောင့် သူ၏ စိတ်ကို အလွန်အမင်း ထိခိုက်ခြင်းကို ခံရလေစွ၊ ဘိက္ခုမေတ္တေယျ၏ အသောကရာဇဝင် Asoka World Greatest Emperor စာအုပ် စာမျက်နှာ(၂၆)တွင် ပါရှိသည်ကို ထင်ရှားစွာပြပေဦးအံ့။

"History says that he had resolved to give a thousand million pieces of gold to the Master's services, and when far advanced in years, he had actually given ninety sixty millions and great wealth to the monastery at Pataliputta. Nevertheless, some of the powerful ministers objected to the aged King's policy and forbade the treasurer to comply with King's demands. The Emperor was now nearly death and unable to raise himself from his bed the failure to obtain any supplies from the treasure made him sorrowful"

အဓိပ္ပါယ်... *"ရာဇဝင်တွင် ဖော်ပြထားသည်မှာ သူသည် ကုဋေ တစ်ရာသော ရွှေ,ငွေ,ရတနာကို ဗုဒ္ဓသာသနာတော်ကြီးအား လှူဒါန်းရန် အဓိ- ဌာန်ချက်ရှိလေသည်။ နောက်နှစ်ပေါင်းများစွာ ကြာမြင့်လေသော် (၉၆)ကုဋေသော ရွှေ, ငွေ,ရတနာများကို အမှန်စင်စစ် ပေးလှူတော်မူလေသတည်း။ သို့ရာတွင် တန်ခိုးအာဏာရှိသော ဝန်ကြီးတစ်ဦးသည် မင်းကြီးတောင်းခံတိုင်း မပေးဖို့ရန် ဘဏ္ဍာစိုးဝန်ကြီးအား တားမြစ်ထားလေသည်။ မင်းအရားကြီးသည် အလွန်အိုမင်းမစွမ်းဖြစ်၍ ကိုယ်တိုင်အိပ်ရာမှ မထနိုင်ဘဲ သေလုနီးအခါ သူ၏ လိုလားသော ပစ္စည်းဥစ္စာ ရတနာများကို ဘဏ္ဍာတိုက်မှာ တောင်းခံမရသဖြင့် မင်းကြီးအား အထူးသဖြင့် ဝမ်းနည်းကြေကွဲ စေလေတော့သည်"*

"Now pious King sent to monastery all the vessels of which gold furnished the royal table. Then he gave away all the vessels of silver,

and finally the vessels of iron when all the metallic ware had thus been exhausted, the royal table was furnished with ware earthen."

အဓိပ္ပါယ်... *"ယခုအခါ ဘာသာတရားကိုင်းရှိုင်းသော ဘုရင်မင်းမြတ်သည် ဘုရင့်စားပွဲများပေါ်တွင် ဆင်ယင်ခင်းကျင်း၍ ထားသော ရွှေအိုး,ရွှေခွက်များကို ကျောင်းတော်များသို့ ပေးပို့လှူဒါန်းလိုက်လေသည်။ ၎င်းနောက် သံအိုးသံခွက်များကို နောက်ဆုံးအဖြစ်ဖြင့် လှူဒါန်းတော်မူလေသည်။ ရွှေ,ငွေအစရှိသော သတ္တုပစ္စည်းများကို ကုန်သွားသောအခါ ဘုရင့်စားပွဲခုံကြီးကို မြေအိုး,မြေခွက်တို့ဖြင့် ခင်းကျင်းထားလေသည်"*

"Then Asoka boost into tears and asked Radhagupta, a beloved minister, who now is the Emperor of India. The devoted minister did obeisance and respectfully replied. "Your Majesty is the Lord of Jambudipa."

However, sorrowful king said to him, "why do you say from kindness what is untrue?" I am fallen from my royal state.

အဓိပ္ပါယ်... *"ထို့နောက် အသောကမင်းကြီးသည် မျက်ရည်တဒီးဒီး စီးကျတော်မူ၍ သူ၏ လူယုံတော်တစ်ဦးဖြစ်သူ ရာဓဂုတ္တအမည်ရှိသော ဝန်ကြီးတစ်ဦးအား မေးမြန်းတော်မူလေသည်မှာ ဘယ်သူသည် အိန္ဒိယပြည်ကြီး၏ ဘုရင် ဖြစ်သနည်း? ချစ်ကြောက်ရိုသေသော ဝန်ကြီးသည်လည်း ဒူထောက်ဦးညွှတ်ခြင်းကိုပြုပြီး လေးမြတ်ရိုသေစွာ ပြန်၍ လျှောက်ထားလေသည်မှာ အရှင်မင်းကြီးသာလျှင် ဇမ္ဗူဒီပါကျွန်းကြီး အရှင်သခင်ဖြစ်ပါသည်။ သို့ရာတွင် ဝမ်းနည်းလျက်ရှိတော်မူသော ဘုရင်မင်းမြတ်က သူ့အား မိန့်ကြားတော်မူပြန်လေသည်မှာ သင်သည် ငါ့အား ကရုဏာရှိလျက်နှင့် အဘယ့်ကြောင့် မမှန်သောစကားကို ဆိုရပါသနည်း? ငါသည် ရာဇဘဝမှ လျှောကျလျက် ရှိချေပြီ"*

"Then the king who was near death, took the half of an Amalaka(gooseberry) fruit brought to him as medicine, and calling to a faithful servant sent it to Kukkutarama monastery praying the Sangha to partake of it, is Last gift.

Asoka asked the devoted servant to salute the Sangha in his name and address them respectfully in this wise:

"Accept Lord this last gift of your servant to this pass have come the riches of Emperor of India. My power and royalty have departed deprived of health and physic deserted by physician to me no refuge is left that of Holy Sangha May my noble Master the Sangha partake of it my Last gift."

*"သေလုဆဲဖြစ်နေသော အသောကမင်းတရားကြီးသည် သူ့အတွက် ဆေးအလို့ငှာ ယူဆောင်လာခဲ့သော ဆီးဖြူသီးတစ်ခြမ်းကို ကုက္ကုဋာရာမကျောင်းတော်ကြီးရှိ သံဃာတော်အရှင်မြတ်တို့အား သူ၏ နောက်ဆုံးသော အလှူအဖြစ်ဖြင့် သုံးဆောင်တော်မူရန် သူ၏ အမှုထမ်းတစ်ဦးအား အပို့ခိုင်းလိုက်လေသည်"*

*"မင်းတရားကြီးသည် သူ့အား ချစ်ကြောက်ရိုသေသော အမှုထမ်းတစ်ဦးအား သူ့ကိုယ်စား ရိုသေစွာ ကန်တော့ပန်းဆင်၍ လေးမြတ်စွာ ဤနည်းအတိုင်း လျှောက်ထားရန် မိန့်ကြားတော်မူလေသည်။ "အရှင်ဘုရား တပည့်တော်၏ နောက်ဆုံးဖြစ်သော ဤဒါနကို လက်ခံတော်မူပါ ဘုရား။ ဤဒါနသည် အိန္ဒိယပြည်ရှင် ဘုရင်ဧကရာဇ်ဖြစ်တော်မူသော တပည့်တော်၏ ပစ္စည်းတို့တွင် နောက်ဆုံး အလှူဖြစ်ပါသည် ဘုရား။ တပည့်တော်၏ တန်ခိုးအာဏာနှင့် ဘုရင်ဘဝသည်လည်း တပည့်တော်မှ ထွက်ခွာခဲ့ချေပြီ။ ကျန်းမာသန်စွမ်းခြင်းမရှိပြီဖြစ်၍ သမားတော်များမှာလည်း လက်လျှော့ခဲ့ချေပြီ။ တပည့်တော်မှာ သံဃာတော်အရှင်မြတ်တို့မှတပါး ကိုးကွယ်ရာနာထ မရှိတော့ပါပြီ။ တပည့်တော်၏ ဆရာများဖြစ်တော်မူသော သံဃာတော်အရှင်မြတ်တို့သည် တပည့်တော်၏ ဤနောက်ဆုံးအလှူဒါနကို ဘုန်းပေးတော်မူစေကုန်သတည်း" "*

ဤသည်တို့ကား အသောကမင်းတရားကြီး၏ နောက်ဆုံးဒါန ဖြစ်လေသည်။ အသောကမင်းကြီးသည် မည်သို့မည်ပုံ သာသနာတော်မြတ်ကြီးအား လေးစားကြည်ညိုခဲ့သည်ကို အထက်ပါ သာဓကဖြင့် သိနိုင်လောက်ပြီ။ မည်မျှ မည်မျှပင် သာသနာတော်မြတ်ကြီးကို ကြည်ညို၍ မင်းကျင့်တရား(၁၀)ပါးကို စောင့်စည်း

စေကာမူ မင်းတရားကြီး၏ နောက်ပိုင်းအခြေအနေမှာ ဟိန္ဒူအမတ်တို့၏ နောက်ယုက်မှုကြောင့် များစွာပင် စိတ်မချမ်းမသာ ဖြစ်ခဲ့ရသည်။

ကျွန်ုပ်သိရသလောက်မှာ အသောကမင်းတရားကြီး၏ မိဖုရားငယ်တို့မှာ အများအားဖြင့် ဟိန္ဒူဘာသာဝင် မိန်းမများဖြစ်၍ အိုမင်းမစွမ်းဖြစ်နေသော မင်းကြီးကို နေရာတကာတွင် နှောင့်ယှက်ခဲ့သည် ဟူ၏။

၎င်းအပြင် အသောကမင်းကြီး၏ အနွယ်တော်ဖြစ်သော မင်းတို့သည် ဟိန္ဒူရင်သွေးများသာ ဖြစ်ကြလေကြောင်း... ရာဇဝင်ဆရာအချို့က ရေးသားကြ၏။ သို့သော် ထိုမင်းတို့ စိုးစံခဲ့စဉ်က ဗုဒ္ဓသာသနာတော်ကြီးမှာ မည်သို့မျှ ဆုတ်ယုတ်ခြင်းမရှိခဲ့သဖြင့် ၎င်းမင်းတို့သည် သာသနာတော်ကြီးကို မချီးမြှောက်သော်လည်း မနှောက်ယှက်ဟု ယူဆနိုင်သည်။

## မောရိယအင်ပါယာကြီး ပျက်စီးရပုံ

သာသနာ့ဒါယကာ အသောကမင်းတရားကြီးသည် ခရစ်မပေါ်မီ (၂၃၂)ခုနှစ်တွင် နတ်ရွာလားသော် သားတော် ကုလနမင်း၊ ၎င်း၏သားတော် ဒသရထမင်း၊ ၎င်း၏ညီတော် ဆံပြတိမင်း၊ ၎င်း၏သားတော် ဆာလိသျှူကမင်း၊ ၎င်း၏ သားတော် ဒေဝဝေရမင်း၊ ၎င်း၏သားတော် ရှတဓနုမင်း၊ ၎င်း၏ညီတော် ဗြိဟဒြဓမင်းဟူ၍ အသောက၏ အနွယ်တော် များဖြစ်ကြသော မင်း(၇)ဆက်တို့သည် ခရစ်မပေါ်မီ (၁၈၄)ခုနှစ်တိုင်အောင် မင်းပြုလေသည်။

ဤကဲ့သို့ အစဉ်အတိုင်း ရာဇအမွေကို ခံယူလာကြသော်လည်း ၎င်းမင်းတို့သည် ဘိုးတော်,ဘေးတော်များ ဖြစ်ကြကုန်သော စန္ဒဂုတ္တမင်း, အသောကမင်းတို့ကဲ့သို့ တန်ခိုးအာဏာ မရှိတော့ပြီဖြစ်ရာ အင်ပါယာကြီးတစ်ခုလုံး တစ်စတစ်စနှင့် ကျဉ်းရုံးကာ အားနည်းလာလေသည်။ ရှတဓနုမင်းလက်ထက်တွင် အင်ပါယာကြီးထဲမှ ပိုင်နက်အမြောက်အများ လွတ်ထွက်သွား၍ ၎င်း၏ညီတော် ဗြိဟဒြဓမင်းလက်ထက်တွင် အလွန်ကျယ်ပြန့်သော နိုင်ငံကြီးတစ်ခုလုံး ပျက်စီးသွားပြီးလျှင် မင်းဆက်လည်း ပြုတ်ခဲ့ရလေသတည်း။

## ဆုံဂ (SUNGA) မင်းဆက် [BC 184 – 80]

မောရိယမင်းဆက်ပြုတ်ရခြင်း၏ အကြောင်းမှာ ခရစ်မပေါ်မီ (၁၈၄)ခုနှစ်တွင် မောရိယဝံသဖြစ်သော ဗြိဟာဒြ(အရိဟဒ္ဒ)မင်းအား ၎င်း၏ စစ်ဗိုလ်ချုပ်ကြီးဖြစ်သူ ပုရှမိတြ(ပုဿယမိတ္တ)သည် မဂဓတိုင်းမှ သျှုကသျှာလီစစ်သားအချို့၏ အကူအညီဖြင့် ဗြိဟာဒြ၏ ဦးခေါင်းကို ဖြတ်ကာ မောရိယနန်းတော်ကို လုယူလေသည်။ ထို့နောက် မိမိ၏ မျိုးနွယ်ကိုလည်း ဆုံဂဝံသဟု ခေါ်တွင်စေလေသည်။

ပရော်ဖက်ဆာအော်တက်ကာ၏ ရှေးဟောင်းအိန္ဒိယရာဇဝင် Ancient History of India by Professor Altekar ခေါ် စာအုပ်တွင် ပုရှမိတြမင်း သာသနာတော်ကို ဖျက်ဆီးခဲ့ကြောင်း ဤသို့ ဖတ်ရှုရ၏။

*"မောရိယမင်းဆက်ပြုတ်ပြီးသည့်နောက် ဆုံဂမျိုးနွယ်ဖြစ်သော မင်းတို့သည် ဗုဒ္ဓဘာသာကို နည်းအမျိုးမျိုးဖြင့် ဖျက်ဆီးကြလေရာ ကျောင်း,ကန်,ဘုရားစသော အဆောက်အဦးများစွာနှင့် သံဃာတော်ပေါင်းများစွာမှာ သေကြေပျက်စီးခြင်းသို့ ရောက်ကြရလေသည်။ ဆုံဂမင်းတို့သည် အနည်းနှင့်အများ မင်းတိုင်းမင်းတိုင်း လိုပင် ဖျက်ဆီးခဲ့သည်ဟု ဆိုငြားသော်လည်း သာမညအားဖြင့် ဖျက်ဆီးခဲ့သည်။ ပုရှမိတြသာလျှင် အများဆုံး ဖျက်ဆီးခဲ့၍ သူ့အား ဗုဒ္ဓဘာသာတို့၏ ရန်သူအကြီးစား တစ်ယောက်ဟု ယူဆရပေမည်"*

ထိုမင်းသည် သျှိုဝခေါ် ထာဝရဘုရားကို ကိုးကွယ်သော ဟိန္ဒူဗြာဟ္မဏ လူမျိုး ဖြစ်၍ သိရိဓမ္မာသောကမင်းလက်ထက်တော်က ဟိန္ဒူဘာသာဝင်တို့ အဆင့်အတန်း နိမ့်ကျရဖူးသည့် ရာဇဝင်ကို ပြန်လည်သုံးသပ်တိုင်း မကျေနပ်နိုင်၊ သိရိဓမ္မာသောကမင်းကြီးသည် ပုဏ္ဏားပညာရှိများနှင့် ဟိန္ဒူဘာသာကို စွန့်ပစ်ရခြင်းမှာ ဗုဒ္ဓဘာသာကြောင့် ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာရဟန်းတော်များနှင့် ကျောင်း,စေတီတို့ကို မီးရှို့ခြင်း၊ တစ်ပါးမ( ) များပြားလှစွာသော သံဃာတော်တို့အား ရက်စက်စွာ သတ်ဖြတ်ခြင်း စသည်တို့ကို ပြုလုပ်လေရာ ရေတွက်၍ ပြသခြင်းငှာ မဝံ့လောက်သော သံဃာတော်များနှင့် ကျောင်း,စေတီ,ပုထိုးတို့မှာ ပျက်စီးခြင်းသို့ ရောက်ကြရလေသည်။

ပါဋလိပုတ်ပြည်ရှိ ကုက္ကုဋာရာမကျောင်းတော်ကြီးနှင့် ဆာယာလ်ကိုးဋ်မြို့ ထက်ဝန်းကျင်ရှိ သံဃာတော်အရှင်မြတ်တို့မှာ ထိုခေတ်တွင် ပျက်စီးကြရလေသည်။

## သံဃာတော်ဦးခေါင်းတစ်လုံး ဆုငွေ (၅၀၀)

ဤမျှ ရက်စက်ကြမ်းကြုတ်သော လုပ်ရပ်များနှင့် အားရတင်းတိမ်ခြင်းမရှိသေးသော ပုရှမိတြမင်းသည် နိုင်ငံတော်အတွင်းသို့ ဤကဲ့သို့ ကြေညာလိုက်လေသည်။

"အကြင်သူသည် ဗုဒ္ဓဘာသာရဟန်းတစ်ပါး၏ ဦးခေါင်းတစ်လုံးကို ဖြတ်၍ ငါ၏ ထံမှောက်သို့ လာရောက်ပြသနိုင်ငြားအံ့။ ထိုသူအား ဆုတော်ငွေ ၅၀ဝိ/-စီ ချီးမြှင့်မည်။ အကြင်ဗုဒ္ဓဘာသာဝင်တစ်ဦးသည် ရဟန်းတော်များအား ကိုးကွယ်ဆည်းကပ်ခြင်း၊ အလှူပေးခြင်းစသည်တို့ကို အကယ်၍ ပြုလုပ်ငြားအံ့။ ထိုဗုဒ္ဓဘာသာဝင်အား ဖမ်းဆီးပြီး ငါ၏ ရှေ့မှောက်သို့ရောက်အောင် ပို့ဆောင်နိုင်သူအား ဆုငွေ ၂၀ဝိ/-စီ ချီးမြှင့်မည်"ဟု ကြေညာလိုက်ရာ မရေမတွက်နိုင်လောက်အောင်သော လူဒကာ,ဒကာမများနှင့် ရဟန်းတော်အရှင်မြတ်တို့မှာ သေကြေပျက်စီးခြင်းသို့ ရောက်ကြရလေသည်။

ကျန်ရစ်သူ ဗုဒ္ဓဘာသာဝင်တို့အား ရာဇပရိယာယ်အမျိုးမျိုးဖြင့် တစ်စတစ်စ ဟိန္ဒူဘာသာသို့ သက်ဝင်စေလေသည်။ ထို့ကြောင့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်စံဝင်တော်မူသည်မှစ၍ တဝင်းဝင်း တထိန်ထိန် တောက်ပြောင်လာခဲ့သော သာသနာတော်မြတ်ကြီးကို ပွဲဦးထွက်ဖျက်ဆီးခဲ့သူမှာ ဟိန္ဒူဗြာဟ္မဏမျိုးနွယ်ဖြစ်သော ပုရှမိတြမင်းပင်ဖြစ်၏ဟု အိန္ဒိယပြည် ရာဇဝင်ဆရာတို့က မှတ်တမ်းတင်ကြကုန်သတည်း။

## ပုရှမိတြနှင့် မိလိန္ဒမင်းကြီး

ပုရှမိတြမင်းသည် မောရိယနန်းတော်၌ စိုးစံလျက်ရှိစဉ် ဂရိစစ်သားတို့သည်လည်း ပန်ဂျပ်နယ်ကို ဝင်ရောက်တိုက်ခိုက်ကြလေတော့သည်။ ဂရိရှင်ဘုရင် မိလိန္ဒ(သက္ကဋဘာသာဖြင့် မိနန္ဒာ)မင်းကြီးသည် အယုဒ္ဓယမြို့တော်ကို

ကျော်လွှန်၍ အိန္ဒိယပြည်အလယ်ပိုင်းဖြစ်သော ရာဇပုတ္တာနနယ်ကိုပါ သိမ်းပိုက်လေသည်။ ဤနောက် တရွေ့ရွေ့နှင့် ပါဋလိပုတ်နယ်စပ်သို့တိုင်အောင် ဆိုက်ရောက်လာလေသည်။

မဂဓတိုင်း၌ ပုရှမိတြမင်းသည် မည်ကဲ့သို့ပင် သာသနာတော်ကို ဖျက်ဆီးနေစေကာမူ မြောက်ဘက်ဖြစ်သော နယ်ပယ်တို့တွင်ကား သာသနာတော်အရောင်မှာ နေ့လမကာ တောက်ပြောင်လျက် ရှိနေသေး၏။

မိလိန္ဒမင်းကြီး၏ များယွင်းသော အယူဝါဒနှင့် ယုံမှားခြင်းသံသယ အမျိုးမျိုးတို့ကို အရှင်နာဂသေနထေရ်အရှင်က ပယ်ဖျောက်တော်မူသဖြင့် လုံးဝ ဗုဒ္ဓဘာသာကို ယုံကြည်သက်ဝင်လာပြီး သာသနာ့ဒါယကာကြီးတစ်ယောက် ဖြစ်ခဲ့လေသည်။ မိလိန္ဒပဉှာခေါ်သော ကျမ်းကြီးသည်လည်း ထိုခေတ်က ထွက်ပေါ်ခဲ့သဖြင့် ယခုတိုင် ကျွန်ုပ်တို့အား ဘာသာတရား၌ သန့်ရှင်းကြည်လင်မှု တည်းဟူသော အလင်းရောင်ကို ပေးလျက်ရှိလေသည်။

## အဿမေဓယဇ် ပူဇော်ခြင်း

ပုရှမိတြမင်းကြီးသည် အဿမေဓယဇ်ခေါ် မြင်းယဇ်ကို ပူဇော်ခြင်းဖြင့် တိုင်းပြည်ရှိ အန္တရာယ်အမျိုးမျိုးတို့ကို တားမြစ်သည် ဆို၏။ ပုရှမိတြနှင့် သားတော် အဂနိမိတြတို့သည် စစ်ရေးရာတွင် အလွန်တရာမှ ကျွမ်းကျင်လိမ္မာခြင်းကြောင့် မဂဓနယ်နိမိတ်သို့ထိ ကျူးကျော်လာသော မိလိန္ဒမင်းကြီးအား ပန်ဂျပ်နယ်သို့ကျအောင် ပြန်လည်တိုက်ခိုက်လေရာ အောင်မြင်တော်မူလေသည် ဆို၏။ ပုရှမိတြမင်း နတ်ရွာစံလေသော် သားတော်အဂနိမိတြမင်းသည် ဘခင်၏ အရိုက်အရာဖြစ်သော ထီးနန်းစည်းစိမ်ကို ဆက်လက်စိုးစံလေသည်။

ဤမင်းလက်ထက်တွင် ပေါ်ပေါက်ခဲ့သော မဟာကဝိ(ပညာရှိကြီး) ကာလီဒါသသည် မာလဝိကာဂနိမိတြခေါ် အဂနိမိတြ၏ အတ္ထုပ္ပတ္တိကျမ်းကြီးကို သက္ကတ-ဂါထာတို့ဖြင့် ရေးသားစီကုံးထားခဲ့လေသည်။ ထို့ပြင် သကုဏ္တလဝတ္ထု၊ မေဃဒူတဝတ္ထု၊ ရဃုဝံသဝတ္ထုစသော ဇာတ်ဝတ္ထုတို့ကိုလည်း ရေးသားထားခဲ့လေရာ

ထိုဝတ္ထုများမှာ ယခုအခါ အိန္ဒိယပြည် စာပေလောကတွင် စိတ်ဝင်စားဖွယ်ရာ အကောင်းဆုံး ဖြစ်လေသည်။

အဂနိမိတြမင်း နတ်ရွာလားပြီးသည့်နောက် ဆုံဂအင်ပါယာကြီးမှာ တဖြည်းဖြည်း အားနည်းလာလေတော့သည်။ ခရစ်မပေါ်မီ အနှစ်(၈၀)တွင် ဆုံဂမျိုးနွယ်တို့တွင် အဆုံးစွန်မင်းဖြစ်သော ဒဿမ်မင်းအား ဝါသုဒေဝမင်းက သတ်ဖြတ်ပြီးလျှင် မင်း၏ အဘိသိက်ကို ခံယူပြန်လေသည်။ သူ၏ အနွယ်ကိုလည်း ကာန္ဓဝံသဟု အမည်တွင်စေလေသည်။ သို့သော် ကာန္ဓမင်းတို့ကား အချိန်အနည်းငယ်မျှသာ စိုးစံရပြီး မကြာမီ မင်းဆက်ပြုန်းသွားလေသည်။

ဆုံဂနှင့် ကာန္ဓမင်းတို့ အုပ်ချုပ်စိုးမိုးခဲ့စဉ်က အိန္ဒိယပြည်အတွင်းသို့ တိုင်းတစ်ပါးသားတို့သည် အကြိမ်ကြိမ် ဝင်ရောက်တိုက်ခိုက်ကြလေသည်။ ဂရိလူမျိုးတို့ တိုက်ခိုက်ပြီးသည့်နောက် အာရှအလယ်ပိုင်းမှ ဆုံဂလူမျိုးတို့ တဖန် ဝင်ရောက် တိုက်ခိုက်ကြပြန်လေသည်။ ဆုံဂလူမျိုးတို့သည် ဟိန္ဒူကုဆ်တောင်ကို ကျော်လွန်ပြီးလျှင် တက္ကသီလာ(တက္ကသိုလ်), မထုရာ, မာလဝနှင့် ဂုဂျာရတ်ပြည်တို့ကို ဝင်ရောက်တိုက်ခိုက်သဖြင့် ဆုံဂအင်ပါယာကြီး တစ်စိတ်တစ်ဒေသ လက်လွှတ်ရလေသည်။

ထို့နောက် ခရစ်နှစ် ၈၀-လောက်တွင် ကုဆာဏ်လူမျိုးတို့သည် အာရှအလယ်ပိုင်းမှ ဝင်ရောက်လာပြီးလျှင် ဂရိနှင့် ပါရဒ်လူမျိုးတို့ ပိုင်ဆိုင်ထားသော အိန္ဒိယပြည်မြောက်ဘက်ဒေသရှိ နယ်ပယ်အချို့ကို တိုက်ခိုက်အောင်မြင်သဖြင့် စိုးမိုးအုပ်ချုပ် မင်းလုပ်ကြပြန်လေသည်။

## ကနိရှကမင်းလက်ထက် ဗုဒ္ဓသာသနာ

ကုဆာဏ်မင်းတို့တွင် ကနိရှကအမည်သော မင်းသည် တန်ခိုးအာဏာအရှိဆုံး မင်းဖြစ်သည်။ ထိုမင်းသည် ခရစ် ၈၀-ခုနှစ်မှ ၁၂၀-ခုနှစ်အထိ ပေရှဝါမြို့တွင် ထီးနန်းစိုက်ခဲ့လေသည်။ သူ၏ အင်ပါယာမှာ ကရှဂရ-ယာယကန္ဒ၊ ခိုတန်၊ ကာဘူလ်၊ ဂန္ဓာရ၊ ကသ္မီရ၊ ဆင်းဒ်နှင့် ဗာရာဏသီမြို့သို့တိုင်အောင် ကျယ်ပြန့်လေသည်။ ဤမင်းသည် ရှေ့အဖို့၌ ဗုဒ္ဓဘာသာမဟုတ်ခြားသော်လည်း မဟာယာန ဘုန်းတော်ကြီးများ၏ တစ်စတစ်စ ဟောချွတ်မှုကြောင့် နောက်အဖို့၌ ဗုဒ္ဓ

သာသနာတော်ကို အလွန်ကြည်ညိုလေးစားသော သာသနာ့ဒါယကာကြီး တစ်ယောက် ဖြစ်လာလေသည်။

ဤမင်းလက်ထက်၌ အသသယောသသည် ကဗျာဂီတနှင့် ပြဇာတ်ဝတ္ထု ရေးသားရာတွင် အလွန်ကျွမ်းကျင် လိမ္မာလေရကား များစွာကုန်သော ကဗျာကျမ်းနှင့် အဘိဓမ္မာကောက်နုတ်ချက် ကျမ်းဂန်များကို သက္ကတဘာသာဖြင့် ခမ်းနားစွာ စီရင်ရေးသား ထားခဲ့လေသည်။ ကနိရှကမင်းကြီးသည် အလှူဒါနပေးကမ်းစွန့်ကြဲခြင်း၌ အလွန်ရက်ရောသော စိတ်စေတနာရှိသည့်အပြင် ရဟန်းသံဃာတော်တို့အားလည်း အထူးသဖြင့် ကြည်ညိုလေးစားလေသည်။

အလွန်သပ္ပါယ်၍ လူရှင်အပေါင်းတို့၏ ကြည်ညိုစဖွယ်ဖြစ်သော မဟာဗောဓိစေတီတော်ကြီးသည် အလှဆုံး,အခိုင်ဆုံး,အကောင်းဆုံး ဖြစ်လေရာ ပြည်ပနိုင်ငံတလွှားတွင် အမည်ကျော်ကြားမှုကြောင့် နိုင်ငံခြားဘုရားဖူးသားတို့သည်ပင်လျှင် လာရောက်ဖူးကြလေသည် ဟူ၏။ နိုင်ငံတော်သုံး ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးများကိုလည်း မြတ်စွာဘုရားရှင်၏ ပုံတော်ဖြင့် သွန်းလုပ်ကာ သုံးစွဲစေလေသည်။ ဤသို့ သွန်းလုပ်ရခြင်းမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား အစဉ်သတိရစေရန် ဖြစ်သည်ဟု ဆို၏။ ဤမင်းလက်ထက်၌ သုံးစွဲခဲ့သော ငွေဒင်္ဂါးတစ်ပြားကို ကုသိနာရုံမှ တူးဖော်၍ ရရှိခဲ့လေရာ ထိုဒင်္ဂါးတွင် အောက်ပါအတိုင်း ရေးသားထားလေသည်။

သျှာသြနာနော သျှာသကနေသျှက ဣကောသျှာနော ဗောဒ္ဓေါ အပါဒကာ-သပေါ၊

အနက်ကား... သျှာသြနာနော - မင်းထက်မင်းမြတ် ဖြစ်တော်မူသသော၊ ဣကောသျှာနော - စတုဋ္ဌသင်္ဂါယနာတင် ဘုရင်ဇကရာဇ်လည်း ဖြစ်တော်မူသသော၊ သျှာသကနေသျှက - ကနိရှကမင်းကြီး၏၊ အပါဒကာသပေါ - အမြဲသာဝစဉ်ကိုးကွယ်ဆည်းကပ်ပူဇော်အပ်ထသော၊ ဗောဒ္ဓေါ - ငါး၁အမှန် ဥဿျုခံကို အမှန်ဆတ်ဆတ် သိလေဘတ်ထသော မြတ်စွာဘုရားတည်း။

(ဤသာဒကာကို ကျောက်စာဝန်မင်းကြီး ကန်နင်ဂန်ရေးသားသော စာအုပ်နှင့် ဆရာတော်ဦးကိတ္တိ၏ အိန္ဒိယကြေးမုံကျမ်းမှ ရရှိသည်။)

ဤခေတ်ကာပင် မဂဓတိုင်းသာသနာတော်မှာ အတော်ကလေး မှေးမှိန်နေပြီ ဖြစ်သော်လည်း ဗာရာဏသီမှ ကသ္မီရတိုင်အောင် တိုင်းနယ်ပယ် အသီးသီးတို့၌ကား သာသနာအရောင် ထွန်းပြောင်လျက်ပင် ရှိလေသည်။

## မဟာယာန် သင်္ဂါယနာတင်ခြင်း

ဗ္ဗုဆွာရီပြဆံဒ်၏ မိုးဒင်း အိန္ဒိယရာဇဝင်တွင် ရေးသားထားသည်မှာ...

*"အသောကမင်းကြီး နတ်ရွာလားပြီးနောက် အိန္ဒိယပြည် နိုင်ငံရေးအခြေအနေမှာ ဘာသားတစ်ပြန်၊ ကျားတစ်ပြန်ဆိုသလို ဟိန္ဒူနှင့် ဗုဒ္ဓဘာသာဝင်မင်းတို့သည် အချင်းချင်း ရှုံးလိုက်၊နိုင်လိုက် ထပ်ပြန်တလဲလဲ ဝိုက်ခိုက်ကြလေရာ နိုင်ငံတော်ကြီးတစ်ခုလုံးမှာ နှစ်ပေါင်းများစွာတိုင်တိုင် မငြိမ်မသက်ဘဲ ရှိနေခဲ့လေတော့သည်။ ထိုကဲ့သို့ ဖြစ်ပျက်နေစဉ် ဗုဒ္ဓသာသနာတော်၌လည်း ဂိုဏ်းကြီး(၁၈)ဂိုဏ်းနှင့် ဂိုဏ်းငယ်(၄၀)ခန့် ကွဲပြားလာလေတော့သည်။ ယခုကဲ့သို့ ကွဲပြားရခြင်းမှာ ဟိန္ဒူဘာသာမှ ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာသော ရဟန်းတော်များနှင့် အချင်းချင်း အယူဝါဒကွဲလွဲမှုကြောင့် ဖြစ်လေသည်။ အချို့သော ရဟန်းတော်များသည် ဗုဒ္ဓဘာသာဟု ပင်ဆိုရစေကာမူ ဗ္ဗုဆွာရ၏ ထာဝရဘုရားကိုလည်း ယုံကြည်ကြ၏၊ အချို့ကား ဝိနည်းပညတ်တော် အပြင်ဘက်မှ နေ၍ ကျင့်ကြံ အားထုတ်လိုကြ၏။*

*အချို့သော ရဟန်းတော်တို့၏ အယူဝါဒကား ဤသို့ရှိ၏... 'ဝိနည်းဆိုသည်မှာ နေထိုင်စားသောက်မှုစသော ဣန္ဒြိယသံဝရသီလနှင့် ပါတိမောက္ခသံဝရသီလကို လုံခြုံအောင် မစောင့်စည်းနိုင်သော ရဟန်းတော်များအတွက် ရည်ညွှန်း၍ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက ပညတ်တော်မူလေသည်။ ငါတို့ကဲ့သို့သော ပါတိမောက္ခသံဝရသီလကို လုံခြုံအောင်နိုင်သော ပုဂ္ဂိုလ်များအဖို့ ဝိနည်းပိဋကတ်တော်ကို သင်ကြားရန် မလို"ဟု အယူရှိကြသည်။ ဤသို့လျှင် အယူဝါဒအမျိုးမျိုး ကွဲပြားလာလေရကား ဟီနယာန (ဝါ) ထေရဝါဒနှင့် မဟာယာနဟူ၍ ဂိုဏ်းကြီးနှစ်ဂိုဏ်း ပေါ်ထွက်လာတော့သည်"*

ဤကဲ့သို့ အယူဝါဒ ကွဲပြားမှုကြီးမျိုးကား အသောကမင်းကြီး လက်ထက်တော်ကလည်း တစ်ကြိမ်ပေါ်ပေါက်ခဲ့ဖူးသဖြင့် *"မောဂ္ဂလိပုတ္တတိဿထေရ်အရှင်*

*အမှုးရှိသော သံဃာတော်အရှင်မြတ်တို့က တတိယသင်္ဂါယနာတင်ခြင်းဖြင့် ငြိမ်းအေးစေလေသည်"* ဟူ၍ မဟာဝင်ကျမ်းနှင့် ပါရာဇိကဏ် အဋ္ဌကထာ နိဒါန်းတို့တွင် လာရှိခြင်းကြောင့် အဆိုပါ ဣဿရာရီပြဆဒ်၏ ရာဇဝင်အဆိုကို ကျွန်ုပ်က လုံးဝထောက်ခံလိုက်၏။

အသောကမင်းကြီးသည် ဗုဒ္ဓဘာသာဖြစ်လာပြီးနောက် လာဘ်လာဘမှ ဆုတ်ယုတ်ငတ်မွတ်ခေါင်းပါးကြကုန်သော တိတ္ထိတို့သည် ရဟန်းခွင်သို့ ဝင်လာလေသည်။ ယင်းသို့ပင် ဝင်လာငြားသော်လည်း ပိဋကတ်တော်ကို သင်ကြားခြင်းမရှိဘဲ မိမိတို့၏ အကျင့်ကိုသာ ကျင့်ကြကုန်၏။

အချို့ကား မီးကို လုပ်ကျွေးကြကုန်၏။ အချို့ကား ပဥ္စာတပအကျင့်ကို ကျင့်ကြကုန်၏။ အချို့ကား နေကို အတုလိုက်၍ ကျင့်ကြကုန်၏။ အချို့ကား တရားမဟုတ်သည်ကို တရားလုပ်၍ ဟောပြောကြကုန်သည်။ ထို့ကြောင့် ရဟန်းကောင်းတို့ကား ထိုတိတ္ထိတို့နှင့် ဥပုသ်,ပဝါရဏာစသော ကံကြီး,ကံငယ်ကိစ္စတို့ကို မပြုကြကုန်။ အသောကာရုံကျောင်းတော်ကြီး၌ (၇)နှစ်ပတ်လုံး ဥပုသ်, ပဝါရဏာမှ ကင်းကုန်၏။

ဤအကြောင်းကို မင်းတရားကြီးသိလေလျှင် အမတ်တစ်ဦးအား အဓိကရဏ်းကို ငြိမ်းအေးစေလော့ဟု စေခိုင်းလေရာ ထိုအမတ်မိုက်သည် ဥပုသ်, ပဝါရဏာမပြုကြသော များစွာကုန်သော သံဃာတော်တို့အား သန်လျက်ဖြင့် ဦးခေါင်းကို ဖြတ်လေသတည်း။

မင်းကြီးသည်လည်း များစွာပင် စိတ်နလုံးမချမ်းမသာ ဖြစ်လေရကား မိမိ၏ သန္တာန်၌ စွဲကပ်လျက်ရှိသော သံသယနှင့် အဓိကရဏ်းကြီးကို ငြိမ်းအေးစေရန် မောဂ္ဂလိပုတ္တတိဿထေရ်အရှင်အား ပင့်လျှောက်၍ တတိယသင်္ဂါယနာ တင်ရလေသည်။

ထို့ကြောင့် ကနိရှကမင်းလက်ထက်တွင် ပေါ်ပေါက်ခဲ့သော ဤအဓိကရဏ်းမျိုးကြောင့် ထေရဝါဒနှင့် မဟာယာနသာသနာဟု ဂိုဏ်းနှစ်ဂိုဏ်း ကွဲပြားရပြန်ကြောင်း... ရေးသားထားသော ဣဿရာရီပြဆာဒ်၏ ရာဇဝင်ကို ကျွန်ုပ်က လုံးဝထောက်ခံလိုက်၏။

သီရိဓမ္မာသောကမင်းကြီး လက်ထက်တော်က ပေါ်ပေါက်ခဲ့သော အဓိ-ကရုဏ်းကြီးတွင် မင်းကြီးက ထေရဝါဒီအလိုသို့ လိုက်လေသောကြောင့် ဝါဒသစ်ကို လိုလားသော ပုဂ္ဂိုလ်တို့မှာ ပပျောက်ခဲ့ရလေသည်။ ကနိရှကမင်းကြီးကား အယူသစ်ကို လိုလားကြကုန်သော ပုဂ္ဂိုလ်တို့၏ အလိုသို့ လိုက်ပါသွားသဖြင့် မဟာယာနသာသနာကြီးမှာ တနေ့တခြား စည်ပင်ပြန့်ပွားလာလေတော့သည်။

ကနိရှကမင်းကြီးသည် မဟာယာနသာသနာတော်ကြီး ကြာမြင့်စွာ တည်စေအံ့သောငှာ ကသ္မီရပြည်၌ ကျောင်းကြီးကျောင်းငယ်တို့ကို ဆောက်လုပ်စေပြီးလျှင် ဝသုမိတြအမှူးရှိသော မဟာယာန်ဘုန်းကြီးနှင့် စတုတ္ထသင်္ဂါယနာ တင်လေသည်။ ဤသင်္ဂါယနာတင်ပွဲသို့ မဟာယာနရဟန်းပေါင်း (၅၀၀)ခန့် တက်ရောက်ခဲ့သည် ဆို၏။ ထိုမဟာယာနဘုန်းတော်ကြီးတို့သည် ပိဋကတ်တော်ရှိကျမ်းကြီးကျမ်းငယ်တို့မှ အဆီအနှစ်ကို ထုတ်ယူပြီးလျှင် "မဟာဘာသျှ"ခေါ် ဂါထာတစ်သိန်းရှိသော ကျမ်းကြီးကို သက္ကတ္တဘာသာဖြင့် အများသဘောတူ သီကုံးရေးသားကြလေသည်။ ဤသင်္ဂါယနာတင်ပွဲကြီး၌ (၁၈)ဂိုဏ်းသားတို့လည်း ညီညွတ်ကြကုန်သည် ဆို၏။ ဤသို့ ညီညွတ်ရခြင်းမှာ အလွန်အားနည်းနေသော ထေရဝါဒီရဟန်းတော်တို့မှာ အင်အားကြီးမားလှသော မဟာယာန်ဘုန်းတော်ကြီးတို့ အလိုသို့ လိုက်ကြလေသောကြောင့် ဖြစ်လေသည်။ ဤသင်္ဂါယနာကို အိန္ဒိယရာဇဝင်တို့၌ စတုတ္ထသင်္ဂါယနာဟု ခေါ်ကြသည်။ သို့သော် မဟာဝင်ကျမ်း၌ကား မပါရှိချေ။

ဒုတိယသင်္ဂါယနာကို အရှင်ယသထေရ်နှင့် ကာဠာသောကမင်းကြီးတို့က ဝေသာလီပြည်၌ တင်တော်မူလေသည်။ စတုတ္ထကို သီဟိုဠ်ကျွန်း၌ ဝဋ္ဋဂါမဏိမင်းကြီးလက်ထက်တွင် တင်တော်မူ၏။ ပဉ္စမကို ဘဝရှင်မင်းတုန်းမင်းကြီး လက်ထက် ရတနာပုံနေပြည်တော်၌ တင်တော်မူလေသည်။

ဤအတိုင်းပင် မဟာဝင်နှင့် ရာဇဝင်ကျမ်းတို့၌ လာရှိလေသည်။ ထို့ကြောင့် ကနိရှကမင်းကြီးလက်ထက်က ကသ္မီရပြည်တွင် တင်ခဲ့သော သင်္ဂါယနာကို မဟာယာန်သင်္ဂါယနာဟုသာ ယူဆအပ်ပေသတည်း။

## တရုတ်ပြည်သို့ သာသနာပြု စေလွှတ်ခြင်း

မစ္စတာဂျေဗီကျောက်ဒူရီ ဇာရတာဝဘျူလ္လတီဟာဆ်ခေါ် ဘင်္ဂလီဘာသာဖြင့် ရေးသားထားသော စာအုပ်တွင် ကနိရှကမင်းကြီးလက်ထက်က တရုတ်၊ တိဗက်စသော နိုင်ငံတို့သို့ သာသနာပြုစေလွှတ်ခဲ့ကြောင်း အောက်ပါအတိုင်း ဖတ်ရှုရလေသည်။

..............................................................................................................

..............................................................................................................

..............................................................................................................

..............................................................................................................

..............................................................................................................

..............................................................................................................

အထက်ပါ စာသည် ဘင်္ဂါလီဘာသာဖြစ်၍ မူအတိုင်းကို ခိုင်ခန့်သော သာဓကအဖြစ်ဖြင့် ဖော်ပြလိုက်ရပေသည်။

အဓိပ္ပါယ်မှာ... *"ကနိရှကမင်းကြီးသည် ဗုဒ္ဓဘာသာကြီးပွားရေးနှင့် ပျံ့နှံ့ရေးကို အခါခပ်သိမ်း လှုံ့လပြုခဲ့လေသည်။ အသောကမင်းကြီးကဲ့သို့ ကနိရှကမင်းသည်လည်း ဗုဒ္ဓသာသနာတော်ကြာမြင့်စွာ တည်စိမ့်သောငှာ သင်္ဂါယနာ တစ်ကြိမ် တင်တော်မူလေသည်။ ၎င်းပြင် တိဗက်,တရုတ်,နေပေါလ်,အာသံစသော ပြည်တို့သို့ သာသနာပြုပုဂ္ဂိုလ်များကို စေလွှတ်ခဲ့လေရာ ထိုတိုင်းပြည်တို့၌ ယခုတိုင် သာသနာတော်သည် တည်လျက် ရှိလေသေး၏"*

ဤစကားအစုဖြင့် အသောကမင်းကြီး၏ လက်ထက်က တရုတ်ပြည်သို့ သာသနာပြုပုဂ္ဂိုလ် မရောက်ခဲ့ကြောင်း ထင်ရှားလေသည်။ မဇ္ဈန္တိကထေရ်အမှူးရှိသော ငါးဦးသော ရဟန္တာထေရ်အရှင်တို့သည် ကသ္မီရတိုင်း၊ ၎င်းတိုင်းနှင့် ပထဝီအားဖြင့် ဆက်စပ်လျက်ရှိသော ဂန္ဓာရတိုင်းသို့သာ ကြွရောက်ခဲ့သည်ဟု မှတ်အပ်၏။ အကယ်၍ တရုတ်ပြည်သို့ သာသနာပြု ရောက်ရှိခဲ့သည် မှန်ပါက မြန်မာပြည်မှာကဲ့သို့ ထေရဝါဒီသာသနာသာလျှင် တည်ရှိသင့်သည်။ မဟာယာနသာသနာ ရှိနေမည် မဟုတ်ပေ။ ဤကနိရှကမင်းကြီးလက်ထက်သို့ကျမှ မဟာယာန် ဘုန်းတော်ကြီးတို့ သွားရောက် သာသနာပြုလေသောကြောင့် ယခုအခါ

မဟာယာနသာသနာ ထွန်းကားလျက် ရှိလေသည်။ ထို့အပြင် ကနိရှကမင်း လက်ထက်မှ ထုတ်ဝေခဲ့သော မဟာယာနကျမ်းစာတို့ကိုလည်း တိဗက်နှင့် တရုတ်ပြည်တို့၌သာ အများအားဖြင့် အသုံးပြုလျက်ရှိရကား ဤသည်လည်း ယုံကြည်လောက်သော သက်သေခံကြီးတစ်ရပ်ပင်တည်း။

## မဟာယာနဆိုတာ ဘာလဲ?

မဟာယာနဆိုသည်မှာ... မြတ်စွာဘုရားပညတ်တော်မူအပ်ခဲ့သော ဝိနည်းတရားကို သင်ကြားနာယူခြင်းမပြုဘဲ အကျင့်သီလဖြူစင်စွာ ကျင့်ကြံအားထုတ်က နိဗ္ဗာန်သို့ဝင်း၊ ထာဝရဘုံဘဝသို့လည်းကောင်း ရောက်နိုင်သည်ဟု အယူရှိသည်လည်း တစ်ကြောင်း၊ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်က ရုပ်တုတော်၊ ဆင်းတုတော်တို့ကို ကိုးကွယ်ရန် မဟောကြားခဲ့သော်လည်း လူရှင်အပေါင်းတို့၏ စိတ်ဓာတ်ကို ပသာဒ,နိဿယဖြစ်စေ၍ နိဗ္ဗာန်မဂ်ဖိုလ်သို့ ရောက်စေတတ်သော တရားမှာ ရုပ်ပွားတော်ကို ကိုးကွယ်ဆည်းကပ်သည်မှတပါး တခြားနည်းလမ်း မရှိဟု အယူရှိသည်လည်း တစ်ကြောင်း၊ ဂေါတမမြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ဝင်စံတော်မူလေပြီးသော်လည်း ထာဝရဘုရားကဲ့သို့ ဖြစ်နေဟန်လက္ခဏာရှိလေသည်ဟူ၍ အယူရှိသည်လည်း တစ်ကြောင်း၊ ဤကဲ့သို့ အယူရှိခြင်းကြောင့် ဘုရားရုပ်တုတော်များကို ကိုးကွယ်ဆည်းကပ်သည်သာမက နစဉ်ကာလကပင် ဖြစ်ခဲ့ဘူးသော ဗောဓိသတ္တခေါ် ဘုရားလောင်းရုပ်ပွားများကိုပါ ကိုးကွယ်ဆည်းကပ်ကြလေတော့သည်။

ထို့ပြင် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး ပါရမီတော်အဆူဆူတို့ကို ဖြည့်ကျင့်တော်မူမှ ရအပ်သော ဘုရားရှင်၏ ဘဝသည် မည်သည့် နည်းနှင့်မျှ ပရိနိဗ္ဗာန် မပြုတန်ရာ။ အကြင်အခါ ကမ္ဘာလောကဓာတ်ကြီး၌ နတ်,လူ,ဗြဟ္မာအပေါင်းတို့သည် တရားရှိအံ့၊ ထိုအခါ ကွယ်ပ၍ တစ်နေရာမှ ရှုစားနေလတ္တံ့။ အကြင်အခါ၌ တရားပျက်အံ့၊ ထိုအခါပြန်လည်၍ ပွင့်လာတော်မူလတ္တံ့ဟု ဟိန္ဒူဝါဒကဲ့သို့ အယူရှိကြလေသည်။

ဤမည်သောအကြောင်းတို့ကြောင့် မဟာယာနဂိုဏ်းဟု ပေါ်ပေါက်လာလေသည်။ ခရစ်နှစ် ၂၀၀-မှ ၉၀၀-အထိ မဟာယာနသာသနာသည် အိန္ဒိယပြည်ကြီး

တစ်ခုလုံးတွင် အလွန်စည်ပင် ပြန့်ပွားခဲ့ရာ၊ အရေးကြီးသော ကျောင်း, စေတီ, ပုထိုးစသည်တို့ကိုလည်း ဤဂိုဏ်းသားတို့ကသာ အုပ်ချုပ်ခဲ့ရလေသည်။

ထိုခေတ်က ထုလုပ်ခဲ့သော သိန်းသန်းကုဋေမကသော ဘုရားရုပ်တုတော်များနှင့် ဘုရားလောင်းရုပ်တုတော်များ အဝလောကိတေဿွာရအရုပ်များ၊ တာရာဒေဝီနတ်သမီးရုပ်များကို ကျောင်းတိုင်းပုထိုးတိုင်း၌ ယခုတိုင် အထင်အရှား တွေ့မြင် ရလေသည်။ **ဤမဟာယာန သာသနာကို ဗုဒ္ဓဝါဒနှင့် ဟိန္ဒူဝါဒ နှစ်ခုစလုံး ရောနှောထားသော သာသနာဟု ခေါ်ဆိုပါက မှားနိုင်မည်မဟုတ်ပေ။**

သို့သော် ကျွန်ုပ်တို့ ထေရဝါဒီသာသနာ၌လည်း ရုပ်တုတော်ကို ကိုးကွယ်သော အလေ့အလာမှာ ပရိနိဗ္ဗာန်စံဝင်တော်မူလေပြီးသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား အမှတ်တရရှိစေရန်နှင့် ကြည်ညိုခြင်းပသာဒ တိုးပွားကြစေရန်၊ သာသနာတော်လည်း မတိမ်ကော မပပျောက်စေရန် အဓိကရည်ရွယ်ချက် ရှိရကား ဤဓလေ့ထုံးစံမှာ အလွန်ပင် မွန်မြတ်လှပေသည်။

ဆက်လက်၍ ရေးသားရမည်ဆိုပါမူ ဘုရား,ကျောင်း,စေတီ,ပုထိုးတို့ကို မျက်မှောက်၌ အထင်အရှား ဖူးမြော်ကြရသဖြင့် သာသနာတော်ကြီးလည်း ယနေ့အထိ မတိမ်ကော မကွယ်ပနိုင်သေးဟု ဆိုနိုင်စရာ ရှိ၏။

ကမ္ဘာပေါ်တွင် ဘာသာကြီး လေးဘာသာရှိရာ အစ္စလာမ်ဘာသာမှတစ်ပါး အားလုံးသော ဘာသာတို့၌ ရုပ်တုတော်ကို ကိုးကွယ်ဆည်းကပ်ခြင်း အလေ့အလာသည် ရှိကုန်၏။ သို့သော် ရုပ်တုတော်ကို ကိုးကွယ်ဆည်းကပ်ခြင်းကား အစ္စလာမ်ဘာသာဝင်များအဖို့ ရောမဆန့်ကျင်ဘက်ကြီးတစ်ခုပေတည်း။

## သျှာဏ်ဝါဟန်မင်းဆက်

ခရစ် ၁၂၁-လောက်တွင် ကနိရှကမင်းကြီး နတ်ရွာစံလေသော် ၎င်း၏ အင်ပါယာကြီးမှာလည်း တရွေ့ရွေ့နှင့် ပျက်စီးခြင်းသို့ ရောက်ရလေသည်။ ဆက၊ ပါရဒ် အစရှိသော လူမျိုးတို့သည် အိန္ဒိယပြည်မြောက်ပိုင်း၌ အနှံ့အပြား ကြီးစိုးနေစဉ် အံ့ဒြလူမျိုးတို့သည်လည်း တောင်ပိုင်းအိန္ဒိယပြည်၌ တစ်စတစ်စ ပျံ့နှံ့လာလေ

သည်။ ထိုအံ့ဒြလူမျိုးတို့၏ မျိုးနွယ်ကို သျှာတ်ဝါဟန်မင်းဆက်ဟု အမည်တွင်စေလေသည်။

ထိုမင်းမျိုးတွင် ဂေါမနီပုတြသျှတကနီ အမည်ရှိသော မင်းသည် အိန္ဒိယရာဇဝင်ကြီး၌ ထင်ပေါ်ခဲ့လေသည်။ သျှာတ်ဝါဟန်မင်းတို့သည် ဇာတ်အားဖြင့် ဗြာဟ္မဏ ပုဏ္ဏားမျိုးဖြစ်သော်လည်း ဟိန္ဒူဘာသာနှင့် ဗုဒ္ဓဘာသာနှစ်ရပ်စလုံးကို အညီအမျှ ထောက်ပံ့ကူညီလေသောကြောင့် ဤမင်းလက်ထက်တွင် ဗုဒ္ဓဘာသာဘက်မှာ ဆုတ်ယုတ်မှုမရှိ။ ဤမင်းတို့သည် ခရစ် ၄၅၀-နှစ်အထိ စိုးစံခဲ့ပြီး၍ ကွယ်ပသွား လေသည်။

## ဂုတ္တမင်းလက်ထက် ရွှေခေတ်အိန္ဒိယ

မောရိယမင်းဆက်ပြုတ်ခဲ့ပြီးသည့်နောက် အိန္ဒိယပြည်ကြီး၏ နိုင်ငံရေးအခြေအနေမှာ အနှစ်(၅၀၀)လောက် မငြိမ်မသက်ဖြစ်ခဲ့ပြီးလျှင် ခရစ်(၄)ရာစု အစပိုင်းတွင် ဂုတ္တဝံသအမည်ဖြင့် မင်းတစ်ဆက် ပေါ်ပေါက်လာလေသည်။

## စန္ဒဂုပတ (စန္ဒဂုတ္တ) [AD 319 - 335]

ဤမင်းတို့၏ ပထမဆုံးမင်းမှာ စန္ဒဂုတ္တဖြစ်၍ သူသည် လိစ္ဆဝီမင်းတို့၏ အနွယ်တော်တစ်ဦးဖြစ်သူ ကုမာရဒေဝီမင်းသမီးနှင့် ထိမ်းမြားရစ်ပတ် လက်ထပ်တော်မူပြီးလျှင် ပါဋလိပုတ်နေပြည်တော်၌ ရာဇာဘိသေကကို ခံယူတော်မူလေသည်။ ဤမင်းသည် ဟိန္ဒူဘာသာဝင် တစ်ဦးဖြစ်သော်လည်း ကြင်ရာတော်မိဖုရားကြီး ကုမာရဒေဝီ၏ ပါးနပ်မှု၊ လိမ္မာမှုတို့ကြောင့် ဗုဒ္ဓဘာသာကိုလည်း ယုံကြည်လေသည် ဟူ၏။

ကြင်ရာတော်မိဖုရားကြီးသည် ဗုဒ္ဓသာသနာတော်အား အလွန်အမင်း ကြည်ညိုလှသဖြင့် နိုင်ငံတော်တစ်လျှောက်တွင် ထာဝစဉ် မဟာဒါနကြီးကို ပြုတော်မူလေသည် ဆို၏။ မြတ်စွာ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဓမ္မစကြာတရားဦးကို ဟောတော်မူရာ မိဂဒါဝုန်တော၌ ဓမ္မရာဇိကကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့လေသည်။ ကျောက်စာဘက်ဆိုင်ရာ အစီရင်ခံစာနှင့် ရာဇဝင်အချို့တွင်

ဟိုက်ဒြာဘတ် နယ်ရှိ အဂျန္တာလိုဏ်ဂူကြီးသည်ပင်လျှင် ဤမင်းမိဖုရားတို့၏ ကောင်းမှုတော် ဖြစ် ကြောင်း ရေးသားထားလေသည်။

## သမုဒြဂုတ္တ [AD 335 - 380]

ခရစ် ၃၃၅-ခုနှစ်တွင် စန္ဒဂုတ္တမင်းကြီး နတ်ရွာစံလေသော် သားတော် သမုဒြဂုတ္တမင်းသည် ဘခင်ရိုက်ရာကို ဆက်လက်စိုးစံတော်မူလေသည်။ ဂုတ္တမျိုးနွယ်တို့တွင် ဤမင်းသည် တန်ခိုးအာဏာအကြီးဆုံးသော မင်းဖြစ်၍ နိုင်ငံတော်အကျယ်အဝန်းမှာ အရှေ့ကို ဗြဟ္မပုတြ(Brahmaputra)မြစ်ထိ၊ တောင်ကို နမ္မဒါ(Narmada)မြစ်ထိ၊ နောက်ကို ယမုနာ(Yamuna)မြစ်ထိ၊ မြောက်ကို ဟိမဝန္တာ(Himalayas)မြစ်ထိ ဖြစ်လေသည်။

ဤမင်းကား ဗုဒ္ဓဘာသာကို လုံးဝမလိုလား သော ဟိန္ဒူအယူသည်းတစ်ဦးဖြစ်၍ တိုင်းပြည်ရှိ ပုရောဟိတ်ပုဏ္ဏားတို့၏ စကားကို လိုက်နာပြီးလျှင် ဗုဒ္ဓဘာသာကို အနနည်းနှင့် ဖျက်ဆီးလေသည်။ ရဟန်းမခံရ၊ တရားမဟောရ စသည်ဖြင့် ဥပဒေ ထားလေသည်။

သူသည် (၆)ကြိမ်တိုင်အောင် အဿမေဓယဇ်ခေါ် မြင်းယဇ်ကို ပူဇော်လေသည်။ သို့သော် **ထိုစဉ်အခါက အိန္ဒိယပြည်၏** ပညာရေးသည်ကား ဗုဒ္ဓဘာသာရဟန်းတော်တို့နှင့် ဗုဒ္ဓဘာသာဝင်ပညာရှိကြီးတို့၏ လက်ထဲတွင် ရှိနေသဖြင့် ဗုဒ္ဓဘာသာ ဆုတ်ယုတ်နစ်နာမှု လုံးဝ မရှိခဲ့ပေ။[9] ဗြာဟ္မဏပုဏ္ဏားမျိုးတို့သည် ရာဇအပူဇော်ကို ခံယူလေရ လေသဖြင့် အထူးသဖြင့် ပလွှားနိုင်ကြလေသည်။

## ဒုတိယ စန္ဒဂုတ္တမင်း [AD 380 - 431]

[9] မင်းမကောင်းသော်လည်း ဆရာကောင်းလျှင် သာသနာ မဆုတ်ယုတ်နိုင်ဟု မှတ်ရမည်။ အပြန်အားဖြင့် မင်းကောင်းသော်လည်း ဆရာမကောင်းလျှင် သာသနာ ဆုတ်ယုတ်နိုင်သည်ဟု မှတ်ပါ။

သမုဒြဂုတ္တမင်း ကံတော်ကုန်လေသော် ၎င်း၏ ဒုတိယသားတော် ဒုတိယ စန္ဒဂုတ္တဝိကြမာဒိတျသည် ဘခင်၏ အရိုက်ရာကို ဆက်လက် စိုးစံပြန်လေသည်။

ဤမင်းလက်ထက်တွင် ဆုံဂလူမျိုးတို့၏ နိုင်ငံတော်သို့ ဝင်ရောက် တိုက်ခိုက်သဖြင့် အောင်မြင်တော်မူလေသည်။ ဤမင်းကား စာပေကို အလွန် ဝါသနာပါသူဖြစ်၍ ကဗျာလင်္ကာအမျိုးမျိုးတို့ကို သက္ကဋဘာသာဖြင့် ပညာရှိကြီးတို့အား ရေးသားစီကုံးစေလေသည်။ ရာဇဝင်ဆရာအချို့က မဟာကဝိ ကာလီဒါသမှာ ဤခေတ်တွင် ပေါ်ပေါက်ခဲ့သည်ဟု ရေးသားကြပြန်၏။ ဤမင်းလက်ထက်တွင် ဗုဒ္ဓဘာသာနစ်နာမှု မရှိခဲ့ပေ။

## ကုမာရဂုတ္တမင်း [AD 414 - 455]

ဒုတိယစန္ဒဂုတ္တမင်း နတ်ရွာလားလတ်သော် ခရစ် ၄၁၄-ခုနှစ်တွင် ၎င်း၏ ဒုတိယသားတော် ကုမာရဂုတ္တမင်းသည် ဘခင်၏ သီဟာသနပလ္လင်ကို သိမ်းပိုက်တော်မူလေသည်။ ဤမင်းကား အဿမေဓယဇ်ကို ပူဇော်လိုသဖြင့် ရဟန်းတော်တို့အား ရာဇပရိယာယ် အမျိုးမျိုးဖြင့် ချုပ်ချယ်ပြန်လေသည်။

ဤမင်းလက်ထက်တွင် ဟုန်းအမည်ရှိသော တောင်သူလူမျိုးတို့သည် ဂုတ္တနိုင်ငံတော်သို့ ဝင်ရောက်တိုက်ခိုက်ကြလေရာ မင်းကြီးနှင့် သားတော်ဆကန္ဒဂုတ္တမှာ အကြိမ်ပေါင်းများစွာ သွားရောက်နှိမ်နင်းရလေသည်။ ဗုဒ္ဓဘာသာတို့အဖို့ ဆုတ်ယုတ်မှုကား မရှိခဲ့။

ကုမာရဂုတ္တမင်း နတ်ရွာစံလေလျှင် အိမ်ရှေ့မင်းသားဖြစ်သော သားတော် ဆကန္ဒဂုတ္တ(Skandagupta)မင်းသည် ခရစ် ၄၅၅-ခုနှစ်တွင် ရာဇာဘိသေကကို ခံယူတော်မူလေသည်။ ဤမင်းလက်ထက်၌ ဟုန်းလူမျိုးတို့ ခဏခဏ ဝင်ရောက်ကြလေသည်။ သို့သော် အောင်မြင်ခြင်းသို့ကား မရောက်ခဲ့။ ဆကန္ဒဂုတ္တမင်း နတ်ရွာစံလေသော် ၎င်း၏ အင်ပါယာကြီးမှာ တဖြည်းဖြည်း ပျက်စီးသွားလေသည်။

*<u>မှတ်ချက်</u>။ ။ ဆကန္ဒမင်း၏နောက် ပုရုဂုတ္တ, ကုမာရဂုတ္တ(၂), ဗုဓဂုတ္တ, နရသီဟဂုတ္တ, ကုမာရဂုတ္တ(၃), ဗိဿနီးဂုတ္တ-စသည်ဖြင့် များစွာ ကျန်းသေးသော်လည်း နန်းသက်မရှည်ပဲ တဖြည်းဖြည်း ဆုတ်ယုတ်ပျက်စီးသွားသည်။*

ဂုတ္တခေတ်ကို အိန္ဒိယရာဇဝင်တို့၌ (Golden Period / Age)[10] ရွှေခေတ်ဟု ခေါ်ဆိုထား၏။ အကြောင်းဆိုသော်... ဤခေတ်တွင် အိန္ဒိယနိုင်ငံတော် ကြီးမှာ အကြွယ်ဝဆုံးသော အဆင့်အတန်းသို့ ရောက်ခဲ့သည်သာမက ဓာတုဗေဒပညာ, စိတ်ပညာ, ကဗျာလင်္ကာကဗျာ, နာဋကပညာ (အနုပညာကို ဆိုလိုသည်), သင်္ချာပညာ, ဇောတိပညာ, ဒရ်သျှုန်ပညာနှင့် ဗိသုကာပညာတို့မှာ အထူးသဖြင့် ထွန်းကားခဲ့လေသည်။

ဤခေတ် ဗိသုကာကြီးတို့ထံမှ အမွေရထား လိုက်သော ဟိုက်ဒြာဘတ်နယ်ထဲရှိ အဂျန္တာလိုဏ်ဂူကြီးမှာ စံနမူနာတစ်ခုဖြစ်၍ သွားရောက်ဖူးမြော်သူတိုင်း မအံ့သြမချီးမွမ်းဘဲ မနေနိုင်။

ဤအကြောင်းနှင့် စပ်လျဉ်း၍ အကျယ်ကို သိလို လျှင် The Architectural surve of India ခေါ် စာအုပ်ကို ဖတ်ရှုကြည့်ပါ။

## တရုတ်ဘုန်းတော်ကြီး ဖာဟီယန်

မဟာဗောဓိအကြောင်းတွင် ဖော်ပြခဲ့ပြီးသော တရုတ်ဘုန်းကြီးဖာဟီယန်သည် ဒုတိယစန္ဒဂုတ္တမင်းလက်ထက်တွင် အိန္ဒိယပြည်သို့ ဘုရားဖူးရောက်ခဲ့၏။ ထိုခေတ်အိန္ဒိယ၏ အခြေအနေကို အကျယ်တဝင့် ရေးသားခဲ့ရာတွင် ယင်းခေတ်အခါက နိုင်ငံသူ,နိုင်ငံသားတို့သည် အများအားဖြင့် သက်သတ်လွတ် စားကြသည် ဆို၏။ အချို့သော နေရာတို့၌ ကြက်သွန်ကိုပင် ကြဉ်ရှောင်ကြသည် ဟူ၏။

[10] တီထွင်မှု,ရှာဖွေတွေ့ရှိမှုများကြောင့် အောက်ပါပညာရပ်များ ထွန်းကားခဲ့သည်။ science လောကဓာတ်(ခေတ်ဟောင်းသိပ္ပံ)၊ technology အသုံးချသိပ္ပံ (ခေတ်သစ်သိပ္ပံ)၊ engineering အင်ဂျင်နီယာ၊ art အနုပညာ၊ dialectic ယုတ္တိဗေဒ၊ literature စာပေ၊ logic တက္ကဗေဒ၊ mathematics သင်္ချာ၊ astronomy နက္ခတ်တာရာ၊ religion ဘာသာအယူဝါဒ၊ philosophy ဒဿနိကဗေဒ(အတွေးအခေါ်)

ဤဘုန်းတော် ကြီးသည် အိန္ဒိယပြည်ကြီး၏ အခြေအနေကို သူ၏ မှတ်တမ်းတွင် ရေးသားထားခဲ့လေသည်။ ကျွန်ုပ်တို့အဖို့ ယခုကဲ့သို့ မှတ်ဖွယ်အကြောင်းအထွေထွေတို့များကို ရေးသားထားခဲ့သော ဘုန်းတော်ကြီး ဖာဟီယန်အား အထူးကျေးဇူးတင်သထိုက်ပါပေသတည်း။

## ရာဇဝင်ကွယ်သော ခေတ်

ဂုတ္တမင်းဆက် ကွယ်ခဲ့ပြီးသည့်နောက် နိုင်ငံရေးအခြေအနေမှာ ငြိမ်ဝပ်ပိပြားခြင်း မရှိတော့ဘဲ ဆူပူသောင်းကျန်း ထကြွကြလေရာ တစ်မြို့,တစ်နယ်,တစ်ပြည်,တစ်မင်းဖြစ်ပြီး အစိတ်စိတ်အမြွာမြွာ ကွဲခြင်းသို့ ရောက်ရလေသည်။ ဤသို့နှစ်ပေါင်း(၂၅၀)လောက် ကွဲပြားလျက် ရှိခဲ့ရကား ရာဇဝင်လည်း ကွယ်ပခဲ့လေသည်။

## ဟာရ်သျှဝါဒနေ သီလာဒိတြမင်း

ခရစ်နှစ် (၆)ရာစု အလယ်လောက်တွင် ပြဘာကဝါဒနေအမည်ရှိသော မင်းတစ်ပါး ပေါ်ပေါက်လာလေသည်။ ၎င်းမင်း၌ ရာဇယဝါဒနေ, ဟာရ်သျှဝါဒနေဟူ၍ သားတော်နှစ်ပါးနှင့် ရာဇယသျှရီ အမည်ရှိသော သမီးတော်တစ်ပါး ရှိလေသည်။ သမီးတော် ရာဇယသျှရီကို ကာညကုဗ္ဗဇမင်း ဂြဟဗာရ်မာနှင့် ထိမ်းမြားလေသည်။

ဤခေတ်တွင် ဘင်္ဂလားပြည်အလယ်ပိုင်း၌ ရာဇာဆာဆင်္ကာ အမည်ရှိသော မင်းတပါးသည်လည်း ပစ္စုပ္ပန်အခါ၌ မုရှိဒါဘဒ်ခေါ်သော မြို့အနီးရှိ ကန္ဒသုဝဏ္ဏမြို့တော်တွင် ထီးနန်းစိုက်လေသည်။ ဆာဆင်္ကာသည် မဟာရာဇဓိရာဇ်ဘွဲ့ထူးကို ခံယူတော်မူပြီးသည့်နောက် တစ်ပါးသော မင်းတို့၏ နိုင်ငံသို့ ကျူးကျော် ဝင်ရောက်တိုက်ခိုက်လေရာ မြောက်ဘက်ကို ဗာရာဏသီမြို့ထိ၊ တောင်ဘက်ကို ဩရိစ္စနယ်ထိ အောင်မြင်တော်မူလေသဖြင့် အင်ပါယာကြီးမှာ တစ်စတစ်စ ကျယ်ဝန်းလာလေသည်။ ဤမင်းကား သီဝ(သျှိဂ)ခေါ် ထာဝရဘုရားကို ကိုးကွယ်သော ဟိန္ဒူယူအသည်းမင်းဖြစ်၍ မာဂဓနေပြည်တော်နှင့်တကွ သူ၏ နိုင်ငံတော်တစ်လျှောက်တွင် နေထိုင်သီတင်းသုံးကြကုန်သော ရဟန်းတော်တို့အား

ခံယူတော်မူပြီးသည့်နောက် တစ်ပါးသော မင်းတို့၏ နိုင်ငံသို့ ကျူးကျော် ဝင်ရောက်တိုက်ခိုက်လေရာ မြောက်ဘက်ကို ဇာရာဏသီမြို့ထိ၊ တောင်ဘက်ကို ဩရိဿနယ်ထိ အောင်မြင်တော်မူလေသဖြင့် အင်ပါယာကြီးမှာ တစ်စတစ်စ ကျယ်ဝန်းလာလေသည်။ ဤမင်းကား သီဝ(သျှီဝ)ခေါ် ထာဝရဘုရားကို ကိုးကွယ်သော ဟိန္ဒူယူအသည်းမင်းဖြစ်၍ မာဂဓနေပြည်တော်နှင့်တကွ သူ၏ နိုင်ငံတော်တစ်လျှောက်တွင် နေထိုင်သီတင်းသုံးကြကုန်သော ရဟန်းတော်တို့အား အပြစ်အမျိုးမျိုးရှာ၍ သတ်ဖြတ်လေသည့်အပြင် ဘုရားပွင့်တော်မူရာ မဟာဗောဓိပင်ကိုလည်း ခုတ်ဖြတ်မီးရှို့ခဲ့လေသည်။

ဤအကြောင်းနှင့် စပ်လျဉ်း၍ ကျွန်ုပ်သည် (Mr.L.L.S.O.Malley,s Bengal, District Gazetteer chapter III ; Page No.45) မစ္စတာမာလေ၏ ဘင်္ဂေါ ဒိစတြိတ် ဂဇက်တီယာ အခန်း(၃) စာမျက်နှာ(၄၅)တွင် ဤသို့ ဖတ်ရှုရလေသည်။

"About 600 A.D Sasanka the king of central Bengal who was a worshipper of Siva and a fanatical enemy of Buddhism dug up and burnt the Bodhi tree, but it was replanted by Purna Varma, the king of Magadha who surrounded it with a walling order to prevent it being out down again."

အဓိပ္ပါယ်မှာ *"ခရစ်(၆)ရာစုလောက်က သီဝဘုရားကို ကိုးကွယ်ဆည်းကပ်၍ ဗုဒ္ဓဘာသာဝင်တို့၏ သာသနာ့ရန်သူကြီးတစ်ဦးဖြစ်သူ ဘင်္ဂလားအလယ်ပိုင်း ဘုရင်ဆာဆင်္ကာသည် ဗောဓိပင်အား အမြစ်ရင်းကပင် တူးဖော်ပြီး မီးရှို့ပစ်လေသည်၊ သို့သော် မဂဓတိုင်းပြည့်ရှင် ဘုရင်ပူရ်ဏဗာမာသည် ထိုနေရာ၌ ပြန်လည်စိုက်ပျိုးပြီးလျှင် နောင်သောအခါ ဤကဲ့သို့ မဖျက်ဆီးနိုင်ရန် ကျောက်လက်ရမ်းကြီးဖြင့် ကာရံထားခဲ့လေသည်"*

ဤတွင်မကသေးဘဲ ဗုဒ္ဓဘာသာဘုရား၊ ကျောင်းကန်တို့၌ သီဝဘုရားနှင့် ကြင်ရာတော်ပြဘာဝတီတို့၏ စပ်ယှက်လျက်ရှိနေသော လိင်ရုပ်ကြီးများ (လိင်ဆက်ဆံနေသည့် ရုပ်တုကို ဆိုလိုသည်)ကို ဌာပနာခြင်း၊ ကျောင်းကန်အချို့ကို နတ်နန်းသဘွယ် အသုံးပြုပြီး ယဇ်ပူဇော်စေခြင်း အစရှိသော ဘာသာရေး ချုပ်

ချယ်မှုတို့ကို ဤမင်းလက်ထက်၌ အလူးအလဲ ခံခဲ့ကြရရှာလေသည်။ သို့သော် ဗုဒ္ဓဘာသာကား အစမတုံးသေး။ သူ၏ အာဏာစက်မရောက်သော နယ်, ပြည်တို့၌ ထွန်းကားလျက်ပင် ရှိသေး၏။

ပြဘာကမင်းကြီး ကံတော်ကုန်လေသော် သားတော်ကြီးရာဇယဝါဓနသည် ဘခင်၏ အရိုက်အရာကို ဆက်လက်စိုးစံလေသည်။ မာလဝပြည်ရှင် ဘုရင်ဒေဝဂုတ္တသည် ဆာဆင်္ကာမင်းနှင့် မဟာမိတ်ပြုပြီးလျှင် ရာဇယဝါဓနမင်းကြီး၏ ယောက်ဖတော် ကာညကုဗ္ဗဇမင်းကို သတ်၍ နမတော်ရာဇယသျှရီအား မတော်မတရား စော်ကားသည်ကို ကြားသိတော်မူလေသည်။ ထိုသို့ ကြားသိရလေသော် အလွန်ပင် အခဲမကြေနိုင်ဘဲ ရှိရကား ကာညကုဗ္ဗဇပြည်သို့ ချက်ချင်း စစ်ချီတော်မူပြီးလျှင် ဒေဝဂုတ္တမင်းအား နှိမ်နင်းတော်မူလေသည်။ သို့ရာတွင် ဆာဆင်္ကာ၏ သတ်ဖြတ်မှုကြောင့် ရာဇယဝါဓနမင်းကြီးမှာ အနိစ္စရောက်ရလေသည်။

ရာဇယဝါဓနတ်မင်းကြီး အနိစ္စရောက်လေသော် ညီတော်ဟသျှဝဒ္ဓသီလာဒိတ္တမင်းသည် အစ်ကိုတော်၏ အရိုက်အရာကို ဆက်လက် စိုးစံတော်မူလေသည်။ ဤမင်းသည် ကာမရူပတိုင်းကို စိုးစံတော်မူသော ဗာဆကရ်ဗာရ်မာနှင့် မဟာမိတ်ဖွဲ့ပြီးလျှင် ဆာဆင်္ကာသို့ စစ်ကြေညာလေသည်။ လေးနှစ်တိုင်တိုင် ကြောက်မက်ဖွယ်ကောင်းသော စစ်ပွဲကြီး ဖြစ်ခဲ့ရလေသည်။ နောက်ဆုံး၌ သူသည် ဆာဆင်္ကာမင်း၏ အသက်ဇီဝိန်ကို ချွေလိုက်ပြီးသည့်နောက် တစ်ပါးသော နိုင်ငံတို့ကိုလည်း တိုက်ခိုက်အောင်မြင်တော်မူလေရာ သူ၏ အင်ပါယာကြီးမှာ တနေ့တခြား ကျယ်ဝန်းလာလေတော့၏။

### တရုတ်ဘုန်းတော်ကြီး ဟူယင်ဆန် (Hiuen Seing)

ဤမင်းလက်ထက်တွင် ဟူယင်ဆန်အမည်ရှိသော တရုတ်ဘုန်းတော်ကြီး တစ်ပါးသည် အိန္ဒိယပြည်သို့ ဘုရားဖူး ရောက်ခဲ့၍ ဖာဟီယန်နည်းတူ မှတ်ဖွယ်၊ သားဖွယ်ကောင်းသော ခေတ်၏ အခြေအနေနှင့် ဗုဒ္ဓဘာသာတို့၏ အကြောင်း အတ္ထုပ္ပတ္တိများကို ရေးသားထားခဲ့လေသည်။

ထိုမှတ်တမ်းမှ သိရှိရသည်မှာ "ရာဇာဟာရ်သျှဝါဓနမင်းကြီးသည် မင်းကျင့်တရားဆယ်ပါးနှင့်ညီသော မင်းတစ်ပါး ဖြစ်၍ အလှူဒါန အရာ၌လည်း အလွန်ပင်

ရက်ရောလှသည်"ဟူ၏။ ကဝိဝါဏာဗဋ္ဋသည် ရာဇဂုရုဖြစ်၍ "ဟသျှစရိတ" အမည်ရှိသော ဟသျှမင်းကြီး၏ အတ္ထုပ္ပတ္တိ(Biography)ကို ရေးသားသီကုံးခဲ့လေသည်။ မင်းကြီးသည် နိုင်ငံတော်သူ၊ နိုင်ငံတော်သားတို့၏ ကြွယ်ဝချမ်းသာမှုနှင့် အကျင့်စာရိတ္တဖြူစင်မှုကို အခါခပ်သိမ်း လိုလား၏။ ဘာသာတရား၌ အယူမသည်းလှပေ။ အလုံးစုံသော ဘာသာကို အညီအမျှပင် ထောက်ပံ့သည် ဆို၏။

ဇာဂဒိဆ်ချန္ဒရယောဆ်၏ ရာဇဝင်၌... *"ဟသျှမင်းကြီး နတ်ရွာစံမည့်နှစ်တွင် လုံးဝဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သွားကြောင်း၊ သူသည် ဟူယင်ဆန်အား အထူးမြတ်နိုး ကြည်ညိုလှသဖြင့် ကာညကုဗ္ဗဇအရပ်၌ ကျောင်းတော်ကြီး တစ်ဆောင်နှင့် ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသော ဓမ္မာရုံကြီးတစ်ခုကို ဆောက်လုပ်ပြီးလျှင် ဟူယင်ဆန်ထံ၌ အမြဲ တရားတော် ကြားနာလေသည်"*ဟူ၏။

မစ္စတာဂျေစီကျောက်မှုရီ၏ စာအုပ်၌ ဖတ်ရှုရသည်မှာ... *"ဟသျှမင်းကြီးသည် နတ်ရွာမစံမီ (၅)နှစ်လောက်တွင် "သန္တောသခေတ္တ"မည်သော ပွဲသဘင်ကြီး တစ်ခုကို ဆင်ယင်ကျင်းပလေသည်။ ထိုပွဲတော်ကြီးသို့ ဟူယင်ဆန်သည်လည်း ကြွရောက်ခဲ့သည် ဟူ၏။*

*ဤပွဲသဘင်ကြီးကို ဆင်ယင်စီမံသောငှာ မင်းကြီးသည် များစွာလှပန်သော ကျောင်းတော်ကြီးတို့ကိုလည်းကောင်း၊ ယာယီစေတီများနှင့် မန္ဒိရ(နန်းတော်၊ အိမ်)များကိုလည်းကောင်း ကျယ်ပြန့်သော မြေပြင်၌ ဆောက်လုပ်စေလေသည်။ အပြင်ဘက်မှ စစ်သည်တော်တို့အား ခြံရံစောင့်ရှောက်စေလေသည်။ မင်းကြီးသည် ပထမရက်၌ ကြီးကျယ်သော မဟာဒါနကို ပေးလှူတော်မူပြီး၍ ဗုဒ္ဓရုပ်ပွားတော်ကို ဦးခေါင်းထက်သို့ ပင့်တော်မူပြီးလျှင် ရဟန်း၊ပုဏ္ဏား၊အမတ်၊မိဖုရားစသော အခြွေအရံအပေါင်းတို့ ခြံရံပြီးလျှင် စီတန်းလှည့်လည်တော်မူလေသည်။ ထို့နောက် (၂)ရက်တိုင်တိုင် နေနှင့် သီဝဘုရားကို ပူဇော်ပြန်လေသည်။ ဤသို့လျှင် ရက်(၂၀)တိုင်တိုင် ဗုဒ္ဓရဟန်းတော်များနှင့် ပုဏ္ဏားများအား လှူဒါန်း ကျွေးမွေး ပြန်လေသည်။ ထို့နောက် (၁၀)ရက်တိုင်တိုင် အာဇီဝကရဟန်းတို့အား ကျွေးမွေးပြန်လေသည်။ ထို့နောက် ရက်ပေါင်း(၃၀)တိုင်တိုင် ဆင်းရဲသူ၊ ဆင်းရဲသားတို့အား အဝတ်အစား၊ ဆေးဝါးများနှင့် ကြေးငွေများမှားကို လှူဒါန်းပြန်လေသည်။*

*ဤသို့လျှင် (၇၅)ရက်တိုင်တိုင် ကြီးစွာသော မဟာဒါနကို ပြုတော်မူပြီးသည့်နောက် မင်းတရားကြီး၏ အဆုံးစွန်သောနေ့၌ မိမိ၏ ပုလဲသွယ်နှင့် ရွှေဘယက်တန်ဆာစသည်တို့ကို ရဟန်းတော်များအား လှူဒါန်းတော်မူပြီးလျှင် မိမိကိုယ်တိုင် ဒုလ္လဘရဟန်းခံတော်မူလေသည်။ ရဟန်းမှ လူထွက်ပြီးမှလည်း သူတော်ကောင်း၊ သူမြတ်လောင်းတို့အသွင်ဖြင့် ဝတ်ဆင်ပြီးလျှင် တရားနှင့်သာ မွေ့လျော်လျက်နေလေသည်။ ဒါတွင် မကာသေးဘဲ မင်းဖြစ်သည်မှ (၅)ရက်အတွင်း စုဆောင်း၍ ရရှိအပ်သော အခွန်ဘဏ္ဍာတော်တို့ကိုလည်း တိုင်းပြည်ကို စောင့်ရှောက်ရန်ထားသော ဆင်,မြင်း,လက်နက်တို့ကို ချန်လှပ်၍ အကုန်အစင် လှူဒါန်းတော်မူလေသည်"*

အထက်ပါ စကားရပ်များအရ ဟသျှမင်းကြီးသည် ရှေ့အဖို့၌ Theosophy[11] သဘောမျိုးလို ဘာသာတိုင်း ဘာသာတိုင်းကို ယုံကြည်သော်လည်း နောက်အဖို့၌ လုံးဝဗုဒ္ဓဘာသာ ဖြစ်သွားလေသည် ဆို၏။ ဤစကားသည် ယုတ္တိရှိ၏။

## ဘင်္ဂလားပြည် ပါလမင်းများ

ဝင်္ဂတိုင်း၊ ဘင်္ဂလားပြည်၌ ဆာဆင်္ကာမင်း နတ်ရွာစံကံတော်ကုန်လေသော် တိုင်းပြည်ကြီးမှာလည်း အစိတ်စိတ်အမြွှာမြွှာ ကွဲပြားခြင်းသို့ ရောက်ရလေသည်။ ဤသို့ ကွဲပြားပြီး အချင်းချင်း မသင့်မမြတ်ဖြစ်နေသော အခြင်းအရာတို့ကို မခံနိုင်ကြသော တိုင်းသူပြည်သားတို့သည် ဂေါပါလဒေဝအမည်ရှိသော လူပညာရှိကြီး တစ်ဦးကို မင်းမြှောက်ကြလေသည်။ ဂေါပါလဒေဝမင်း နန်းတက်ပြီးသည့်နောက် နိုင်ငံတော်အတွင်း၌ ဖြစ်ပွားလျက်ရှိသော ဆူပူသောင်းကျန်းမှုကြီးမှာ တဖြည်းဖြည်း ငြိမ်းအေးသွားလေတော့သည်။

## ဓမ္မပါလမင်း

ဂေါပါလမင်း နတ်ရွာစံပြီးနောက် သားတော်ဓမ္မပါလသည် ခရစ်(၈)ရာစုလောက်တွင် ဆက်လက်နန်းတက်ပြန်လေသည်။ ပါလမင်းတို့တွင် ဤမင်းသည် သူရသတ္တိနှင့် ပြည့်စုံသော မင်းတစ်ပါးဖြစ်၍ သူ၏ အင်ပါယာမှာ ဘင်္ဂလားပြည်မှ

---

[11] Theosophy အဖွဲ့အစည်းကို New York City (1875) ၌ တည်ထောင်ခဲ့။

ယခုအခါ အာဖဂန်နစ္စတန်ခေါ်သော ဂန္ဓာရတိုင်းသို့ထိ ကျယ်ပြန့်လေသည်။ ဘီဟာနယ်တွင် ကျော်စောထင်ရှားခဲ့သော ဝိက္ကမသီလာကျောင်းတော်ကြီးကို ဤမင်းလက်ထက်တွင် စတင်ဆောက်လုပ်လေသည်။ ၎င်းကျောင်းတော်ရာသည် ယခုအခါ သီလဝရွာအနီးတွင် တည်ရှိလေသည်။

ဤရွာအကြောင်းနှင့် စပ်လျဉ်း၍ မစ္စတာမာလေ၏ ဘီဟာနှင့် ဩရိစ္စ ဂဇက်တီယာ (Bihar and Orissa District Gazetteer by Mr. L.S.S.O. Malley I.C.S) စာမျက်နှာ နံပါတ်(၂၃၃)တွင် အောက်ပါအတိုင်း ရေးသားထားလေသည်။

Silava village in the Bihar Sub-division ten mile south of Bihar light railway the village is a large grain mart and contain a police station. It said that the best Basumati rice in the district ware obtained here and the place has. Also a local reputation for the excellence of it parched rice and its station for the excellence of it parched rice and its was mainly sold to pilgrim on their way to Rajgir aria contains two tombs and a mosque with numerous inscriptions in Persian and Arabic characters the mosque is of ordinary kind without cloisters attached. It is paved with stone and mortar and the floor in front is paved with stone. The Whole of the stone was obtained from one mass of buildings the pavement is under one mass of imbedded pillars and proves that the building destroyed to furnish the profusion of materials must have been numerous and extensive.

အဓိပ္ပါယ်မှာ... *"ဘီဟာမြို့ ဆပ်ဒီဗီဇံနယ်၌ရှိသော သီလဝရွာသည် ဘီယာမြို့မှ (၁၀)မိုင်ကွာဝေးသော အတ္တိယာယူနှင့် ဘီဟာရထားလိုင်းငယ်ပေါ်တွင် တည်ရှိလေသည်။ ၎င်းရွာသည် ကောက်ပဲသီးနှံရောင်းဝယ်ရာ၌ ဌာနတစ်ခု ဖြစ်လေသည်။ ခရိုင်နယ်တွင် ပထမတန်းစားဖြစ်သော ဘတ်စုမတီဆန်ကို ဤရွာမှာပင် ရနိုင်သည်။ ၎င်းပြင် ကောင်းမွန်သော မုန့်ကြော်များနှင့် မုန့်ဆန်းများ ထွက်ခြင်းကြောင့် ရွာ၏ အမည်မှာ ထင်ပေါ်ကျော်စောလျက် ရှိလေသည်။ ထိုစားသောက်ဖွယ်ရာများကို မီးရထားလမ်းမဖောက်လုပ်မီကပင် ရာဇဂြိုဟ်သွား ဘုရား*

*ဖူးသားတို့အား ရောင်းချရလေသည်။ သီလဝရွာ၌ ဇလီကြီးတစ်ခုနှင့် အရိုးဂူနှစ်ခု ရှိ၏။ ထိုအရိုးဂူများနှင့် ဇလီကြီးတွင် အာရဗီအက္ခရာကို ပါးရှားဘာသာစကားဖြင့် ရေးထိုးထားသော ကျောက်ကမ္ပည်းများ ရှိလေသည်။ ဇလီကျောင်းကြီးများပေါ်၌ မျှော်စင်မပါဘဲ ရိုးရိုးမျှသာ ဖြစ်လေသည်။ ရှေ့ဘက်သမံတလင်းကို ကျောက်ဖြင့် ခင်းထားလေရာ ထိုပစ္စည်းများမှာ ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာဝင်တို့ ပိုင်ဆိုင်သော အဆောက်အအုံတို့မှ ယူထားခြင်းဖြစ်ပြီး၊ သမံတလင်းနေရာကား မြေထဲ မြုပ်လျက်ရှိသော ကျောက်တိုင်တို့၏ နေရာဖြစ်သည်။ ယခုကဲ့သို့ အနှံ့အပြား အသုံးပြုထားသော ဝတ္ထုပစ္စည်းများကို မြင်ခြင်းဖြင့် (မူဆလင်လက်ချက်ဖြင့်) ဖျက်ဆီးခံရသော အဆောက်အအုံများမှာ မည်မျှများပြား ကျယ်ပြန့်ကြောင်းကို ထင်ရှားစေလေသည်"*

This tradition is explained by the fact Silava is contraction of Vikkamasila the name of one of the most famous of Buddhist monasteries in India. According to the Tibetan Chronicles, we know that the monastery was a great seat of learning in 11$^{th}$ century when it ware ruled over by Atisha or Dipankara Srijana who had been proclaimed as Dhammapala of Magadha. He left it at the invitation from the king of Tibet and succeeded in reforming the decreased form of Buddhism them prevalent in that country (1038-53) the monastery of Vikkamasila appeared to have flourished till it ware burnt by the Muslim invaders.

(Report Archaeological Survey of India Vol. VIII by Sarat Chandra Das Life of Atisha J.A.S.B. Vol.X, part.1, 1891)

အဓိပ္ပါယ်မှာ... *"ဤသီလဝရွာ၏ နေရာသည် ဝိက္ကမသီလာကျောင်းတော်ရာကြီး ဖြစ်ဟန်လက္ခဏာရှိသည်ဟု အစဉ်အလာ ပြောဆိုကြသည်။ ထိုကျောင်းတော်ကြီးသည် အိန္ဒိယပြည်တွင် အမည်နာမ ကျော်ကြားခဲ့သော ကျောင်းတော်ကြီးများထဲတွင် တစ်ကျောင်းအပါအဝင် ဖြစ်လေသည်။ တိဗက်လူမျိုးတို့၏ မှတ်တမ်းများမှ သိရှိရသည်မှာ ထိုကျောင်းတော်ကြီးကို အတိသျှခေါ် ဒီပင်္ကရာ သိရီ*

*ဇာန အုပ်ချုပ်ခဲ့သော ခရစ်(၁၁)ရာစုလောက်တွင် ခမ်းနားကြီးကျယ်သော တက္ကသိုလ်ကြီးတစ်ခု ဖြစ်လေသည်။ သူ့အား မဂဓတိုင်းကြီး၏ မြေမာမကာဟု ကျော်ကြားထင်ပေါ်ခဲ့လေသည်။ ထိုအရှင်သည် တိဗက်ရှင်ဘုရင်၏ ဖိတ်မန္တကပြုချက်အရ ဤကျောင်းတော်ကြီးမှ ထွက်ခွါပြီးလျှင် ဖောက်ပြန်နေသော တိဗက်သာသနာကို ခရစ်(၁၀၃၈-၅၃)ခုနှစ်တွင် သုတ်သင်ရှင်းလင်းလေသဖြင့် အောင်မြင်တော်မူလေသည်။*

*ဤဝိက္ကမသီလာ ကျောင်းတော်ကြီးသည် မူဆလင်တို့ ကျူးကျော်ဝင်ရောက်၍ မီးရှို့ဖျက်ဆီးပစ်လေသည့်အချိန်တိုင်အောင်အထိ စည်ပင်ခဲ့လေသည်"*

ကျွန်ုပ်သည် ထိုနေရာသို့ သွားရောက်ကြည့်ရှုလေရာ ဖော်ပြပါ အရိုးဂူကြီးများနှင့် ဇလီကြီးကိုပါ တွေ့မြင်ခဲ့ရလေသည်။ ထိုဇလီကို မူဆလင်တို့သည် ဝိက္ကမသီလာကျောင်းတော်ကြီးမှ ရရှိသော အုတ်ကျောက်တို့ဖြင့် ဆောက်လုပ်ထားလေရာ၊ ဖော်ပြလျက်ရှိသော သက်သေခံဝတ္ထုကြီးကား... ကျောက်စာပါနေသော ကျောက်ပြားများစွာ ဇလီ၌ ရှိနေခြင်းပင်ဖြစ်သည်။

ဤကျောင်းတော်ကြီးမှာ ပါလမင်းများလက်ထက်မှ အစပြု၍ မူဆလင်များ ဝင်ရောက်ဖျက်ဆီးပစ်သည်အထိ သံဃာတော်ပေါင်း(၆၀၀၀)ခန့် နေထိုင်သီတင်းသုံးခဲ့လေသည် ဟူ၏။ ထို(၆၀၀၀)လောက်သော သံဃာတော်တို့တွင် မူဆလင်တို့၏ လက်ချက်ကြောင့် (၄၀၀၀)မျှလောက် သေကြေပျက်စီးခဲ့သည် ဟူ၏။ ကျန်သံဃာတော်(၂၀၀၀)တို့မှာ အဆက်အသွယ်ရှိရာ တိဗတ်ပြည်သို့ ထွက်ပြေးကြလေသည် ဟူသတည်း။

မစ္စတာဏ္ဏဆွာနီပြဆဒ်၏ ရာဇဝင်၌ ရေးသားထားသည်မှာ... *"ခရစ်(၁၁)ရာစုလောက်တွင် နာလန္ဒာကျောင်းတော်ကြီးမှာ ဝိက္ကမသီလာကျောင်းလောက်တိုးတက်မှု မရှိတော့ပေ။ ဝိက္ကမသီလာကျောင်းသည်သာလျှင် မဂဓတိုင်းပညာရေး ပြဿနာကို လွယ်ကူစွာ ဖြေရှင်းပေးခဲ့သည် ဆို၏။ သို့သော် ကျူးကျော်ဝင်ရောက်သူ မူဆလင်တို့၏ ဖျက်ဆီးမှုကား ဝိက္ကမသီလာကျောင်းတော်ကြီးနှင့် ဗုဒ္ဓသာသနာတော်ကိုသာ ကွယ်ပစေသည် မဟုတ်သေး။ မဂဓတိုင်းကြီး ပညာရေးအလင်းရောင်ကိုပါ ကွယ်ပစေလေသည်"* ဟူ၏။

## ဒေဝပါလမင်း

ဓမ္မပါလမင်း အနိစ္စရောက်လေသော် သားတော်ဒေဝပါလသည် အသက် (၃၉)နှစ်တွင် နန်းတက်တော်မူလေသည်။ ဤမင်းလက်ထက်တွင် ဟုန်း(Huna) လူမျိုးတို့ နိုင်ငံနှင့် အာသံ ဩရိစ္စနိုင်ငံတို့ကို သိမ်းပိုက်အောင်မြင်လေသည်။ ဤခေတ်တွင် ဂျာဝါနှင့် သုမတ္တြာကျွန်းရှင် ဘုရင်ဗလပုတြဒေဝသည် သံတမန်တစ်ဦးကို စေလွှတ်တော်မူပြီးလျှင် နာလန္ဒာတက္ကသိုလ်ကြီး၏ ဥပစာထဲ၌ ကျောင်းတော်ကြီး တစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းခဲ့လေသည်။

## မဟီပါလမင်း

ဒေဝပါလမင်း အနိစ္စရောက်ပြီးသည့်နောက် ပါလနိုင်ငံတော်ကြီးမှာ တရွေ့ရွေ့ ဆုတ်ယုတ်လာလေသည်။ ထို့ကြောင့် နောက်ဆုံးမင်းဖြစ်သော မဟီပါလသည် ပဌမပါလဝံသအမည်ကို ဖျက်သိမ်း၍ ဒုတိယပါလမင်းဆက်ကို တည်ထောင်လေသည်။ ဤမင်းလက်ထက်၌ တောင်ဘက်အိန္ဒိယပြည်မှ စောလမင်းတို့သည် နိုင်ငံသို့ ဝင်ရောက်တိုက်ခိုက်လေရာ ဩရိစ္စနယ်ကို ပေးအပ်လိုက်ရလေသည်။ မဟီပါလမင်းကြီးသည် မဟာယာန်သာသနာတော်ကို အထူးသဖြင့် ကြည်ညိုတော်မူသောကြောင့် တိဗက်ပြည်သို့ မဟာယာနရဟန်းတော်များအား သာသနာပြု စေလွှတ်ပြန်လေသည်။ ယင်းခေတ်အခါက ဘင်္ဂလားပြည် မြောက်ပိုင်း ဒိနာစပူရ်ဒိစတြိတ်၊ မဟာပူရ်ခေါ်သော အရပ်ရှိ မဟီပါလဒယီခေါ်သော ကျောင်းတော်ကြီးမှာ အလွန်စည်ပင်နေပြန်လေသည်။

တိဗက်ပြည်သို့ သာသနာပြုစေလွှတ်လိုက်သော ပုဂ္ဂိုလ်တို့တွင် ဝိက္ကမသီလာကျောင်းအုပ်ကြီး ဒီပင်္ကရာသိရီဇာနထေရ်အရှင်နှင့် သူ၏နောက် မဟီပါလ၏ သားတော် နယပါလတို့ကိုသာ ရာဇဝင်၌ ရေးသားဖော်ပြကြသည်။ မဟီပါလမင်း နတ်ရွာစံပြီးသည့်နောက် ဝိဂြဟပါလမင်း၊ ဒုတိယမဟီပါလမင်း၊ ရာမပါလမင်း၊ ရာဇပါလမင်းဟူ၍ မင်းလေးပါး ဆက်လက်စိုးစံခဲ့ပြီးနောက် ခရစ် ၉၀၀-လောက်တွင် မင်းဆက်တုံးသွားလေတော့သည်။

ဒုတိယပါလမင်းတို့သည်လည်း ဗုဒ္ဓဘာသာကိုသာ အယူရှိကြသဖြင့် ဘင်္ဂလားပြည်မှ ဗာရာဏသီမြို့အထိ သာသနာတော်မကွယ်ပ မမှေးမှိန်ဘဲ တောက်ပ

လျက် ရှိလေသည်။ မဟာယာနဘုန်းကြီးတို့ ရေးသားစီးကုံးခဲ့သော ကျမ်းတို့သည်လည်း ဤခေတ်တွင် များစွာ ပေါ်ထွက်ခဲ့လေသည်။

ပါလမင်းများနောက် သေနမင်းတို့သည် အိန္ဒိယပြည်သို့ မူဆလင်တို့ ဝင်ရောက်တိုက်ခိုက်အောင်မြင်ခဲ့သော ခရစ်(၁၂)ရာစု စိုးစံခဲ့ကြလေသည်ဟု ဆိုရပြားလည်း ယခင်က မင်းများကဲ့သို့ ဘုန်းတန်ခိုးမရှိတော့ပြီ။ စော်ဘွားများ အဖြစ်ဖြင့်သာ နယ်ပယ်အနည်းငယ်မျှကို အုပ်ချုပ်ရလေသည်။ အိန္ဒိယပြည်ကြီးမှာ ပျက်စီးချိန်တန်ပါသဖြင့် ယခုကဲ့သို့ ဖြစ်လာလေသည်။ တိုင်းတစ်ပါးသားတို့ အကြိမ်ကြိမ် တိုက်ခိုက်ခြင်းကို ရှေးနှစ်ပေါင်းများစွာကပင် ခံခဲ့ရသော်လည်း ညီညွတ်ခြင်းတည်းဟူသော အင်အားစုဖြင့် ပြန်လည်ချေမှုန်းခဲ့ရာ ဂရိတ်အလက်ဇန္ဒားစသည်တို့မှာ အိန္ဒိယပြည်မှ ဆုတ်ခွာရလေသည်။ အိန္ဒိယပြည်ကြီး၏ ပျက်စီးခြင်းသို့ ရောက်မည်ဖြစ်သော ကံကြမ္မာဆိုးကြီးတွင် ဗုဒ္ဓသာသနာတော်ကြီးလည်း ပါဝင်လေသည်။ သာသနာပြုမင်းကောင်းမင်းမြတ်များ မရှိတော့ပြီဖြစ်၍ သေလုနီး လူမမာတစ်ဦးကဲ့သို့ အင်အားဆုတ်ယုတ်လျက်ရှိသော ဗုဒ္ဓသာသနာတော်အား ထိမ်းသိမ်းစောင့်ရှောက်သူ မဟာယာနရဟန်းတော်တို့၏ မလေးစားမှု၊ ဝိနည်းတရားတော်မှ ဖောက်ပြန်၍ ကျင့်မှု၊ အချင်းချင်း ခိုက်ရန်ဒေါသဖြစ်ပွားမှုစသည်တို့ကား လူဒကာဒကာမတို့၏ ကြည်ညိုခြင်းကို ဆုတ်ယုတ်စေ၍ သာသနာတော်ကြီးကို ပျက်စီးကွယ်ပစေလေသည်။

## သာသနာဆုတ်ယုတ်ပုံနှင့် ကွယ်ပုံ

The first event that deserves notice in post Gupta period was the disappearance of Buddhism from land of India. The Palas of Bengal was last King of India to patronize Buddhism. Under the Señas successors of the Palas Buddhism found no support and began to disappear rapidly. Final stroked ware delivered by the Muslim invaders who drove away of India. (New History of India by Iswari Prasad, page.142)

အဓိပ္ပါယ်... မစ္စတာကုန္နဆွာရီပြုဆင်၏ အိန္ဒိယရာဇဝင်သစ် စာမျက်နှာ (၁၄၂) တွင် ရေးသားထားသည်မှာ...

*"ဗုဒ္ဓဘာသာသည် မူလဖြစ်ရာ နိုင်ငံတော်မှ ဂုတ္တာမင်းတို့လက်ထက်၌ ပဌမ ရှေးဦးစွာ ကွယ်ပခဲ့ရလေသည်။ သို့ရာတွင် ဘင်္ဂလားပြည်၏ နောက်ဆုံး ရှင်ဘုရင်များ ဖြစ်ကြကုန်သော ပါလမင်းတို့သည် ဗုဒ္ဓဘာသာကို ကူညီထောက်ပံ့ကြလေသည်။ သေနမင်းတို့လက်ထက်၌ကား တစ်စုံတစ်ခုသော အထောက်အပံ့ကိုမျှ မရရှိလေသောကြောင့် ဆောလျှင်စွာ ပျောက်ကွယ်စပြုလေပြီ။ နောက်ဆုံး မူဆလင် ဝင်ရောက်တိုက်ခိုက်သူတို့က ဗုဒ္ဓဘာသာဝင်အားလုံးကို ဘီယာနယ်မှ မောင်းထုတ်ပစ်လေသည်"*

"Though the final destruction came in the 12th and 13th centuries, Buddhism had been declining from the previous centuries. The chief causes of decline were the loss of royal support, the quarrels among the monks and foreign invasions. Besides these, there was a lack of piety in the Buddhist Church. The monks led corrupt live in monasteries. A new revival of Brahmanism took place under the leaders-ship of Kumarilla Bhadda (750 A.D) and Sankracharaya (born in 788 A.D) the latter was a Nambudry Brahmana of southern India profoundly teach man a philosopher."

အဓိပ္ပါယ်မှာ... *"ဗုဒ္ဓသာသနာတော်သည် ခရစ်(၁၂)ရာစုနှင့် (၁၃)ရာစု အတွင်း လုံးဝကွယ်ပပျက်စီးသွားရသော်လည်း ရှေးနှစ်ရာစုများကပင် တရွေ့ရွေ့ ဆုတ်သုတ်လာလေသည်။ ကွယ်ပရခြင်း၏ အဓိကအကြောင်းရင်းမှာ ရှင်ဘုရင်များ၏ အကူအညီ ထောက်ပံ့မှုကို မရရှိခြင်း၊ ရဟန်းတော်များအချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်း၊ ၎င်းနောက် မူဆလင်တို့ဝင်ရောက် တိုက်ခိုက်ခြင်းကြောင့် ဖြစ်သည်။ ဒါတွင်မကသေးဘဲ ရဟန်းတော်များ၏ ဝိနည်းပညတ်တော်မှ ဖောက်ပြန်၍ ကျင့်ခြင်းကြောင့် ဗုဒ္ဓဘာသာကျောင်းကန်အဆောက်အဦးများကို လူဒကာ,ဒကာမတို့ စေတနာပျက်ပြားကြလေသည်။ ထို့ပြင် ခရစ် ၇၅၀-ခုနှစ်လောက်တွင် ကုမာရိလ ဘဒ္ဒအမည်ရှိသော ပုဏ္ဏားတို့သည်လည်း ဟိန္ဒူဝါဒကို စင်ပြိုင် တည်ထောင်လာ*

*ကြလေသည်။ ခရစ် ၇၈၈-ခုနှစ်တွင် မွေးဖွားခဲ့၍ အိန္ဒိယပြည် တောင်းပိုင်းသား နမ္ဗူဒရိပုဏ္ဏားမျိုးဖြစ်သူ အဘိဓမ္မာဘက်ဆိုင်ရာ ပညာရှိကြီး ဆံကရာချာရယ (သံကရာဆာရယ)သည်လည်း ဆနတ္တန်ဝါဒကို (ဝါ) ဗြဟ္မာဦးဝါဒကို ပြန်လည် ထူထောင်လေသည်"*

အထက်ပါ ပုဏ္ဏားနှစ်ဦးတို့သည်လည်း မိမိတို့၏ ဝါဒကို တည်ဆောက်လိုသောကြောင့် ဗုဒ္ဓဘာသာကို ဓမ္မနည်း, အဓမ္မနည်းတို့ဖြင့် ဖျက်ဆီးလေသည်။ ကုမာရီလဘဒ္ဒသည် ဝင်္ဂရာဇ်တိုင်းခေါ် ဘင်္ဂလားပြည်သာသနာကို ဖျက်ဆီးလေရာ မြောက်ဘက်ဘင်္ဂလားပြည်ရှိ မဟာဝိပါလဒီဃီကျောင်းတော်ကြီးနှင့် ကျောင်းတော်ကြီးအထဲတွင် သီတင်းသုံးနေထိုင်ကြကုန်သော သံဃာတော်အရှင်မြတ်တို့မှာ ပျက်စီးခြင်းသို့ ရောက်ကြရလေသည်။ ဘင်္ဂလားပြည်တွင် တစ်ခုတည်းသော ကျောင်းတော်ကြီး မဟာဝိပါလဒီဃီကား မူဆလင်တို့ ဖျက်ဆီးသည့်တိုင်အောင် မတည်တော့ပြီ။

## သာသနာဖျက် ဆံကရာချာရယ (သံကရာဆာရယ)

ပုဂျမိတြ, သမုဒြဂုတ္တ, ဆာဆင်္ကာ-စသော မင်းတို့သည် မြတ်စွာဘုရားသာသနာတော်ကို နည်းအမျိုးမျိုးဖြင့် ဖျက်ဆီးခဲ့သည်ဟု ဆိုရငြားသော်လည်း သာသနာတော်ကြီးကား လုံးဝနစ်မြုပ်မသွားနိုင်ခဲ့ပေ။ မှေးမှိန်တစ်လှည့်တောက်ပတစ်ခါဆိုသလိုဖြစ်ပြီး ဟိန္ဒူမင်းတို့ လက်ထက်၌ ဟိန္ဒူဘာသာ ထွန်းလင်းတောက်ပြောင်၍ ဗုဒ္ဓသာသနာတော်မှာ မှေးမှိန်ခဲ့လေသည်။ ဤသို့အားဖြင့် မှိန်တုံတစ်ခါ၊ ဖွင့်တုံတစ်လှည့် ဖြစ်ရခြင်းမှာ ရှင်ဘုရင်၏ အယူဝါဒ၌ တည်လေသည်။

ခရစ်(၈)ရာစု ကုန်ခါနီးနှင့် (၉)ရာစုသို့ ရောက်လတ်သော် ဗုဒ္ဓသာသနာတော်ကြီးမှာ ရှင်ဘုရင်၏ ထောက်ပံ့မှုမှ ကင်းလေရကား အထူးသဖြင့် ဆုတ်ယုတ်လျက်ရှိလေရာ ဆံကရာချာရယသည်လည်း ဆနတ္တန်ဝါဒ (ဗြဟ္မာဦး ကျမ်းကို လိုက်နာရသောဝါဒ)ကို တည်ထောင်လေသည်။ ဤဆနတ္တန်ဝါဒကို တည်ထောင်လိုသော ဆံကရာချာရယသည် ဗုဒ္ဓဘာသာရဟန်းတော်တို့အား မတရားလက်နက်၊ ဓားလက်နက်၊ စကားလက်နက်တည်းဟူသော လက်နက်(၃)မျိုးဖြင့်

နိမ်နင်းပြီးလျှင် အိန္ဒိယပြည် အလယ်ပိုင်းနှင့် တောင်ပိုင်းသာသနာကို စတင် ဖျက်ဆီးလေတော့၏။

ထိုခေတ်တွင်ရှိနေသော အိန္ဒိယပြည် အလယ်ပိုင်းနှင့် တောင်ပိုင်းအိန္ဒိယသား ရဟန်းတော်တို့မှာ သာသနာတော်ကို ပြုစုစောင့်ရှောက်မည့် သာသနာ့ဒါယကာမင်းများနှင့် ကင်းဝေးခဲ့ပြီဖြစ်၍ ပရိယတ္တိစာပေကျမ်းဂန်တို့ကို မသင်ကြားနိုင်တော့ဘဲ ဝိပဿနာခုရကိုသာ ထမ်းဆောင်လျက် ရှိကြလေသည်။ ဆံကရာချာရယကား ဗုဒ္ဓဘာသာတို့ ကြီးစိုးလျက် ရှိကြလေသည်ကို မလိုလားသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။ ထို့ပြင် ဟိန္ဒူများ ဗုဒ္ဓဘာသာဖြစ်သွားရပုံ၊ ဗုဒ္ဓဘာသာစာပေကျမ်းဂန်များကို လူအများလိုက်စားမှုကြောင့် ဟိန္ဒူတို့စာရိတ္တတရားမှ ချို့ယွင်းနေကြပုံ-စသည်တို့ကို သိရှိရသဖြင့် နလုံးမသာမယာ ဖြစ်ရလေသည်။

ထို့ပြင် ဗုဒ္ဓဘုရားသည် ငါတို့၏ ဣဿရာရ်ခေါ် ထာဝရဘုရားရှင်၏ (၉)ခုမြောက် အဝတာရ(မမ္ဘူတ)ဖြစ်လျက်နှင့် ဗုဒ္ဓဘာသာတို့သည် ထာဝရဘုရားကို ယုံကြည်မှု မရှိကြ။ ဟိန္ဒူဘာသာဝင်တို့ကား ဂေါတမဘုရားရှင်အား ယုံကြည်ကြသည်။ ဤသဘောသို့ သက်ဝင်တိုင်း ဗုဒ္ဓဘာသာတို့အပေါ်၌ အခဲမကျေ ဖျက်ဆီးလိုရကား မိမိအဖြစ်ကို(မိမိကိုယ်ကို) အဝတာရဟု အမည်ပေးပြီးလျှင် ဆနတ္တန်တရားကို စတင်၍ ဟောကြားလေတော့သည်။

ထိုစဉ်အခါတုန်းက အိန္ဒိယပြည်တောင်ပိုင်းနှင့် အလယ်ပိုင်းကို စောလမင်းတို့က အုပ်ချုပ်၍ ဝင်္ဂတိုင်းကို သေနမင်းတို့ အုပ်ချုပ်လေသည်။ ထိုမင်းတို့သည် ဟိန္ဒူဘာသာဝင်များ ဖြစ်ကြသောကြောင့် အရေးကြီးလျှင် သွေးနီးတယ်ဆိုဘိသကဲ့သို့ ဝါဒချင်းတူရာ ဆံကရာချာရယအား အားပေးကူညီပြီးလျှင် ဗုဒ္ဓသာသနာတော်ကို စတင် ဖျက်ဆီးကြလေသည်။

၎င်းမင်းတို့ကိုယ်တိုင်လည်း ဆံကရာချာရယအား ကြိသျှဏ၊ ရာမစသောဘုရားတို့ကဲ့သို့ ဣဿရာရ်ခေါ် ထာဝရဘုရား၏ အဝတာရတစ်ယောက်ဟု ယုံကြည်သည်။

ဖျက်ဆီးပုံကား... ဆံကရာချာရယသည် တောင်ဘက်အိန္ဒိယပြည်တွင် နေထိုင်သီတင်းသုံးကြကုန်သော ရဟန်းတို့အား ဝါဒပြိုင်ပွဲသို့တက် ရောက်ကြရမည်ဟု ရာဂျင်ဒြာစောလမင်း၏ အမိန့်တော်ဖြင့် ဖိတ်ခေါ်လေသည်။ ရဟန်းတော်

တို့ကား ပိဋကတ်တော်ကို နိုင်နင်းစွာ မတက်ကျွမ်းကြသဖြင့် ဆံကရာချာရယ၏ ဝါဒပြိုင်ပွဲသို့ မတက်ရောက်ဝံ့ချေ။ ထိုအခါ ဆံကရာချာရယသည် ရာဂျင်ဒြာ စောလမင်းအား ကိုယ်တိုင်ဖိတ်ခေါ်ပေးရန် တိုက်တွန်းလတ်သော် ထိုမင်းသည် လည်း ဆံကရာချာရယဆိုတိုင်း သဘောတူပြီးလျှင် မတက်ရောက်သော ရဟန်း အား သန်လျက်ဖြင့် ဦးခေါင်းကို ဖြတ်မည်ဟု ရင့်သီးစွာ ဖိတ်ခေါ်လေသည်။ ရဟန်းတော်တို့မှာ ဘုရင့်အမိန့်တော်ကို မလွန်ဆန်ဝံ့သဖြင့် ဝါဒပြိုင်ပွဲကြီးသို့ စိတ် မပါ၊ အလိုမတူဘဲနှင့် တက်ရောက်ကြလေသည်။ ဆံကရာချာရယကား ဟိန္ဒူနှင့် ဗုဒ္ဓဘာသာ ကျမ်းဂန်အစောင်စောင်တို့ကို နှံ့စပ်စွာ တတ်ကျွမ်းသူတစ်ဦး ဖြစ် သည့်အပြင် စကားအရာ၌လည်း ကြွဝလှပေသည်။

ဆံကရာချာရယနှင့် ရဟန်းတော်တို့၏ သဘောတူကတိပြုချက်မှာ အကယ် ၍ ဟိန္ဒူတရားတော်သည် ဗုဒ္ဓတရားတော်လောက် အဆီအနှစ် မပြည့်စုံခြားအံ့၊ ငါတို့အားလုံး ဗုဒ္ဓဝါဒကို ခံယူကြပါမည်၊ သင်တို့ ဗုဒ္ဓဘာသာသည် ငါတို့ ဟိန္ဒူ ဘာသာလောက် အခြေအမြစ်မရှိခြားအံ့၊ သင်တို့အားလုံး ဟိန္ဒူအယူဝါဒကို ခံယူ ကြရမည်၊ ရဟန်းတော်တို့မှာ ရာဇဒဏ်ကို မခံဝံ့သဖြင့် စိတ်မပါဘဲနှင့် သဘောတူ လိုက်ရလေသည်။ ဝါဒပြိုင်ကြရာ၌ ဆံကရာချာရယ၏ ပရိယာယ်ကို ပြန်လည် မချေပနိုင်သော ရဟန်းတော်တို့မှာ ရှုံးခြင်းသို့ ရောက်ကြရလေသည်။

ဆံကရာချာရယက သင်တို့ ဗုဒ္ဓဘာသာသည် ငါတို့ ဟိန္ဒူဘာသာလောက် တန်ဘိုးမရှိကြောင်း ထင်ရှားပြီ၊ ဗုဒ္ဓဘာသာ၏ မူလဘူတတည်ရာ ဘာသာမှာ လည်း ဟိန္ဒူဘာသာဖြစ်သည်ဟု ဆိုပြီးလျှင် ကတိအတိုင်း သက်ဝင်စေလေ သည်။ ငြင်းဆန်းသော ရဟန်းတို့အား ဆံကရာချာရယသည် အဆင်သင့် စုထား သော တိတ္ထိရဟန်းတို့အား ရဟန်းကောင်းတို့ကို ဖမ်းဆီးစေ၍ ပွက်ပွက်ဆူနေ သော သောပတ်အိုးကြီးထဲသို့ အရှင်လတ်လတ်ထည့်ခြင်းဖြင့် များစွာကုန်သော သံဃာတော်တို့၏ အသက်ဇီဝိန်မှာ ထောပတ်ပူအိုးကြီးထဲ၌ ပြတ်ကင်းသွားရလေ သည်။ ဤနည်းအားဖြင့် တခြားများစွာ နေရာတို့၌လည်း ဖျက်ဆီးခဲ့သေး၏။ ဆနတ္တန်တရားကို ဟောကြားသဖြင့်လည်း များစွာသော ဗုဒ္ဓဘာသာဝင်တို့အား ဟိန္ဒူဘာသာသို့ သက်ဝင်စေသည်။

ပုဂ္ဂိုလ်မိကြစသော မင်းတို့သည် သာသနာတော်ကို ဖျက်ဆီးခဲ့သော်လည်း နောက်တတ်လာသော မင်းတို့သည် ဗုဒ္ဓဘာသာထဲမှ အများဆုံး ဖြစ်သော ကြောင့် သာသနာတော် မကွယ်ပနိုင်ခဲ့ပေ။ ဆံကရာချာရယဖျက်ဆီးပြီး နောက် အဖို့၌ကား မည်သည့်သာသနာပြုမင်းမှလည်း မပေါ်လာသည့်ပြင် မဟာမေဒင် (မူဆလင်)တို့၏ ဓား,မီးစသော လက်နက်တို့ဖြင့်သာ နိဂုံးကမ္ဘတ် အဆုံးသတ်ရ လေသည်။

## တို့ဘုရားဆိုသောစကား မှန်နိုင်ပါမည်လော?

"ဗုဒ္ဓဘုရားသည် တို့ဘုရား၊ ဗုဒ္ဓဘာသာသည် တို့ဘာသာ၊ ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာဆိုတာ အမည်အမျိုးသာ ကွဲလွဲ၍ သဘောကား အတူတူပါပဲ" စသည်ဖြင့် အစဉ်ဝါဒဖြန့်လေ့ရှိသော ဟိန္ဒူတို့အထဲမှ ပုဂ္ဂိုလ်မိကြ၊ ဆံကရာချာရယ စသော ပုဂ္ဂိုလ်တို့သည် ဗုဒ္ဓဘာသာတို့ အပေါ်၌ ရက်ရက်စက်စက် ယုတ်မာခဲ့ သော ရှေးခေတ်ကို ပြန်လည် သတိသံဝေဂ ရစရာကြီးတစ်ခုပင် ဖြစ်ပေတော့ သတည်း။

ယခုခေတ် ဟိန္ဒူတို့ကား ဗုဒ္ဓရုပ်ပွားတော်အား အများအပြား ရှိခိုးကြ၏။ သို့သော် ဘယ်လိုသဘောထားနှင့် ရှိခိုးကြတယ်ဆိုတာကို သိရှိရန် လိုအပ်ပေ သည်။

## အဝတာရခေါ် မဟ္ဗုဒ္ဓတာအကြောင်း

ဟိန္ဒူတို့သည် ဗုဒ္ဓရုပ်ပွားတော်အား ရှိခိုးကာမျှဖြင့် ဗမာပြည်ရှိ ဗုဒ္ဓဘာသာ ဝင်တို့သည် ဟိန္ဒူများကို ဗုဒ္ဓဘာသာစာရင်းထဲ၌ ထည့်ကြလေသည်။ ထိုကဲ့သို့ ဖြစ်ရခြင်း၏ အကြောင်းရင်းကို ရှာဖွေကြည့်သောအခါ သူတစ်ပါးက ဝါဒဖြန့်ခြင်း ကြောင့်သာ ဖြစ်၍ မိမိ၏ ကိုယ်ပိုင်ဉာဏ်ဖြင့် ဟိန္ဒူနှင့် ဗုဒ္ဓဘာသာတို့သည် သဘောတရားအားဖြင့် ရောနှောမှု မရှိပုံ၊ ကွာခြားပုံတို့ကို သိရှိသူကား အလွန်ပင် ရှားလှပေသည်။

အကြောင်းဆိုသော်... မြန်မာလူမျိုးထဲမှ ဟိန္ဒူစာပေကို နှံ့စပ်အောင်လေ့လာဖူးသူ မရှိခြင်းကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့အဖို့မှာကား များစွာ ကွဲလွဲလျက်ရှိသည်ကိုသာ တွေ့ရပေသည်။ အထူးဆန်ကျင်လျက်ရှိသော အယူအဆမှာ ဟိန္ဒူတို့သည် ထာဝရဘုရားကို ယုံကြည်၍ ဗုဒ္ဓဘာသာတို့ကား ထာဝရဘုရားကို အလျှင်းမယုံကြည်ခြင်းကြောင့်ပင် ဖြစ်သည်။ ဟိန္ဒူတို့ ယုံကြည်သော ဣဿရ၏ခေါ် ထာဝရဘုရားဆိုသည်ကား တော,တောင်,ရေ,မြေ,သမုဒ္ဒရာနှင့် သဝိညာဏက, အဝိညာဏက(သက်ရှိ,သက်မဲ့)တို့ကို ဖန်ဆင်းပေးတတ်သော ထာဝရဘုရားဖြစ်၍ ၎င်းဘုရားမှ စေလွှတ်လိုက်သော အဝတာရ (ဝါ) ဓမ္မဒူတ (၉)ပါးရှိသည်။ ဂေါတမရှင်တော်ဘုရားမှာ (၉)ခုမြောက်ဖြစ်ကြောင်းနှင့် သျှိဝပူရာဏ်, ဗိသျှနပူရာဏ်, အဂနီပူရာဏ်နှင့် အဝတာရပူရာဏ်ကျမ်းတို့တွင် ရေးသားထားလေသည်။

အဝတာရ၏ အဓိပ္ပါယ်မှာ... အကြင်အခါက ကမ္ဘာလောကကြီး၌ သမ္မာအာဇီဝတရားတို့သည် ကွယ်ပလျက် မိစ္ဆာဝါဒီအယူရှိသော သူတို့၏ ပါပတရားသည် လွှမ်းမိုး၍ ရှိနေခဲ့အံ့။ ထိုအခါ ဣဿရ၏ခေါ်သော ထာဝရဘုရားရှင်သည် လောကသူလောကသားအပေါင်းတို့အား တရားရေအေး အမြိုက်ဆေး တိုက်ကျွေးရန် စေလွှတ်လိုက်သော ဓမ္မဒူတကို အဝတာရဟုခေါ်သည်၊ (ဝါ) ထာဝရဘုရားသခင်၏ ကိုယ်စားလှယ်တော်(တမန်တော်)ဟု ခေါ်သည်။ ထိုအဝတာရတို့ကား ရာမ, သီတာ, ဂဏေသျှ, ဒုရဂ, တြိသျှဏ, သရဿတီ, အနုမာန်, ဗဿနိုးနှင့် ဂေါတမရှင်တော်တို့ ဖြစ်သည် ဆို၏။

ဗုဒ္ဓဘာသာကျမ်းဂန်များအရဆိုပါမူ ဂေါတမရှင်တော်ဘုရားသည် သုမေဓာဘဝမှ အစပြု၍ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ပါရမီတော်အဆူဆူတို့ကို ဖြည့်ကျင့်တော်မူပြီးမှ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူလေသည်ဟု ဆိုခြင်းကြောင့် အဆိုပါ ဟိန္ဒူပူရာဏ်ကျမ်းအဆိုနှင့် မိုးနှင့်မြေကြီးမကကွာခြားလှလေသည်။ ထို့ပြင်တစ်ဝ ဗုဒ္ဓဘာသာဝင်တို့ အလိုအားဖြင့် ရုပ်နာမ်(၂)ပါးတို့၏ ကင်းပြတ်ရာအမှန် ပြည်နိဗ္ဗာန်ကို (တနည်းအားဖြင့်) ဇာတိ,ဇရာ,ဗျာဓိ,မရဏစသော တစ်ဆယ့်တစ်ပါးသော မီးအပေါင်းမှ ကင်းလွတ်ရာအမှန် ပြည်နိဗ္ဗာန်ကို မောက္ခဟု ခေါ်လေသည်။

ဟိန္ဒူဘာသာဝင်တို့ တောင့်တလေ့ရှိသော မောက္ခ(မောက်ရှ)နိဗ္ဗာန်ကား ထိုကဲ့သို့မဟုတ် နာမ်ရုပ်နှစ်ပါးအစုံနှင့်ပင် (မောက်ရှ)မောက္ခသို့ ရောက်သည်ရှိသော် အိုခြင်း,နာခြင်း,ပဋိသန္ဓေတည်နေခြင်း,သေခြင်းတရားတို့မှ ကင်းဝေးအပ်ပြီ (ဝါ) မီးတစ်ဆယ့်တစ်တန်ကို ကျော်လွှန်အပ်ပြီဟု (ဗြိဟာဓရဉ္ဉာပနိသျှကျမ်း) တွင် အကျယ်တဝင့် ရေးသားထားလေသည်။ ထို့ကြောင့် သူတို့၏ မောက်ရှတရားနှင့် ငါတို့ နိဗ္ဗာန်သည်လည်း အလွန်ပင် ကွာခြားလှပေသည်။

ထိုမှတစ်ပါး မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် ဘုရားအဖြစ်သို့ မရောက်မီ ရှေ့အဖို့၌ ဥဒကလာမ၊ အာဠာရလာမအမည်ရှိသော ဟိန္ဒူယောဂီကြီးတို့နှင့် ဉရုဝေလတောတွင် အဘိဓမ္မာသဘောကို နည်းခံပြီး ဆွေးနွေးတိုင်ပင်လေရာ ဟိန္ဒူတရားသည် မောက္ခ၌သော အဆုံးရှိခြင်းကြောင့် ကိလေသာ နှောင်အိမ်မှ တကယ်တမ်း မထွက်မြောက်နိုင်ဟု သိရှိတော်မူလေသည်။ ရုပ်နှင့်နာမ်သည် ဖြစ်ခြင်းတည်းဟူသော အကြောင်းတရားရှိပါလျက် ပျက်ခြင်းတရားကား သူတို့ အယူဝါဒထဲ၌ မရှိဟု သိတော်မူပြီးလျှင် တစ်ကိုယ်တည်းသာ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းတရားမှန်ကို ရှာတော်မူလေသည်။ မကြာမြင့်မီပင် ဗောဓိမဏ္ဍာအပြင်၌ သဗ္ဗညုတ ဉာဏ်ထင်ရှား ဘုရားအဖြစ်သို့ ရောက်ရှိတော်မူလေသည်။

ဟိန္ဒူတို့သည် မည်သို့ပင် ဗုဒ္ဓဘုရားအား ယုံကြည်သည်ဟု ဆိုငြားသော်လည်း ၎င်းတို့၏ အဓိကကော်ရော်ရာဖြစ်သော ရာမ,သီတာစသော ဘုရားတို့ကဲ့သို့ လေးလေးစားစား မဟုတ်ကြချေ။ ကျွန်ုပ်သည် ဟိန္ဒူတို့၏ တိရစတန်ခေါ် အမြတ်ဆုံးသော နေရာများဖြစ်ကြသော ဟရိဒွါရ, အယုဒ္ဓယ, ဗြိန္ဒာဗန်, မထုရာ-စသော မြို့တို့သို့ ကိုယ်တိုင်သွားရောက်ပြီးလျှင် ကိုးကွယ်ဆည်းကပ်ပုံတို့ကို အကဲခတ်ခဲ့လေသည်။ ဗာရာဏသီမြို့၌ကား ကြာမြင့်စွာ နေထိုင်ပညာသင်ကြားခဲ့သဖြင့် ရှိရှိသမျှသော ဟိန္ဒူဘုရားရှိခိုးကျောင်းများသို့ အကြိမ်ပေါင်းများစွာ ကြွရောက်ကြည့်ရှုခဲ့ဖူး၏။ ပူရာဏ်ကျမ်းများ၌ ပါရှိသော (၉)ပါးသော အဝတာရတို့တွင် ဂေါတမရုပ်ပွားတော်မှတစ်ပါး အားလုံးသော အဝတာရတို့၏ ရုပ်ပွားတော်များသာ ရှိ၍ ဂေါတမရုပ်ပွားတော်ကိုကား မည်သည့်ဟိန္ဒူမန္ဒိရမှာမှလည်း မတွေ့ရှိရချေ။ အမှန်အားဖြင့်ဆိုသော် (၉)ခုမြောက် အဝတာရဖြစ်သော ဂေါတမရှင်တော်၏ ရုပ်တုတော်ကို ထုတ်ပယ်ထားခြင်းကြောင့် ကျွန်ုပ်တို့၏ လက်ဆယ်

ချောင်းကို ဟိန္ဒူဘုရားရှိခိုးကျောင်းသို့ သွားတိုင်းသွားတိုင်း အသုံးမပြုရလေသည်မှာ ဝမ်းနည်းဖွယ်ရာကြီးတစ်ခု ဖြစ်လေသည်။ သူတို့၏ ပူရာဏ်ကျမ်းများကို သူတို့ကိုကလည်း မယုံကြည်ရာ ရောက်လေသည်။ ထို့ကြောင့် ဟိန္ဒူတွေပြောသလို ဟိန္ဒူနှင့်ဗုဒ္ဓဘာသာ မတူနိုင်၊ အကွာကြီး ကွာခြားလှ တော့သည်သာတည်း။

## အစ္စလာမ်ဘာသာနှင့် ဟာဂျရတ် မဟာမ္မဒ်

ခရစ် ၅၇၁-မတိုင်မီက အေရှတိုက်ကြီး၏ အနောက်ဘက်အပိုင်းတွင် တည်ရှိသော အာရပ်ပြည်သည် ယခု အခါကဲ့သို့ အစ္စလာမ်သာသနာ ထွန်းကားရာတိုင်းပြည်ကြီး မဟုတ်သေးကြောင်း၊ ထိုတိုင်းပြည်၌ ကျယ်ပြန့်သော သဲကန္တာရကြီးများ ရှိခြင်းကြောင့် ကောက်ပဲသီးနှံများ မဖြစ်ထွန်းနိုင်။ ထိုသို့ မဖြစ်ထွန်းနိုင်ခြင်းကြောင့် တိုင်းသူပြည်သားတို့မှာ အများအားဖြင့် ပစ္စည်းမဲ့ဘဝတွင် နေထိုင်ကြရလေသည်။ ဘာသာအားဖြင့် အချို့ သစ်ပင်တို့ကို ကိုးကွယ်ကြ၏။ အချို့ကား အုတ်ကျောက်တို့ကို ကိုးကွယ်ကြ၏။ ဤသို့ အမျိုးမျိုး ကိုးကွယ်လျက်ရှိရာ ၎င်းတို့ ဘာသာကို အမည်မှည့်ရန်ပင် ခဲယဉ်းလေသည်။ အကျင့်စာရိတ္တအားဖြင့်လည်း အချင်းချင်း သတ်ဖြတ်ခြင်း၊ လုယက်ခြင်းစသော ဒုစ္စရိတ အလေ့အလာများသာ ရှိလေသည်။ ဤသို့ ဖြစ်နေစဉ် ခရစ် ၅၇၀-ခုနှစ်တွင် ဟာဂျရတ်မဟာမ္မဒ်ကို ကောဝ်ရစ်မည်သော သူဆင်းရဲမျိုး၌ ပဋိသန္ဓေတည်၍ မွေးဖွားလေသည်။

သူသည် ငယ်စဉ်အခါကာလကပင် အပေါင်းအဖော်တို့မှ ကင်း၍ တစ်ကိုယ်တည်း ဆိတ်ငြိမ်စွာ နေထိုင်တက်သော အလေ့အလာ ရှိသည်။ အရွယ်သို့ရောက်လတ်သော် သူသည် မက္ကာမြို့တွင်ရှိသော ဟေရာမည်သော တောင်ကြီး၏ လိုဏ်ဂူတွင် တစ်ကိုယ်တည်း ကမ္မဋ္ဌာန်းတရားကို စွဲမြဲစွာ အားထုတ်လေရာ ဉာဏ်တည်းဟူသော အလင်းရောင်ကို ရရှိသည် ဆို၏၊ အသက် (၄၀)ရှိသော အခါ သူသည် တိုင်းပြည်ကို လှည့်လည်၍ တရားဟောပြောလေသည်ကား...

"အလ္လာဟူသော ထာဝရဘုရားရှင်သည် ဤကမ္ဘာကြီးကို စောင့်ရှောက်လျက်ရှိလေသည်၊ ငါ၌ အလ္လာမှ ပေးသနားတော်မူသော ကိုရန်မည်သော ကျမ်းစာအုပ်လည်း ရှိ၏။ သင်တို့သည် အလ္လာအရှင်မြတ်၏ နှုတ်ခပါဋ်တော်ဖြစ်သော

ဤကိုရန်ဂျမ်းစာ၌ ပါသည့်အတိုင်းသာ ကျင့်ကြံအားထုတ်ကြကုန်လော့။ အလ္လာမှ တပါး ဝတ်ပြုစရာ သင်တို့၌ မရှိ။ မည်သူမဆို ထုလုပ်က ဖြစ်နိုင်သည့် ဘုရားရုပ်များကို အဘယ့်ကြောင့် ကိုးကွယ်ကြသနည်း? ထိုဘုရားများကို သင်တို့ကသာ ကျေးဇူးပြုရ၏။ သင်တို့ကို ပြန်၍ ကျေးဇူးပြုသည်ဟူ၍ မရှိ။ သင်တို့သည် တစ်နေ့ (၅)ကြိမ် ရှိခိုးကြလော့။ ထိုသို့ ရှိခိုးကော်ရော် ပူဇော်ခဲ့သည်ရှိသော် အလ္လာသည် သင်တို့၏ ကုသ္ထာသယကို ပြီးစီးစေလတ္တံ့"

ယင်းကဲ့သို့ပင် ဟောကြားပြားသော်လည်း အာရပ်လူမျိုးတို့ကား သူ၏နောက်သို့ မလိုက်ကြချေ။ သူ့ထက် အသက် (၁၅)နှစ်ကြီးသော သူ၏ မယားကြီး ခဒိဂျာသည်သာလျှင် ပွဲဦးထွက် အစ္စလာမ်ဘာသာထဲသို့ ဝင်လာလေသည်။ တချို့ကား သူ၏ အသက်ကိုပင် သေကြောင်းကြံလေရာ မဟာမွဒ်မှာ မက္ကာမြို့မှ မဒီနာမြို့သို့ ထွက်ပြေးရလေသည်။

ထိုမြို့၌ သူသည် တပည့်လက်သားများစွာတို့ကို စုဆောင်းပြီးလျှင် အာရပ်ပြည် အနှံ့အပြား လိုက်လံတရားဟောခိုင်းလေသည်။ မကြာမြင့်မီ အာရပ်ပြည်ကြီး တစ်ခုလုံး အစ္စလာမ်တရားတော်၏ အလိုသို့ လိုက်ပါသွားကြလေသည်။ တိုင်းပြည်၏ အကျင့်စာရိတ္တဆိုးသည်လည်း အစ္စလာမ်တရားတော်၏ အလင်းရောင်ကြောင့် တစ်စတစ်စ ပပျောက်သွားလေသည် ဟူ၏။ ခရစ် ၆၃၂-ခုနှစ်တွင် ဟဂျရတ် မဟာမွဒ်သည် မဒီနာ (Medina)မြို့၌ အလ္လာသခင်၏ အာဏာတော်ကို နာခံသွားရလေသည် ဟူ၏။

## အလ္လာ အင်ပါယာ

ထိုခေတ်အခါက အာရပ်လူမျိုးတို့၏ အဓိကအလုပ်ကြီးကား အစ္စလာမ် အင်ပါယာ ချဲ့ထွင်ရန် ဖြစ်လေသည်။ သူတို့သည် မိမိတို့ ယုံကြည်ရာ အစ္စလာမ် တရားတော်ကြီး၏ မျိုးစေ့များကို ကမ္ဘာလုံးကြီးပေါ်တွင် တင်၍ စိုက်ပျိုးလိုလေရကား ထက်ဝန်းကျင် နိုင်ငံများကို တညီတညွတ်တည်း ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ပြီးလျှင် ခလီဖာခေါ်သော ဆရာကြီးတို့ကို သာသနာပြုစေလေသည်။

မဟာမွဒ် အနိစ္စရောက်ပြီးသည်နှင့်နောက် အနှစ်တရာမျှ ကြာလတ်သော် မြောက်အာဖရိကတိုက်ရှိ အီရတ်, အီရန်, အီဂျစ်, ပါလက်စတိုင်း, တူရကီ, ဆစ်

ဇရီးယား-စသောပြည်တို့မှာ အစ္စလာမ်တရားတော်၏ လွှမ်းမိုးခြင်းကို ခံရလေသည်။ ခရစ်အနှစ် ၅၇၁-ကျော်လောက်က အစေ့မျှ ပျိုးပေးခဲ့သော အစ္စလာမ်သာသနာကြီးမှာ တရွေ့ရွေ့ အမြစ်ဆက်ပြီး စည်ပင်ပြန့်ပွားလာခဲ့လေရာ ယခုကျွန်ုပ်တို့ခေတ်တွင် ကုဋေ(၄၀)မျှလောက်သော လူဦးရေကို လက်ရသိမ်းပိုက်ထားလေတော့သတည်း။

## အိန္ဒိယပြည်နှင့် မူဆလင်

ဟာရ်သျှဝါဓနသီလာဒိတျမင်းကြီး နတ်ရွာစံပြီးသည့်နောက် ခရစ် ၇၀၀-အစလောက်က စ၍ အိန္ဒိယပြည်အလုံးကို သိမ်းပိုက်အုပ်ချုပ် မင်းလုပ်သော မဟာရာဇာဓိရာဇဘွဲ့ထူးခံ မင်းများ မရှိတော့ပြီ။ တစ်မြို့တစ်နယ် တစ်ပြည်တစ်မင်းဆိုသလိုဖြစ်ပြီး အမျိုးမျိုး ကွဲပြားလျက် ရှိလေသည်။ ဤသို့ ဖရိုဖရဲ ပြိုကွဲလျက်ရှိနေစဉ် အာရပ်ပြည်သား အာဂျစ်မည်သော အာရပ်မူဆလင်စစ်ဗိုလ်ကြီးသည် ခရစ်(၈)ရာစု ကုန်ခါနီးတွင် ဒါဟိရ်အမည်ရှိသော သိန္ဒုရှင်ဘုရင်အား ဝင်ရောက်တိုက်ခိုက်လေသည်။ ဒါဟိရ်ဘုရင်၏ ရဲတင်းစွာ ခုခံတိုက်ခိုက်မှုကြောင့် အာရပ်စစ်သည်တော်တို့မှာ မိမိတို့ တိုင်းပြည်သို့ ဆုတ်ခွာပြေးကြရလေသည်။

## မဟာမွဒ် ဘိန်ကာစင်

ဒုတိယတဖန် မဟာမွဒ်ဘိန်ကာစင်မည်သော အာရပ်လူငယ်စစ်ဗိုလ် တစ်ယောက်သည် (၃)နှစ်တိုင်တိုင် ထပ်မံ၍ သိန္ဒုနယ်ကို ထိုးစစ်ဆင်လေသော် ဒါဟိရ်မင်းမှာ ၎င်း၏ လက်ချက်ဖြင့် အနိစ္စရောက်ရလေသည်။ ကြင်ရာတော် အနိစ္စရောက်လေပြီဟူသော သတင်းကို မဟာရာဏီသိန္ဒုမြတီကြားလေသော် ကိုယ်တိုင်စစ်ဦးစီးကာ တိုက်ခိုက်ပြန်လေသည်။ မည်သို့ပင် ရဲစွမ်းသတ္တိရှိရှိ ခုခံတိုက်ခိုက်လေသော်လည်း အင်အားကြီးမားလှသော မဟာမွဒ်ဘိန်ကာစင်၏ အင်အားကို မနိုင်နင်းရကား မိမိတို့ကိုယ်ကို ထောပတ်များဖြင့် သွန်းလောင်းကာ နောက်ပါ စစ်သည်တော်များနှင့်အတူ မီးပုံကြီးထဲသို့ ခုန်ဆင်း၍ မရဏာပွဲ ဝင်သွားလေသည်။ ထိုရောအခါမှစ၍ သိန္ဒုနယ်မှာ မူဆလင်လက်အောက်ခံ ဖြစ်လာလေသည်။

## ဆဗုတ္တဂိန်

ခရစ်(၁၁)ရာစုလောက်တွင် ဆဗုတ္တဂိန်အမည်ရှိသော ဂဇနီမြို့စော်ဘွား အာဖဂန်နစ္စတန်ပြည်သား မူဆလင်သည် ပန်ဂျပ်နယ်သို့ ဝင်ရောက် တိုက်ခိုက် ပြန်လေသည်။ ထိုခေတ်တွင် ပန်ဂျပ်ပြည်ကို အစိုးရသော မင်းမှာ ဇယပါလဖြစ်၍ သူသည် တစ်ပါးသော မင်းတို့၏ အကူအညီဖြင့် ပြန်လည် ခုခံတိုက်ခိုက်လေရာ၊ ဆဗုတ္တဂိန်မှာ အာဖဂန်ပြည်သို့ ပြန်လည်ဆုတ်ခွာရလေသည်။

နောက်များမကြာမီ ထိုဆဗုတ္တဂိန်သည် သိန္ဓုနယ်သို့ ဝင်ရောက်တိုက်ခိုက် ပြန်လေရာ အာရပ်ပြည်သား မူဆလင်တို့မှာ စစ်ရှုံးသဖြင့် မိမိတို့ ဌာနီသို့ ပြန်သွား ကြလေသည်။ ဆဗုတ္တဂိန် အနိစ္စရောက်လေသော် ဒုတိယသားတော် စူလ်တန် မဟာမွဒ်သည် ဂဇနီမြို့ကို သိမ်းပိုက်အုပ်ချုပ် မင်းလုပ်ပြန်လေသည်။

အိန္ဒိယပြည်ရှိ မြို့ကြီးများတွင် ရွှေ,ငွေ,ရတနာ ပေါများပုံနှင့် ကျောင်းဘုရား တို့၌ ရွှေ,ငွေ အများအပြား ရှိနေကြောင်းကို ကြားသိရသောအခါ သူသည် ဘခင် ၏ နည်းတူ ပန်ဂျပ်ပြည်ကို ဝင်ရောက်တိုက်ခိုက်လေရာ အရှုယ်လွန်၍ အိုမင်း မစွမ်းဖြစ်နေသော ဇယပါလမင်းကြီးမှာ သူ့အား မတွန်းလှန်နိုင်သဖြင့် မီးပုံကြီးထဲ သို့ ခုန်ဆင်းသဖြင့် အနိစ္စရောက်ရလေသည်။

## မဟာမွဒ် ဂေါရီ

ခရစ်(၁၁)ရာစု အလယ်လောက်တွင် မဟာမွဒ်ဂေါရီအမည်ရှိသော အာဖဂန် စစ်ဗိုလ်ကြီးတစ်ဦးသည် အိန္ဒိယပြည်ထဲသို့ ကျူးကျော်ဝင်ရောက် တိုက်ခိုက်ပြန် လေရာ သုံးပုံနှစ်ပုံခန့်လောက်သော နယ်ပယ်များမှာ သူ၏ လက်အောက်သို့ ကျ ရောက်ရလေသည်။ ဂေါရီ ဝင်ရောက်တိုက်ခိုက်စဉ်က ပြိထွီရာဇ်(ပထ္ဝီရာဇ) မည်သော မင်းမှာ ဒေလီမြို့ကို အစိုးရ၍ ဇယချန္ဒရမည်သော မင်းမှာ ဗာရာဏသီ အပါအဝင်ဖြစ်သော ကာနောဇ်(ကာသီရာဇ်တိုင်း)ကို အစိုးရလေသည်။

ထိုမင်းတို့သည် အချင်းချင်း မသင့်မြတ်ကြသဖြင့် တိုက်ခိုက်လျက် ရှိလေ သည်။ ဤသို့ ဖြစ်နေစဉ် ဂေါရီသည် စစ်သည်တော် အလုံးအခဲနှင့် ဝင်ရောက် ကာ ပြိထွီရာဇ်ကို ထိုးစစ်ဆင် တိုက်ခိုက်လေတော့သည်။ ပြိထွီရာဇ်သည်

ယောက်ဖတော် သျှမရ်ဆင်၏ အကူအညီဖြင့် ပြင်းထန်စွာ ခုခံတိုက်ခိုက်ပါသော်လည်း အောင်မြင်ခြင်းသို့ မရောက်နိုင်ဘဲ ဂေါရီ၏ လက်ချက်ဖြင့် ကျဆုံးရလေသည်။ ဤသို့ သတင်းကို ကြားရာတော် သံယုတ္တာမိဖုရားကြီး ကြားရလေသော် ယမုံနာမြစ်ထဲသို့ ခုန်ဆင်းသွားသဖြင့် မိမိကိုယ်ကို အဆုံးစီရင်သွားလေသည်။

## ကုတ်ဘွဒ္ဒိန်နှင့် ဘတ်တီယာခိလ်ဂျီ

မဟာမွဒ်ဂေါရီနှင့် ဗိုလ်မှူးများဖြစ်ကြသော ကုတ်ဘွဒ္ဒိန်နှင့် ဘတ်တီယာခိလ်ဂျီတို့သည် ယူပီနယ်သို့ လာရောက်ကာ ဗာရာဏသီပြည့်ရှင် ဘုရင်ဇယချန္ဒရနှင့် အီတာဝမည်သော စစ်မြေပြင်၌ ကြောက်မက်ဖွယ်ကောင်းသော စစ်ပွဲကြီးကို ဆင်နွှဲလေသည်။ စစ်ပွဲကြီး၌ ဇယချန္ဒရမင်း ကျဆုံးသဖြင့် ခန္ဓာကြွေရလေသည်။

## စစ်ရှုံးရခြင်းအကြောင်း

ဒေလီရှင်ဘုရင် ပြီထွီရာဇ်မင်း ကျဆုံးလေပြီဟူသော သတင်းကို ဇယချန္ဒရမင်း ကြားလေသော် နယ်စပ်သို့ မဝင်မီကပင် တင်ကြို၍ တိုက်ခိုက်လိုသောစိတ်ရှိလေသည်။ သို့ရာတွင် မင်းကြီးသည် မည်သို့မည်ပုံ ခုခံရမည်ကို ရာဇဂုရုဖြစ်သော ဟိန္ဒူပုဏ္ဏားများနှင့် တိုင်ပင်လေရာ ပုဏ္ဏားပညာရှိများက ဤသို့ မိန့်ဆိုလေသည်...

"မြတ်သောမင်းကြီး ငါတို့ ဟိန္ဒူအယူဝါဒအားဖြင့် သတ္တဝါများအား သတ်ဖြတ်မှုသည် မဟာပါပကြီးတစ်ခု ဖြစ်၍ ဟိန္ဒူတရားနှင့် ဆန့်ကျင်လေသည်။ အကယ်၍ သင်မင်းကြီး မူဆလင်တို့နှင့် စစ်ခင်းပြိုင်ခဲ့အံ့၊ များစွာကုန်သော လူ့,တိရစ္ဆာန်တို့သည် သေကြေပျက်စီးခြင်းသို့ ရောက်ရကုန်လတ္တံ့။ ထိုသို့ ရောက်ခဲ့သော် အသင်မင်းကြီးသည် မကောင်းသော အကုသိုလ်အမှုကို ကျူးလွန်ရာရောက်သည်ဖြစ်၍ ငါတို့ အရှင်ဣဿရာ်က နှစ်မြို့က်မည် မဟုတ်။ ငါတို့သည် ဣဿရာ်ရှင်တော် အလိုအတိုင်း ဖြဟ္မာ့ပြည်မှ ဆင်းသက်လာသော လူမျိုးဖြစ်၍ ငါတို့ အပေါ်သို့ ကျရောက်လတ္တံ့သော ဒုက္ခအစုကို ဣဿရာ်အရှင်က တားမြစ်

လိမ့်မည်။ ထို့ကြောင့် ဓါး,လှံ,လေးစသော လက်နက်တို့ဖြင့် မခုခံဘဲ ခန္တီ(သည်းခံခြင်း) တည်းဟူသော လက်နက်ဖြင့် ခုခံသင့်ပါသည်”ဟု အကြံပေးကြလေသည်။

ရှင်ဘုရင်သည်လည်း ပုဏ္ဏားတို့၏ စကားကိုလိုက်နာပြီး ခန္တီလက်နက်ဖြင့် ခုခံလေသည်။ ယူပီနယ် အလယ်ပိုင်းသို့ထိ မူဆလင်တို့သည် တံခါးမရှိ ဓားမရှိဘဲ မိမိတိုင်းပြည်ကဲ့သို့ ဘေးရန်ကင်းစွာ ဝင်ရောက်လေရာ စစ်လမ်းကျရာ တစ်လျှောက်လုံးရှိ ဗုဒ္ဓကျောင်းကန်များနှင့် ဟိန္ဒူကျောင်းကန်များကို ဖျက်ဆီးခြင်း၊ ရဟန်းပုဏ္ဏားစသော သူတော်ကောင်းတို့အား ရက်စက်စွာ သတ်ဖြတ်ခြင်း၊ သွင်မူချောမွတ် နုထွတ်ငယ်ရွယ် ကညာမယ်တို့အား အတင်းအဓမ္မ စော်ကားခြင်းစသည်တို့ကို ပြုကြလေရာ များစွာပင် နစ်နာဆုံးရှုံးခဲ့လေသည်။ ဤကဲ့သို့ ဘာသာတရားအပေါ်၌ စော်ကားပုံကို ကြားရသောအခါ ဇယချန္ဒရမင်းကြီးမှာ ဒေါသအမျက် မီးလျှံကဲ့သို့ ထွက်ပြီးလျှင် သည်းခံခြင်းတည်းဟူသော ခန္တီလက်နက်ကို ပယ်စွန့်၍ နောက်ပါ စစ်သည်တော်အပေါင်း ခြံရံလျက် အီတာဝ စစ်မြေပြင်၌ သွေးချောင်းစီး စစ်ပွဲကြီးကို ဆင်နွှဲရလေတော့သည်။

ထိုကဲ့သို့ သူရသတ္တိရှိစွာဖြင့် တိုက်ခိုက်ပါသော်လည်း အင်အားကြီးမားလှသော မဟာမ္မဒ်ဂေါရီ၏ စစ်တပ်ကို မချေမှုန်းနိုင်ရကား စစ်ရှုံးခြင်းသို့ ရောက်ရလေသည်။ ထောင်ပေါင်းများစွာသော စစ်သည်တော်တို့သည်လည်း သေကြေပျက်စီးရလေသည် ဟူ၏။ ဇယချန္ဒရမင်းနှင့် နောက်ပါ စစ်သည်တော်ကို အောင်မြင်ပြီးသော စစ်သည်တော်တို့သည်လည်း ဗာရာဏသီမြို့တွင်းသို့ တစ်ဟုန်တည်း ဝင်ရောက်လာကြပြီးလျှင် ကြီးကျယ်သော ဘုရားရှိခိုးကျောင်းကြီးနှင့် ပုဏ္ဏားများအား သတ်ဖြတ်ကြလေရာ အကြွင်းမရ ပျက်စီးရလေသည် ဟူ၏။ ဗာရာဏသီတစ်မြို့လုံး (၁၅)ရက်တိုင်တိုင် မီးကြီးတစ်ဟုန်းဟုန်း တောက်နေခဲ့လေသည်။

ဣဿရဘုရား၏ အလိုတော်ကျ လူဖြစ်လာရသော ပုဏ္ဏားတို့သည်လည်း ဣဿရဘုရားကို တမ်းတလျက်နှင့်ပင် မူဆလင်များ၏ ဓား,သံလျက်များ အောက်တွင် အသက်ပါသွားရလေသည်။ ကုဋေကုဋာမကသော ဘဏ္ဍာများကိုလည်း လုယက်သွားကြလေသည်။ ထိုနောက် ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဓမ္မစကြာတရားဦး ဟောတော်မူရာ မိဂဒုန်တောသို့ စစ်ချီလာပြီးလျှင် များစွာကုန်

သော ကျောင်း,စေတီ,ပုထိုးများ၊ ဘုရားရုပ် ဘုရားလောင်းရုပ်များ၊ နတ်သမီးရုပ်များကိုလည်း ဖျက်ဆီးခဲ့ပြီးလျှင် ရဟန်းတော်ပေါင်း(၁၆၀၀)ကိုလည်း သတ်ဖြတ်ပစ်လေသည်။

ထိုစဉ်အခါက မိဂဒါဝုန်တောသွ ကျောင်း(၄၅)ကျောင်း၊ စေတီကြီးငယ် (၅၂) ဆူနှင့် ကမ္ဘဋ္ဌာန်းတရားများ ပွားများရာ လိုဏ်ဂူပေါင်း (၃၀)ခန့် ရှိလေသည်။ ယူပီနယ်တစ်ခုလုံးမှ ရှင်လူရဟန်းတို့သည် အများအားဖြင့် ဤနေရာသို့ လာရောက်ပညာသင်ကြားရသဖြင့် အမည်နာမ ကျော်စောထင်ပေါ်လျက် ရှိလေသည်။ မြတ်စွာဘုရားကား ပရိနိဗ္ဗာန်စံလွန်တော်မူသည်မှစ၍ မူဆလင်တို့ ကျူးကျော်ဝင်ရောက် ဖျက်ဆီးခဲ့သော ခရစ်(၁၂)ရာစုနှစ်ထိ စာသံပေသံ တည်ညံနှင့် ရှိခဲ့လေသည်။

## မိဂဒါဝုန်အကြောင်း

ဗုဒ္ဓရှင်တော်ဘုရား၏ လက်ထက်သောအခါက ဣသိပတန (သို့တည်း မဟုတ်) မိဂဒါယခေါ်သော မိဂဒါဝုန်တောကို ယခုအခါ ဆာရ်နာထ် (သာရနာထ) ဟူ၍ ခေါ်သည်။ ထိုနေရာသည် ယခုအခါ အိန္ဒိယပြည် ယူပီနယ်ရှိ ဗာရာဏသီမြို့ကြီးမှ (၇)မိုင်ခန့် ကွာဝေးလေသည်။

ဘုရားဖူးသားတို့သည် ထိုနေရာကို မြင်းရထားဖြင့်လည်း သွားရောက်နိုင်လေသည်။ ဤဌာနကား ဗုဒ္ဓရှင်တော်ဘုရား ဓမ္မစကြာတရားဦးကို ဟောကြားတော်မူရာ ဒေသဖြစ်ခြင်းကြောင့် ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာဝင်အပေါင်းတို့အဖို့ အမြတ်ဆုံးသော အဝိဇဟိတဌာနကြီးတစ်ခု ဖြစ်လေသည်။

## ဆာရ်နာထ် (SARNATH)

မိဂဒါဝုန်တောကြီး၏ အကြောင်းအတ္ထုပ္ပတ္တိများကို မဖတ်ရှုမီ ပဌမရှေးဦးစွာ အဘယ့်ကြောင့် မိဂဒါဝုန်တောကို ဆာရ်နာထ် (သာရနာထ)ဟု ခေါ်ရသည်ကို သိထားရန် လိုပေသည်။

ဤဆာရ်နာထ်ခေါ်သော စကားကို သက္ကဋနှင့်ပါဠိ စာပေတို့တွင် မတွေ့ရှိရချေ။ ဤစကားသည် တရံရောအခါက သရင်္ဂနာထခေါ်သော သမင်မင်း၏ အမည်မှ ပြောင်းလဲလာဟန် တူသည်။ ဤသမင်မင်း၏ ဝတ္ထုမှာ အထူး စိတ်ဝင်စားဖွယ်ကောင်းလှသဖြင့် လိုရင်းကို နောက်တွင်ဖော်ပြပေမည်။

## ဣသိပတန

ပါဠိကျမ်းများအရ ဆိုပါမူ ဤနေရာကို မိဂဒါယဟူ၍လည်းကောင်း၊ ဣသိပတနဟူ၍လည်းကောင်း၊ သို့တည်းမဟုတ် "ဣသိပတန မိဂဒါယ"ဟူ၍ လည်းကောင်း ရေးသားခေါ်ဝေါ်ကြလေသည်။ ဣသိပတန (သက္ကဋ-ရိသျှိပတန) ဟူသော စကား၏ အဓိပ္ပါယ်မှာ ရသေ့ရဟန်းတို့၏ နေရာဟု ဆိုလိုသည်။ ပါဠိဘာသာ၌ "ပတန"သဒ္ဒါသည် ကျခြင်းအနက်၊ နေခြင်းအနက်ကို ဟော၏။ မြန်မာပြည်ရှိ ရဟန်းရှင်လူပညာရှိတို့သည် ဒုတိယအနက်ကိုသာ ယူကြကုန်၏။ သို့ရာတွင် တရုတ်ဘုန်းကြီး ဖာဟီယန်ကမူကား... ပစ္စေကဗုဒ္ဓါ အရှင်တစ်စုသည် ကောင်းကင်၌ ပရိနိဗ္ဗာန်ပြုကြလေသဖြင့် သူတို့၏ ရုပ်အလောင်းတို့မှာ ဤနေရာသို့ ကြွေကြလာသည်ကို အစွဲပြု၍ ပတန=ကျခြင်းအနက်ကို ယူထားလေသည်။ ထို့ကြောင့် ဖာဟီယန်၏ အလိုအားဖြင့် ဣသိပတန=ပစ္စေကဗုဒ္ဓါတို့၏ ကျရာဟု ဆိုလိုသည်။

ဤသို့လျှင် ဆရာအမျိုးမျိုးတို့က မည်သို့ပင် အကွဲကွဲအပြားပြား ဘာသာပြန်ဆိုကြစေကာမူ ဣသိပတန-နေရာသည် သမင်အပေါင်းတို့၏ ပျော်မြူးကျက်စားရာနှင့် ရသေ့ရဟန်းအပေါင်းတို့၏ တရားအားထုတ်ရာ နေရာများ ပါဝင်သော ကျယ်ပြန့်သော တောကြီးတစ်တော ဖြစ်ခဲ့ရပေသည်။

## မိဂဒါယ

"မိဂဒါယ"ဟူသော စကား၏ အဓိပ္ပါယ်မှာ သမင်အပေါင်းတို့၏ ကျက်စားရာတော (Deer bark)ဟု ဆိုလိုသည်။ သမင်အပေါင်းတို့၏ ကျက်စားရာတောဟုပင် တိုက်ရိုက်ဘာသာပြန်ရသော်လည်း စင်စစ်မှာမူကား သမင်အမျိုးရှိသော တိရစ္ဆာန်အပေါင်းတို့၏ ကျက်စားရာတောဟု ဆိုလိုသည်။

ဘေးမဲ့ပေးထားသော နေရာတစ်ခု ရှိ၏။ ထိုနေရာရှိ သမင်များကို မည်သူတစ်ဦး တစ်ယောက်ကိုမှ ဖမ်းယူပစ်ခတ်မှုကို ခွင့်မပြုခြင်းကြောင့် ရာပေါင်းများစွာသော သမင်တို့ကို လူတိုင်းလူတိုင်း တွေ့မြင်နိုင်လေသည်။ ကရုဏာရှင်တစ်ဦးဖြစ်သူ စော်ဘွားကြီးသည် ယခုကဲ့သို့ အပြစ်ကင်းမဲ့သော တိရစ္ဆာန်များအား ဘေးမဲ့ခွင့်ပြု ထားခြင်းမှာ ရှေးဗာရာဏသီမင်းတို့၏ ထုံးတမ်းစဉ်လာကို ရိုသေလေးစားသော ကြောင့် ဖြစ်သည် ဆို၏။

## နိဂြောဓမိဂဇာတ်

ရဟန်းတော်ဟူယင်ဆန်၏ ဒိုင်ယာရီစာအုပ်တွင် ရေးသားထားသော ဤ နိဂြောဓမိဂဇာတ်တော်ကို အကျဉ်းအားဖြင့် ရေးသားဖော်ပြရပေဦးအံ့...

တရံရောအခါက မိဂဒါဝုန်တောဌ် မြတ်စွာဘုရားအလောင်းတော်နှင့် ဒေဝ- ဒတ် အလောင်းတို့သည် သမင်မင်းများ ဖြစ်ကြကုန်သတတ်။ တောကြီး၏ အလယ်၌ ရှိသော မြေကွက်ကြီးတစ်ခုတွင် သမင်ပေါင်း (၅၀၀)စီပါသော သမင် အုပ် နှစ်အုပ်သည် ရှိကြကုန်သတတ်။ ထိုနှစ်အုပ်သော သမင်အပေါင်းတို့အား အလောင်းတော်နှစ်ပါးတို့သည် တစ်အုပ်စီ အသီးသီး ခွဲဝေ၍ အုပ်ချုပ်ကြလေ သည်။ ဗာရာဏသီပြည်ကို အစိုးရသော မင်းကြီးသည် တနေ့သောအခါ တော ကစားရန် အလို့ငှာ ၎င်းတောသို့ ရှေးရှု၍ လာလေသည်။ ထိုအခါ ဘုရား အလောင်းတော် သမင်မင်းသည် ဘုရင်အနားသို့ ချဉ်းကပ်လျှောက် ထားလေ သည်ကား ...

"မြတ်သောမင်းကြီး အရှင်မင်းကြီးသည် သာယာစွာဖြင့် အမဲလိုက်နိုင်စေရန် တောကြီး၏ နေရာအနံ့အပြားကို မီးရှို့ခြင်းကြောင့်လည်းကောင်း၊ မြားပေါင်းများ စွာတို့ဖြင့် အရမ်းပစ်ခတ်မှုကြောင့်လည်းကောင်း၊ ကျွန်ုပ်တို့၏ နောက်ပါ သမင် များတို့မှာ သေကြေပျက်စီးရလေသည်။ သူတို့သည် နေမထွက်မီကပင် သေ ကြေရလေသောကြောင့် သူတို့၏ အသားများသည်လည်း လတ်လတ်ဆတ်ဆတ် မဟုတ်နိုင်တော့ပါ။ အရှင်မင်းကြီးသည် လတ်ဆတ်ကောင်းမွန်သော အသားများ ကို စားသောက်သုံးဆောင်ရပါစေခြင်းအကျိုးငှာ ကျွန်ုပ်တို့သည် နေ့စဉ်နေ့တိုင်း

များတို့မှာ သေကြေပျက်စီးရလေသည်။ သူတို့သည် နေမထွက်မီကပင် သေကြေရလေသောကြောင့် သူတို့၏ အသားများသည်လည်း လတ်လတ်ဆတ်ဆတ် မဟုတ်နိုင်တော့ပါ။ အရှင်မင်းကြီးသည် လတ်ဆတ်ကောင်းမွန်သော အသားများကို စားသောက်သုံးဆောင်ရပါစေခြင်းအကျိုးငှာ ကျွန်ုပ်တို့သည် နေ့စဉ်နေ့တိုင်း သမင်တစ်ကောင်စီ အချိန်မီ ဆက်သပါအံ့။ သို့မှသာလျှင် ကျွန်ုပ်တို့၏ အသက်မှာလည်း ပိုမိုကြာမြင့်စွာ နေရပါအံ့"

ရှင်ဘုရင်သည်လည်း ဤစကားကို သဘောကျတော်မူသဖြင့် မြို့သို့ ပြန်သွားလေသည်။ ထိုအခါမှစ၍ နေ့တိုင်း သမင်တစ်ကောင်စီ သတ်ဖြတ်ကာ ဆက်သ,တော်မူရလေတော့သည်။

ဒေဝဒတ်ပိုင်သော သမင်အုပ်၌ ကိုယ်ဝန်ရင့်မာနေပြီးသော သမင်မ တစ်ကောင် ရှိ၏။ သေရမည့်အလှည့်ကား ၎င်းသမင်မအပေါ်သို့ ကျရောက်လျက် ရှိပြီ။ ထိုအခါ သမင်မက သူမ၏အရှင် ဒေဝဒတ်အလောင်းတော်အား လျှောက်ထား သံတော်ဦးတင်လေသည်မှာ... "အရှင် ကျွန်မ၏ သေအလှည့်သည် ယခုအခါ မလွှဲကေန် ရောက်နေပြီမှန်သော်လည်း လောကကြီး၏ လေကို မရှူရှိုက်ရသေးသော ကျွန်မသား ငယ်၏ အလှည့်ကား မကျရောက်သေးပါ။ ထို့ကြောင့် ကျွန်မအစား အခြားတစ်ကောင်ကို ထည့်ပေးစေချင်ပါသည်။ ကျွန်မ ကလေး မွေးဖွားပြီးသော အခါမှသာလျှင် နစ်ကိုယ်စလုံး အပ်နှင်းပါရစေရှင်"

ဒေဝဒတ်အလောင်းသည် ဒေါသကြီးစွာဖြင့် ပြန်လည် ဖြေကြားသည်ကား...

"သင့်ဝမ်းဗိုက်ထဲရှိ ကလေးသူငယ်သည် အဘယ် တန်ဖိုးရှိသနည်း?"

သမင်မက သနားစဖွယ် ပြန်လည်ပြောကြားသည်ကား...

"အိုအရှင် လောကကြီး၏ အလင်းရောင်ကို တစ်ခါမျှ မမြင်ဖူးသေးသော ဝမ်းဗိုက်ထဲက သူငယ်ကို သတ်ဖြတ်ရန် အရှင်အား သနားစိတ်မရှိပါလော?"

ဒေဝဒတ်လောင်း သမင်ကား သမင်မ၏ လျှောက်ထားချက်ကို နားမထောင်ချေ။

ထို့နောက် သမင်မသည် တခြားသမင်အုပ်ကြီး၏ အရှင်သခင်ဖြစ်သူ ဘုရားအလောင်းတော်သမင်အား အဆုံးစွန်သော လျှောက်ထားခြင်းဖြင့် လျှောက်ထားလေသည်။ ထိုအခါ ဘုရားလောင်းတော်က ပြန်ကြားမိန့်ဆိုသည်ကား...

"သမင်မ သင်လျှောက်ထားသော စကားသည် အထူးပင် ဝမ်းနည်းစဖွယ် ကောင်းလှပေသည်။ ထို့ကြောင့် ငါသည်ပင်လျှင် သင့်အစား သေပွဲဝင်ပေတော့အံ့" ဟု ပြောဆိုပြီး၍ သမင်သည်လည်း ဗာရာဏသီမြို့ရှိ ရာဇနန်းတော်သို့ သွားပြီးလျှင် သားသတ်သမားတို့အား လည်စင်းပေးခြင်းဖြင့် အသတ်ခံလေသည်။

လမ်းမှ သွားလာလျက်ရှိကြကုန်သော လူအပေါင်းတို့သည်လည်း အုတ်အုတ်ကျက်ကျက် ဖြစ်ပြီးလျှင်... "သမင်မင်းသည် မြို့သို့ လာသတတ်"ဟူ၍ ကျယ်လောင်စွာ ပြောဆိုကြကာ သမင်မင်းအား ကြည့်ရှုရန် ဘုရင့်နန်းတော်ဝ၌ တိုးကျိတ်လျက် ရှိလေသည်။

ရှင်ဘုရင်သည် ဤစကားကို ကြားကာမျှဖြင့် မယုံကြည်နိုင်သေးသော်လည်း တံခါးမှူးက ဟုတ်မှန်ကြောင်းကို သံတော်ဦးတင်တော့မှ ယုံကြည်လေသည်။ ဘုရင်မင်းမြတ်သည် သမင်မင်းအား ရှေ့တော်မှောက်သို့ ခေါ်ပြီးလျှင်...

"အဘယ်ကြောင့် လာရသနည်း?"ဟု မေးမြန်းတော်မူလေသည်။ သမင်မင်းသည်လည်း အကြောင်းစုံကို ပြန်လည် လျှောက်ထားတော်မူလေသည်။

ရှင်ဘုရင်သည်လည်း အလွန်ကရုဏာသက်လေရကား... "အို သမင်မင်း၊ သင်နှင့်ငါသည် ကာယကိုယ်ခန္ဓာချင်းပင် ကွဲစေကာမူ စိတ်သဘောချင်းကား အတူတူပင် ဖြစ်လေသည်။ ထို့ကြောင့် သင်တို့သည် ငါ့အား သမင်တစ်ကောင်ကျစီ ဆက်သရန် မလိုတော့ပြီ။ ငါသည်လည်း မသုံးဆောင်တော့ပြီ။ သင်တို့နေရာကိုလည်း ငါဘုရင်မင်းမြတ်သည် ဘေးမဲ့နေထိုင်ခွင့် ပြုပါပြီ၊ သင်တို့အားလုံး ဘေးမဲ့စွာဖြင့် ချမ်းသာကြကုန်သတည်း"ဟု ပြောဆိုကာ ဘေးမဲ့ပေးခဲ့လေသည်။

အချို့သော ဆရာတို့ကမူ တရံတခါတုန်းက ဆာရ်နာဝ်ခေါ်သော ဂျိန်းဘုရားရှိခိုးကျောင်းကြီးတစ်ကျောင်း ရှိခဲ့သည်ကို အစွဲပြု၍ "ဆာရ်နာဝ်" မည်သည် ဟူ၏။

အထက်ပါဝတ္ထုအရ ခေမေ မိဂဒါယေ-ဟု တွင်လေသည်။ ထို့ပြင် သက္ကဋဘာသာ၌ သရင်္ဂ-သမင်၊ နာထ-အရှင်၊ သမင်တို့၏ မင်း၊ သရင်္ဂနာထ=သမင်မင်း

မိဂဒါဝုန်သို့ သွားရောက်ဖူးမြော်ကြသော သူတို့သည် ပထမရှေးဦးစွာ ချောက်ခဏ္ဍီ[12]စေတီကြီးကို ဖူးမြော်ကြရပေလိမ့်မည်။ ဤစေတီကြီးကို ဘုရားရှင်အား ပဥ္စဝဂ္ဂီနောင်ညီငါးဦး တို့က ပထမဦးစွာ ဆီးကြိုသောနေရာတွင် တည်ထားလေသည်။ ဤစေတီကြီးမှာ ယခုတိုင် အထင်အရှား ရှိနေသေးသော ဓမ္မေခ (ဓမ္မိက)စေတီထက် မငယ်သော စေတီတစ်ဆူပင် ဖြစ်သည်။ သို့သော် မူဆလင်တို့ လက်ချက်ကြောင့် ယခုကား ယိုယွင်းလျက် ရှိလေပြီ။ စေတီအပေါ်ဆုံးတွင် မျှော်စင်တစ်ခုကို ဒေလီရှင် ပသီအက္ကဘာမင်းက ခရစ် ၁၅၈၈-ခုနှစ်တွင် ဆောက်လုပ်ခဲ့လေသည်။ ဤစေတီမှာ မူဆလင်၊ ဟိန္ဒူစသော မသူတော်မင်းတို့၏ ဖျက်ဆီးမှုကြောင့် ယခုအခါ ပျက်စီးယိုယွင်းလျက်ရှိလေသည်။

## တူးဖော်ထားသော အဆောက်အအုံများ

ကစ်တိုး၏ ကျောင်းတော် ။ ။ ချောက်ခဏ္ဍီစေတီတော်ကြီးကို ဖူးမြော်ခဲ့ပြီးသော ဘုရားဖူးသားတို့သည် မြောက်ဘက်ရှိ ကျောက်စာဘက် ဌာနမှ တူးဖော်ထားသောနေရာသို့ ဖြတ်ကူးကြရမည်။ ထိုသို့ ဖြတ်ကျော်ခဲ့သည်ရှိသော် M.No VI ဟု ရေးသားထားသော ကစ်တိုး၏ ကျောင်းတော်ကြီးသို့ ရောက်လိမ့်မည်။ ကစ်တိုးကျောင်းဟု ခေါ်ရခြင်းမှာ ကစ်တိုးက ဆောက်လုပ်လှူဒါန်းသောကြောင့် မဟုတ်။ ကစ်တိုးမည်သော ကျောက်စာဘက်ဆိုင်ရာ အရာရှိတစ်ဦးက တူးဖော်၍ ပေါ်ထွက်လာသော ကျောင်းတော်ကို ကစ်တိုးကျောင်းဟု ခေါ်လေသည်။ ဤကျောင်းတော်ကြီးကား ကျောင်းအုတ်မြစ်မျှသာ ကျန်ရှိပေတော့သည်။ အခန်းအားဖြင့် (၂၈)ခန်းရှိ၍ တစ်ဖက်အုတ်နံရံမှ အခြားတစ်ဖက် အုတ်နံရံထိ ပေပေါင်း(၁၀၇)ပေခန့် ကျယ်ပြန့်လေသည်။

ဤကျောင်းတော်ကြီးကို ဝင်ရောက်တိုက်ခိုက်သူ မူဆလင်တို့သည် မီးစသော လက်နက်တို့ဖြင့် ဖျက်ဆီးပစ်လေသောကြောင့် ယခုလက်ရှိ အခြေ

---

[12] ခိုင်မာသော စတုဂံအခြေပေါ်မှာ တည်ဆောက်ထားခြင်းကြောင့် စတုခန္ဓီ (စတုခန္ဓိ) စေတီဟု အချို့စာအုပ်များ၌ ရေးသားကြသည်။
(၎င်းစေတီထိပ်၌ မူဆလင် များ တည်ဆောက်ထားသော မျှော်စင်ကို တွေ့ရမည်)

မည်။ ကစ်တိုးကျောင်းဟု ခေါ်ရခြင်းမှာ ကစ်တိုးက ဆောက်လုပ်လှူဒါန်းသော ကြောင့် မဟုတ်။ ကစ်တိုးမည်သော ကျောက်စာဘက်ဆိုင်ရာ အရာရှိတစ်ဦးက တူးဖော်၍ ပေါ်ထွက်လာသော ကျောင်းတော်ကို ကစ်တိုးကျောင်းဟု ခေါ်လေသည်။ ဤကျောင်းတော်ကြီးကား ကျောင်းအုတ်မြစ်မျှသာ ကျန်ရှိပေတော့သည်။ အခန်းအားဖြင့် (၂၈)ခန်းရှိ၍ တစ်ဖက်အုတ်နံရံမှ အခြားတစ်ဖက် အုတ်နံရံထိ ပေပေါင်း(၁၀၇)ပေခန့် ကျယ်ပြန့်လေသည်။

ဤကျောင်းတော်ကြီးကို ဝင်ရောက်တိုက်ခိုက်သူ မူဆလင်တို့သည် မီးစသော လက်နက်တို့ဖြင့် ဖျက်ဆီးပစ်လေသောကြောင့် ယခုလက်ရှိ အခြေအနေသို့ ကျရောက်ရလေသည်။ မည်သို့မည်ပုံ ဖျက်ဆီးခဲ့ကြောင်းကို အဆိုပါ ကစ်တိုး၏ အစီရင်ခံစာတွင် ဖတ်ကြည့်ပါ။

ဓမ္မရာဇိကစေတီ[13] ။ ။ ဘုရားဖူးသားတို့သည် နန္ဒိယသူကြွယ် ဆောက်လုပ်လှူဒါန်းခဲ့သော ကျောင်းတော်ကြီးထဲသို့ မဝင်မီ ဓမ္မရာဇိကစေတီတော်ကြီး တည်ရာဖြစ်သော ပန်းခုံအဝိုင်းကြီးတစ်ခုကို တွေ့ရပေလိမ့်မည်။ ထိုပန်းခုံတော် အဝိုင်းကြီးမှာ ယခု ရှိနေသော ဓမ္မေခ စေတီလောက်ပင် ရှိလေသည်။

ဘုရားဖူးသားတို့သည် မြေပုံကြီးသဖွယ်ဖြစ်နေသော စေတီတော်ကြီး၏ အုတ်ပန်းခုံမှတစ်ပါး ဓမ္မရာဇိကစေတီကြီး၏ မည်သည့် အစိတ်အပိုင်းကိုမျှလည်း ဖူးမြင်ရမည် မဟုတ်တော့ပေ။ အဘယ်ကြောင့် ဤစေတီကြီးမှာ ယခုလို အခြေအနေမျိုးသို့ ဆိုက်ရောက်ရသနည်း ဟူမူကား... အိန္ဒိယပြည်အနှံ့အပြားတွင် တွေ့ကြုံခံစားခဲ့ရသော ပျက်စီးခြင်းဒဏ်ရာကို ဓမ္မရာဇိကစေတီတော်ကြီးလည်း မလွှန်ဆန်နိုင်ခြင်းကြောင့် ဖြစ်သည်။ မူဆလင်တို့ ဝင်ရောက်ဖျက်ဆီးခဲ့သော ခရစ်(၁၂) ရာစုလောက်မှာ စေတီကြီးသည် လုံးဝပျက်စီးခြင်းသို့ မရောက်ခဲ့သေးချေ။ ဓမ္မေခ စေတီကဲ့သို့ပင် အတော်အသင့် ကြွင်းကျန်ရစ်လေသည်။

[13] ဓမ္မစကြာတရားတော်ကို ဟောကြားရာ နေရာသည် ဤဓမ္မရာဇိကစေတီ တော်ကြီး နေရာပင် ဖြစ်၏ဟု ယခုခေတ်ပညာရှိများက ယူဆကြ သည်။ ဆရာတော်ဦးနာရဒကမူ ဓမ္မစကြာတရားတော်ကို ဟောကြားရာ နေရာသည် အသောကကျောက်တိုင်နေရာဟု သုံးသပ်တင်ပြသည်။

သို့သော် အိန္ဒိယပြည်တွင် ကျောက်စာဘက်ဌာနကို မတည်ထောင်မီ ၁၇၉၄ ခုနှစ်တွင် ချစ်ဆင်/ဆေတဆင့်(Chetsent) အမည်ရှိသော ဗာရာဏသီ စော်ဘွားကြီး၏ အမတ်တစ်ဦးဖြစ်သူ ဂျဂတ်ဆင်(ဂျဂတဆင့်)သည် ဗာရာဏသီမြို့ ဂျဂ သဂန်ဂျ်-မည်သော နေရာရှိ အဆောက်အအုံအချို့တွင် အသုံးပြုရန် ဤစေတီကြီးကို အကြွင်းမရ ဖြိုဖျက်ကြစဉ် သူတို့သည် အိုတာလျံကျောက်ဖြင့် ပြုလုပ်ထားသော ဓာတ်တော်ကြုတ်[14]တစ်ခုနှင့် ဓာတ်တော်အချို့ကို ရရှိလေသည်။ ထိုဓာတ်တော်များမှာ ဘုရား(သို့တည်းမဟုတ်) ရဟန္တာဓာတ်တော် နှစ်ခုတွင် တစ်ခုခုဖြစ်ရမည်ဟု ဒေဝပြိယဝါလိဆင်ဟမည်သော သိပ္ပံပညာရှိကြီး တစ်ဦးက ယူဆလေသည်။ ဗုဒ္ဓဘာသာဝင်တို့အတွက် အမွန်မြတ်ဆုံးသော ဓာတ်တော်များကို ဟိန္ဒူတို့သည် သူတို့၏ ထုံးတမ်းစဉ်အလာအရ ဂင်္ဂါမြစ်ထဲသို့ ကြုတ်နှင့်တကွ မျှောချလေရကား ရှေးခေတ် ဗုဒ္ဓဘာသာတို့ အမြတ်တနိုး ဌာပနာထားခဲ့သော ဓာတ်တော်များမှာ ယနေ့ထိ ကွယ်ပျောက်ရလေတော့သတည်း။

ဤနေရာရှိ တခြားများစွာသော အဆောက်အအုံတို့ကိုလည်း သူတို့သည် ဤနည်းအတိုင်း ဖျက်ယူအသုံးပြုကြလေရာ များစွာပင် နစ်နာဆုံးရှုံးခြင်းသို့ ရောက်ရလေသည်။ ဤစေတီမှ ရရှိသော ကျောက်စာတစ်ချပ်တွင် စထိရပါလ နှင့် ဝသန္တပါလဟူ၍ အမည်နှစ်ခု ထိုးထားသည်ကို တွေ့ရှိရခြင်းဖြင့် ထိုပုဂ္ဂိုလ်တို့သည်ပင် စေတီဒါယကာများ ဖြစ်လေဟန် လက္ခဏာရှိသည်။

ဘုရားဖူးသားတို့သည် ဓမ္မရာဇိကစေတီပျက်ကြီးကို ဖူးမြော်သံဝေဂယူပြီး၍ ရှေ့သို့ (၅)ကိုက်မျှ လှမ်းသွားခဲ့ပါက ကြီးကျယ်ခမ်းနား၍ ထုထည်ကြီးမားသော အုတ်နံရံကြီးများဖြင့် ဆောက်လုပ်ထားသော အဆောက်အအုံကြီးတစ်ခုသို့ ရောက်ရှိလိမ့်မည်။ ထိုအဆောက်အအုံကြီးမှာ မူလဂန္ဓကုဋီတိုက်ကြီးပင် ဖြစ်သည်။ (မဟာဗောဓိအသင်းကြီးမှ ဆောက်လုပ်ထားသော မူလဂန္ဓကုဋီကို မဆိုလို။) ဤအဆောက်အအုံကြီးသည်သာလျှင် မိဂဒါဝုန်တောရှိ အဆောက်အအုံ

---

[14] ဓာတ်တော်ကြုတ်။ ။ အဝိုင်းသဏ္ဌာန်ရှိ ကျောက်သေတ္တာတစ်လုံးထဲ၌ မြတ်ဗုဒ္ဓ၏ ဓာတ်တော်များကို လုံခြုံစွာ ဌာပနာထားကြောင်း၊ ၎င်းကျောက်သေတ္တာကို ကိုးလ်ကတ္တားဗုဒ္ဓပြတိုက်တွင် ထိန်းသိမ်းထားသဖြင့် ယနေ့ (2007 AD)တိုင် တွေ့မြင်နိုင်ကြောင်း... (စန္ဒြသေနဗောဒ္ဓ)

များအနက် ရှေးအကျဆုံး ဖြစ်လေသည်။ တခြားအဆောက်အအုံများမှာ ဤအဆောက်အအုံနောက်မှ ပေါ်ပေါက်လာသော အဆောက်အအုံများသာ ဖြစ်လေသည်။ ဤတိုက်ကြီးမှာ ဗုဒ္ဓရှင်တော်ဘုရားအတွက် သီးသန့်နေထိုင်သီတင်းသုံးရာ ဖြစ်လေသည်။ ဤနေရာတွင် ဘုရားရှင်သည် ပထမဆုံး ဝါဆိုတော်မူခဲ့လေသည်။

ဤတိုက်ကြီး၏ လက်ယာဘက်တွင် အသောကအမှတ်တံဆိပ်ပါသော ကျောက်လက်ရမ်းကြီးဖြင့် ကာရံထားသော တိုက်ခန်းငယ်ကလေး တစ်ခုရှိသည်။ ဤတိုက်ခန်းငယ်ကလေး၏ အလယ်တွင် ကျောက်စေတီငယ်တစ်ဆူ ရှိသည်။ ရှေးခေတ်အခါတုန်းက ထိုစေတီငယ်ကလေး၏ အပေါ်ထပ်ကို ကျောက်ထီးကြီးဖြင့် မိုးထားလေသည်။ ယခုအခါ ဤကျောက်ထီးမှာ ပြတိုက်ကြီးထဲသို့ ရောက်နေလေသည်။ ဤစေတီငယ်ကလေးကို ကျပ်တည်းကျဉ်းမြောင်းသော ဤအခန်းငယ်ကလေးထဲတွင် အဘယ့်ကြောင့် ထည့်ထားရကြောင်းကို မည်သူမျှ မပြောနိုင်ချေ။ တချို့သော ပညာရှိများက ဤစေတီငယ်မှာ ဓမ္မရာဇိကစေတီတော်ကြီးမှ အရန်စေတီတော်တစ်ဆူဟု ယူဆကြသည်။ ဤစကားနစ်ရပ်စလုံးမှာ ယုတ္တိရှိလှပေသည်။ အကြောင်းဆိုမူကား ဓမ္မရာဇိကစေတီကြီးနှင့် ဂန္ဓကုဋီတိုက်ကြားတွင် ရှိခြင်းကြောင့်ဖြစ်သည်။

အလွန်ရှေးကြသော မူလဂန္ဓကုဋီတိုက်ကြီးမှာ အလွန့်အလွန် နှစ်ပရိစ္ဆေဒကြာညောင်းခဲ့ပြီဖြစ်ခြင်းကြောင့် မြေကြီးအောက်တွင် မြုပ်လျက်ရှိလေသည်။ ယခု တွေ့မြင်ရသော တိုက်ကြီးကား ထိုတိုက်ဟောင်းအပေါ်တွင် ထပ်ဆောက်ထားသော တိုက်ဖြစ်သည်။ ထူးခြားသော သင်္ကေတမှာ အလွန်ရှေးကျသော အုတ်နံရံအောက်ပိုင်းရှိ အုတ်ချပ်များမှာ အပေါ်အုတ်ချပ်များသက် သုံးပုံတစ်ပုံခန့် ငယ်လေသည်။ အချို့သော အဆောက်အအုံများနှင့် စေတီငယ်ကလေးများကား မြေကြီးထဲ၌ပင် မြုပ်လျက် ရှိသေးသည်ဟု ယူဆရပေသည်။ အသို့ဆိုမူ မြန်မာပိုင်ဓမ္မသာလကြားနှင့် အဆိုပါ တိုက်ကြီးကြားကျရာနေရာ အချို့မှ အုတ်ကျောက်အစအနများကို တွေ့မြင်ရခြင်းကြောင့် ဖြစ်သည်။

<u>အသောကကျောက်တိုင်</u> ။ ။ ဖော်ပြပါတိုက်ကြီးမှ အနောက်ဘက် (၂)ကိုက်ခန့်အကွာတွင် သံလက်ရမ်းကြီးဖြင့် ကာရံထားသော အသောက

ကျောက်တိုင်ကြီးတစ်ခု ရှိ၏။ ဤကျောက်တိုင်ကြီးကို သာသနာ့ဒါယကာ သိရီဓမ္မာသောကမင်းကြီးသည် ခရစ်မပေါ်မီ အနှစ်(၂၅၀)လောက်က စိုက်ထူခဲ့လေသည်။ ဤနေရာကိုပင် အချို့သော ပညာရှိတို့က ဓမ္မစကြာတရားဦးကို ဟောကြားရာဌာနဟု ယူဆကြလေသည်။ ဤကျောက်တိုင်တွင် ရေးထိုးထားသော ကျောက်စာ၌မူကား ဤအကြောင်းနှင့် စပ်လျဉ်း၍ မည်သို့မျှ မပါရှိခြင်းကြောင့် ကိုယ်ပိုင်ဉာဏ်ဖြင့်သာ ဝေဖန်ရေးသားရပေမည်။

သိရီဓမ္မာသောကမင်းကြီးသည် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးကို မွေးဖွားရာဒေသဖြစ်သော လုမ္ဗိနီဥယျာဉ်ရှိ ထိုမွေးဖွားသော နေရာ၌ ကျောက်တိုင်ကြီး တစ်တိုင်ကို စိုက်ထူထားခဲ့လေသည်။ တစ်စုံတစ်ခုသော အကြောင်းကြောင့် ကျောက်တိုင်၌ အတိအလင်း ကမ္ပည်းမထိုးခဲ့စေကာမူလည်း အထက်ပါ ကျောက်တိုင်နှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက ဤကျောက်တိုင်နေရာကိုလည်း ဓမ္မစကြာတရားဦးကို ဟောရာအရပ်[15]ဟု ယူဆရပေမည်။

အချို့သော ပညာရှိတို့က မူလဂန္ဓကုဋီတိုက်ရာသည်ပင်လျှင် ဓမ္မစကြာတရားဦးကို ဟောကြားတော်မူရာ အရပ်ဟု ဆိုကြကုန်၏။ အချို့ကမူ ဓမ္မေခစေတီတော်ကြီး၏ တည်ရာကိုပင် ဓမ္မစကြာတရားကို ဟောရာအရပ်ဟု ယူဆကြသည်။ အချို့ ပညာရှိတို့ကား ဓမ္မရာဇိကစေတီ နေရာကိုပင် ရည်မှန်းကြသည်။ အသောကမင်းတရားကြီးသည် အရေးကြီးသော နေရာများ၌ ထောင်ပေါင်း များစွာကုန်သော ကျောက်တိုင်တို့ကို စိုက်ထူခဲ့ပါလျက်နှင့် အဘယ့်ကြောင့် ဤနေရာတွင် မစိုက်ထူဘဲနေတော့အံ့နည်း? ထို့ကြောင့် ဤနေရာကိုပင် ဓမ္မစကြာသုတ်ကို ဟောကြားတော်မူရာ အဝိဇဟိတအရပ်ကြီးဟု မှတ်ယူအပ်ပေသတည်း။

ယခုအခါ ဤကျောက်တိုင်ကြီးမှာ အပိုင်းပိုင်း ကျိုးပဲ့လျက်ရှိလေရာ တစ်ပိုင်းမှာ (၈)ပေခန့်ရှိ၍ (၇)ပေခန့်ရှိသော အခြားတစ်ပိုင်းမှာ မြေကြီးထဲသို့ မြုပ်လျက်

[15] မူလဂန္ဓကုဋီကျောင်း၏ အနောက်ဘက် (၆)ပေခန့်အကွာ၌ ရှင်တော်မြတ်ဗုဒ္ဓက ဘိက္ခုသံဃ*ကို စတင်ဖွဲ့စည်းသည့်နေရာတွင် အမှတ်တရအဖြစ် ဤအသောကကျောက်တိုင်ကို စိုက်ထူထားသည်။
[*ပဉ္စဝဂ္ဂီ(၅)ဦး + သူဌေးသားယသနှင့် + သူ၏မိတ်ဆွေ(၅၄)ဦး = ရဟန္တာ(၆၀)]

ရှိလေသည်။ ဤကျောက်တိုင်ကြီးမှာ အီတာလျံကျောက်ကဲ့သို့ အရောင် တဖိတ် ဖိတ် တောက်လျက်ရှိရာ မည်သည့်ကျောက်ဟုပင် အမည်ပေးရန် ခဲယဉ်းလှပေသည်။ အချို့သော ပညာရှင်တို့က သဘာဝကျောက်တိုင်မဟုတ်၊ လူများက သွန်းလုပ်ထားသော ကျောက်တိုင်ဟု ဆိုကြကုန်သည်။ ကျောက်တိုင်ကြီး၏ ထိပ်ဝမှာ (၂)ပေနှင့် (၉)လက်မရှိသည်။

တရုတ်ဘုန်းကြီးဟူယင်ဆန်သည် အိန္ဒိယပြည်သို့ ဘုရားဖူးရောက်ခဲ့စဉ်က မြေကြီးမှ အထက်သို့ ပေ(၇၀)မြင့်သော ဤကျောက်တိုင်ကြီး၏ ပကတိ အခြေအနေကို မြင်ခဲ့ရသည် ဟူ၏။ ဤကျောက်တိုင်ကြီးပေါ်တွင် ခြင်္သေ့သုံးပွင့်ဆိုင် တပ်ဆင်ထားပြီး၊ ခြင်္သေ့များ အောက်တွင် ဓမ္မစကြာတံဆိပ်များဖြင့် ထုလုပ်ထားလေသည်။ ၎င်းခြင်္သေ့ရုပ်ကြီးမှာ ယခုအခါ ပြတိုက်ကြီးထဲ၌ သိမ်းဆည်းထားသည်။ ဓမ္မစကြာတံဆိပ်တော်ကိုကား အိန္ဒိယအစိုးရ၏ နိုင်ငံတော်အလံတွင် အသုံးပြုထားသည်ကို တွေ့မြင်ရသဖြင့် အထူးဝမ်းသာမိ၏။ ဗုဒ္ဓဝါဒလွှမ်းမိုးရာ ဖြစ်သော ကျွန်ုပ်တို့နိုင်ငံ၌ကား ထိုကဲ့သို့ အသုံးမပြုကြသည်မှာ ဧရာမ ဝမ်းနည်းစရာကြီးပင် ဖြစ်ပေသည်။

ဤကျောက်တိုင်ကြီးကို မဟာမွဒ်ဂေါ်ရီ အမျိုးရှိသော ရုပ်တုတော်ချိုးဖဲ့ ဖျက်ဆီးသမားတို့က ဝင်ရောက်ဖျက်ဆီးသဖြင့် ယခုကဲ့သို့ အပိုင်းပိုင်း ကျိုးပဲ့ခြင်းသို့ ရောက်ရလေသည်။ ခြင်္သေ့သုံးပွင့်ဆိုင်ကြီးမှာ ထိုသူတို့၏ လက်ချက်ကြောင့် မပျက်စီးခဲ့ဘဲ လွတ်ကျန်ရစ်ခဲ့သည်မှာ အထူးပင် ကံကောင်းထောက်မသည်ဟု ဆိုရပေမည်။ ထိုခြင်္သေ့ရုပ်ကြီးမှာ ကျောက်စာဘက်ဌာနမှ တူးဖော်ရရှိသည်ထိ မြေကြီးထဲ၌ မြှုပ်နေခဲ့လေသည်။

ဤကျောက်တိုင်ကြီးမျိုးကို ကမ္ဘာ့ယဉ်ကျေးလိမ္မာရေးကို ရှေးဦးစွာ ရရှိခဲ့သော အသောကမင်းတရားကြီးလက်ထက်ကပင် စိုက်ထူခဲ့စေကာမူ ပညာဉာဏ် အမြင်ရှိကုန်သော အိန္ဒိယသားတို့ကား ယနေ့ထိ ဂုဏ်ယူလျက်ပင် ရှိသေး၏။

နန္ဒိယာရာမကျောင်းတော်ကြီး ။ ။ ဇိနတ္တအစရှိသော ကျမ်းဂန်တို့တွင် ထင်ရှားလျက်ရှိသော နန္ဒိယသူကြွယ် ဆောက်လုပ်လှူဒါန်းခဲ့သော နန္ဒိယာရာမကျောင်းတော်ကြီးမှာ မြန်မာပိုင် ဓမ္မသာလာနှင့် ဂန္ဓကုဋီအကြားတွင် ရှိလေသည်။ ဤကျောင်းတော်ကြီးကို ကျောက်စာဘက် ဌာနမှ Main Temple ဟု အမည်

ပေးထားသည်။ ဤကျောင်းတော်ကြီးကို ကျောက်အုတ်တို့ဖြင့် ရောနှောကာ ကျောက်ကို အောက်မှခံ၍လည်းကောင်း၊ အပေါ်၌ အုတ်ဖြင့်လည်းကောင်း ဆောက်လုပ်ထားလေသည်။ ဤသို့ ကျောက်နှင့်အုတ် ရှိနေသည်ကို မြင်ရခြင်းဖြင့် ပဌမရေးဦးစွာ ဆောက်လုပ်ခဲ့သော နန္ဒိယသူကြွယ်ကျောင်းကြီးမှာ ကျောက်သက်သက်ဖြစ်ရာ နှစ်လကြာညောင်း၍ ကျောင်းကြီးဟောင်းနွမ်း ယိုယွင်းလာသောအခါ အုတ်ဖြင့် တဖန် နောက်ဒါယကာများက ဆောက်လုပ်လှူဒါန်းခဲ့ကြောင်းကို ကောင်းစွာ သိမြင်ရလေသည်။

ဤကျောင်းတော်ကြီးအပြင်ဘက် အုတ်နံရံများမှာ (၁၀)ပေခန့် ရှိလေသည်။ အလွန်ခိုင်ခံ့သော အဆောက်အအုံကြီးများဖြစ်၍ ရန်သူမှုဆလင်မင်းတို့ကသာ မဖျက်ဆီးခဲ့ဘူးဆိုပါက ကမ္ဘာနှင့်အတူသာလျှင် ပျက်စီးခြင်းသို့ ရောက်နိုင်စရာရှိသည်။

<u>ဓမ္မစကြဇိနဝိဟာရ</u> ။ ။ နန္ဒိယကျောင်းတော်ကြီးမှ မြောက်ဘက်သို့ ခြေလှမ်း အနည်းငယ် လှမ်းသွားမည်ဆိုပါက ဘုရားဖူးသားတို့သည် ကုမာရဒေဝီ (Kumaradevi)မိဖုရားကြီး၏ ကောင်းမှုတော်ဖြစ်သော ဓမ္မစကြဇိနဝိဟာရခေါ် ဓမ္မာရုံကျောင်းတော်ကြီးသို့ ရောက်ရှိလိမ့်မည်။

ပညာရှိများက ထင်မြင်ယူဆကြသည်မှာ မိဖုရားကြီးသည် ဤကျောင်းတော်ကြီးကို ရှေးဟောင်း ဒက္ခိဏအိန္ဒိယတွင် ဆောက်လုပ်ခဲ့သော ကျောင်းများပုံအတိုင်း ဆောက်လုပ်ခဲ့ဟန် လက္ခဏာရှိသည် ဟူ၏။

ဤကျောင်းမှ ထွက်ပေါ်လာသော ကျောက်စာတစ်ချပ်တွင် ဖတ်ရှုရသည်မှာ ကုမာရ ဒေဝီမိဖုရားကြီးသည် သာသနာတော်ကို အလွန် ကြည်ညိုလှသဖြင့် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးကြကုန်သော သံဃာတော်အရှင်မြတ်တို့အလို့ငှာ အနီးအနားရှိ ရွာအချို့မှ ရရှိအပ်သော အခွန်ဘဏ္ဍာတော်ကို လှူဒါန်းတော်မူလေသည် ဟူ၏။

ဤကျောင်းတော်ကြီး၏ ပုံသဏ္ဌာန်ကို မည်သို့မည်ပုံဟု ပြောနိုင်လောက်စရာ ဘာတစ်ခုမှ အထင်အရှားမရှိတော့ပြီ။ သို့သော် သမံတလင်းနှင့် အုတ်နံရံအကြွင်းအကျန်များကသာ ရှေးခေတ်က ကြီးကျယ်ပုံကို အကျွန်ုပ်တို့အား ပြသလျက်ရှိသည်။ ဤကျောင်းတော်ကြီး သည် မိဂဒါဝုန်ရှိ တခြားကျောင်းများအနက်

နောက်အကျဆုံးသော ကျောင်းဖြစ်၍ ခရစ် ၁၁၉၄-ခုနှစ်အတွင်း ပျက်စီးရလေသည်။ ကုမာရဒေဝီမိဖုရားကြီး၏ ကြင်ရာတော် စန္ဒဂုတ္တမင်းကား ဟိန္ဒူဘာသာကို ယုံကြည်သူတစ်ဦး ဖြစ်သည်။ သို့သော် မိဖုရားကြီး၏ ယုံကြည်မှုတွင် မည်သို့မှ ချုပ်ချယ်ခြင်းမရှိခဲ့ပေ။

အချို့သော ရာဇဝင်ဆရာတို့က ကုမာရဒေဝီဆိုသည်မှာ ကာသိကရာဇ်တိုင်း(ကာညကုဗ္ဗဇ)ပြည့်ရှင် ဘုရင်ဂေါဝိန္ဒရချန္ဒရ(ဂေါဝိန္ဒစန္ဒ)[16]၏ ကြင်ရာတော်ဖြစ်၍ ဤကျောင်းတော်ကြီးကို ခရစ် ၁၁၃၆-ခုနှစ်တွင် ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း ရေးသားကြပြန်လေသည်။

ကျွန်ုပ်၏ ထင်မြင်ချက်မှာ ကုမာရဒေဝီမိဖုရားကြီးသည် ဟိုက်ဒြဘတ်နယ်ရှိ အဂျန္တာလိုဏ်ဂူကြီးကိုပါ ဆောက်လုပ်လှူဒါန်းခဲ့သေးရာ ထိုနေရာတွင် ကုမာရဒေဝီမိဖုရားကြီး၏ ကောင်းမှုတော်ဟု ရေးသားထားသည်မှတပါး စုံလင်စွာ ဖော်ပြထားသော ကျောက်စာကို မတွေ့ရှိရချေ။ သို့သော် ရာဇဝင်ဆရာတို့က ထိုလိုဏ်ဂူကြီးမှာ စန္ဒဂုတ္တမင်းလက်ထက်ကဟု ရေးသားထားခြင်းကြောင့် ကုမာရဒေဝီမိဖုရားကြီးမှာ အမှန်စင်စစ် စန္ဒဂုတ်မင်းကြီး၏ မိဖုရားသာ ဖြစ်တန်ရာသည်။

## မြေအောက်စကြံတော်ကြီး

ဘုရားဖူးသားတို့သည် ဤကျောင်းတော်ကြီး၏ အနောက်ဘက်သို့ သွားမည်ဆိုပါက မြေအောက်စကြံတစ်ခုကို တွေ့ရလိမ့်မည်။ ဤစကြံမှာ အလျားပေ(၇၀) နှင့် အနံ(၆)ပေ၊ အမြင့်(၈)ပေခန့် ရှိလေသည်။ ဤစကြံတော်ကြီးကို အပေါ်က ကျောက်ချပ်များဖြင့် မိုးထားလေသည်။ ဤစကြံတော်ကြီးအကြောင်းနှင့် စပ်လျဉ်း၍ ကျောက်စာဘက်ဌာနမှ ယူဆထားသည်မှာ သမထဝိပဿနာတရားနှင့် ပျော်မွေ့လေ့ရှိ ကြကုန်သော ရဟန်းတော်တို့သည် ၎င်းတို့ လိုလားအပ်သော ဈာန်တရား၊မဂ်တရားတို့ကို အမြန်ပေါ်ပေါက်စေခြင်းငှာ ဤမြေအောက် စကြံထဲတွင် လျှောက်ခြင်းအားဖြင့် အားထုတ်ခဲ့ကြတန်ရာသည် ဟူ၏။

[16] ယခုခေတ် စာအုပ်များ၌ ကုမာရဒေဝီကို ဂေါဝိန္ဒ၏ ကြင်ယာတော်ဟူ၍သာ ရေးသားကြသည်။

အချို့မူကား ကုမာရဒေဝီမိဖုရားကြီး၏ ကျောင်းတော်တွင် သီတင်းသုံး နေထိုင်ကြကုန်သော သံဃာတော်တို့သည် မိုးရာသီများ၌ ရေအိုင်ကြီးသို့ ဆင်း ရာ လမ်းဖြစ်သည် ဆို၏။

ဤစကားနှစ်ရပ်တွင် ပထမစကားသည်သာလျှင် ယုတ္တိရှိနိုင်ပေမည်။ အသို့ဆိုမူ ရေအိုင်ကြီးသို့ သွားရန်လမ်းကို ယခုကဲ့သို့ မြေအောက်တွင် လုပ်မည် မဟုတ်ပေ။ သံဃာတော်အရှင်မြတ်တို့ တရားကို အားထုတ်ရာ၌ ရူပ-သဒ္ဒစသော အာရုံချောက်ပါးတို့ကို ဒွါရ(၆)တန်သို့ မရောက်စေခြင်းငှာ (ဝါ) ကာကွယ်ခြင်း အလို့ငှာ ဤစကြံကြီးကို ဆောက်လုပ်ပေးခဲ့တန်ရာသည်။

## အခြားကျောင်းတော်များ

ကုမာရဒေဝီမိဖုရားကြီး၏ ကျောင်းတော်မှ အရှေ့ဘက် နိမ့်သော မြေပြင် တွင် ကျောင်းများ ရှိသေး၏။ ၎င်းကျောင်းများ၏ ရာဇဝင်ကိုကား ကျွန်ုပ်တို့ မည်သို့မည်ပုံဟု မသိရချေ။ ကျောက်စာဘက်ဌာနမှလည်း အထူးတလည် ဖော်ပြခြင်း မရှိ။ ဤကျောင်းတော်များမှ တောင်ဘက်သို့ လှည့်ထွက်မည်ဆိုပါက ရှည်လျားသော အခန်းဆောင်ကြီး၏ ဘေးနှစ်ဘက်တွင် စေတီငယ်ကလေးပေါင်း များစွာပါဝင်သော ဗဟိုရ်ကျောင်းတော်ကြီးတစ်ခုလည်း ရှိသေး၏။

ဤကျောင်းတော်ကြီးကို အချို့က ဆွမ်းစားကျောင်း၊ အချို့က ဝတ်ကျောင်း ဟု ယူဆကြသည်။ ကျွန်ုပ်၏ ထင်မြင်ချက်မှာ ဝတ်ကျောင်းကြီးသာ ဖြစ်ရမည်။ အကြောင်းဆိုသော် မြောက်များစွာသော စေတီငယ်တို့ကို တစ်ဖက်တစ်တန်းစီ တည်ထားပြီး အလယ်ဟောလ်ကြီးမှာလည်း ပေပေါင်း(၂၀၀)ကျော်ခန့် ရှည်လျား ခြင်းကြောင့် ဖြစ်သည်။ ဆွမ်းစားကျောင်းကို မည်သည့် နည်းနှင့်မျှ ဤနေရာ၌ ဆောက်သားနိုင်ခဲ့မည် မဟုတ်ပေ။

## ဓမ္မေခစေတီ (DHAMEK STUPA)

ဝတ်ကျောင်းကြီးကို ဖူးမျှော်ခဲ့ပြီးသော ဘုရားဖူးသားတို့သည် တောင်ဘက် စူးစူးရှိ ဓမ္မေခစေတီတော်ကြီးကို ဖူးမြင်ရပေဦးမည်။ ရှေးပညာရှိများနှင့် ကျောက်

ဒေဝပြိယကမူ ထိုစေတီတော်ကြီးနေရာတွင် ဘုရားရှင်သည် မေတ္တေယျ အလောင်းတော်အား ဗျာဒိတ် ပေးတော်မူလေသည် ဆို၏။

ဤစေတီကြီး[17]မှာ အလုံးအရပ် ကြီးမား မြင့်စွန်းခြင်းကြောင့် ဝေးလွန်းသော အရပ် ဒေသများကပင် ဖူးမြင်နိုင်လေသည်။ ဤစေတီကြီးကို ကျောက်ဖြင့် ဆောက်လုပ်ထားရာ အမြင့်(၁၀၄)ပေခန့် ရှိလေသည်။ ဤစေတီကြီးပုံနှင့် နှိုင်း ယှဉ်ပြစရာကား ကျွန်ုပ်ရောက်ဖူးသလောက်သော သီဟိုဠ်,မြန်မာပြည်နှင့် အိန္ဒိယ ပြည်တို့တွင် မည်သည့်နေရာမှာမှ မတွေ့ရှိရချေ။

ရှေးခေတ်ကာလက စေတီတော်ကြီး၏ ပတ်ဝန်းကျင် ကျောက်ချပ်, ကျောက်တုံးတို့တွင် ရုပ်လုံး,ရုပ်ပြားများ ထုထားသည် ဟူ၏။ ယခုအခါ ပြတိုက် ကြီးထဲတွင် ထည့်ထားသော ရုပ်ပြားတော်ကြီးတစ်ခုကို ထိုစေတီကြီးအပြင်ဘက် မှ ကပ်ထားခဲ့လေသည်။ သို့သော် ဤရုပ်ပြားတော်ကြီးကို ဟူယင်ဆန်တွေ့ရှိခဲ့စဉ် ရွှေရုပ်ပြားသာ ဖြစ်သည် ဟူ၏။ မူဆလင်ဝင်ရောက်ဖျက်ဆီးသူတို့သည် ထိုရွှေ ရုပ်ပြားကြီးကို ယူဆောင်သွားခဲ့၍ ဟိန္ဒူအချို့က တခြားသောဌာနမှ ကျောက်ရုပ် ပြားတော် တစ်ဆူကို ထိုနေရာတွင် အစားထိုးထားဟန် လက္ခဏာ ရှိသည်။ စေတီတော်ကြီး၏ အရှေ့တောင်ဘက်မျက်နှာမှ ကျောက်ချပ်အချို့ကို ထုတ်ယူ ရရှိသည်။ ကျွန်ုပ်ဖော်ပြခဲ့ပြီးသော ဂျဂတ်ဆင်သည်ပင် ထိုကျောက်စာများကို ထုတ်ယူလေသည်ဟု အများ ယူဆကြသည်။

သို့သော်လည်း အလွန့်အလွန် ခိုင်ခန့်သော ပရိဘောဂကြီးမို့ လုံးဝပျက်စီး ခြင်းသို့ မရောက်ခဲ့နိုင်။ ထို့ပြင် မူဆလင်များ ဝင်ရောက် ဖျက်ဆီးခဲ့စဉ်ကလည်း ခိုင်မာသော ဤစေတီကြီးကို တခြားသော အဆောက်အအုံများကဲ့သို့ အဆုံးဘဝ သို့ ရောက်သည်ထိ မဖျက်ဆီးခဲ့နိုင်။ တချို့သော ပညာရှင်တို့ကမူ ထိုစေတီကြီး ကို ဖျက်ဆီးခဲ့သော ရန်သူတို့သည် ရွှေရုပ်တုတော်ကြီးတစ်ဆူနှင့် ဌာပနာတိုက်

17 ဓမ္မေခဟူသော အမည်မှာ ဓမ္မိက (သို့) ဓမ္မမုခဟူသော ပါဠိပုဒ်မှ ရွေ့လျော လာသည်ဟု ယူဆရသည်။ မြန်မာဆရာတော်ကြီးများကမူ ဓမ္မေခစေတီတော်မှာ အနတ္တလက္ခဏာသုတ်တော်ကို ဟောကြားရာဌာနဖြစ်သည်ဟု ဆိုကြသည်။ (မောင်အံ့-မဟာဂိန္ဒာ၏ မြတ်ဘုရားပွင့်တော်မူရာဗုဒ္ဓဂယာ စာအုပ်မှ)

သို့သော်လည်း အလွန့်အလွန် ခိုင်ခန့်သော ပရိဘောဂကြီးမို့ လုံးဝပျက်စီး ခြင်းသို့ မရောက်ခဲ့နိုင်။ ထို့ပြင် မူဆလင်များ ဝင်ရောက် ဖျက်ဆီးခဲ့စဉ်ကလည်း ခိုင်မာသော ဤစေတီကြီးကို တခြားသော အဆောက်အအုံများကဲ့သို့ အဆုံးဘဝ သို့ ရောက်သည်ထိ မဖျက်ဆီးခဲ့နိုင်။ တချို့သော ပညာရှင်တို့ကမူ ထိုစေတီကြီး ကို ဖျက်ဆီးခဲ့သော ရန်သူတို့သည် ရွှေရုပ်တုတော်ကြီးတစ်ဆူနှင့် ဌာပနာတိုက် ထဲမှ အဖိုးအနဂ္ဃ ထိုက်တန်သော ပစ္စည်းများကို ယူဆောင်သွားကြောင်း ရေးသား ကြသည်။

မိဂဒါဝုန်တောသို့ ဘုရားဖူးသွားလိုသူတို့သည် ရှေးဟောင်းအဆောက်အအုံ များအနက် အနည်းငယ် ချို့ယွင်းလျက် ရှိနေသော ဤစေတီကြီးကိုသာလျှင် အထင်အရှား ဖူးမြော်စရာ ဖြစ်တော့သည်။ ဤစေတီတော်ကြီးမှ တဖန် ယခု ခေတ် အဆောက်အအုံများ ဖြစ်ကြသော မူလဂန္ဓကုဋီဝိဟာရ၊ မဟာဗောဓိ စာကြည့်တိုက်၊ ဘီရလာ ဓမ္မသာလာတို့သို့ သွားရောက်နိုင်သည်။

## မိဂဒါဝုန် ပျက်စီးဆုတ်ယုတ်ရပုံ

မိဂဒါဝုန်တောရှိ အဆောက်အအုံများ ပျက်စီးဆုတ်ယုတ်ရခဲ့ပုံမှာ ခရစ်(၆) ရာစုလောက်က မီဟိရကုလာ(Mihirakula)အမည်ရှိသော ဟုန်း(Huna)လူမျိုး တစ်ဦးသည် ဤနေရာရှိ အဆောက်အအုံများကို ဖျက်ဆီးပစ်လေသည်။ သို့သော်လည်း မကြာမီ ပြန်လည်တူထောင်သဖြင့် ပြီးစီးခြင်းသို့ ရောက်လေ သည်ဟူ၍ ဟူယင်ဆန်၏ စာအုပ်တွင် ရေးသားထားလေသည်။

ဟုန်းလူမျိုးတို့သည် မည်သို့မည်ပုံ ဖျက်ဆီးခဲ့ကြောင်းကိုကား မရေးသားခဲ့ သဖြင့် မသိရချေ။ ဟူယင်ဆန် ရောက်ရှိခဲ့ပြီးသည်မှ နှစ်ပေါင်းများစွာတိုင်အောင် ဤကျောင်းအကြောင်းနှင့် စပ်လျဉ်း၍ မည်သို့မျှ မသိရချေ။ စည်ခဲသည်ပင်ပင် ရှိနေ ခဲ့ဟန် လက္ခဏာရှိသည်။

ခရစ်(၁၀)ရာစုသို့ ရောက်လတ်သော် နေရာတော်မှာ တစ်စတစ်စ ဆုတ် ယုတ်လာလေသည်။ ကျောင်းတော်ရာထဲမှ တူးဖော်၍ရရှိသော ဘုရားတစ်ဆူ၏ ပလ္လင်တွင် ဘင်္ဂလားပြည် မဟီပါလလက်ထက်ဖြစ်သော ၁၀၂၉-ခုနှစ်တွင် စတိ ပါလနှင့် ဝသန္တပါလမည်သော ပုဂ္ဂိုလ်တို့သည် ဤကျောင်းကြီးများကို ပြန်လည်

ပြုပြင်သွားကြောင်း ကျောက်ကမ္ပည်း ထိုးထားခဲ့သည်ကို တွေ့ရှိရ၏။ ဤနောက် ဗြာဟ္မဏပုဏ္ဏား တို့သည် မိဂဒါဝုန်တောကို အဘင်းအခမ့ သိမ်းယူပြီးလျှင် သူတို့ ကိုးကွယ်သော နတ်ရုပ်,လိင်ရုပ်များ ထုထားခဲ့လေသည်။

ထို့နောက် ခရစ်(၁၁)ရာစုလောက်တွင် စူလ်တန်မဟာမွဒ် ဂါဇနီသည် ပြင်း ထန်စွာ ဖျက်ဆီးသွားပြန်လေသည်။ ထို့နောက်တဖန် ခရစ်(၁၂)ရာစုလောက်မှာ မဟာမွဒ်ဂေါ်ရီ၏ စစ်ဗိုလ်မှူးကြီးတစ်ယောက်ဖြစ်သူ ဂျင်နရယ် ကုတ်ဘွဒ္ဒိန်သည် နာလန်မထူနိုင်အောင် ဖျက်ဆီးပစ်လေရကား ဗုဒ္ဓရာဇဝင်တွင် ကျယ်ပြန့်သော ကဏ္ဍကို သိမ်းပိုက်ခဲ့သော မိဂဒါဝုန်မှာ လက်ရှိအခြေအနေသို့ ဆိုက်ရောက်ရ လေတော့သည်။ ထိုသောအခါမှ စ၍ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့မှာ မိဂဒါဝုန်တောကို စွန့်လွှတ်ရလေသည်မှာ ယနေ့အထိ ဖြစ်တော့သည်။ သံဃာ တော်ပေါင်းများစွာတို့မှာ သူတို့၏ လက်ချက်ဖြင့် အသက်နှင့်ခန္ဓာ အိုးစားကွဲခဲ့ရ သည်သာမကသေးဘဲ အသက်နှင့် ကျန်ရှိခဲ့သော သံဃာတော်တို့မှာလည်း တိဗက်,နေပေါလ်နှင့် အိန္ဒိယပြည်တောင်ပိုင်းသို့ တိမ်းရှောင်သွားရလေသည်။

## မိဂဒါဝုန်ကို မူဆလင်များ ဖျက်ဆီးပုံ

မူဆလင်စစ်သည်တော်တို့သည် ဗာရာဏသီမြို့တွင်း၌ သောင်းကျန်းမွှေ နှောက်ခဲ့ပြီးသော မြတ်စွာဘုရားရှင်၏ ဓမ္မစကြာတရားဦးကို ဟောတော်မူရာ မိဂဒါဝုန်တောသို့ တဟုန်တည်း ချီတက်လာပြီးလျှင် ကျောင်း,စေတီစသော အဆောက်အအုံတို့ကို ရက်ရက်စက်စက် စတင် ဖျက်ဆီးလေတော့သည်။

၎င်းတို့၏ ဖျက်ဆီးမှုကြောင့် ကျောင်း,စေတီ,ပုထိုးစသော အဆောက်အအုံ တို့မှာ လက်ရှိအခြေအနေသို့ ရောက်ရလေသည်။

(A Guide to Buddhist ruins of Sarnath. By Daya Ram Shni, M.A, and Director General of Archaeology in India)

The monastic settlement of Sarnath continued in use until the end of the 12th century when Mohammed Ghory when his general

*ခရစ်(၁၂)ရာစု ကုန်ခါနီးဖြစ်သော ၁၁၉၄-ခုနှစ်အထိ ဆက်လက် အသုံးပြုခဲ့လေသည်။ ၎င်းနှစ်တွင် မဟာမွဒ်ဂေါရီ၏ ဗိုလ်မှူးကြီးတစ်ဦးဖြစ်သူ ကုတ်ဘွဒ္ဒိန်သည် ဗာရာဏသီရှင်ဘုရင် ဘုရင်ဇယချန္ဒရမင်းအား သတ်ဖြတ်၍ များစွာကုန်သော စေတီများ၊ ကျောင်းများနှင့် ရုပ်တုများကို ဖျက်ဆီးပစ်လေသည့်တိုင်အောင် ဖြစ်လေသည်"*

(ဆိုလိုရင်းမှာ ဇယချန္ဒရမင်း ကျဆုံးပြီးနောက် မူဆလင်တို့ ဖျက်ဆီးပစ်သော အဆောက်အအုံပေါင်းများစွာတွင် မိဂဒါဝုန် အဆောက်အအုံများလည်း ပါဝင်လေသည်ဟု ဆိုလို၏။)

Is has been stated above that the final destruction of Sarnath buildings was presumably the work of Mohammed Ghory and the condition of the remains that have been unearthed shows clearly that their overthrow was due to a violent catastrophe accompanied with thunder and fire.

အဓိပ္ပါယ်မှာ... *"ထိုအကြောင်းနှင့်စပ်လျဉ်း၍ သိရှိရသည်မှာ မိဂဒါဝုန်ရှိ ကျောင်းတော်ကြီးများ အကြွင်းမရ ပျက်စီးရခြင်းမှာ မဟာမွဒ် ဂေါရီ၏ လက်ချက်ကြောင့် ဖြစ်သည်။ မူဆလင်တို့၏ မီးစသော လက်နက်တို့ဖြင့် ကြောက်မက်စဖွယ် ဖျက်ဆီးခဲ့ကြောင်းကို ယခု ပေါ်လျက်ရှိသော အဆောက်အအုံ အကြွင်းအကျန်များက ထင်ရှားစွာ ဖော်ပြထားလေသည်"*

Major Kitto's excavations gave ample proof of the fact a great fire applied by the hands of hostile invaders had destroyed that the monastery. The conflagration was as sudden and rapid as to force the monks to abandon their very food for the explorer found the remains of ready-made wheaten cakes in a small recess. Myself- found in the two cells referred to above several earthen pots containing remnants of cooked rice.

အဓိပ္ပါယ်မှာ... *"မေဂျာကစ်တိုးက ရေးသားဖော်ပြသည်မှာ ကျူးကျော် ဝင်ရောက်တိုက်ခိုက်သော ရန်သူတို့သည် ကျောင်းတော်ကြီးကို မီးရှို့၍ စင်စစ်မသေ့*

found in the two cells referred to above several earthen pots containing remnants of cooked rice.

အဓိပ္ပါယ်မှာ... "မေဂျာကစ်တိုးက ရေးသားဖော်ပြသည်မှာ ကျူးကျော် ဝင်ရောက်တိုက်ခိုက်သော ရန်သူတို့သည် ကျောင်းတော်ကြီးကို မီးရှို့၍ ဝင်စစ်မသွေဖျက်ခဲ့လေသည်။ ရုတ်တရက် လောင်ကျွမ်းသော မီးကြီး၏ အရှိန်ကြောင့် ရဟန်းတော်များမှာ စားနေသော အစားအစာကို ပင်စွန့်လွှတ်ရလေသည်။ သွားရောက်ရှာဖွေသူတို့သည် ဂျုံဖြင့်ပြုလုပ်ထားသော ကိန်မုန့်များကို အခန်းငယ်ကလေးများတွင် တွေ့ရှိရလေသည်။ ထိုအခန်းကလေး (၂)ခန်းထဲ၌ ကိုယ်တိုင်ချက်ထားသော ထမင်းများပါဝင်သော မြေအိုးကလေးများကို တွေ့ရှိရသေး၏"

(History of Benares by Prof. A.S. Altekar, M.A., L.L.B., D.Litt. page no 23)

This prosperity of Benares was destined to end. King Jaya Chandra, who was ruling Kananj at the time of the invasion of Mohammed Ghory, was unable to drive back the invaders Kananj ware conquered by Mohammed in 1193. We are telling that a thousand temples of were Benares destroyed and mosques were built over their sites.......... and 1,400 camels were required to carry the plunder.

အဓိပ္ပါယ်မှာ... "ဗာရာဏသီပြည်ကြီး၏ ချမ်းသာကြွယ်ဝမှုသည် မကြာမီပင်ပျက်စီးရန် ကံကြမ္မာ ဖန်တီးပေးလေတော့သည်။ မဟာမွဒ်ဂေါရီသည် ကာသိကရာဇ်တိုင်း ဗာရာဏသီမြို့ကို တိုက်ခိုက်စဉ်က ဘုရင်ဇယချန္ဒရမှာ ကျူးကျော် ဝင်ရောက်တိုက်ခိုက်သူတို့ကို မတွန်းလှန်နိုင်လေရကား ၁၁၉၃-ခုနှစ်တွင် ဂေါရီသည် ကာသိကရာဇ်တိုင်းကို အောင်မြင်လေတော့သည်။ ကျွန်ုပ်တို့ ကြားဖူးသလောက်မှာ သူသည် ဗာရာဏသီမြို့ရှိ များစွာသော စေတီ,ပုထိုးများကို ဖျက်ဆီး၍ ၎င်းနေရာများတွင် ဗလီကျောင်းများ ဆောက်လုပ်ကြလေတော့သည်။ တိုက်ခိုက်လုယက်၍ရသော ပစ္စည်းများကို ကုလားအုပ်ပေါင်း (၁၄၀၀)နှင့် သယ်ဆောင်သွားလေသည်"

ဤသို့လျှင် ဆရာအမျိုးမျိုးတို့ ရေးသားကြသည်ကို ထောက်ချင့်၍ ဇာရာဏာသီမြို့နှင့် မိဂဒါဝုန်တောရှိ အဆောက်အအုံတို့မှာ မူဆလင်တို့၏ လက်ချက်ကြောင့် ပျက်စီးရလေကြောင်း ထင်ရှားလေသည်။ မိဂဒါဝုန်တောကို မူဆလင်တို့သည် (၂)ကြိမ်တိုင်တိုင် ဝင်ရောက်တိုက်ခိုက်လေတော့သည်။

၎င်းတို့မှာ မဟာမွဒ်ဂါဇနီနှင့် မဟာမွဒ်ဂေါရီတို့ ဖြစ်လေသည်။ ပထမဝင်ရောက် တိုက်ခိုက်ခဲ့သူကား အကြွင်းမဲ့ မဖျက်ဆီးခဲ့ချေ။ အနည်းငယ်မျှသာ ဖျက်ဆီး၍ ပစ္စည်းများနှင့် ဘုရားဘဏ္ဍာတော်များကို လုယူသွားပေသည်။

နောက်ထပ်ဖျက်ဆီးသူ ဂေါရီသည်သာလျှင် နာလန်မထူနိုင်အောင် ဖျက်ဆီးပစ်လေသည်။ ရဟန်းတော်များ ဆွမ်းစားနေဆဲတွင် အသတ်ခံကြရရှာလေသည်။

Nat bats History of India ခေါ် စာအုပ်တွင် ဘုန်းတော်ကြီးများအားစစ်သားများဟု ထင်မှားခြင်းကြောင့် သတ်ပစ်လေသည် ဟူ၏။

ဤစကားမှာ ယုတ္တိမရှိ၊ အကယ်၍ ဤဌာနရှိ ရဟန်းတော်များအား စစ်သားဟု ထင်မှားလေသည် ဖြစ်အံ့၊ တခြားနေရာရှိ သံဃာတော်တို့မှာ လွတ်စရာအကြောင်း ရှိသည်။ တခြားဌာနရှိ ရဟန်းတော်တို့မှာလည်း ဤကံကြမ္မာနှင့်ပင် ဆုံဆည်းကြရလေသောကြောင့် ၎င်းစကားမှာ ယုတ္တိမရှိနိုင်။ တကယ့်စေတနာနှင့် သတ်ခြင်းသာ ဖြစ်လေသည်။ ကုလားအုပ်ပေါင်း (၁၄၀၀)နှင့် ယူဆောင်သွားသော ဘဏ္ဍာတော်များမှာ မိဂဒါဝုန်တောရှိ ကျောင်းတော်များမှ အများဆုံး ပါဝင်ပေသည်။

ရန်သူမင်းတို့ ဖျက်ဆီးပစ်ခဲ့သော မိဂဒါဝုန်အဆောက်အအုံတို့မှာ ခရစ်(၁၂)ရာစုမှ စ၍ (၁၇)ရာစုထိ မြေကြီးထဲ၌ မြုပ်လျက် ရှိခဲ့သော်လည်း ပတ်ဝန်းကျင်ရှိ ရပ်သူရွာသားများသည် ထိုအဆောက်အအုံများမှ ပစ္စည်းတို့ကို မည်သည့်အခါမှ ထုတ်ယူအသုံးမပြုခဲ့ချေ။

ရာဇဝင်တစ်ခါပြောင်း၍ အင်္ဂလိပ်လက်ထက်သို့ ရောက်လတ်သော် မက္ကင်ဇီဆိုသူ ကျောက်စာဝန်ကြီးသည် ခရစ် ၁၈၁၅-ခုနှစ်တွင် ဤနေရာကို စတင် တူးဖော်လေသည်။ တဖန် ဆာအလက်ဇန္ဒား ကန်နင်ဂန် (Alexander Cunnighan)သည် ခရစ် ၁၈၃၆-ခုနှစ်တွင် ဆက်လက် တူးဖော်ပြန်လေသည်။ ထိုပုဂ္ဂိုလ်

ကြီးတူးဖော်စဉ်က ရရှိခဲ့သော ပစ္စည်းအချို့ကို မိဂဒါဝုန်ပြတိုက်၌ သိမ်းဆည်းထား၍ အချို့ကိုမူ ကာလ်ကတ္တားပြတိုက်ကြီးသို့ ပို့လေသည်။ ဤသို့ တူးဖော်သောအခါ ကျောက်အုတ်များစွာတို့ကို ဗာရာဏသီမြို့သို့ ယူဆောင်ပြီးလျှင် ကွင်းကောလိပ်၊ ဝရုနာမြစ်ရှိ ဒွန်ကကင်တံတား၊ ဘူတာရုံစသည်တို့ကို ဆောက်လုပ်ကြလေသည်။

ဝရုဏာမြစ်ရှိ ရေကာတံတိုင်းကြီးကို လုပ်ရာ၌လည်း ဘုရားရုပ်ပွားတော် တစ်ဖက်ပါသော ကျောက်စာချပ်ပေါင်း(၄၈)ချပ်နှင့် ပန်းနွယ်ပါသော ကျောက်ချပ်ပေါင်း များစွာတို့ကို အသုံးပြုလေသည်။ ယခု ကျွန်ုပ်တို့ခေတ်မှာပင် ဤကဲ့သို့ အသုံးချသည်ကို တွေ့ရခြင်းဖြင့် ရှေးက မည်ရွေ့မည်မျှ အသုံးချခဲ့ပြီနည်း? ဆိုတာကို တွေးဆစရာကြီးတစ်ခုပင် ဖြစ်လေသည်။

မူဆလင်တို့ ဖျက်ဆီးခြင်းကြောင့် ပြိုပျက်ကျိုးပဲ့လျက် ရှိသော ရုပ်တုတော်များ၊ သပိတ်ကွဲ၊ အိုးကွဲ၊ အိုးခြမ်းများကို ယခုအခါ ကျောက်စာဘက်ဌာနမှ ဆောက်လုပ်ထားသော ပြတိုက်ထဲတွင် ကျွန်ုပ်တို့ ဖူးမြင်ကြရလေသည်။ ထိုပြတိုက်ထဲ၌ အသောကကျောက်စာတိုက်မှ ကျောက်ခြသေ့ရုပ် သုံးပွင့်ဆိုင်ကြီးလည်း ရှိ၏။ ကျောက်စာများလည်း ရှိ၏။ ကျယ်ပြန့်လျက် သာယာနာပျော်ဖွယ် ရှိသော ကျောင်းတော်ကြီးများကား အုတ်နံရံကြီးများ၊ သမံတလင်းများ' ပြိုလျက်ရှိလေရာ လာရောက်ဖူးမြော်ကြသူ ဗုဒ္ဓဘာသာဝင် သူတော်စဉ်တိုင်း ရှေးခေတ်ကို ပြန်လည် တ,သ လွမ်းဆွတ်ရလေသည်။

ဤဌာနကို ဖူးမြင်ရသူတိုင်း ကျွန်ုပ်တို့ သန္တာန်၌ ထကြွလေ့ရှိသော သောကတည်းဟူသော ဒီလှိုင်းကြီးကို သံဝေဂတရားဖြင့် ကာဆီးရပေသတည်း။

(From the report of a tour in the Gorakhpur District By A.C.L. Cirleyle in 1875-1876 and 1876-1877 pages 62-63)

Kushinagar Temple

........................ In the inner doorway of the temple itself, I made an interesting discovery in two hollows on each side at the lower part of the temple I found the ancient cup shaped iron pivots hinged of

the former doors. And with an adhering to the hinges I found some fragments of back charred wood which showed that the doors had been destroyed by fire and as numerous bones and various charred substances were found in the outer chamber as well as in both doorways it was evident that Buddhism had been destroyed by fire and swords.

မစ္စတာကာလိတ်၏ ဂိုရက်ပူဒိစတြိတ် ခရီးစဉ်စာအုပ် စာမျက်နှာ (၆၂-၆၃) တွင် ရေးသားထားသည်မှာ...

*"ကုသိနာရုံကျောင်းတော်*

*ကုသိနာရုံဘုရားကျောင်းတော်ကြီး၏ အတွင်းတံခါးဘက်တွင် ကျွန်ုပ်သည် စိတ်ဝင်စားဖွယ်ရာတစ်ခုကို တွေ့ရှိရပေသည်။ ကျောင်းတော်ကြီး၏ အောက်တံခါး(၂)ဘက်တွင် အခေါင်းကြီး(၂)ခု ရှိလေသည်။ ထိုအခေါင်းများထဲ၌ ရှေးဟောင်းတံခါးများတွင် တပ်ဆင်ခဲ့သော ရှေးဟောင်းပုံစံ သံပတ္တာများနှင့် မီးအစအနများကို တွေ့ရှိရ၏။ ထို့ပြင် များစွာသော အရိုးများနှင့် မီးလောင်ကျွမ်းထားသော အရာဝတ္ထုများကိုလည်းကောင်း၊ အပြင်ရှိ တံခါးဝကြီးနှစ်ဘက်စလုံးတွင် တွေ့ရှိရသော မီးသွေးများ၊ လူရိုးများနှင့် လောင်ကျွမ်းထားသော အရာဝတ္ထုများကိုလည်းကောင်း တွေ့ရှိရခြင်းဖြင့် ကျောင်းတော်ကြီးကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း ထင်ရှားလေသည်။ ဗုဒ္ဓဘာသာကို မီးနှင့် ဓားလက်နက်တို့က အစတုံးအောင် ဖျက်ဆီးပစ်လေသတည်း"*

အထက်ပါ စကားရပ်များအရ ကုသိနာရုံကျောင်း၊ စေတီပုထိုးများကို မီးစသော လက်နက်တို့ဖြင့် ဖျက်ဆီးလေသောကြောင့် ပျက်စီးရကြောင်း ထင်ရှားလေသည်။ အဘယ်သူသည် ဖျက်ဆီးလေသနည်းဟူသော လက်သည်ကို ဖော်ထုတ်ရန် လိုပေသည်။

ယင်းဖျက်ဆီးသူသည် ခရစ် ၁၁၉၇-ခုနှစ်တွင် အောက်(ဒ်)နှင့် တိရဟုတ်နယ် အပါအဝင်ဖြစ်သော ကုသိနာရုံဘက်သို့ ချီတက်တိုက်ခိုက်လေရာ တစ်လအတွင်း သိမ်းပိုက်မိလေသည်။ ထိုရောအခါက ကုသိနာရုံဌာန၌ ကျောင်းကြီးငယ်ပေါင်း (၃၀)၊ စေတီ(၈)ဆူနှင့် သံဃာတော်ပေါင်း (၃၀၀)ခန့် နေထိုင် သီတင်း

သုံး ကြလေသည်။ ထိုသူသည် ကျောင်းရှိသံဃာတော်တို့အား ဝါဝါမြင်သမျှ လိုက်လံသတ်ဖြတ်လေသော် ရဟန်းတော်အရှင်မြတ်တို့မှာ ဘုရားပရိနိဗ္ဗာန်ပြုရာ ဂူကြီးထဲသို့ ဝင်ပြေးကြရလေသည်။ ထိုသို့ ဝင်ပြေးသော ရဟန်းတော်တို့အား အပြင်ဘက်မှ တံခါးများကို ပိတ်ကာ မီးရှို့၍ သတ်လေရာ သံဃာတော် အရှင်မြတ်တို့မှာ မီးပုံကြီးထဲ၌ တဖုန်းဖုန်းလဲကာ သေပွဲဝင်ကြရရှာလေသည်။

မစ္စတာကာလိတ် တူးဖော်၍ ရရှိသည်ဆိုသော အရိုးများကား ထိုရဟန်းတော် အရှင်မြတ်တို့၏ အရိုးများပင် ဖြစ်သည်။ မစ္စတာကာလိတ်က ကုသိနာရုံဖျက်ဆီး ပစ်သူ လက်သည်ကို ထုတ်ဖော်မရေးသားသော်လည်း မဟာဗောဓိအသင်းကြီး၏ စက္ကရီထေရီချုပ်ကြီး ဒေဝပြိယကမူ ကုသိနာရုံကို ဖျက်ဆီးသူမှာ မူဆလင်များ ဖြစ်သည်ဟု ၎င်း၏ Buddhist Shrines in India ခေါ် စာအုပ်တွင် ရေးသား ထားလေသည်။ ထို့ကြောင့် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်ပြုရာ ဌာနကြီးတစ်ခုပင်ဖြစ်သော်လည်း မူဆလင်တို့ စက်ကွင်းမှ မလွတ်ကင်းနိုင်သဖြင့် ဤသို့ ဖြစ်ရပါတကားဟု သံဝေဂယူကြပါကုန်။

ယခု အထင်အရှားတွေ့မြင်ရသော အဆောက်အအုံများမှ ကျောင်းတော် ပျက်ကြီးများ၊ စေတီကြီးတစ်ဆူ၊ ပရိနိဗ္ဗာန်လိုဏ်ဂူကြီးတစ်ခု၊ မာထကုဝခေါ် နေရာရှိ ဘုရားတစ်ဆူနှင့် တေဇောဓာတ်လောင်ကျွမ်းရာ ကုန်းတော်ပေါ်ရှိ စေတီ တော်ကြီးတို့ ဖြစ်သည်။

## သာဝတ္ထိ (SARAVASTI)

သာဝတ္ထိမြို့တော်မှာ ပသေနဒီကောသလမင်းကြီး၏ ထီးနန်းစိုက်ရာ မြို့ တော်ကြီးဖြစ်၍ ထိုခေတ်က လူဦးရေ (၇)ကုဋေမျှ နေထိုင်ကြလေသည်။ ဗုဒ္ဓရှင် တော်ဘုရားသည် (၂၅)ဝါ ကာလပတ်လုံး သီတင်းသုံးတော်မူခဲ့သော နေရာဖြစ် ခြင်းကြောင့် ဗုဒ္ဓဘာသာကျမ်းဂန်တို့၌ အလွန်ထင်ပေါ်လေသည်။ သာဝတ္ထိပြည် တွင် ထင်ရှားခဲ့သော အဆောက်အအုံကြီးများကား အနာထပိဏ်သူဌေးကြီး၏ ကောင်းမှုတော် ဇေတဝန်ကျောင်းတော်ကြီး၊ မိဂါရမာတာဘွဲ့ထူးခံ ဝိသာခါ ဒါယိ- ကာမကြီး၏ ကောင်းမှုတော် ပုဗ္ဗာရုံကျောင်းတော်ကြီးနှင့် ပသေနဒီ ကောသလ မင်းကြီး၏ နန်းတော်များ ဖြစ်သည်။

ဤမျှ ကျော်စောထင်ပေါ်ခဲ့သော သာဝတ္ထိပြည်ကြီးသည် ခရစ်(၃)ရာစုအတွင်း ဆုတ်ယုတ်၍ အိမ်ခြေ(၂၀၀)မျှသာ ကြွင်းကျန်ပြီးလျှင် ခရစ်(၆)ရာစုအတွင်းကျသော ဆာဆက်ကာမင်းလက်ထက်တွင် လုံးဝပျက်စီးသွားရလေသည်။ မူဆလင်များ ဖျက်ဆီးချိန်၌ကား မရှိတော့ပြီ။ ယခုအခါ ဤမြို့၏ အရှေ့ဘက်မျက်နှာကို အစီရဝတီမြစ်ရေစားခြင်းကြောင့် မိုင်ဝက်ခန့် ရေထဲကျသွားလေပြီ။

ထိုမြို့ရှိ ဇေတဝန်ကျောင်းတော်ကြီးကို ကျောက်စာဘက်ဌာနက တူးဖော်ရာတွင် ကျောင်းတော်ကြီးနှင့်တကွ ဂန္ဓကုဋီတိုက်လေးလုံး ညောင်စောင်းတော်တစ်ခု ပေါ်ထွက်ကုန်သည်။ အရှင်သာရိပုတြာ၏ ဓာတ်တော်စေတီတော်တစ်ဆူ၊ အာနန္ဒာဗောဓိပင်တော်နှင့် ရေတွင်း,ရေကန်များလည်း ပေါ်ထွက်ကုန်၏။ ယခုသွားရောက်လိုသူတို့မှာ ဤအခြေအနေကိုသာ မြင်ရတော့မည်ဖြစ်၍ ရှေးခေတ်ကိုး၍အာရုံပြု၍သာ ဖူးမျှော်ကြပါကုန်။

မူဆလင်တို့သည် အိန္ဒိယပြည်တစ်ဝန်းရှိ သာသနာတော်ကို အနှံ့အပြားရက်စက်စွာ ဖျက်ဆီးကြလေသည်။ ထိုသို့ ဖျက်ဆီးသည်ကို ခရေစေ့တွင်းကျသိနိုင်ဖို့ရာကား မလွယ်လှပေ။ ရာဇဝင်ပညာနှင့် အသက်မွေးမြူကြသော ပရိဖက်ဆာကြီးတို့သည်ပင်လျှင် ကုန်စင်အောင် မသိကြချေ။ ထို့ကြောင့် ကျွန်ုပ်တို့သည် ရှာဖွေစုဆောင်း၍ ရရှိအပ်သော အကိုးအကားများဖြင့် သိသလောက်ကို ရေးသားရပေသည်။

[Bihar and Orissa District Gazetteer (Patna) BY I.S.O. Malley, I.C.S., Page No. 20]

"The Mohammedan Conquest

The Buddhism of Magadha ware finally swept away by the Mohammedan invasion under Bakhtiyar Khilji. In 1197 the capital, Bihar was seized by a small number of two hundred horsemen who rushed the postern gate and sacked the town. The slaughter of the "shaven headed Brahmins" as the Mohammedan chronicles called the Buddhist monks, was so complete that when the victor searched

for someone capable of explaining the contents of the monastic libraries, not a living man could be found who was able to do so. "It was discovered" it was said, "That the whole place and city was a place of study." A similar fate befell the other Buddhist institution, against which the combined intolerance and rapacity of the invaders was directed. The monasteries were sacked and monks slain. Many of the temples were ruthlessly destroyed, or desecrated, and countless idols were broken and trodden underfoot. Those monks who escaped from the sword fled to Tibet, Nepal and southern India, and Buddhism as a popular religion in Bihar, its last abode in northern India ware finally destroyed, thence forward Patna passed under the Mohammedan rule."

[မစ္စတာမာလေ၏ ဘီဟာနှင့် ဩရိဿ ဂဇက်တီယာ စာမျက်နှာ နံပါတ်(၂၀)]

*"မဟာမေဒင်များ ပါဋလိပုတ်(ပဋ္ဌနား)ပြည်ကို နိုင်နင်းခြင်း*

*မဂဓတိုင်း ဗုဒ္ဓသာသနာတော်သည် ဘတ်တီယာခီလ်ဂျီ အမှူးရှိသော မဟာမေဒင်များ ဝင်ရောက်တိုက်ခိုက်ခြင်းကြောင့် ပျက်စီးခြင်းသို့ ရောက်ရလေသည်။ သူတို့သည် ခရစ် ၁၁၉၇-ခုနှစ်တွင် မဂဓတိုင်း၊ ပါဋလိပုတ်မြို့တော်ကြီးကို မြင်းစီးစစ်သား (၂၀၀)မျှဖြင့် မြို့တံခါးကြီးမှ ဝင်ရောက်ကာ သိမ်းပိုက်လေသည်။ မဟာမေဒင်မှတ်တမ်းများတွင် ဗုဒ္ဓဘာသာဘုန်းတော်ကြီးများဟု ခေါ်ဆိုသော ဦးပြည်းခေါင်းတုံးပုဏ္ဏား(မဟာယာနရဟန်းကို ဆိုလိုသည်)များကို အစပျောက်အောင် သတ်ဖြတ်ကြလေရာ ကျောင်းတော်များရှိ ပိဋကတ်တိုက်များတွင် ပါဝင်သော အကြောင်းအရာများကို ပြောပြခြင်းငှာ စွမ်းဆောင်နိုင်သောသူများကို ရှာဖွေပါသော်လည်း ရဟန်းတော်တစ်ပါးကိုမှလည်း မတွေ့ရတော့ချေ။ ဤအကြောင်းနှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့ သိရသလောက်မှာ မြို့တော်ကြီးတစ်ခုလုံးသည် ပညာသင်ကြားရာ ဌာနကြီးဖြစ်လေသည်။ ချိုဘက်တိုက်ခိုက်သူတို့၏ ဒေါသအဟုန်ကြောင့် တခြားသော ဗုဒ္ဓဘာသာအဆောက်အအုံတို့သည်လည်း အထက်ပါ*

*ပျက်စီးခြင်း ကံကြမ္မာနှင့် တွေ့ကြုံခံစားရလေသည်။ သူတို့သည် ကျောင်းများ သိမ်းပိုက်ခြင်း၊ ရဟန်းတော်များအား ရက်စက်စွာ ဖျက်ဆီးချေမှုန်းခြင်း၊ ရေတွက် ခြင်းငှာ မစွမ်းနိုင်သော ရုပ်တုတော်များအား ရိုက်ချိုးခြင်း မြေဖြင့် နင်းခြင်း စသည်တို့ကို ပြုလုပ်လေရကား ဓားဘေးမှ လွတ်မြောက်ရာသော ရဟန်းတော် တို့မှာ တိဗက်,နီပေါနှင့် အိန္ဒိယပြည် တောင်ပိုင်းသို့ ထွက်ပြေးကြလေသည်။ မြောက်ပိုင်းအိန္ဒိယ၌ နောက်ဆုံးတည်ရှိခဲ့၍ ဘီဟာခေါ် မဂဓနယ်တွင် နိုင်ငံတော် ဘာသာဖြစ်ခဲ့ဘူးသော ဗုဒ္ဓဘာသာသည် နောက်ဆုံးပျက်စီးခြင်းသို့ ရောက်ရလေ သည်။ ယင်းသည့်အခါမှ စ၍ ပဋ္ဋနား(ပါဋလိပုတ် Pataliputra) ပြည်သည် မဟာ မေဒင်တို့ အုပ်ချုပ်ခြင်းကို ခံရလေသည်"*

အထက်ပါ ဝင်ရောက်တိုက်ဖျက်ဆီးမှုတွင် အသောကမင်းကြီး၏ ကောင်းမှု တော်များဖြစ်သော မဟာစေတီ၊ အသောကာရုံကျောင်းစသော အဆောက်အအုံ ပေါင်းများစွာ ပါဝင်ပျက်စီးရလေသည်။ ယခု ကျွန်ုပ်တို့ သွားရောက်ကြည့်ရှုသော အခါ မောရိယမြို့တော်ဖြစ်သော ပါဋလိပုတ်မြို့ရာကြီးကို အထင်အရှား မတွေ့ရ တော့ချေ။ ရှေးဟောင်းပါဋလိပုတ်ပြည်သည် ယခု ရှိနေသော ပဋ္ဋနားမြို့တော်၏ အောက် (၂၄)ပေခန့်တွင် မြုပ်လျက်ရှိသည်ဟု ကျောက်စာဘက်ဌာနမှ ယူဆ ထားလေသည်။ ပဋ္ဋနားစီတီ အရှေ့ဘက် ဖာလုံဝက်လောက်တွင် 'စေတီတော် ကြီး တစ်ဆူကို တွေ့ရ၏။ ၎င်းစေတီကြီး၏ အထက်ပိုင်းကို မူဆလင်တို့က ဖြိုဖျက် ပြီးလျှင် ဗလီတိုက်ကြီးတစ်ခု ဆောက်လုပ်ထားလေသည်။

## ဝိဟာရမြို့ခေါ် ဘီဟာမြို့သာသနာ

Page No.202

(Bihar town) .............. At the Mohammedan conquest, the city was sacked, the monastery burnt, and the monks slain by Bakhtiyar-Khilji; but Bihar was the place of residence of the Mohammedan governors until 1541.

Page No.203

In all directions are seen Mohammedan tombs, the smaller of ruined Buddhist or Brahmanical Buildings.

အဓိပ္ပါယ်... စာမျက်နှာ(၂၀၂) *"မဟာမေဒင်တို့သည် ဘီဟာမြို့ကို အောင်မြင်စဉ် ကျောင်းတော်များကို လုယက်ဖျက်ဆီးပြီးလျှင် ဘတ်တီယာခီလ်ဂျီသည် ရဟန်းတော်များအား သတ်ဖြတ်ပစ်လေသည်။ သို့သော် ဘီဟာမြို့သည် ခရစ် ၁၅၄၁-နှစ် မတိုင်မီအထိ မဟာမေဒင်ဘုရင့်ခံများ အဆက်ဆက် ရုံးစိုက်သွားသော နေရာဖြစ်သည်"*

(မှတ်ချက် ।→ ဗီဟာမြို့ကို မူဆလင်တို့ သိမ်းပိုက်စဉ်က ကျောင်းကာန် အဆောက်အအုံများကိုကား မဖျက်ဆီးခဲ့ချေ။)

စာမျက်နှာ(၂၀၃) *"ဘီဟာမြို့၏ နေရာတကာတွင် မူဆလင်အရိုးဂူကြီးများကို တွေ့မြင်ရလေသည်။ ထိုအရိုးဂူများတွင် ပါဝင်သော အုတ်ကြီးငယ် လေးထောင့်များနှင့် ပန်းပုပန်းနွယ်များ ထုထားသော ကျောက်များကို ဗုဒ္ဓဘာသာ (သို့တည်းမဟုတ်) ဟိန္ဒူဘာသာဝင်တို့၏ အဆောက်အအုံပျက်များမှ ယူကြလေသည်"*

Page No.204

.................. In the centre of the graveyard bone of Kardi Kumish, which is built is composed almost entirely of the remains of the ancient Vihara while its pavement is made up of ancient Charity's and Pillars ........................ Moreover, a little to the east of this place is the graveyard of Makhdum Shaharmed Sharamaus with an ancient gateway, eleven feet high and seven broad. Which tradition says? Once served as the entrance to the great Vihara in the old town.

စာမျက်နှာ(၂၀၄) အဓိပ္ပါယ်မှာ... *"ဘီဟာမြို့အနီးရှိ ကာဒီကူမစ်ခေါ် မူဆလင်တစ်ဦး၏ အရိုးဂူကို ရှေးဟောင်း ဗုဒ္ဓဘာသာကျောင်းစေတီများမှာ ကြွင်းကျန်နေသော ပစ္စည်းများဖြင့် ဆောက်လုပ်ထား၏။ ထိုဂူသို့ သွားရာလမ်းမှာမူ*

*ကား စေတီပျက်,ကျောက်တိုင်ပျက်တို့မှ ပစ္စည်းများ ပါဝင်လေသည်။ ဤနေရာမှ ရှေ့ဘက် ခပ်လှမ်းလှမ်းနေရာတွင် အမြင့်အားဖြင့် (၁၁)ပေ၊ အကျယ်အားဖြင့် (၇)ပေရှိသော ဂိတ်ပေါက်တံခါးကြီးတစ်ခုနှင့် မဏ္ဍဒမ်ရှာပဟာမက်ရှာရမောစ်၏ သချိုင်းတစ်ခု ရှိပြန်သေး၏။ ၎င်းတံခါးမကြီး၏ ရာဇဝင်မှာ ရှေးပဝေသဏီ အခါက ဗုဒ္ဓဘာသာကျောင်းတော်ကြီးသို့ ဝင်ဝတံခါးပေါက်ကြီး ဖြစ်သည်" ဟူ၏။*

မှတ်ချက် ။ ။ ဤနေရာကား ဂုတ္တမင်းလက်ထက်တွင် စည်ပင်ခဲ့သော ပေါ်တိကသံဃာရာမဖြစ်သည်။ ဤကျောင်းတော်ကြီးသည် ခရစ်နှစ် ၇၀၀-နှင့် ၈၀၀-လောက်တွင် သံဃာတော်ပေါင်း (၁၀၀၀)ခန့် သီတင်းသုံး နေထိုင်ခဲ့လေသည်။ ဤဌာနသည်လည်း မူဆလင်တို့ လက်ချက်ကြောင့် အန္တိမသို့ ရောက်ရကြောင်း ဖော်ပြပါ ယုတ္တိများဖြင့် လုံလောက်ပေပြီ။

## တီလာဟာရွာအကြောင်း

(Report Archaeological Survey of India Vol. VIII by Sarat Chandra Das)

### TELARHA

A village in the extreme south-west of Bihar subdivision, situated 13 miles southeast of Masaurhi railway station on a narrow strip of land between the Katter and Sona, two branches of Phalgu river. Telerha identified has been with Taila-dhaka, the first place visited by Hiuen Saing in the seven century on his journey south from Patna. It contained a great monastery, a magnificent pile of building in which was four courtyards with numerous arcades and pavilions, lofty tower and pagoda. Here 1000 monks devoted themselves to study and the learned from distant countries flocked to its halls. The site of this splendid structure ware now marked by a number of mounds, one of which called Bulandi or high mound, ware literally covered with Mohammedan graves. To the east of the village is a large mosque

with a plat-form composed almost entirely of pillars and stones carried from the ancient Buddhist buildings. The ancient name of the place, Taila-dhaka is fine in written characters of the Pala time (800-1200) in an inscription on one of the stones now used as a lintel over the doors. The Singi Masjid or stone mosque as it is popularly called, was build on the sites of the Buddhist temple and nearly all the graves dug round it have yielded either figure, pillars, or portion of cornices and mounding. The Muslim-mans of Telarha refuge to bury their relations in any tomb from which any idolatrous images or carving has been turned up, for this reason a grave has sometimes to be dug three or four times over. Outside the door of the mosque, is a second enclosure containing the dargah or tomb, of Saiyid Yusuf Ekbal, a Mohammedan saint who lived in Telarha about 250 years ago? He and his six brothers are greatly revered by the brothers are to be found at the villages of Miawan, Mandaj, Adalpur, Fatepur, Paralpur and Bibipur. Both mosque and daragh stand on a high mound, which apparently is in the site of some Buddhist building. Some remarkably fine Buddhist sculptures found have been in the village.

အဓိပ္ပါယ်... *"တီလာဟဒ္ဒါသည် ဖာလဂူမြစ်သွယ်နှစ်ခုဖြစ်သော ကာလ်ကတ္တားနှင့် ဆုံနာမြစ်ကြားတွင် တည်ရှိသော မဆူရီဘူဘာမှ (၁၃)မိုင်ကွာဝေးသော ဘီဟာဆပ်ဒီဗီဇံနယ်၏ တောင်ဘက်အဆုံးတွင် တည်ရှိလေသည်။ တရုတ်ဘုန်းတော်ကြီးဟူယင်ဆန်သည် ခရစ်(၇)ရာစု အစလောက်က ပါဋလိပုတ်မြို့တော်၏ ဒက္ခိဏဒေသသို့ ရောက်ရှိခဲ့သော ခရီးစဉ်တွင် ပထမဆုံး ရောက်ရှိခဲ့သော နေရာဖြစ်၍ အမည်ကို တေလာဓကာဟု ရေးမှတ်ထားခဲ့လေသည်။ ထိုနေရာတွင် ကြီးကျယ်ခံ့ညားသော ကျောင်းတော်တစ်ခုနှင့် ဝင်းခြံ(၄)ခု ရှိလေသည်။ ထိုကျောင်းတော်ကြီးတွင် ဟောလ်ခေါ်သော ခန်းမဆောင်ကြီးများ၊ နေထွက်ဆောင်များ၊ မြင့်မားသော မျှော်စင်ကြီးများနှင့် စေတီများ ပါဝင်လေသည်။*

*ထိုကျောင်းတော်ကြီး၌ သံဃာတစ်ထောင်လောက် နေထိုင်သီတင်းသုံးကြသည့် အပြင် ဝေးလံသော နိုင်ငံတကာမှ ပညာရှိကြီးတို့သည်လည်း လာရောက်စုရုံးကြလေသည် ဟူ၏။ ဤကျောင်းတော်ကြီးကို မြေကတုတ်ကြီးဖြင့် ဖို့ထားလေရာ တစ်ခုသော မြေပုံ ဘူလန္ဒီ သို့တည်းမဟုတ် မြင့်သော တောင်ပို့ဟု ခေါ်သည်။ ဤမြေပုံများကား မဟာမေဒင်တို့၏ သချိုင်းရာပင် ဖြစ်လေသည်။ ရွာ၏ အရှေ့ဘက်တွင်လည်း ရှေးဗုဒ္ဓဘာသာအဆောက်အအုံများမှ တူးဖော်ရရှိသော ကျောက်တိုင်ကျောက်တုံးများ အလုံးစုံပါဝင်သော ဗလီကြီးတစ်လုံး ရှိသေး၏။ ထိုဗလီကြီး၏ တံခါးထုတ်ကျောက်ချပ်တွင် ပါရှိသော ကျောက်စာအက္ခရာမှာ ခရစ်(၈)ရာစုမှ (၁၂)ရာစုအကြားဖြစ်သော ပါလခေတ်က အက္ခရာများဖြစ်၍ တေလာဓကဟု ရေးသားထားသည်ကို တွေ့ရှိရ၏။ ဆံဂီမဂျစ်ခေါ်သော ကျောက်ဗလီကြီးကိုလည်း ကျောင်းတော်ရာ၌ ဆောက်လုပ်ထားသည်။ ဤဗလီကြီး၏ ထက်ဝန်းကျင်၌ လူမြှုပ်ရန် တူးဖော်ကြလေရာ ရုပ်ပွားတော်များ ကျောက်တိုင်များ ပန်းကြိုးပန်းနွယ် ထွင်းလုပ်ထားသော ကျောက်ချပ်များကို တွေ့ရှိရလေသည်။ ထိုနေရာရှိ မူဆလင်တို့သည် မိမိတို့၏ ဆွေမျိုးဉာတိကို လူများ ပူဇော်ခံထိုက်သော ရုပ်ပွားတော်စသည် ပေါ်ထွက်သော ထိုသချိုင်းတွင် မြှုပ်နှံကြရန် ငြင်းပယ်လေသည်။ ဤအရာဝတ္ထုများ ပေါ်ထွက်ခြင်းကြောင့် တွင်းတစ်တွင်းကို (၃-၄)ကြိမ်မက တူးဖော်ကြလေသည်။ ဖော်ပြပါ ဗလီကြီး၏ အပြင်ဘက် ဝင်းခြံကြီးထဲ၌ အနှစ်(၂၅၀)လောက်က တီလာဟရွာတွင် နေထိုင်သွားသော ဆယိတ်ယူဆွတ်အတ္တဘာလ်၏ အရိုးဂူကြီးတစ်လုံး ရှိသေး၏။ သူ၏အစ်ကို ခြောက်ယောက်တို့ကို အနီးအနားရှိ မူဆလင်များက အထူးရိုသေကြ၏။ သူ၏ အစ်ကိုများ အရိုးဂူတို့ကို မိယဝန်, မန်ဒစ်, အဒါပူရ်, ဖာတေပူရ်, ပါရာဘာပူရ်, ဘီဘီပူရ် ရွာတို့တွင် တွေ့ရှိရလေသည်။ ယူဆွတ်အတ္တဘာလ်၏ အရိုးဂူနှင့် ဗလီကြီးမှာ မြင့်မားသော တောင်ကုန်းပေါ်တွင် တည်ရှိ၏။ ထို့ပြင် တီလာဟရွာမှ လှပသပ္ပါယ်သော ရုပ်တုတော်အချို့လည်း ပေါ်ထွက်ကုန်၏"*

မှတ်ချက် ။ ။ ဤတီလာဟရွာရှိ တေလာဓကကျောင်းတော်ကြီးသည် သာသနာတော် ကုန်ဆုံးလုနီးအခါတွင် နာလန္ဒာတက္ကသိုလ်ကြီးထက်ပင် ပိုမို စည်ကားခဲ့လေသည်။ ကျောင်း,စေတီစသော အဆောက်အအုံတို့သည် ထို ကျောင်းတော်ကြီး၏ အပြင်ဘက်မှ ပိုင်းရံလျက်ရှိရာ အထူးတလည် ပန်း(ပဏ္ဏာ)

ရခဲ့လေသည်။ ဤနေရာသည်လည်း မူဆလင်တို့၏ ဓား,မီးစသော လက်နက်ဒဏ်ကို မခံနိုင်သဖြင့် ဖော်ပြပါ အခြေအနေသို့ ရောက်ရလေသည်။

## ရာဇဂြိုဟ် (RAJGIR)

Page No.228

Mohammedans by whom Buddhist structures was pulled down to furnish materials for tomb, have occupied the Rajgir at different time.

စာမျက်နှာနံပါတ် (၂၂၈) အဓိပ္ပါယ်မှာ... *"ရာဇဂြိုဟ်မြို့ကို မဟာမေဒင်တို့သည် အကြိမ်ကြိမ် တိုက်ခိုက်သိမ်းပိုက်ခဲ့၍ ၎င်းတို့သည် ဗုဒ္ဓဘာသာ အဆောက်အအုံများကို အရိုးဂူများ ပြုလုပ်ရန် ဖြိုဖျက်ချလေသတည်း"*

ဘုရားရှင်လက်ထက်တော်အခါက အတွင်း(၉)ကုဋေ, အပြင်(၉)ကုဋေမျှသော လူဦးရေကို လက်ခံနိုင်သော ဝေပုလ္လ၊ ဝေဘာရ၊ ဣသိဂိလိ၊ ပဏ္ဍဝ၊ ဂိဇ္ဈကုဋ်ဟု ဆိုအပ်သော တောင်ကြီးငါးလုံးတို့ ခံတပ်ကြီးသဖွယ် ကာဆီးထားခြင်းကြောင့် သဘာဝအကျဆုံးသော မြို့တော်ကြီး ရာဇဂြိုဟ်ကား မူဆလင်တို့၏ အထပ်ထပ်အဖန်ဖန် ဝင်ရောက်ဖျက်ဆီးပစ်မှုကြောင့် ယခုအခါ တောကြီး, သေလာ ဟေမဝန္တာကဲ့သို့ ခြုံနွယ်အထပ်ထပ် ရစ်ပတ်ဖုံးအုပ်လျက် ရှိလေသည်။ ဤရာဇဂြိုဟ်မြို့သည် ခရစ် ၁၁၉၇-ခုနှစ်တွင် မဟာမွဒ်ဂေါရီ၏ လက်ထောက်ဗိုလ်မှူးတစ်ယောက်ဖြစ်သူ အက္ခတိယာရုဒ္ဒိန်မဟာမွဒ်ဘင်၏ ဖျက်ဆီးမှုကြောင့် နောက်ဆုံးပျက်စီးခြင်းသို့ ရောက်ရလေသည်ဟု ဣဆွာရီ ပြဆဒ်၏ အိန္ဒိယရာဇဝင်သစ် (၁၆၄)စာမျက်နှာတွင် ဖတ်ရှုရလေသည်။

Akhtiyaruddin Muhammad Bin conquered Bihar 1197 with only 2000 soldiers and destroyed the Buddhist temples and Libraries at Rajgir.

အဓိပ္ပါယ်မှာ... *"အက္ခတိယာရုဒ္ဒိန် မဟာမွဒ်ဘင်သည် စစ်သားပေါင်း (၂၀၀၀)နှင့် ၁၁၉၇-ခုနှစ်တွင် ဘီဟာနယ်ကို သိမ်းပိုက်လေရာ ရာဇဂြိုဟ်မြို့ရှိ ကျောင်းတော်များနှင့် ပိဋကတ်တိုက်များကို ဖျက်ဆီးပစ်လေသည်"*

အထက်ပါ သာခကေအရ မူဆလင်များ ဖျက်ဆီးခြင်းကြောင့် ပျက်စီးရလေကြောင်း ထင်ရှားပါသော်လည်း ထိုမတိုင်မီကပင် များစွာ ဆုတ်ယုတ်လျက်ရှိလေသည် ဟူ၏။ ခရစ် ၂၅၀-လောက်တွင် မြို့တော်ဟောင်းရာဇဂြိုဟ်တွင် တိုက်,အိမ်စသည် လုံးဝပြတ်စဲခဲ့၍ အဇာတသတ်မြို့တော်ဖြစ်သော ရာဇဂြိုဟ်မြို့၏ ထက်ဝန်းကျင် အရပ်များတွင် ရှေးဟောင်းအုတ်ကျောက်တို့ဖြင့် ဆောက်လုပ်ထားသော ဗလီကြီးငယ်တို့ကို တွေ့မြင်ရသည်။ ၎င်းအုတ်ကျောက်များကို ဝေဠုဝန်-ကျောင်းတော်စသော ရာဇဂြိုဟ်မြို့တွင်း မြို့ပြင်ရှိ ကျောင်းတော်တို့မှ ယူလေသည်။ ဟုတ်မဟုတ်ဆိုတာကို ထိုဗလီများနံရံရှိ ကျောက်စာပါသော ကျောက်ချပ်များက သက်သေခံထားလေသည်။ ထို့ပြင် ပိပ္ပလိဂုဟာခေါ် ရှင်မဟာကဿပကိုယ်တော်မြတ်ကြီး ရှာနိဝင်စားတော်မူခဲ့သော လိုဏ်ဂူကြီးအပေါ်၌လည်း မူဆလင် အရိုးဂူ(၅)ခု ရှိလေသေး၏။ အနီးအနားနေသူ ကုလားများထံမှ ကျွန်ုပ်သိရှိရသေးသည်မှာ ဝေဠုဝန်ကျောင်းတော်ကြီး၌ ယခုကဲ့သို့ အုတ်ပြားအုတ်ချပ်များ နည်းပါးနေရခြင်းမှာ မူဆလင်တို့သည် အလိုရှိတိုင်း အသုံးပြုရန် ယူဆောင်သွားကြလေသောကြောင့် ဖြစ်သည် ဆို၏။

## နာလန္ဒာ (NALANDA)

ဗုဒ္ဓရှင်တော်ဘုရား၏ လက်ထက်တော်အခါက နာဠကရွာ ယခု နာလန္ဒာခေါ်သော နေရာသည် ဗုဒ္ဓဂယာမိဂဒါဝုန်စသော နေရာကဲ့သို့ အဝိဇဟိတဌာနမဟုတ်ပြားသော်လည်း ခရစ်(၁)ရာစုလောက်ကစ၍ ကမ္ဘာကျော် ဗုဒ္ဓသာသနာ့တက္ကသိုလ်ကြီးတစ်ခု တည်ရှိခဲ့ခြင်းကြောင့် ကမ္ဘာတစ်ခွင်မှာ ပေါ်ထင်ခဲ့လေသည်။

နာလန္ဒာဌာနသည် ဘိဟာလိတ်ရထားလိုင်းငယ်ပေါ်ရှိ 'ဘာရာဂွန်'ခေါ်သော ရွာ၏ အနီးအနားတွင် တည်ရှိလေသည်။ ထိုဌာနသည် ရထားလမ်းဆုံးရာ ရာဇဂြိုဟ်မြို့နှင့် (၄)မိုင်ကွာဝေး၍ ပါဋ္ဌနား(ပါဋ္ဌလိပုတ်)မြို့မှ (၅၅)မိုင် ကွာဝေးလေသည်။ နာလန္ဒာဌာနသို့ သွားလိုသူတို့သည် အရှေ့အိန္ဒိယရထားလမ်းပေါ်ရှိ တက္ကတီယာပူရ်ဘူတာမှ ဆင်း၍ ဖော်ပြပါ လိတ်ရေးလ်ဝေးခေါ် ရထားငယ်ကလေးဖြင့် သွားရောက်ရလေသည်။ သို့သော် ရာဇဂြိုဟ်မြို့သို့ ရှေးဦးစွာ သွားပြီး

မှ တဖန်အဆိုပါ ရထားငယ်ကလေးဖြင့် နာလန္ဒာသို့ သွားရောက်ရန် အကောင်းဆုံး ဖြစ်ပေသည်။

နာလန္ဒာတွင် အောက်ပါစိတ်ဝင်စားဖွယ်ရာများကို တွေ့ရှိရသည်။

၁။ စေတီကြီးများတို့သည် ကျောင်းတော်ကြီးများ ရှေ့မျက်နှာ၌ စီတန်းလျက် ရှိခြင်း။

၂။ ကျောင်းတော်ကြီးများနှင့် ယူနီဗာစီတီအဆောင်များတို့သည် မြင့်သောကုန်းတော်ပေါ်၌ ညီညီညာညာရှိနေခြင်း။

၃။ နာလန္ဒာယူနီဗာစီတီကြီးမှ တူးဖော်၍ ရရှိသော အရာဝတ္ထုများကို ခမ်းနားကြီးကျယ်သော ပြတိုက်ကြီးတစ်ခုထဲ၌ ထိန်းသိမ်းစောင့်ရှောက်ထားသဖြင့် ဘုရားဖူးသားတို့အဖို့ အထူးကျေနပ်စဖွယ်ဖြစ်ခြင်း။

## စေတီများနှင့် ကျောင်းတော်ကြီးများ

ဤနာလန္ဒာတက္ကသိုလ်ကြီးကို ကျောက်စာဝန်မင်းကြီး ဘူချနန်ဟာမီလ်တန်သည် ဘာရာဂွန်ခေါ်ရွာ၏ အနီး၌ တူးဖော်၍ ရရှိခဲ့လေသည်။ ဘူချနန်ဟာမီလ်တန်ထက် ရှေ့ကျသော ကျောက်စာဝန်မင်းကြီး ကန်နင်ဂန်သည် ဤကျောင်းတော်ရာကို တူးဖော်၍ အနည်းငယ်ခန့် ပေါ်ထွက်ခဲ့သော်လည်း မည်သည့်နေရာဟုပင် အမည်မမှည့်ခဲ့နိုင်။ ဘူချနန်ဟာမီလ်တန်ကမူ ဤကျောင်းတော်ပျက်ကြီးထဲမှ ရရှိခဲ့သော အကိုးအကား ကျောက်စာများ ပါသည့်အတိုင်း နာလန္ဒာ တက္ကသိုလ်ကြီးဖြစ်ကြောင်းနှင့် တစ်ထစ်ချ အစီရင်ခံစာကို ဆိုင်ရာသို့ တင်သွင်းခဲ့လေသည်။

နာလန္ဒာကျောင်းတော်ကြီးကား စတုရန်းတစ်မိုင်ခန့် ကျယ်ဝန်း၍ ထိုတစ်မိုင်ခန့် ရှိသော နေရာကို အပြင်ဘက်မှ ခိုင်ခံ့သော အုတ်တံတိုင်းကြီးများဖြင့် ကာရန်လျက်ထားရာ သွားရောက်ဖူးမျှော်သူတိုင်း ခပ်လှမ်းလှမ်းကပင် မြင်နိုင်လေသည်။ ရှိနေသော အဆောက်အအုံများမှာ စေတီတန်းကြီးနှင့် တစ်ဘက်မှ ကျောင်းတော်ကြီးများ စီတန်းလျက်ရှိသည်။

၎င်းနေရာများ၏ တစ်ဖက်တွင်ကား ကောလိပ်ကျောင်းကြီးနှင့် စေတီဒီသာ ဖရပ်ကြီးများ ရှိလေသည်။ ဤအဆောက်အအုံများအနက် တစ်ချို့တစ်လေ အဆောက်အအုံတို့မှာ အထပ်ပေါင်းများစွာ ရှိသဖြင့် အလွန်ပင် မြင့်မားလှပေသည်။

ထိုပြင် အဆောက်အအုံဟောင်းများကြီးအပေါ်၌ အကြိမ်ပေါင်းများစွာ ထပ်မံဆောက်လုပ်ခဲ့သော အဆောက်အအုံများကိုလည်း တွေ့ရှိရသည်။ သို့ရာတွင် ရှေးအကျဆုံးသော အဆောက်အအုံများကား နှစ်ပေါင်းများစွာ ကြာညောင်းလေပြီး ဖြစ်သောကြောင့် မြေထဲ၌ မြုပ်လျက်-ရှိလေသည်။

ဘုရားဖူးသားတို့သည် လက်ဝဲဘက် ဂိတ်ပေါက်ကြီးမှ စဝင်ခဲ့သည်ရှိသော် ပထမဦးစွာ ကျောင်းတော်နံပါတ် (၁)၊ ၎င်း၏ လက်ယာဘက်ရှိ နံပါတ်(၄-၅) ကျောင်းတော်များသို့ ရောက်လိမ့်မည်။ ကျောင်းတော်နံပါတ်(၁)ပတ်ဝန်းကျင်၌ ခံ့ညားသော ကျောက်တိုင်ကြီးများ ရှိသည်။ ဤကျောင်းတော်ကြီး၏ အပေါ်ထပ်သို့ ခိုင်မာကျယ်ပြန့် သပ်ရပ်လှသော လှေကားကြီးများဖြင့် တက်ရောက်သွားပြီးလျှင် အပေါ်ဆုံးမှ ကြည့်မည်ဆိုပါက အထူးဝမ်းမြောက်စဖွယ် ဝမ်းလည်းနည်းစဖွယ် ဖြစ်သော ကျောင်းတော်အပျက်အစီးများ၏ အခြေအနေကို ကောင်းစွာ မြင်ရလေသည်။ ဤကျောင်းတော်ကြီး၏ ပတ်ဝန်းကျင်၌ ရှိသော ဓမ္မစေတီကြီးငယ်ပေါင်း များစွာမှာ မင်းသူဌေးသူကြွယ်တို့၏ အဆင့်ဆင့် လှူဒါန်းထားခဲ့သော ကောင်းမှုတော်များ ဖြစ်သည်။ ထိုအထဲတွင် ဂုတ္တခေတ်မှ လာသော အဆောက်အအုံမှာ အလှဆုံး အခိုင်မာဆုံး ဖြစ်သည်။ ဤကျောင်းတော်ကြီး၏ အရှေ့မြောက်ဘက်တွင်ရှိသော သစ်သားလိုဏ်ဂူကြီးအထဲ၌ အဝလောကိတေဆွာရခေါ်သော ဘုရားအလောင်း ရုပ်တုတော်တစ်ဆူ ရှိသည်။ ဤရုပ်တုတော်ကြီးမှာ နာလန္ဒာကျောင်းတော်ကြီးထဲရှိ ရုပ်တုတော်များအနက် အကြီးဆုံးသော ရုပ်တုတော် ဖြစ်သည်။

ဤရုပ်တုတော်ကြီး၏ အရှေ့တောင်ဘက်၌လည်း ဤတက္ကသိုလ်ကြီးတွင် ပထမဦးစွာ "ပရင်စပယ်" (Principal) ဖြစ်ခဲ့သူ နာဂဇုနခေါ် မဟာယာန ဘုန်းတော်ကြီး၏ အရုပ်လည်း ရှိ၏။ ဤကျောင်းတော်ကြီးရှိ အဆောက်အအုံများ

နှင့် ရုပ်ပွားတော်များအကြောင်းကို အကျယ်ဝိတ္ထာရအားဖြင့် ရေးသားရန် မလွယ်လှပေ။ ထို့ကြောင့် အကျဉ်းသခေ်ပမျှသာ ရေးသားနိုင်ပေမည်။

ဤကျောင်းတော်ကြီးမှ အရှေ့စူးစူးနေရာတွင် အခန်း(၉)ခန်းပါသော ကျောင်းတော်ကြီးတစ်ဆောင် ရှိသေး၏။ ဤကျောင်းတော်ကြီးသို့ မြောက်ဘက်ဂိတ်ပေါက်မှ ဝင်ရလေသည်။ ဤကျောင်းတော်ကြီးသို့ ဝင်ရောက်ဖူးမြော်သူတို့သည် အပြင်ဝရန်တာအခန်းနားတွင် စီတန်းကာ စိုက်ထူထားသော ကျောက်တိုင်ကြီးများကို တွေ့ရှိရပေလိမ့်မည်။ ဤကျောင်းတော်ကြီးမှာ မူဆလင်တို့၏ မီးဒဏ်ကြောင့် ပျက်စီးခြင်းသို့ ရောက်ရလေရာ ယခုအခါတိုင်အောင် လောင်ကျွမ်းထားသော အရာဝတ္ထုများကို တွေ့မြင်ရလေသည်။ ဤကျောင်းတော်ကြီးကို ခရစ် ၈၁၅၊ ၈၅၄-ခုနှစ်မြောက်သော ပါလမင်းများလက်ထက်၌ ဂျဝါနှင့် ဆုမတ္တြာကျွန်းရှင်ဘုရင်ဗလပုတြဒေဝသည် သံတမန်တစ်ဦးကို စေလွှတ်၍ ဆောက်လုပ် လှူဒါန်းခဲ့လေသည်။

ဤကျောင်းတော်ကြီးနှင့် ဆက်စပ်လျက် ဟောလ်ခေါ်သော ခန်းမဆောင်တစ်ခုလည်း ရှိသေး၏။ ၎င်းခန်းမဆောင်တွင် ဆရာများ နေထိုင်ရာနှင့် ကျောင်းသားများ နေထိုင်ရာဟူ၍ နှစ်မျိုးနှစ်စား ခွဲခြားထားလေသည်။ ဤခန်းမကြီး၏ အနောက်မြောက်ဘက်ထောင့်၌ ရေတွင်းကြီးတစ်ခုကို တွေ့ရှိရလေသည်။

ဤကျောင်းတော်ကြီးကို တူးဖော်ရာတွင် ရှစ်ပါးသီလကို ကျောက်ကမ္ပည်းထိုးထားသော ကျောက်ချပ်များနှင့် ရုပ်ပွားတော်ပေါင်းများစွာ ပေါ်ထွက်ကြောင်း နာလန္ဒာလမ်းညွှန်ခေါ် စာအုပ်၌ မစ္စတာဂျေစီဃောဆ်က ရေးသားထားလေသည်။ ၎င်းအရာဝတ္ထုများကို ယခုအခါ ပြတိုက်ကြီးထဲ၌ သိမ်းဆည်းထား၏။

ကျောင်းတော်(၄-၅-၆)တို့ကို တစ်ခုနှင့်တစ်ခု အုတ်နံရံများဖြင့် ဆက်စပ်လျက် ဆောက်လုပ်ထားလေသည်။ ဤကျောင်းများ၏ပုံမှာ ယခုခေတ် မြန်မာပြည်ရှိ မည်သည့်ကျောင်းများနှင့်မှ နှိုင်းယှဉ်စရာ မရှိချေ။ အလျားတစ်ဖက်လျှင် (၉)ခန်းနှင့် အနံအားဖြင့် (၄)ခန်းစီ ရှိလေသည်။ သံဃာတော်ပေါင်း တစ်ကျောင်းလျှင် (၁၀၀)ခန့်လောက် နေထိုင်နိုင်လိမ့်မည်ဟု ခန့်မှန်းရလေသည်။ ဤကျောင်းတော်ကြီးများကို ခရစ် ၄၁၃-နှစ် ဖြစ်သော ဂုတ္တမင်းများလက်ထက်၌ ဆောက်လုပ်ခဲ့လေသည်။

ဤကျောင်းတော်များမှ အရှေ့မြောက်ဘက်တွင် နေရာနံပါတ် (၇)နှင့် (၂)တို့ ရှိလေသည်။ ဤကျောင်းတော်ကြီးများ၏ အပြင်ဘက်မှ ခိုင်ခံ့သော အုတ်နံရံကြီးများဖြင့် ကာရံထား၍၊ ထိုအုတ်နံရံအပေါ်က ပုထိုးငယ်ပေါင်း (၂၁၁)ဆူခန့် တည်ဆောက်ထားလေသည်။ နံပါတ် (၈-၉-၁၀-၁၁)နေရာတို့ကား ပညာသင်ကြားရာ ကောလိပ်ဆောင်ကြီးများသာ ဖြစ်၍ ကျောင်းသားပေါင်း (၁၀,၀၀၀)ခန့် ဆန့်နိုင်မည်ဟု ခန့်မှန်းရလေသည်။

ဤနာလန္ဒာကျောင်းတော်ကြီးကား ဖော်ပြခဲ့ပြီးသည့်အတိုင်း ခရစ်(၁)ရာစုမှ စ၍ မူဆလင်တို့ ဝင်ရောက်ဖျက်ဆီးခဲ့သော (၁၂)ရာစုထိ ကမ္ဘာကျော်ယူနီဗာစီတီကြီး ဘဝနှင့် တည်ရှိခဲ့ခြင်းကြောင့် မင်းစိုးရာဇာများနှင့် သူဌေးသူကြွယ် အဆက်ဆက်တို့၏ ကောင်းမှုတော်များ ဖြစ်ကြသော ကျောင်း,စေတီ,ပုထိုးတို့မှာ မည်၍မည်မျှဟု ရေတွက်ခြင်းမှာ မတတ်နိုင်လောက်အောင် များပြားလှသည်။

တရုတ်ဘုရားဖူးသား ယန်ချောင်၏ မှတ်တမ်းမှ သိရှိရသည်မှာ ခရစ်(၆)ရာစုလောက်က စ၍ ဗုဒ္ဓဘာသာသည် အိန္ဒိယပြည်၌ သိသိသာသာကြီး ဆုတ်ယုတ်လျက် ရှိသော်လည်း နာလန္ဒာယူနီဗာစီတီကြီးကား အလွန်စည်ကားလျက် ရှိသေးသည်။ အကြောင်းဆိုမူ မင်းစဉ်မင်းဆက် ဤတက္ကသိုလ်ကြီး၏ ပညာရေးကို အားပေးကူညီရသောကြောင့် ဖြစ်လေသည်။ ဤယူနီဗာစီတီကြီး၏ အကျိုးအလို့ငှာ ရွာပေါင်း(၁၀၀)မှ ကောက်ခံ၍ ရရှိအပ်သော ဘဏ္ဍာတော်ကို အသုံးပြုလေသည် ဟူ၏။ တရုတ်ပြည် မွန်ဂိုလီယာပြည်တို့မှ လာရောက် ပညာသင်ကြားကြသော ကျောင်းသားတို့အား နေရေးထိုင်ရေး ပညာသင်ကြားရေး စရိတ်တို့ကို အခလွတ် ပေးထားလေသည်။ အိန္ဒိယပြည်တွင် ပညာဂုဏ်ရည် အချွန်ဆုံးသော သူသည် ဤယူနီဗာစီတီကြီးသို့ လာရောက်ကာ ပရိဖက်ဆာ လုပ်ရလေသည်။

ဤကျောင်းတော်ကြီးကို "ဗုဒ္ဓသာသနာတက္ကသိုလ်"ဟုပင် ခေါ်ဝေါ်ကြစေကာမူ အခြားဘာသာမှ စာပေတို့ကိုလည်း အထူးသဖြင့် ဂရုစိုက်ကာ သင်ကြားပေးလေသည်။ အချင်းချင်း ဆွေးနွေးတိုင်ပင်ခြင်း၊ ပညာသင်ကြားခြင်းတို့ကို နေ့ရောညဉ့်ပါ အခါမရွေး ခွင့်ပြုထားလေသည်။

## နာလန္ဒာရာဇဝင်

ကျွန်ုပ် ရေးသားခဲ့သည့်အတိုင်း နာလန္ဒာသည် အဝိဇဟာဟီတဌာနထဲတွင် မပါဝင်စေကာမူ ဗုဒ္ဓဘာသာနှင့် တခြားဘာသာများ၏ စာပေကျမ်းဂန်တို့ကို လေ့လာကျက်မှတ်ကြရာ ကမ္ဘာကျော် ယူနီဗာစီတီကြီးတစ်ခု ဖြစ်လေသည်။ လက်ယာတော်ရံ သာရိပုတ္တရာကိုယ်တော်မြတ်ကြီးသည် ဤရွာ အနီးမှာပင် မီးရှူး သန့်စင် ဖွားမြင်တော်မူလေသည်။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် လည်း ရာဇဂြိုဟ်မြို့မှ ကြွရောက်တော်မူပြီးလျှင် အကြိမ်ပေါင်းများစွာ တရား ဒေသနာတော်ကို ထုတ်ပြမိန့်ဆို ဟောကြားတော်မူခဲ့လေသည်။ မဂဓတိုင်း ရှင်ဘုရင်များ၏ လေညှင်းခံရာဖြစ်သော ဥယျာဉ်တော်ကြီးတစ်ခုမှာ ဤကျောင်း တော်ကြီးနှင့် မနီးမဝေးသော နေရာတွင် ရှိခဲ့လေသည်။ နာလန္ဒာကျောင်းတော် ကြီးမှာ ဘုရားရှင်၏ လက်ထက်တော်အခါက အထူးအားဖြင့် ဂုဏ်ထင်ပေါ်ခြင်း မရှိခဲ့သော်လည်း ပရိဗက်ဆာဆရာကြီးတို့၏ သင်ကြားပြသမှု၌ ကျွမ်းကျင်လိမ္မာ ခြင်းကြောင့် ကမ္ဘာတစ်ခွင်မှာ ကျော်ကြားလာလေတော့သည်။ တခြားသော ဗုဒ္ဓ ဌာနများမှာကဲ့သို့ အသောကမင်းကြီးသည် ဤကျောင်းပရိဝုဏ်ထဲ၌ ခန့်ငြား ကြီး ကျယ်သော ကျောင်းတော်ကြီးတစ်ဆောင်နှင့် အရှင်သာရိပုတ္တရာစေတီတော် တစ်ဆူကိုလည်း ဆောက်လုပ်လှူဒါန်းခဲ့လေသည်။

တရာနာထခေါ် ဆရာကြီးတစ်ဦးက ရေးသားထားသော ရာဇဝင်တွင်ကား... ဤနာလန္ဒာကျောင်းတော်ကြီး[18]ကို မည်သည့်ခုနှစ်က ဆောက်လုပ်တည်ထောင် ခဲ့သည်ဟု တစ်ထစ်ချ မပြောနိုင်သော်လည်း ခရစ်(၁)ရာစု အစပိုင်းလောက်က ဖြစ်တန်ရာသည် ဆို၏။ အကြောင်းဆိုသော် ဤကျောင်းတော်ကြီးကို ယူနီဗာ စီတီအဖြစ် အသုံးချခဲ့သည်မှာ ခရစ်(၂)ရာစုအစလောက်က ဖြစ်၍ မဟာယာန ဂိုဏ်းကို တည်ထောင်ခဲ့သူ နာဂဇုနသည် ရှေးဦးစွာ ကျောင်းအုပ်ကြီး ဖြစ်ခဲ့လေ သည် ဆို၏။

[18] နာလန္ဒာတက္ကသိုလ်သစ်ကို အန္ဒိယပြည် လွတ်လပ်ရေးရပြီးနောက်ပိုင်း A.D ၁၉၅၁-ခုနှစ်တွင် ဂဝိဿကဿပမည်သော ထေရ်အရှင်က တည်ထောင်ခဲ့သည်။

ဂုတ္တမင်းတို့သည် ဗုဒ္ဓဘာသာဝင်များ မဟုတ်ကြသော်လည်း ဤဗုဒ္ဓသာသနာ့တက္ကသိုလ်ကြီးကို ထောက်ပံ့ခဲ့ကြလေသည်။ အများဆုံး ထောက်ပံ့ခဲ့သူများမှာ ဝိကြမာဒိတျမင်းဖြစ်၍ သူသည် ပညာရေးကို အထူးဝါသနာပါသော မင်းတစ်ပါး ဖြစ်သည်။ ဟူယင်ဆန်၏ စာအုပ်မှ သိရှိရသည်မှာ သူသည် သံဃာတော်များ နေထိုင်သီတင်းသုံးရန်အလို့ငှာ ကျောင်းတော်ကြီးတစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းခဲ့သည် ဟူ၏။ သူ့နောက် စိုးစံကြကုန်သော ဗုဓဂုတ္တ(Budhagupta), နရသိဟဂုတ္တ ဗလာဒိတျ(Narasimhagupta Baladitya), ကုမာရဂုတ္တစသော မင်းတို့သည်လည်း ဤကျောင်းတော်ကြီးနှင့် ပေါင်းစပ်လျက် ကျောင်းပေါင်းများစွာကို ဆောက်လုပ်လှူဒါန်းခဲ့သေးသည် ဟူ၏။

ဟူယင်ဆန် ရောက်ရှိခဲ့သော ခရစ်(၇)ရာစုတွင် ဤယူနီဗာစီတီကြီးကို သီလဘဒ္ဒမည်သော မဟာယာနရဟန်းတော်တစ်ပါး အုပ်ချုပ်လေသည်။ ဟူယင်ဆန်သည် ဟေတုဝိဇ္ဇာ(စိတ်ပညာ)၊ သဒ္ဒါဝိဇ္ဇာ(သဒ္ဒါပညာ)၊ စိကိစ္ဆာဝိဇ္ဇာ (ဆေးပညာ)စသော ပညာတို့ကို ခုနစ်နှစ်တိုင်တိုင် သင်ယူသွားလေသည်။

ထို့ပြင် ခရစ်(၈)ရာစုလောက်တွင် မဂဓတိုင်းကို စိုးစံတော်မူခဲ့သော ဘုရင်ဒေဝပါလမင်းသည် နာလန္ဒာတက္ကသိုလ်ကြီး၏ ပညာရေးအတွက် ရွာ(၅)ရွာကို အပိုင်စား ပေးခဲ့သည် ဟူ၏။ ဟရ်သျှဝါဓနသီလာဒိတြမင်းကြီး လက်ထက်တော်အခါက အနီးအနားရှိ ရွာပေါင်း(၁၀၀)တို့ကို ဤတက္ကသိုလ်ကြီးသို့ အပိုင်စား ပေးလှူခဲ့လေရာ ရွာနေလူအပေါင်းတို့သည်လည်း ဆန်,နို့,ထောပတ်,ဟင်းသီး, ဟင်းရွက်စသော ပစ္စည်းတို့ဖြင့် ထောက်ပံ့ကြလေသည် ဟူ၏။

## ကမ္ဘာကျော်ကထိကများ

နာလန္ဒာတက္ကသိုလ်ကြီးမှ ထွက်သော ပညာရှိပုဂ္ဂိုလ်တို့မှာ... (၁) အဘိဓမ္မာဆရာ၊ (၂) ဗျာကရဏ/သဒ္ဒါကျမ်းဆရာ၊ (၃) စိတ်ပညာပါရဂူများ၊ (၄) ဆေးပညာဆရာများ၊ (၅) နက္ခတ်ဗေဒင်ဆရာများ- အစရှိသဖြင့် ပညာရှင်ပေါင်းများစွာ မွေးထုတ်ခဲ့လေသည်။ ထိုဆရာကြီးတို့ ရေးသားစီရင်ခဲ့သော ကျမ်းတို့ကား ယနေ့ထိ ကျွန်ုပ်တို့အဖို့ အထူးလေ့လာသင်ကြားဖွယ်ရာ ဖြစ်လေသည်။ မဟာယာနသာသနာသည် တစ်ကမ္ဘာလုံးသို့လိုလို ပျံ့နှံ့လျက်ရှိသော်လည်း မဟာယာန်

အဘိဓမ္မာကိုကား ဤတက္ကသိုလ်ကြီးကသာ ပြည့်စုံပေါက်မြောက် ပါရဂူ တစ်ယောက် ဖြစ်အောင် သင်ကြားပေးနိုင်လေသည်။ နာလန္ဒာတက္ကသိုလ်ကြီးကို ထင်ပေါ်အောင် ဆောင်ရွက်ခဲ့သော ပုဂ္ဂိုလ်များမှာ... အောက်ပါ ကျော်ကျော်ကြား ကထိကများပင် ဖြစ်လေသည်။

နာဂဇုနခေါ် မဟာယာန်သာသနာကို ရှေးဦးစွာ တည်ထောင်ခဲ့သူမှာ ဤတက္ကသိုလ်ကြီး၌ ပထမဆုံး ကျောင်းအုပ်ကြီး ဖြစ်ခဲ့လေသည်။ အရိယဒေဝခေါ် ပညာရှိကြီးမှာ မဇ္ဈိမိကကောလိပ်တွင် ကထိကမှူးဖြစ်၍ အသင်္ဂခေါ် ပုဂ္ဂိုလ်မှာ ယောဂါစာရကျောင်းတွင် အတော်ဆုံးသော ကထိကဖြစ်သည်။ ဝါသုဗန္ဓုအမည်ရှိသော ပုဂ္ဂိုလ်မှာ နက္ခဗေဒင်ပညာများအတွက် အထူးကထိကတစ်ယောက် ဖြစ်သည်။ ဤနောက် ဒိဃနာဂါမည်သော ကထိကဆရာသည် စိတ္တဗေဒကောလိပ်ကို တည်ထောင်ခဲ့လေသည်။ သူသည် နာဂဇုနကဲ့သို့ တောင်ပိုင်းအိန္ဒိယသား ဖြစ်လေသည်။

ထို့နောက် ကျောင်းအုပ်ကြီးမှာ သီလဘဒ္ဒခေါ် ဓမ္မပါလပင် ဖြစ်လေသည်။ ထိုပုဂ္ဂိုလ်သည် နာလန္ဒာတက္ကသိုလ်ကြီး၌ ကျောင်းအုပ်ကြီး ဖြစ်နေစဉ် ဟူယင်ဆန်နှင့် ဂရိကျောင်းသားပေါင်း များစွာတို့သည် လာရောက် ပညာသင်ကြားကြလေသည် ဟူ၏။

ထို့နောက် ဓမ္မရက္ခိတအမည်ရှိသော ကျော်ကြားအဘိဓမ္မာဆရာကြီးသည် ဆက်လက်အုပ်ချုပ်လေပြန်ရာ ကျွန်ုပ်ဖော်ပြခဲ့သော ကုမာရီလဘဒ္ဒခေါ် ဟိန္ဒူပုဏ္ဏား အဘိဓမ္မာဆရာကြီးတစ်ယောက် ပေါ်ပေါက်လာခဲ့သဖြင့် ဓမ္မရက္ခိတနှင့် အကြိမ်ပေါင်းများစွာ ဝါဒပြိုင်ခဲ့ကြလေသည်။ နောက်ဆုံး၌ ထိုပုဏ္ဏားသည် ဓမ္မရက္ခိတထံ၌ ကျရှုံးခြင်းသို့ ရောက်လေရကား မဂဓတိုင်းကြီးမှ ထွက်ခွါသွားရလေသည်။

ဤနောက် သန္တရက္ခိတမည်သော မဟာယာန်ဘုန်းကြီးက ဆက်လက်၍ အုပ်ချုပ်လေသည်။ ဤပုဂ္ဂိုလ်သည် တိဗက်ရှင်ဘုရင်၏ ပင့်ဖိတ်ချက်အရ တိဗက်ပြည်သို့ ကြွသွားပြီးလျှင် မဟာယာန်ပိဋကတ်တော်များကို တိဗက်ဘာသာဖြင့် ပြန်ဆိုရေးသားခဲ့ပြီး၍ ခရစ် ၇၆၂-ခုနှစ်တွင် နာလန္ဒာတက္ကသိုလ်ကြီးအထဲ၌ အနိစ္စရောက်သွားလေသည်။

သန္တရက္ခိတနောက် ဆက်လက်၍ အုပ်ချုပ်သူမှာ ပဒုမသမ္ဘဝအမည်ရှိ၍ သူသည်လည်း တိဗက်ပြည်သို့ ကိုယ်တိုင်ကြွမြန်းတော်မူပြီးလျှင် လာမား သာသနာတော်ကို တည်ထောင်ထားခဲ့လေသည်။ ယခု တိဗက်ပြည်၌ လာမား သာသနာတော်သည် တစ်ခုတည်းသော ဂိုဏ်းအဖြစ်ဖြင့် စည်ကားလျက် ရှိလေသည်။

ဤဖော်ပြပါ ပုဂ္ဂိုလ်တို့၏ သီလဂုဏ်၊ ပညာဂုဏ်တို့ကြောင့် နာလန္ဒာတက္ကသိုလ်ကြီးမှာ ဟိုခေတ်တုန်းက ကမ္ဘာတစ်ခွင်မှာ စာတင်ခဲ့ရ သည်သာမက ယခုခေတ် ရာဇဝင်ဆရာတို့ကလည်း (Ancient Oxford) ရှေးဟောင်းအောက်စဖို့ဟု အမည်ဂုဏ်ထူးပေးကာ ရေးသားကြလေသည်။

(Bihar and Orissa District Gazetteer by I.S.S.O. Malley, I.C.S Page No. 28)

The monastery of Nalanda, the Oxford as it has be called Buddhist India, was the centre from which Buddhist philosophy and teaching were diffused over southern India; and it continued to be a great Buddhist University until the Mohammedan conquest.

အဓိပ္ပါယ်... *"အိန္ဒိယပြည်တွင် အောက်စဖို့ဘွဲ့ ထူးကို ရရှိခဲ့ပြီးသော နာလန္ဒာတက္ကသိုလ်ကြီးသည် အဘိဓမ္မာပညာကို သင်ယူရာဌာနနှင့် တောင်ဘက် အိန္ဒိယသို့ ပညာဖြန့်ဝေရာ ဌာနကြီးဖြစ်၍ မဟာမေဒင်များ ဝင်ရောက်တိုက်ခိုက်အောင်မြင်သည့်တိုင်အောင် ဗုဒ္ဓတက္ကသိုလ်ကြီး အဖြစ်ဖြင့် ဆက်လက်အသုံးပြုခဲ့ဟန် လက္ခဏာရှိသည်"*

(Page No. 219)

Nalanda, Site no I ................ Indicating that from time to time as the monastery destroyed was by fire. New structures ware erected on the ruins of the old.

(Note, unmistakable trace of burning are evident and in the places charcoal is lying even now)

အဓိပ္ပာယ်... *"နာလန္ဒာကျောင်းတော်ရာ နံပါတ်(၁)သည် မီးရှို့၍ ခဏခဏ ဖျက်ဆီးခံခဲ့ရသဖြင့် ပျက်စီးနေသော အဆောက်အအုံဟောင်းပေါ်၌ အဆောက်အအုံသစ်များ ဆောက်လုပ်ခဲ့ကြောင်းကို ညွှန်ပြထားလေသည်"*

မှတ်ချက် ။ ။ မမှားနိုင်လောက်သော သက်သေသာဓကမှာ ယခုတိုင် မီးသွေးများ ရှိနေခြင်းပင် ဖြစ်သည်။

(Buddhist Shrines in India by Deva Priya Valisinha Page No. 154)

Whatever a fame place may win for itself, it cannot escapes from the working of the law of Arnica, which is a cardinal doctrine of Buddhism. Nalanda too come within this inexorable law by about 8th century. Nalanda began to decline partly because of the political and other changes that were taking place in India. At the same time, there was a revival movement among. Hindu who was able to produce philosophers of the rank of Sankracharya.

မစ္စတာဒေဝပြိယ ဝါလီဆင်ဟာ၏ ဗုဒ္ဓစ်(ထ်)ရှရိုင်း(န်)ဆင်အိန္ဒိယခေါ် စာအုပ် စာမျက်နှာ(၁၅၄)တွင် ရေးသားထားသည်မှာ အောက်ပါအတိုင်း ' အဓိပ္ပါယ် ရသည်။

*"အကြောင်းအရပ်သည် မည်မျှပင် ကျော်ကြားမှု, အောင်မြင်မှု ရှိစေကာမူ ထိုအရပ်သည် ဗုဒ္ဓတရားတော်အရ အနိစ္စစက်ကွင်းကြီးမှ မလွတ်ကင်းနိုင်ပေ။ နာလန္ဒာယူနီဗာစီတီကြီးသည်လည်း မမြဲသော လက္ခဏာရှိ၍ ဤသဘောတရားသို့ ဆိုက်ရောက်ရလေသည်။ အိန္ဒိယပြည်တွင် နိုင်ငံရေးနှင့် တခြားအမျိုးမျိုးသော အခြေအနေများ ပြောင်းလဲလျက်ရှိခဲ့သော ခရစ်(၈)ရာစုလောက်မှာ နာလန္ဒာယူနီဗာစီတီသည် သိသိသာသာကြီး ဆုတ်ယုတ်လာလေသည်။ ထိုအချိန်ပင်လျှင် ဟိန္ဒူလူမျိုးများအထဲမှ အဘိဓမ္မာဂုဏ်သူးနှင့် ထွက်ပေါ်လာသော ဆံကရာချာရယသည်လည်း ၎င်းတို့ ကိုးကွယ်ရာ ဟိန္ဒူဘာသာကို အပြိုင်အဆိုင် တည်ထောင်ပြန်လေသည်"*

The Mohammedan invaders who were no receptors of the other forms of religion delivered the final blow. They not only drove away or killed the monks but also made it a point to set fire to the monasteries, thus destroying even the sites of Buddhist importance. Minhaj a Muslin historian gives an account of Bhakhtiar Khilji's conquest. It ware latter who invaded Magadha and destroyed the last vestiges of Buddhism. Tara Nath, a Tibetan historian say, "The Turks conquered the whole of Magadha and destroyed many monasteries; at Nalanda they did much damage and monks fled abroad.

အဓိပ္ပါယ်... *"နောက်ဆုံး ပျက်စီးရခြင်းမှာ တခြားဘာသာကို လုံးဝမယုံကြည်မလိုလားသော မွတ်ဆလင်ကျူးကျော်ဝင်ရောက် တိုက်ခိုက်သူတို့၏ ဖျက်ဆီးမှုကြောင့် ဖြစ်သည်။ သူတို့သည် ရဟန်းတော်များအား သတ်ဖြတ်သည်သာမက ကျောင်းတော်များကိုလည်း မီးရှို့ပစ်လေသေး၏။ ထို့ပြင် ဗုဒ္ဓဘာသာတို့၏ အရေးကြီးသော ကျမ်းဂန်များနှင့် တခြားအရာဝတ္ထုများကိုလည်း ဖျက်ဆီးပစ်လေသည်။ မင်ဟာ့(ဂျ်)အမည်ရှိသော မွတ်ဆလင်ရာဇဝင်ဆရာကြီးတစ်ဦးက ဘတ်တီယာ ခီလ်ဂျီ၏ အကြောင်းကို ရေးသားဖော်ပြရာတွင်... သူသည် မဂဓတိုင်းကို နောက်ဆုံးဝင်ရောက်တိုက်ခိုက်သူဖြစ်၍ ဗုဒ္ဓဘာသာတို့၏ အမှတ်အသားများဖြစ်သော အရာဝတ္ထုများကို ဖျက်ဆီးပစ်လေသည်။ တာရာနာထမည်သော တိဗက်ရာဇဝင်ဆရာကြီးက ရေးသားထားပြန်သည်မှာ တူရကီလူမျိုးတို့သည် မဂဓတိုင်းတစ်ခုလုံးကို သိမ်းပိုက်၍ ကျောင်းပေါင်းများစွာကို ဖျက်ဆီးပစ်လေသည်။ နာလန္ဒာ၌မူကား အပြောက်အမြား ဖျက်ဆီးခဲ့သည်။ ရဟန်းတော်တို့မှာ နေရာအနှံ့အပြားသို့ ထွက်ပြေးကြရလေသည်"*

ဤကဲ့သို့ အကြောင်းတို့ကြောင့် နာလန္ဒာတက္ကသိုလ်ကြီးမှာ လက်ရှိအခြေအနေသို့ ကျရောက်ရလေသည်။ နာလန္ဒာကျောင်းတော်ကြီးသည် ယခုလို ပျက်ခဲ့ရခြင်းကြောင့် ဗုဒ္ဓဘာသာဝင်တို့အဖို့သာ နစ်နာဆုံးရှုံးခဲ့ရလေသည်မဟုတ်။ ဟိန္ဒူဘာသာဝင်အပေါင်းတို့ အဖို့မှာလည်း ပညာရေးရေသောက်မြစ်ကြီး ပြတ်သွားသည်နှင့် တူရကား နစ်နာဆုံးရှုံးရသည်သာတည်း။

## သင်္ကဿနဂိုရ်

ဗုဒ္ဓရှင်တော်ဘုရားသည် မယ်တော်မိနတ်သား အမှူးထားသော နတ်ဒေဝါ ပေါင်း ထပ်လောင်းသင်္ချေတို့အား တာဝတိံသာနတ်ပြည်၌ ဝါတွင်းသုံးလ ကာလ ပတ်လုံး အဘိဓမ္မာဒေသနာတော်ကို ဟောကြားတော်မူပြီး၍ လူ့ပြည်သို့ ကြွဆင်း တော်မူလေရာ ဤသင်္ကဿမြို့မှပင် ဆင်းသက်တော်မူလေသည်။

ထို့ပြင် သိရီဝဍ္ဍ၏ သားတော်ဖြစ်သော မေတ္တေယျအလောင်းတော်ကိုလည်း ဤနေရာမှာပင် မွေးဖွားတော်မူလေသည်။ ဤဌာနသည် တောင်ပိုင်းအိန္ဒိယ ဗုဒ္ဓ ဘာသာဝင်တို့အဖို့ မည်သို့ပင် အရေးမကြီးဟု ယူဆစေကာမူ မဟာယာနဂိုဏ်း သားတို့သည် ဤနေရာတော်ကို အမြတ်တနိုးစောင့်ရှောက်ခဲ့လေသည်။ ဗုဒ္ဓဝင် ကျမ်းအရ ဤဌာနသည်လည်း ဘုရားရှင်အဆူဆူတို့၏ မစွန့်ကောင်း မစွန့်ထိုက် မစွန့်အပ်သော အဝိဇဟိဌာနကြီးတစ်ခု ဖြစ်လေသည်။

ဤရှေးဟောင်းသင်္ကဿသည် အရှေ့အိန္ဒိယရထားလမ်းမပေါ်ရှိ ရှိကိုဟာ ဘာဒ်နှင့် ဖရုကာဘာဒ်မြို့အကြားရှိ ပခနာဘူတာမှ (၅)မိုင်ဝေးသော ဗဆန္တိပူရ်ရွာ၏ အနီးတွင် တည်ရှိလေသည်။ ဤဌာနသို့ (၅)မိုင်မျှသာဝေးသော မိုတာဘူတာမှ လည်း သွားရောက်နိုင်သည်။ အသွားအလာလမ်းခရီးမှာ မော်တော်ကား, လန်ချားစသည် မရရှိနိုင်ခြင်းကြောင့် အဆိုပါ ဘူတာများမှ (၅)မိုင်တိုင်အောင် ကုန်းကြောင်း လျှောက်ရလေသည်။ ထိုဌာန၌ တည်းခိုရန် ကျောင်း, ဇရပ်စသည် တို့ မရှိခြင်းကြောင့် ဘုရားဖူးသားတို့သည် ရထားဘူတာ၌ပင် စခန်းချကာ ချက် ပြုတ်စားသောက်ပြီးမှ သွားရလေသည်။

ဘုရားဖူးတို့သည် အကြွင်းမရ ပျက်စီးနေသော အဆောက်အအုံများကို ဖူး မြင်ရပေလိမ့်မည်။ ဗဆန္တိရွာသူရွာသားတို့သည် ထိုနေရာမှ အုတ်,ကျောက်တို့ကို အလိုရှိသရွေ့ ယူပြီးလျှင် အိမ်များဆောက်လုပ်ထားကြလေသည်။ ထိုဗဆန္တိ ရွာကလေးမှာ အိန္ဒိယပြည်ရှိ တခြားသော ရွာများကဲ့သို့ မြေညက်ဖြင့် အိမ်များကို ဆောက်လုပ်ခြင်းမရှိပဲ ထူးကဲစွာ အုတ်ကျောက်တို့ဖြင့် ဆောက်လုပ်ထားသည်ကို အကဲခတ်ကြည့်လျှင် ထိုပစ္စည်းများမှာ ကျောင်းစေတီတို့မှ ဖြစ်ကြောင်းကို ငြင်း ဆန်နိုင်စရာ မရှိချေ။ ဤဌာနတွင် တခြားသော ဌာနများလောက် ထူးထူး ဆန်းဆန်း ကြည့်ရှုစရာ မရှိတော့ပြီ။ ကျောက်တိုင်ကြီးတစ်ခုနှင့် ကျောက်ဆစ်ရုပ်

တစ်ခုအပြင် မြေကြီးထဲမှ အနည်းငယ်ခန့် ပေါ်နေသော ကျောင်းပျက်များသာ ရှိတော့သည်။

ဤကျောင်းတော်ကြီးများ ပျက်စီးခဲ့ရပုံအကြောင်းနှင့် စပ်လျဉ်း၍ ကွန်ပ်သည် အထူးကြိုးပမ်းကာ ရှာဖွေပါသော်လည်း မည်သည့်စာအုပ်မှာမှ အထင်အရှား မတွေ့ရှိရချေ။ သို့သော် ခရစ် ၁၁၈၃-ခုနှစ်တွင် ဖယချန္ဒရမင်းသည် ပုဏ္ဏားတို့၏ စကားကို လိုက်နာလျက် ဤအဝိဇဟိတဌာနကြီးကို ထွန်တုံးဖြင့် ထွန်ပစ်လေသည် ဟူ၏။ ထိုရောအခါက ပေါ်ထွက်ခဲ့သော ကျောက်အုတ်၌ အကျိုးအပဲ့အစအနများကို စုပုံထားခဲ့လေရာ ယခုအခါ တာတမံရိုးကြီးသဖွယ်ဖြစ်လျက် ရှိလေသည် ဟူ၏။ (ကန်နင်ဂန်၏ အဆို)

ဤဖျက်ဆီးမှုသည် ယခင်က ရန်သူများ၏ လက်ချက်များကြောင့် ပျက်စီးခဲ့ပြီးနောက် အနည်းငယ်ခန့် ကြွင်းကျန်နေသော အဆောက်အအုံတို့ကို အုတ်ကျောက်တို့အလို့ငှာ ထွန်ရလေဟန် တူ၏။ သို့သော် ဤဌာနကြီးကို ဖျက်ဆီးသူတို့မှာ မူဆလင်တို့ပင် ဖြစ်ပေလိမ့်မည်။

## ဆံချီ (SANCHI)

ဆံချီဌာနသည် ဟိုခေတ်အိန္ဒိယ၊ ပန်းချီပန်းပုဆရာကြီးတို့၏ လက်စလက်နများကို ဆန်းကြယ်စွာ မြင်နိုင်သော ဌာနတစ်ခု ဖြစ်သည်။

ဤဌာနတွင် အသောကလက်ထက်က ဆောက်လုပ်ခဲ့သော စေတီကြီးများ၊ ဘုရားရှိခိုးကျောင်းများ၊ ပန်းကြိုးပန်းနွယ်များ ထုထားသော ကျောက်ဂိတ်ပေါက်ကြီးတို့ ပါဝင်လေသည်၊ ဆံချီဌာနသည် ဒေလီနှင့် ဘုံဘေမြို့သို့ သွားရာ ဂျီ-အိုင်-ပီ-အာရ်(G.I.P.R)ရထားလမ်းပေါ်တွင် ရှိလေသည်။ ဤဌာနသည် ဘိုးလ်စော်ဘွားကြီးပိုင် နယ်ထဲတွင် ရှိလေသည်။ စာပို့ရထားကြီးသည် ဤဘူတာကြီးတွင် ရပ်လေ့မရှိချေ။ သို့သော် အထက်တန်းစီးခရီးသည်တို့က ဘုရားဖူးဆင်းလိုကြောင်း ဆိုင်ရာဂါတ်ဗိုလ်အား အကြောင်းကြားပါက ရထားကို အရပ်ခိုင်းစေလိမ့်မည်။ သို့မဟုတ်ပါက ရှေ့တွင်ရှိသော (Bhilsa)မြို့သို့ ပါသွားပြီး ၄င်းမှတဖန်ဝေးလံစွာ ပြန်၍ ကုန်းကြောင်းလျှောက်ကြရပေလိမ့်မည်။

ကျောင်းစသော အဆောက်အအုံပျက်တို့သည် တောင်ကုန်းငယ်တစ်ခု၌ ရှပ်လုံးပေါ်စွာဖြင့် တည်ရှိနေလေသည်။ ရထားဘူတာမှ တစ်ဖာလုံခန့်သာ ဝေးသဖြင့် ကြည့်၍ မြင်နိုင်လေသည်။ အဆောက်အအုံအားလုံးတို့ကို ကျောက်တံတိုင်းကြီးဖြင့် လက်ယာရစ်ပတ်လျက် ထားလေသည်။ ယခုအခါ ဘိုးလ်ပါအစိုးရသည် ထိုနေရာတွင် ဘုရားဖူးသားတို့ တည်းခိုနိုင်ရန် ဇရပ်ကြီးတစ်ခုကို ဆောက်လုပ်ထားသဖြင့် တစ်ရက်လျှင် လူတစ်ယောက်အတွက် ငွေတစ်ကျပ်ပေးကာ တည်းခိုနိုင်သည်။

## စိတ်ဝင်စားဖွယ်ကောင်းသော နေရာများ

(၁) အသောကကျောက်လက်ရန်ကြီး ကာရံထား၍ လှပသော ပန်းကြိုးပန်းနွယ်များဖြင့် တန်ဆာဆင်ထားသော ကျောက်ဂိတ်ပေါက် ရှိသော စေတီကြီး၊

(၂) အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်ဓာတ်တော်များ ရရှိရာ စေတီကြီး၊ (အမှတ်-၂)

(၃) စေတီနံပါတ်(၃)

(၄) စေတီနံပါတ်(၄)

(၅) စကြံမြင့်ပေါ်၌ ရှိသော အသောကကျောက်တိုင်များ၊

(၆) ကျောင်းတော်နှင့် ဘုရားရှိခိုးကျောင်းတော်ကြီးများ။

## စေတီမကြီး (GREAT STUPA)

ဤစေတီတော်ကြီးကို ကြီးမားသော တောင်ပူစာတစ်ခုပေါ်၌ တည်ဆောက်ထားသဖြင့် လှပသပ်ရပ်သော တောင်ဘက်ရှိ လှေကားကြီးနှစ်ခုမှ ကောင်းစွာ တက်ရောက်ဖူးမြော်နိုင်သည်။ တောင်ပူစာကလေးတစ်ခုလုံးကို အသောကကျောက်လက်ရန်းကြီးဖြင့် ဝန်းရံထားလေသည်။ ဤစေတီကြီးနှင့် ကျောက်လက်ရန်းများကို "ကျူနာ"ခေါ်သော ကျောက်များဖြင့် ဆောက်လုပ်ထားလေ

သည်။ အရောင်တဖိန့်ဖိန့်တောက်ပလျက်ရှိရာ စေတီကြီးအခြေ အနေအထားနှင့် ကျောက်လက်ရန်းများမှာ တစ်ယောက်တည်းသော ပန်းရန်ဆရာ၏ လက်စဖြစ်ဟန် တူသည်။ သဘာဝအကျဆုံး အလှဆုံး အခြေအနေကို အရှေ့တောင်ဘက်မှ ကောင်းစွာ မြင်နိုင်လေသည်။

ထိုစေတီကြီးနှင့် ကျောက်လက်ရန်း ကြီးများကို အသောကမင်းတရားကြီး၏ ကောင်းမှုတော်များဟု အများအားဖြင့် ယုံကြည်ကြသည်။ သို့ရာတွင် ကျွန်ုပ် သိရသလောက်မှာ... "ရှေးကျသော ဗုဒ္ဓဘာသာဝင်မင်းတို့သည် ဤနေရာတွင် စေတီငယ်ကို အုတ်ဖြင့် တည်ဆောက်ထားခဲ့၍ အသောကမင်းကြီးသည် ၎င်းအုတ်စေတီငယ်ကို မို့ပြီး၊ ယခုလက်ရှိ စေတီကြီးကို တည်ဆောက်ခဲ့လေသည်" ဟူ၏။

မူလဘူတဖြစ်သော စေတီကြီးမှာ အသောကမင်းကြီး၏ ကောင်းမှုတော် မဟုတ်စေကာမူလည်း ဤဌာနသည် အသောကမင်းကြီး၏ ကောင်းမှုတော်ပေါင်းများစွာ ပါဝင်နေသောကြောင့် ကျော်စောထင်ရှားခဲ့သည်ကိုကား ငြင်းဆန်နိုင်စရာ မရှိချေ။ ကျောက်လက်ရန်းများမှာလည်း အသောကပုံအတိုင်းချည်းသာ ဖြစ်သည်။ ဂိတ်ပေါက်ကြီးများမှာမူကား အသောကဒီဇိုင်းမျိုးနှင့် လုံးဝမတူခြင်းကြောင့် နောက်မှ ဆောက်လုပ်ခဲ့ဟန် တူသည်။ အသို့ဆိုမူ ယခုထိ တချို့တလေသော ကျောက်ချပ်တို့တွင် မှေးမှိန်သော အရောင်များကို တွေ့ရှိရသေး၏။ စေတီကြီး၏ အလုံးမှာ ပေ(၁၂၀)ခန့် ရှိ၍ အမြင့်အားဖြင့် (၅၄)ပေခန့် ရှိလေသည်။

## အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်
## ဓာတ်တော်များကို ရရှိရာ စေတီပျက်

ဤစေတီကြီးမှ အရှေ့မြောက်ဘက်တွင် စေတီငယ်တစ်ဆူ ရှိလေသည်။ ထိုစေတီငယ်မှ အလွန်အဖိုးထိုက်တန်သော အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်ကိုယ်တော်မြတ်ကြီးတို့၏ ဓာတ်တော်များကို ရရှိလေသည်။ ဤဓာတ်တော်များကို မည်သည့်အချိန် မည်သည့်ကာလက ဤနေရာသို့ ယူဆောင်လာခဲ့သည်ကိုကား ခိုင်လုံသော အကိုးအကားပြစရာ တစ်စုံတစ်ခုမျှ မရှိချေ။ သို့သော် ဦးစွာပထမ စေတီငယ်တစ်ဆူကို တည်ဆောက်ခဲ့စဉ်ကာလဖြစ်သော ဗုဒ္ဓခေတ်

တော်များကို မည်သည့်အချိန် မည်သည့်ကာလက ဤနေရာသို့ ယူဆောင်လာခဲ့သည်ကိုကား ခိုင်လုံသော အကိုးအကားပြစရာ တစ်စုံတစ်ခုမျှ မရှိချေ။ သို့သော် ဦးစွာပထမ စေတီငယ်တစ်ဆူကို တည်ဆောက်ခဲ့စဉ်ကာလဖြစ်သော ဗုဒ္ဓခေတ်ကပင် ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ ဆာအလက်ဇန္ဒားကန်နင်ဂန်နှင့် ကပ္ပတိန်အက်(ဖ်)စီ မဲဆယ်တို့သည် ကျောက်သေတ္တာကြီး(၂)လုံးဖြင့် တည်ထားသော ဤဓာတ်တော်များကို တူးဖော်ရရှိခဲ့လေသည်။ ထိုဓာတ်တော်များကို ဝိတိုရိယနှင့် အဲလ်ဘတ်ပြတိုက်ကြီးထဲတွင် နှစ်ပေါင်းများစွာ ထည့်ထားခဲ့ပြီး၍ ၎င်းနေရာ၌ ပြန်လည် ဌာပနာရန် အိန္ဒိယအစိုးရမင်းတို့၏ တောင်းခံချက်အရ မဟာဗောဓိ အသင်းကြီးသို့ ပေးအပ်ခဲ့လေသည်။

ဤစေတီသို့ ဝင်ရောက်ရန် ဂိတ်ပေါက်တစ်ပေါက်သာ ရှိ၏။ ထိုဂိတ်ပေါက်တွင် ဗုဒ္ဓဝင်ကို ရုပ်ပြားများ ထုလုပ်ထားလေသည်။ သို့သော် ဤရုပ်ပြားတော်များမှာ အသောကလက်ထက်မှလာသော ရုပ်ပြားများလောက် သပ်ရပ်ခြင်းမရှိပေ။ ရှေးခေတ်လူတို့၏ မျက်စိဖြင့်ကား အလှဆုံး အသပ်ရပ်ဆုံးပင် ဖြစ်ပေလိမ့်မည်။ စေတီအမှတ်(၂) (Stupa Marked No.2) ဤစေတီသည်လည်း အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးတို့၏ ဓာတ်တော်များကို ရရှိရာ စေတီကဲ့သို့ပင် အရေးကြီးသော စေတီကြီးတစ်ဆူ ဖြစ်ပေသည်။ အကြောင်းဆိုသော် အသောကမင်းကြီးလက်ထက်တော်အခါက ကမ္ဘာအရပ်ရပ်သို့ သာသနာပြု သွားရောက်တော်မူခဲ့သော ရဟန္တာအရှင်မြတ်တို့၏ ဓာတ်တော်များကို ရရှိခြင်းကြောင့် ဖြစ်သည်။ ဤစေတီကြီးမှာ တခြားအဆောက်အအုံများနေရာနှင့် ကိုက်ပေါင်း(၁၁၀)ခန့်ဝေးသော နေရာတွင် တည်ရှိနေလေသည်၊ ယခုအခါ ဂျွန်မာရှယ်(John Marshall)ခေါ်သော ကျောက်စာဝန်ကြီးက ထိုနေရာကို သီးသန့် စောင့်ရှောက်ထားလေသည်။

ဤစေတီနှင့် (ကျွန်ုပ် ရှေးဦးစွာ ဖော်ပြခဲ့သော) စေတီမကြီးမှာ ပုံသဏ္ဍာန်အားဖြင့်လည်းကောင်း၊ အလုံးအရပ်အားဖြင့်လည်းကောင်း မည်သို့မျှ ကွာခြားမှု မရှိပေ။ သို့ရာတွင် ဝင်ပေါက်ဂိတ်ကြီး မရှိခြင်းသည်သာလျှင် ထူးခြားမှု ဖြစ်ပေသည်။ ဆာကန်နင်ဂန်သည် ဤစေတီကြီးကို တူးဖော်လေသော် ဌာပနာတိုက်ကြီးထဲမှ အလျားအားဖြင့် (၁၁)လက်မ၊ အနံအားဖြင့် (၉)လက်မခွဲရှိသော သဲ

ကျောက်ကြုတ်တစ်ခုထဲတွင် အောက်အမည်ပါ ပုဂ္ဂိုလ်တို့၏ ဓာတ်တော်များကို ရရှိလေသည် ဟူ၏။

(၁) ကဿပဂုတ္တ၊ (၂) ဝိစ္ဆိသုဝိဇာတ၊ (၃) မဇ္ဈိမထေရ်၊ (၄) ဟာရိတိပုတြ ထေရ်၊ (၅) မဟာဝိနယထေရ်၊ (၆) အပဂိရထေရ်၊ (၇) ကောဒိနီပုတ္တထေရ်၊ (၈) ကောသိကိပုတ္တထေရ်၊ (၉) ဂေါတိပုတြာထေရ်၊ (၁၀) မောဂ္ဂလိပုတ္တထေရ်-တို့ ဖြစ်သည်။

ဤပုဂ္ဂိုလ်တို့သည် သာသနာမျိုးစေ့များကို ကမ္ဘာအရပ်ရပ်သို့ သွားရောက် စိုက်ပျိုးခဲ့ကြကြောင်းကို ကျောက်စာများ၌ တွေ့ရှိရလေသည်။ အထက်ပါအမည် တို့တွင် အချို့သော အမည်တို့မှာ မဟာဝင်ကျမ်း၌ မပါရှိခြင်းကြောင့် မဟုတ်ဟု မဆိုနိုင်။ ကျောက်စာသည်သာလျှင် ခိုင်လုံသော သက်သေကြီးတစ်ခု ဖြစ်ခြင်း ကြောင့် ကျွန်ုပ်တို့မှာ မည်သို့မျှ ဝေဖန်ရန် မလိုတော့ပေ။ ဤဓာတ်တော်များကား ယခုအခါ မည်သည့် နေရာတွင် ရှိနေသည်ကိုမူ မသိရှိရချေ။ ပျောက်ကွယ်လျက် ရှိလေသည်။ အကျယ်ကိုသိလိုမူ (Sir Marshall's a Guide to Sanchi) ခေါ် စာအုပ်ကို ဖတ်ရှုကြပါ။

## အသောကကျောက်တိုင်နှင့် အခြားကျောက်တိုင်များ

ဤဆံချီဌာန၌ စိုက်ထူထားသော ကျောက်တိုင်များမှာ တခြားဌာနရှိ ကျောက် တိုင်များနှင့် လုံးဝမတူသည်ကို တွေ့ရှိရလေသည်၊ အသို့ဆိုမူ... ဤဌာန ရှိ ကျောက်တိုင်များမှာ အများအားဖြင့် ဂုတ္တခေတ်မှလာသော ကျောက်တိုင်များ ဖြစ်၍ အသောကလက်ထက်မှလာသော ကျောက်တိုင်များထက် ခေတ်မီသည်ဟု ဆိုရပေမည်။ ယခုတိုင် ရှိသေးသော ကျောက်တိုင်ငယ်များအထဲတွင် ကျောက် တိုင်ကြီး(၄)တိုင်မှာ ကြွေရောင်တမျှ တောက်ပပြီးလျှင် တခြားကျောက်များ၏ အစ်မကြီးများသဖွယ် ဖြစ်နေလေသည်။

စေတီမကြီး၏ တောင်ဘက် ဂိတ်ပေါက်နားတွင် အသောကမင်းကြီးသည် မြင့်မားသော ကျောက်တိုင်ကြီးတစ်ခုကို စိုက်ထူထားခဲ့လေသည်၊ သို့သော်လည်း ထိုကျောက်တိုင်ကြီး၏ ပကတိအခြေအနေကိုကား ယခုအခါ ကျွန်ုပ်တို့ မတွေ့ရှိရ တော့ချေ။ နှစ်ပိုင်းကျိုးလျက် ရှိရာ တစ်ပိုင်းကို အနီးရှိ မြေပိုင်ရှင်တစ်ဦးက ကြံ

ကြိတ်စက်၏ အောက်ခံခုံလုပ်ရန် ယူထားလေပြီ။ ဤကျောက်တိုင်ကြီးသည် ထောင်လျက် ရှိခဲ့စဉ်က အမြင့်အားဖြင့် (၄၂)ပေ ရှိလေသည်။ တခြား ကျောက်တိုင်များကဲ့သို့ အဆင့်ဆင့်မထားပဲ မြေကြီးမှ အထက်အဆုံးထိ တစ်တုံးတည်းသော ကျောက်ဖြစ်သည်။ ကျောက်တိုင်ကြီးအပေါ်မှာ ရှိခဲ့သော ခြင်္သေ့ရုပ်ကြီးကား ပြတိုက်ထဲမှာ ရောက်နေလေသည်။ ထိုရွေ့ထိုမျှ ရှည်လျားသော ကျောက်တိုင်ကြီးကို အဘယ်နေရာမှ ရရှိ၍ အဘယ်ကဲ့သို့ မပျက်စီးအောင် ဤနေရာသို့ ဆောင်ယူခဲ့ကြသည်ကို ကျွန်ုပ်တို့ မသိနိုင်ပေ။ ယင်းကဲ့သို့ ဆောင်ရွက်နိုင်ခြင်းသည်ပင် ချီးမွမ်းစရာကြီး တစ်ခုဖြစ်သည်။

အရှေ့ဘက်မှ ရှိနေသော ကျောက်တိုင်ကြီးကိုကား ဆုံဂခေတ်မှလာသော ကျောက်တိုင်ဟု ဆိုကြကုန်၏။ ဤကျောက်တိုင်မှာ အမြှောင်ရစ်မြှောင် ရှိခြင်းကြောင့် အသောကခေတ်မှလာသော ကျောက်တိုင်များနှင့် လုံးဝကွာခြားလေသည်။ အောက်ခံခုံကြီးမှာ (၆)မြှောင် ရှိ၍ အထက်ဆုံးတွင် ခေါင်းလောင်း ပုံသဏ္ဌာန် တပ်ဆင်ပြီးလျှင် တိရစ္ဆာန်ရုပ်များ ထုလုပ်ထားလေသည်။ ထိုအရုပ်များကား ယခုအခါ မထင်ရှားတော့ပေ။

ဖော်ပြပါ ကျောက်တိုင်များနှင့်ကပ်လျက် အခြားကျောက်တိုင်လည်း ရှိသေး၏။ ဤကျောက်တိုင်မှာ အမြင့်(၂၂)ပေ၊ (၆)လက်မ ရှိလေသည်။ ယခုကား အပိုင်းပိုင်းကျိုးပဲ့လျက် ရှိသည်။ အရောင်အဆင်းအားဖြင့် ခရမ်းရောင်သဏ္ဌာန် ရှိ၍ တဖိတ်ဖိတ် တောက်ပလျက် ရှိလေသည်။ ဤကျောက်တိုင်ကို ဂုတ္တခေတ်က ဝဇီရပါနိမည်သော ဒါယကာတစ်ဦးက လှူဒါန်းခဲ့သည် ဟူ၏။

စေတီမကြီး၏ မြောက်ဘက်ဂိတ်နားတွင် တခြားကျောက်တိုင်တစ်ခု ရှိသေး၏။ ဤကျောက်တိုင်ကြီးမှာ တခြားကျောက်တိုင်များထက် အလုံးကြီးသော်လည်း အမြင့်အားဖြင့် (၉)ပေမျှသာ ရှိလေသည်။ ဤကျောက်တိုင်မှာလည်း ဂုတ္တခေတ်က လာသော ကျောက်တိုင်ဟုပင် ယူဆကြလေသည်။ ဝဇီရပါနိဒါယကာ၏ ကျောက်တိုင်အနီးမှာ ဝဇီရပါနိမည်သော ဘုရားလောင်းရုပ်တုတော်ကို မိမိနှင့် အမည်တူသဖြင့် မိမိ၏ ကျောက်တိုင်အနီးမှာပင် တည်ထားကိုးကွယ်လေဟန် လက္ခဏာရှိသည်။

ဤကျောက်တိုင်များမှတပါး များစွာကုန်သော ကျောင်းတော်များနှင့် ဝတ်ကျောင်းတော်များလည်း ရှိသေးသည်။ ထိုကျောင်းတော်များမှာ အချို့မြေထဲတွင် မြုပ်လျက်ပင်ရှိသေး၍ အချို့လည်း ပေါ်လျက်ရှိသည်။ ကျောင်းတော်ကြီးများ၏ အခြေအနေကို ဘယ်သို့ဘယ်ပုံ သဏ္ဍာန်ရှိသည်ဟု ကျွန်ုပ်တို့ မခန့်မှန်းနိုင်တော့ပေ။ သို့သော် ဤဆံချီနေရာသည် ဗုဒ္ဓဘာသာသနာခေတ်က အမှန်ပင် စည်ပင်ခဲ့ကြောင်းကိုကား မည်သူမဆို ထောက်ခံရပေမည်။ အချို့သော ရာဇဝင်ဆရာတို့က ဤဌာနသည် မဟာယာန်တို့ ပါဝါလွှမ်းမိုးခဲ့သော ဂုတ္တခေတ်ကသာ စည်ကားလာ၍ ထိုထက်ရှေးကျသော အသောကခေတ်က မထင်ရှားခဲ့ဟု ရေးသားကြသည်။ ထိုဆရာတို့ကား မဟာဝင်စသော ကျမ်းများကို ဖတ်ဖူးပုံ မပေါ်ချေ။

## ဆံချီ၏ အတိတ်ရာဇဝင်

ဗုဒ္ဓဘာသာကျမ်းဂန်များတွင် ဗုဒ္ဓဘုရားရှင်သည် ဤဌာနသို့ ကိုယ်တော်တိုင် ကြွရောက်တော်မူခဲ့ကြောင်း မပါရှိသည့်ပြင် ဗုဒ္ဓဘာသာဝင်တို့သည်လည်း ဤဌာနကို မြင့်မြတ်သော ဌာနအဖြစ်ဖြင့် ယူဆကြဟန် မတူချေ။ မည်သို့ပင် ရှိစေကာမူ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်ကိုယ်တော်မြတ်ကြီးတို့၏ ဓာတ်တော်များကို ဤနေရာသို့ ယူဆောင်ကာ ဌာပနာခဲ့သည်ကို သိရှိရခြင်းဖြင့် ရှေးအခါတပါးက ဤဌာနသည် ဗုဒ္ဓဘာသာဝင်တို့အဖို့ အရေးကြီးသော ဌာနကြီးတစ်ခု ဖြစ်ခဲ့ပုံပေါ်သည်။

ထိုမှတစ်ပါး အသောကမင်းကြီးကိုယ်တိုင် ဤဌာနတွင် များစွာကုန်သော ကျောင်းစေတီကျောက်တိုင်စသည်တို့ကို ဆောက်လုပ်ခဲ့ခြင်းသည်လည်း အရေးကြီးသော ဌာနတစ်ခုဖြစ်ကြောင်း သက်သေခံထားပေသည်။ မဟာဝင်ကျမ်း၌ ဤဌာနကို စေတိယဂိရိဟု ခေါ်ထားလျက်နှင့် အဘယ်ကြောင့် ဆံချီဟူသော အမည်သို့ ပြောင်းလွဲလာသည်ကိုကား ကျွန်ုပ် မပြောနိုင်။

အသောကမင်းကြီး နပျိုစဉ်အရွယ်က ဤနေရာအပါအဝင် ဖြစ်သော ဥဇ္ဇေနီပြည်တွင် ဘုရင်ခံဖြစ်၍ နှစ်ပေါင်းများစွာ နေထိုင်စောင့် ရှောက်ဖူးလေသည်။ မင်းကြီးဘုရင်ခံဖြစ်စဉ် ဝေဒိသကဒေဝီမိဖုရားကြီးနှင့် ဤနေရာမှာပင် စုလျားရစ်ပတ် လက်ထပ်တော်မူလေသည်။ ဝေဒိသကဒေဝီဟူသည်ကား သီဟိုဠ်ကျွန်း

ကြီး၌ ဗုဒ္ဓသာသနာမျိုးစေ့ကို ပွဲဦးထွက်စိုက်ပျိုးခဲ့သူ မဟိန္ဒထေရ်နှင့် သင်္ဃမိတ္တာထေရီတို့၏ မိခင်ကြီးပင် ဖြစ်သည်။ မဟိန္ဒထေရ်သည် သီဟိုဠ်ကျွန်းသို့ သာသနာပြုမထွက်မီ ဤဌာနရှိ နန်းတော်မက ကြီးကျယ်ခမ်းနားလှသော မယ်တော်မိဖုရားကြီး၏ ကောင်းမှုတော် ကျောင်းတော်ကြီး၌ တစ်ဝါဆိုဖူးလေသည်။

## ဆံချီ ပျက်စီးရပုံ

ဆံချီဌာနသည် ရန်သူပါလမင်းတို့ လက်ချက်ကြောင့် ပျက်စီးခဲ့ရသော ခရစ်(၁၁)ရာစုထိ မာလဝပြည်သား ဗုဒ္ဓဘာသာများ၏ စုရုံးဝတ်ပြုရာ ဌာနကြီးတစ်ခုအဖြစ်ဖြင့် တည်ရှိခဲ့လေသည်။ အဘယ်ကြောင့် ပျက်စီးခဲ့ရသည်ကိုကား ကျွန်ုပ်အကျယ်ဝေဖန်ရေးသားခြင်းငှာ မစွမ်းနိုင်ချေ။ ကျောက်စာများနှင့် ရာဇဝင်ဆရာများသော်မှလည်း မသိရှိကြသဖြင့် မည်သည့်စာအုပ်ထဲမှာမှ ဤအကြောင်းနှင့်စပ်လျဉ်း၍ မဖတ်ရှုရချေ။ သို့သော် Architectural Survey of Central India ခေါ် စာအုပ်တွင်ကား ဤသို့ ရေးသားထားလေသည်။

*"ဤစေတီတော်ကြီးကို ဗုဒ္ဓဘာသာကို ပဏ္ဏာမအားဖြင့် ဖျက်ဆီးခဲ့သူ ရာဇာပုရှမိတြသည် ခရစ်မပေါ်မီ (၂)ရာစုလောက်က ဖျက်ဆီးလေသည်။ သို့သော် ထက်ဝန်းကျင်ရှိ ဗုဒ္ဓဘာသာတို့က ပြန်လည်ထူထောင်သဖြင့် ပြီးစီးခြင်းသို့ ရောက်လာလေသည်။ ၎င်းနောက် ဆံကရာချာရယ၏ ဖျက်ဆီးမှုကြောင့် အနည်းငယ် ချို့ယွင်းခဲ့ရလေသည်။ မူဆလင်ဝင်ရောက်ဖျက်ဆီးသူတို့ကား ဤဌာနကို ဖျက်ဆီးခဲ့ပုံမပေါ်ချေ"*

ဒေဝပြိယကမူ ဤစေတီကြီးသည် တခြားနေရာရှိ အဆောက်အအုံတို့လောက် မပျက်စီးဘဲ ကျန်ရှိရစ်ခြင်းမှာ ပတ်ဝန်းကျင်အရပ်မှ တောချုံများ ဖုံးကွယ်ထားခြင်းကြောင့် ဖြစ်သည် ဆို၏။ ကန်နင်ဂန်၏ ဘီဟာတော့ပ် Bihar Top ခေါ် စာအုပ်၌ကား...

*"ဆံကရာချာရယ လက်ထက်ကပင် ချို့ယွင်းနေသော အဆောက်အအုံများကို ဌာပနာဖောက်သမား (Treasure hunter)တို့သည် ရွှေငွေအစရှိသော ဝတ္ထုပစ္စည်းများအလို့ငှာ ဖောက်ထွင်းယူကြလေသည်"* ဟူ၏။

ဤကဲ့သို့ ဆရာအမျိုးမျိုးတို့ ရေးသားညွှန်ပြကြသည်ကို ထောက်ရှုခြင်းဖြင့် ဆံချိုဌာနကို ဟိန္ဒူတို့သည်သာလျှင် ဖျက်ဆီးလေသည်ဟု ရေးသားပါမူ ၎င်းဟိန္ဒူတို့သည် အသို့လျှင် ငြင်းဆန်နိုင်ပါမည်နည်း?

## တက္ကသိုလ်ပြည် (TAXILA)

တက္ကသိုလ်ပြည် (ဝါ) တက္ကသိုလ်မြို့ကို ဗုဒ္ဓဘာသာကျမ်းဂန် အစောင်စောင်တို့က မြင့်မြတ်သော ဘာသာရေးဌာနတစ်ခုဟု အသိအမှတ် မပြုစေကာမူ ရှေးပဝေသဏီအခါတုန်းက အိန္ဒိယပြည်တွင် တစ်ခုတည်းသော ပညာရေးဆိပ်ကမ်းမြို့ကြီးဖြစ်သောကြောင့် ကမ္ဘာကပင် အသိအမှတ် ပြုခဲ့ရလေသည်။ ဗုဒ္ဓဘာသာကျမ်းဂန်တို့တွင် များသောအားဖြင့် မင်းညီမင်းသားဟူသမျှတို့သည် တက္ကသိုလ် (ယူနီဗာစီတီ)ကြီး၌ သွားရောက်ပညာသင်ကြားရလေကြောင်း ဖတ်ဖူးကြပေလိမ့်မည်။ ယခုခေတ်တွင် ဘိလပ်ပြန်, အမေရိကန်ပြန် ကျောင်းသားတို့သည် အထူးဂုဏ်ရှိဘိသကဲ့သို့ ယင်းခေတ်အခါကလည်း တက္ကသိုလ်ပြန် ကျောင်းသားတို့မှာသာ ဂုဏ်ရှိလေသည်။ ဗုဒ္ဓဘာသာကျမ်းဂန်များမှာ ထင်ပေါ်ကျော်ကြားခဲ့သော ပသေနဒီကောသလမင်းကြီးနှင့် ဇီဝကဆေးဆရာကြီးတို့မှာ တက္ကသိုလ်ယူနီဗာစီတီမှ ဒီဂရီရပြီးသော ပုဂ္ဂိုလ်တို့ပင် ဖြစ်သည်။

တက္ကသိုလ်ပြည်သည် အနောက်မြောက်နယ်ရှိ ရာဝါလာပင်ဒီမြို့နှင့် မိုင် (၂၀)ဝေးသော နေရာတွင် ရှိလေသည်။ ထိုနေရာတွင် တက္ကသိုလ်ဘူတာဟူ၍ ရထားဘူတာတစ်ခု ရှိလေသည်။ ဘုရားဖူးသားတို့သည် ထိုဘူတာမှ ပျက်စီးလျက် ရှိသော အဆောက်အအုံတို့ကို ကောင်းစွာ ကြည့်မြင်နိုင်လေသည်။ ဒေလီမြို့မှ တက္ကသိုလ်ပြည်တိုင်အောင် မိုင်ပေါင်း(၄၉၇)မိုင်ဝေး၍ အနောက်မြောက်နယ်သွား ရထားကြီးဖြင့် သွားရောက်နိုင်လေသည်။ ခရီးသည်တို့သည် (P.W.D) က ဆောက်လုပ်ထားသော ဗိုလ်တဲတွင် ကျသင့်သော အဖိုးအခကို ပေး၍ တည်းခိုနိုင်သည်။

တက္ကသိုလ်ပြည်၌ အဆောက်အအုံများ အလွန်များပြား ကျယ်ပြန့်လှသဖြင့် စေ့စုံအောင် ဝေဖန်ရေးသားမည်ဆိုပါက သီးခြား စာတစ်အုပ် ဖြစ်နိုင်ပေမည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် စာဖတ်ပရိတ်သတ်ကြီး၏ အကျိုးစီးပွားအလို့ငှာ ဆာ

ဂျွန်မာရှယ်၏ "တက္ကသိုလ်လမ်းညွှန်"စာအုပ်ကို မှီငြမ်းပြု၍ အကျဉ်းအားဖြင့် ဖော်ပြရပေအံ့။ ထိုသို့ ဖော်ပြရာတွင် ဗုဒ္ဓဘာသာနှင့် သက်ဆိုင်ရာ အဆောက် အအုံပေါင်း များစွာပါဝင်သော နေရာများကို အောက်ပါအတိုင်း မှတ်သားထားရ ပေမည်။

(၁) ချိုရ်တို့ပ်ခေါ်သော "ဓမ္မရာဇိက" စေတီကြီး၊

(၂) ဂီရိတောင်ကြားရှိ ကျောင်းတော်ကြီးများ၊

(၃) ထိုတောင်၏မြောက်ဘက် နာမောင်းဖျားရှိ ကူနာလစေတီနှင့် ကျောင်းတော်၊

(၄) မိုဟရာ-မိုရာဒူခေါ်သော နေရာရှိ ကျောင်းတော်များနှင့် စေတီများ၊

(၅) ပိပ္ပလာခေါ်သော နေရာရှိ ကျောင်းတော်များနှင့် စေတီများ၊

(၆) ဂျူလီယံခေါ်သော နေရာရှိ ကျောင်းတော်များနှင့် စေတီများ၊

(၇) မြောက်ဘက်တောင်ကြားရှိ ဘဒါလ်ပူရ်ခေါ်သော နေရာရှိ ဗုဒ္ဓအထိမ်းအမှတ် အဆောက်အအုံများ၊

(၈) လာလ်ချက်ဟုခေါ်သော ဗုဒ္ဓဘာသာအဆောက်အအုံများ၊

(၉) ဗလ္လာစေတီတော်ကြီး-တို့ ဖြစ်ပေသည်။

အထက်ပါအဆောက်အအုံတို့သည် တက္ကသိုလ်ပြည်တွင် အထူးမှတ်သား ဖွယ်ရာများ ဖြစ်လေသည်။

## (၁) ချိုရ်တို့ပ်ခေါ် ဓမ္မရာဇိကစေတီတော်ကြီး

ချိုရ်တို့ပ်ခေါ်သော ဓမ္မရာဇိကစေတီတော်ကြီးမှာ တန်ရံနာလာခေါ် တောင် တန်းပေါ်တွင် ရှိလေသည်။ ဤစေတီကြီးကို တခြားစေတီငယ်ပေါင်း များစွာတို့က ဝန်းရံစောင့်ရှောက်ထားလေသည်။ ဤစေတီကြီးကို ဆာ ကန်နင်ဂန်နှင့် ဆာ ဂျွန်မာရှယ်တို့သည် အစိုးရအမိန့်အရ တူးဖော်ခဲ့လေသည်။ ဤစေတီကြီးကို ဂန္ဓာရတိုင်း ပန်းရန်ဆရာကြီးတို့က အရှေ့နှင့် အနောက်နိုင်ငံဆရာတို့၏ ပန်းရန် သဘော ပါဝင်ရောနှောလျက် ဆောက်လုပ်ထားလေသည်။ စေတီတော်ကြီးကို

မာကြမ်းသော ကျောက်များဖြင့် ဆောက်လုပ်ထား၍ ရင်ပြင်တော်ကိုကား မှန်ကဲ့သို့ တောက်ပသော အရောင်ရှိသော ကျောက်များဖြင့် ခင်းထားလေသည်။ ဤစေတီကို တူးဖော်ခဲ့စဉ်က မင်းအဆက်ဆက်တို့ သုံးစွဲခဲ့သော ဒင်္ဂါးများစွာ ထွက်ပေါ်လာလေသည်။ ယခုအခါ ၎င်းဒင်္ဂါးများကို ပြတိုက်ကြီးထဲ၌ သိုမှီးထားလေသည်။

ဓမ္မရာဇိကစေတီတော်ကြီးကို ဖူးမြော်ပြီးသည့်နောက် ဘုရားဖူးသားတို့သည် ရေတွက်၍ မရနိုင်လောက်အောင် များပြားလှသော စေတီငယ်များနှင့် ကျောင်းတော်ကြီးများကို ကျယ်ပြန့်ညီညာသော မြေပြင်၌ တည်ဆောက်ထားသည်ကို တွေ့ရှိရပေလိမ့်မည်။ ထိုစေတီများအနက် အက်စ်-၅ (S-5)အမှတ် ရေးသားထားသော စေတီသည် အရေးကြီးသော အဆောက်အအုံတစ်ခု ဖြစ်လေသည်။ အကြောင်းဆိုသော် ဤစေတီကြီးမှ အဖိုးအနန္တထိုက်တန်လှသော ဘုရားဓာတ်တော်များကို ရွှေကြုတ်နှင့်တကွ တူးဖော်ရရှိလေသည်။ ခရစ် ၇၅-ခုနှစ်လောက်က ဌာပနာခဲ့ကြောင်းနှင့် ခရိုစတီအက္ခရာဖြင့် ရေးထိုးထားသော ကျောက်စာကိုလည်း ရရှိလေသည်။ ရွှေကြုတ်နှင့်တကွသော ဤဓာတ်တော်များကို အိန္ဒိယဘုရင်ခံချုပ်ကြီး လော့ဒ်ဝဲလင်ဂရန်သည် မိဂဒါဝုန်ရှိ မူလဂန္ဓကုဋီဝိဟာရတိုက်ကြီးထဲ၌ ဌာပနာစေရန် ၁၉၃၁-ခုနှစ်တွင် မဟာဗောဓိအသင်းကြီးသို့ ပေးအပ်ခဲ့လေသည်။ ထို့ပြင် အက်စ်-၈ (S-8)အမှတ်ရှိသော စေတီငယ်တစ်ဆူမှာလည်း ရွှေကြုတ်နှင့် တကွသော ဓာတ်တော်အချို့ကို တူးဖော်ရရှိပြန်လေသည်။ ဤဓာတ်တော်များကို လော့ဒ်ချန်စဖို့ဒ်သည် ၁၉၃၇၊ ဖေဖော်ဝါရီလတွင် သီဟိုဠ်ကျွန်း၊ ကန္ဒီမြို့ရှိ ဓာတ်တော်တိုက်ကြီးသို့ ပေးအပ်ခဲ့လေသည်။

## (၂) ဂီရိတောင်ကြားရှိ ကျောင်းတော်များ

မာဂလဂီရိတောင်ခြေရင်းရှိ ခူရမ်ပြာချာနှင့် ခူရမ်ဂါဂျာရ်မည်သော ရွာနှစ်ခုကြားတွင် သီးသန့်သော တောင်ကြားတစ်ခု ရှိလေသည်။ ဤနေရာ၌ များစွာ ကုန်သော အဆောက်အအုံပျက်တို့ကို တူးဖော်ရရှိပြန်လေသည်။ ဤနေရာတွင် နှစ်ပတ်လုံး တသုန်သုန် စီးသွယ်ကျနေသော ရေတံခွန်ကြီးတစ်ခု ရှိခြင်းကြောင့်

အရိယာပေါင်း သူတော်ကောင်းတို့အဖို့ တရားကို အားထုတ်နေရန် အကောင်းဆုံး ဖြစ်လေသည်။

ဤနေရာရှိ အဆောက်အအုံများကို အကျဉ်းအားဖြင့် ခွဲခြားပြရမည်ဆိုပါက ကျောင်းတော်များ၊ စေတီများအပြင် ရန်သူတို့ဘေးဒဏ်မှ ပုန်းရှောင်နေထိုင်ရာဖြစ်သော ဗုံးကျင်းကြီးများ ရှိလေသည်။ ပထမဆုံးတွေ့ရသော ကျောင်းတော်ကြီးမှာ အလျား ပေ(၁၂၀)နှင့် အနံ ပေ(၆၀)မျှ ကျယ်ပြန့်လေသည်။ ဤကျောင်းတော်ကြီး၏ အနီးတွင် စတုရန်း(၆၂)ပေနှင့် အမြင့်(၁၅)ပေရှိ စေတီကြီးတစ်ဆူလည်း ရှိလေသည်။ တခြား ကျောင်းတော်များကား မိုးတွင်းအခါ တောင်ပေါ်မှ တဟုန်တည်း စီးဆင်းလာသော မြစ်ရေများ တိုက်စားမှုကြောင့် အကြွင်းမရ ပျက်စီးလျက် ရှိလေသည်။ ဤနေရာမှ ရှေးတက္ကသိုလ်အင်ဂျင်နီယာ ဆရာကြီးတို့၏ လက်ရာများဖြစ်သော ဗုဒ္ဓရုပ်တုတော်များ၊ ပန်းကြိုးပန်းနွယ် ထုလုပ်ထားသော ကျောက်တုံးကျောက်ချပ်များ၊ ဘုရားလောင်းရုပ်များ စသည်တို့ ထွက်ပေါ်လေသည်။

## (၃) ကူနာလစေတီနှင့် ကျောင်းတော်

ကူနာလစေတီတော်သည် ဟာသီယယ်လ်(Hathial)မည်သော တောင်ကုန်းပေါ်တွင် တည်ရှိ၍ ၎င်းနေရာမှ သဘာဝကျလှသော ဟာရီမေလီခေါ် တောင်ကြီးကို ကောင်းစွာကြည့်ရှု၍ မြင်နိုင်လေသည်။ တရုတ်ဘုန်းတော်ကြီး ဟူယင်ဆန်သည် ဤနေရာသို့ ရောက်ရှိခဲ့ကြောင်း ရေးသားထားလေသည်။

ဟူယင်ဆန်၏ မှတ်တမ်းထဲတွင် ဤစေတီတော်သည် အမြင့်အားဖြင့် ပေ(၁၀၀)ရှိလေသည် ဟူ၏။ များစွာကုန်သော မျက်မမြင်တို့သည် ဤစေတီတော်မြတ် အထံတွင် မျက်စိမြင်ပါစေကြောင်း လာရောက်ဆုတောင်းကြလေသည်ဟူ၏။ ဤစေတီကြီးကို သီရိဓမ္မာသောကမင်းကြီးသည် သူ၏ မျက်မမြင်သောသားတော်တစ်ပါးဖြစ်သူ ကူနာလ၏ အမည်ဖြင့် တည်ထားခဲ့လေသည်။ တည်ထားရခြင်း၏ အကြောင်းကား ဤသို့တည်း။

"တရံရောအခါ သိရီဓမ္မာသောကမင်းကြီး၏ တိဿရက္ခိတာမည်သော ယုတ်မာသော မိဖုရားတစ်ပါးသည် ကုဏာလမည်သော မင်းသားငယ်ကို ဖောက်ပြန်သော စိတ်ဖြင့် ချစ်မြတ်နိုးအပ်သည်ဖြစ်၍ ၎င်းမင်းသားငယ်နှင့် ပျော်ပါးရန် အမျိုးမျိုးသော ပရိယာယ်တို့ဖြင့် သွယ်ဆောင်ဖြားယောင်းလေသော် မင်းသားငယ်သည် ဘခင်မင်းကြီး၏ ကြင်ရာတော်တစ်ဦးဖြစ်သူ မိထွေးတော် တိဿရက္ခိတာ၏ အလိုသို့ မလိုက်လိုသဖြင့် ပြန်းထန်စွာ ငြင်းပယ်လေသည်။ ထိုသို့ ငြင်းပယ်လေသောကြောင့် မိမိအကြံအစည် အထမမြောက်လေရကား မိဖုရားကြီးသည် ဒေါသအမျက် ချောင်းချောင်းထွက်ပြီးလျှင် မင်းတရားကြီး၏ လက်မှတ်အတုကို အမိန့်တော်စာပေါ်မှာ ရေးထိုးပြီးသကာလ မင်းသားငယ်၏ မျက်လုံးများကို ထွက်စေလေသည်။ မင်းသားငယ်သည်လည်း ဘခင်မင်းကြီး၏ အမိန့်အစစ်အမှန်ဟု ထင်ခြင်းကြောင့် မငြင်းဆန်ခဲ့လေရကား သဘောကြည်ဖြူစွာဖြင့် အထွက်ခံလေသည်။ အကန်းဘဝသို့ ကျရောက်ရရှာသော မင်းသားသည် ရှာစဉ်လှည့် မြို့စဉ်လျှောက် တောင်းရမ်းခြင်းဖြင့် မိမိ၏ ဇီဝိတိန္ဒြေကို မွေးမြူရလေသည်။ ကုဏာလမင်းသားကန်းကလေး၏ အသံတို့ကား ကရဝိတ်ငှက်မင်း တွန်ကျူးသော အသံကဲ့သို့ အထူးနှစ်လိုဖွယ်ရှိ၏။ တစ်နေ့သောအခါ မင်းသားငယ်သည် မြို့စဉ်လျှောက်၍ တောင်းရမ်းလေသော် သူ၏ ဘခင် အသောကနန်းတော်ကြီးသို့ ရောက်လေသဖြင့် သဒ္ဒါရုံဓာတ်ကို မပြတ်သော အာရုံဖြင့် နားထောင်မိသော မင်းကြီးမှာ များစွာပင် နှစ်သက် ရွှင်လန်းလေရကား မင်းသားငယ်ကို ရှေ့တော်မှောက်သို့ ဝင်စေလေသည်။ မင်းသားငယ်သည်လည်း အကျိုးအကြောင်းဥဿုံ အလုံးစုံကို လျှောက်ထားသံတော်ဦးတင်လေရာ မင်းကြီးမှာ တောက်လောင်သော ဒေါသမီးရှိန်ကို မချုပ်တည်းနိုင်သဖြင့် မိဖုရားယုတ်အား သတ်စေဟူသော အမိန့်ကို ရုတ်တရက် ချမှတ်လိုက်လေသည်။ သို့ရာတွင် မင်းသားငယ်က ထိုသို့ မပြုလုပ်ရန် တောင်းပန်လျှောက်ထားလေသောကြောင့် မိဖုရားမှာ အသက်ဘေးမှ ချမ်းသာရလေသည့်အပြင် မင်းသားငယ်လည်း မျက်စိပြန်မြင်လေသည်" ဟူ၏။

ဤအထိမ်းအမှတ်ဖြင့် အသောကမင်းကြီးသည် ဤနေရာ၌ ကုဏာလအမည်ဖြင့် စေတီတည်တော်မူလေသည်။ ယခုအခါ ဤစေတီကြီးမှာ အကြွင်းမရ ပျက်စီးလျက် ရှိလေရကား တထစ်ချ ခန့်မှန်းနိုင်ရန်ပင် ခဲယဉ်းလှပေသည်။ ဤစေတီ

အနီးတွင် ကျောက်တိုင်ကျိုးအချို့နှင့် ဂန္ဓာရတိုင်း ပန်းရန်ဆရာကြီးတို့၏ လက်ရာခြေရာများဖြစ်သော ပန်းကြိုးပန်းနွယ်များ ပါဝင်သော ကျောက်တုံးကျောက်ချပ်အချို့ကို ရရှိလေသည်။ ကူနာလစေတီ၏ မြောက်ဘက်တွင် ကျောင်းတော်ရာကြီးများ ရှိသေး၏။ သို့ရာတွင် အမည်မပေးနိုင်တော့ပေ။

## (၄) မိုဟာရာ မိုရာဒူ အဆောက်အအုံ

အနောက်မြောက်နယ်ရှိ များစွာသော အဆောက်အအုံများတို့တွင် မိုဟာရာ မိုရာဒူ အဆောက်အအုံ၊ ပိပ္ပလာအဆောက်အအုံ၊ ဂျူလီယံ အဆောက်အအုံတို့မှာ အသေသပ်ဆုံး အလှဆုံးသော ဂန္ဓာရတိုင်း လက်သမားတို့၏ လက်ရာများဖြစ်လေသည်။

ဤမိုဟာရာ မိုရာဒူ အဆောက်အအုံပျက်တို့သည် ဆီရဆုတ်မြို့၏ အရှေ့တောင်ဘက် တစ်မိုင်ခန့်အကွာတွင် တည်ရှိလေသည်။ ဤနေရာ၌ စေတီကြီးတစ်ဆူနှင့် ကျောင်းတော်ကြီးတစ်ဆောင် ရှိလေသည်။ စေတီကြီးမှာ ပုံသဏ္ဍာန်အားဖြင့် တခြားသော စေတီတို့ကဲ့သို့ပင် ဖြစ်သော်လည်း စေတီငယ်ပေါင်းများစွာဝန်းရံထားခြင်းနှင့် အောက်ပန်းခုံမှသည် အထက်ငှက်မျက်နားတိုင်အောင် ဘုရားရုပ်၊ ဘုရားလောင်းရုပ်၊ နတ်ရုပ်များကို စေတီကျောက်ချပ်များပေါ်တွင် ထုလုပ်ထားခြင်းသည်ပင် အထူးအဆန်း ဖြစ်ပေသည်။ အချို့သော ရာဇဝင်ဆရာများက ရေးသားကြသည်မှာ... "ဤစေတီကို တည်ဆောက်ခဲ့သော ပန်းရံဆရာများမှာ ဂရိပြည်မှ ဖြစ်၍ ဗုဒ္ဓဘာသာဝင်တို့၏ သဘောကျ ဆောက်လုပ်ပေးခဲ့ဟန်တူသည်" ဆို၏။ ဘုရားလောင်းရုပ်များ အဝတ်တန်ဆာများကို အနီ၊ အဝါ၊ အမည်း စသော အရောင်မျိုးစုံတို့ မွန်းခြယ်ထားခဲ့လေသည် ဟူ၏။

တခြားစေတီမှာ ဖော်ပြပါ စေတီထက် အနည်းငယ်သာ ငယ်၍ ပုံစံမှာကား ဤအတိုင်းပင် ဖြစ်လေသည်။

အထက်ပါ စေတီကြီးများနှင့် ကပ်လျက်ရှိသော ကျောင်းတော်ကြီးမှာ သံဃာပေါင်း များစွာ စုရုံးရာ ခန်းမဆောင်ကြီးနှင့်တကွ အခန်းပေါင်း(၂၇)ခန်းမျှ ပါဝင်လေသည်။ အထပ်အားဖြင့် (၂)ထပ် ဖြစ်သည်။ ဤအခန်း၏ နံရံကျောက်

ပြား၌လည်း အရုပ်မျိုးစုံ ထုထားပြန်လေသည်။ ဤကျောင်းတော်ကြီးရှိ အခန်းနံပါတ်(၃)မှာ အလွန်သပ္ပါယ်တော်မူသော ရုပ်ပွားတော်တစ်ဆူကို တွေ့ရှိလေသည်။

## (၅) ပီပွလာအဆောက်အအုံများ

မိုဟာရာ မိုရာဒူ အဆောက်အအုံများမှ ဆက်လက်၍ သွားခဲ့သော် ဘုရားဖူးသားတို့သည် အဆောက်အအုံတစ်ခုကို တွေ့ရှိလိမ့်မည်။ ဤအဆောက်အအုံမှာ မိုဟာရာ မိုရာဒူ အဆောက်အအုံတို့ထက် ငယ်၍ ကူဆန်ခေတ်မှပာ ခန့်မှန်းရလေသည်။ ဤအဆောက်အအုံများကို တူးဖော်ရာတွင် များစွာသော ပုထိုးငယ်တို့ ပေါ်ထွက်လာလေသည် ဟူ၏။

## (၆) ဂျူလီယံ အဆောက်အအုံများ

ဂျူလီယံအဆောက်အအုံများသို့ ရောက်ရန်မှာ မိုဟာရာ မိုရာဒူမှ အရှေ့မြောက်ဘက်သို့ တစ်မိုင်ခန့် လျှောက်သွားရလေသည်။ အဆောက်အအုံများမှာ ပေ(၃၀၀)ခန့်မြင့်သော တောင်ပေါ်တွင် တည်ရှိလေသည်။ ကျောက်စာဘက်ဌာနမှ ဤနေရာကို အထူးဂရုစိုက်ကာ တူးဖော်ထားလေသည်။

ဤနေရာ၌ ကျောင်းတော်ကြီးနှစ်ဆောင်နှင့် စေတီပေါင်းများစွာ ရှိလေသည်။ ဤအဆောက်အအုံများမှာ ခရစ်(၂)ရာစုလောက်က ဖြစ်၍ ရန်သူတို့ မီးရှို့ဖျက်ဆီးပစ်ခဲ့သော အစအနများကို ယခုအခါ ကောင်းစွာ တွေ့မြင်ရလေသည်။ အရံစေတီငယ်ပေါင်း များစွာတို့ဖြင့် ဂန္ဓာရတိုင်း၏ ကျက်သရေကို ဆောင်ခဲ့သော စေတီကြီးမှာ တောင်ထိပ်ဝင်းကြီးထဲတွင် ရှိလေသည်။ ဤစေတီကို တူးဖော်ခဲ့စဉ် ခရိုစတီအက္ခရာဖြင့် အလှူရှင်ဒါယကာများ၏ အမည်ကို ရေးထိုးထားသော ကျောက်ချပ်ပေါင်းများစွာကို ရရှိလေသည်။ ဤစေတီငယ်နား အနည်းငယ်ခန့် နိမ့်သော တောင်နံဘေး၌ ကျောင်းတစ်ဆောင် ရှိ၏။ ဤကျောင်းတော်သို့ အဝင်ဝမုခ်ဆောင်တွင် အင်္ဂတေဖြင့် သွန်းလုပ်ထားသော အရုပ်မျိုးစုံ ရှိ၏။ ဤအရုပ်များအနက် အချို့သော အရုပ်တို့ကို ယခုအခါ ပြတိုက်ကြီးထဲတွင် ထည့်ထားလေသည်။

ဤကျောင်းတော်ကြီးမှ ရရှိသော အရာဝတ္ထုများအနက် တစ်စိတ်မျှ မီးလောင်ကျွမ်းထားသော ဘာ(ရ်ချ်) (Birch)ခေါ် သစ်သားပေါ်တွင် ဖြဟ္မီအက္ခရာဖြင့် ရေးထိုးထားသော စာမှာ အထူးအဆန်းဖြစ်သည်၊ စာမှာ သက္ကဋ္ဌဘာသာ ဖြင့် ဓမ္မပဒပါဠိအချို့ကို ရေးသားထားဟန် တူ၏။ သစ်သားတွင် ရေးထိုးထား သောစာမျိုးကို ဤနေရာမှာသာ တွေ့ရ၏။ တခြား နေရာတို့၌ကား ကျောက်မှာ သာ ရေးထိုးထားကြသည်။ ဤသစ်သားမှာ များစွာ ပျက်စီးနေပြီဖြစ်သောကြောင့် ရေထိုးထားသော စာကို ဖတ်မရတော့ပေ။

## (၇) ဘဒါလ်ပူရ်

ဘောရာရွာ၏အနီးတွင် ဘဒါလ်ပူရ်မည်သော စေတီကြီးတစ်ဆူ ရှိသေး၏။ ဤစေတီမှာ ကူနာလစေတီနှင့် တစ်ပုံစံတည်း ဖြစ်လေသည်၊ ဌာပနာဖောက်ထွင်းသမားတို့၏ ဖျက်ဆီးမှုကြောင့် များစွာပင် ပျက်စီးယိုယွင်းလျက် ရှိသည်။ စေတီကြီးမှာ အမြင့်အားဖြင့် ပေ(၂၀)ခန့် ရှိသည်။ ဤစေတီနှင့် တစ်ဆက်တည်း ကျောင်းတော်ကြီးတစ်ဆောင်လည်း ရှိသေးသည်။ ဂျူလီယံအဆောက်အအုံများလောက်ကား မထင်ရှားလှချေ။

## (၈) လာလ် အဆောက်အအုံများ

ဂါဟီ-ဆာယာဒန်မည်သော ရွာသို့ သွားရာလမ်းတွင် လာလ်ချက်ခေါ်သော အဆောက်အအုံများစွာ ရှိလေသေး၏။ ဤနေရာတွင် ခရစ် (၅)ရာစုလောက်က စေတီများနှင့် ကျောင်းတော်များ ရှိလေသည်။

## (၉) ဗလ္လာစေတီကြီး

ဗလ္လာစေတီကြီးသည် တက္ကသိုလ်ပြည်မှ (၅)မိုင်ဝေးသော ဆာရဒါတောင်တန်းပေါ်တွင် ရှိလေသည်။ အလွန်ကြီးမား ပေါ်လွင်သော စေတီကြီး ဖြစ်ခြင်းကြောင့် အဝေးကပင် မြင်ရလေသည်၊ ဟူယင်ဆန်၏ မှတ်တမ်းမှ သိရှိရသည်မှာ မြတ်စွာဘုရားအလောင်းတော်သည် နစဉ်ဘဝက မိမိ၏ ဦးခေါင်းတော်ကို ဆာလောင်မွတ်သိပ်သော ကျားတစ်ကောင်အား ဤနေရာတွင်ပင် ပေးလှူခဲ့ဖူး

သဖြင့် အသောကမင်းကြီးသည် ထိုအထိမ်းအမှတ်ဖြင့် ဤစေတီကို တည်ထားခဲ့လေသည် ဟူ၏။

ဤစေတီကြီးမှာ ကူနာလစေတီနှင့် ပုံစံအားဖြင့် တူ၏။ လက်စလက်နမှာကား ပိုမိုသပ်ရပ်လှပေသည်။ ဤစေတီကြီး၏ ထက်ဝန်းကျင်၌ ကျောင်းတော်ကြီးတစ်ဆောင်နှင့် စေတီပေါင်းများစွာ ရှိ၏။ ဟူယင်ဆန်၏ မှတ်တမ်းမှ သိရှိရသည်မှာ ဤကျောင်းတော်ကြီးသည် သုတ္တန္တိကကျောင်းကို တည်ထောင်ခဲ့သူ ကုမာရဘဒ္ဒမည်သော မဟာယာန်ဘုန်းကြီး၏ အဘိဓမ္မာကျမ်းစာများကို ရေးရာဌာန ဖြစ်သည် ဆို၏။

ဖော်ပြပါ အဆောက်အအုံများမှတပါး များစွာသော အဆောက်အအုံ ကြီးငယ်တို့လည်း ရှိသေး၏။ အကျယ်ကို သိလိုမူ "John Marshall's A Guide to Taxila" ခေါ် စာအုပ်ကို ဖတ်ရှုကြပါကုန်။

## တက္ကသိုလ်ရာဇဝင်

ရှေးပဝေသဏီကာလ သမယက တက္ကသိုလ်ပြည်ကြီးမှာ ပညာဂုဏ်ရည်ချွန်ခြင်းကြောင့်သာ ကမ္ဘာတစ်ခွင်မှာ ပေါ်လွင်ခဲ့သည် မဟုတ်သေး၊ အနောက်နိုင်ငံသို့ သွားရောက်ကာ ကုးသန်းရောင်းဝယ်ကြသော ကုန်သည်များနှင့် အနောက်နိုင်ငံမှ ကျူးကျော်ဝင်ရောက် တိုက်ခိုက်လာသော စစ်သည်တော်တို့သည်လည်း တံခါးဝသဖွယ်ဖြစ်သော ဤမြို့တော်ကြီးမှပင် ဖြတ်သန်းသွားလာရခြင်းကြောင့် ပိုမိုထင်ရှားသေးသည်သာတည်း။

တရံရောအခါ လူစည်ကား၍ ပစ္စည်းဥစ္စာ အလွန်ကြွယ်ဝခဲ့သော တက္ကသိုလ်မြို့ကြီးကား ကျူးကျော်ဝင်ရောက် တိုက်ခိုက် သူတို့၏ ဖျက်ဆီးမှုကြောင့် ကျောက်ပုံအုတ်ပုံ အတိသာ ကျန်တော့၏။

တက္ကသိုလ်ပြည်သည် ဗုဒ္ဓဘာသာကျမ်းဂန်များတွင် ထင်ရှားဘိသကဲ့သို့ သက္ကတကျမ်းဂန်တို့၌ အလားတူ ထင်ရှားလေသည်။ သက္ကတဘာသာဖြင့် စီရင်ရေးသားထားသော မဟာဘာရတကျမ်းကြီးတွင် တက္ကသိုလ်ပြည်သည် ဇယ

မေဇယမင်းကြီး၏ ရာဇဌာနီ ဖြစ်ကြောင်းနှင့် မင်းညီမင်းသား ဟူသမျှတို့၏ စုရုံး ပညာသင်ကြားရာ အရပ်ဖြစ်ကြောင်း ရေးသားထားပြန်လေသည်။

ခရစ်(၃)ရာစုလောက်က အိန္ဒိယပြည်ကြီးကို ဝင်ရောက်တိုက်ခိုက်ခဲ့သော ဂရိတ်စစ်သူကြီး အလက်ဇန္ဒားသည် တက္ကသိုလ်မြို့ကြီးကို ရှေးဦးစွာ သိမ်းပိုက်မိ၍ မြို့တော်ကြီး၏ လမ်းဟူသမျှတို့ကို ကျောက်ချပ်များဖြင့် ခင်းထားခဲ့ပြန်လေသောကြောင့် ပိုမို၍ တင့်တယ်လာလေသည်။ ထိုစဉ်အခါတုန်းက တက္ကသိုလ်ပြည့်ရှင်မှာ အမွှီအမည်ရှိ၍ အလက်ဇန္ဒား၏ လက်အောက်သို့ ကျရောက်ရသည် ဖြစ်လင့်ကစား မြို့တော်များကို လှပသေချာအောင် ခင်းကျင်းပြီးသည့်နောက် ပြန်လည် အပ်နှင်းလေသည် ဟူ၏။ အလက်ဇန္ဒား၏ ဖျက်ဆီးမှုကြောင့် ဂန္ဓာရတိုင်း မြို့ပြနိုင်ငံအချို့မှာ ပျက်စီးရလေသော်လည်း တက္ကသိုလ်မြို့ကား လုံးဝမပျက်စီး။ ဂရိ ပန်းရန်,ပန်းပု,ပန်းချီစသော ပညာများကိုပင် ရထားလိုက်လေသည်။

ဂရိတ်စစ်ဗိုလ်ကြီးကို စန္ဒဂုတ်မင်းကြီးသည် သက်စွန့်ကြိုးပမ်း တိုက်ခိုက်လေရာ ဂရိတ်စစ်ဗိုလ်ကြီးမှာ စစ်ရှုံးခြင်းသို့ ရောက်ရလေသဖြင့် မိမိဌာနီဂရိပြည်သို့ ပြန်ရလေသည်။ ၎င်းနောက် စန္ဒဂုတ္တမင်းကြီးသည် တက္ကသိုလ်မြို့ကို မိမိပိုင်နက်ထဲသို့ ပေါင်းစပ်ယူလေသည်။ သားတော်ဗိန္ဒုသာရမင်းလက်ထက်တွင် တက္ကသိုလ်ပြည်သူပြည်သားတို့သည် လွတ်လပ်ရေးစစ်ပွဲကြီးကို ဆင်နွှဲခြင်းဖြင့် တော်လှန်ကြလေသည်။ ထို့ကြောင့် သားတော်အသောကမင်းသားငယ်အား သူပုန်တို့ကို နှိမ်နင်းစေလေသဖြင့် ငြိမ်းအေးမှုကို ပြန်လည် ရရှိလေသည်။ အသောကမင်းသားငယ်ကိုယ်တိုင် နှစ်အနည်းငယ်ခန့်လောက် ဘုရင်ခံအဖြစ်ဖြင့် အုပ်ချုပ်ခဲ့လေသည်။ ထို့ပြင် စန္ဒဂုတ္တမင်းကြီးလက်ထက်တော်က အဘိုင်ပင်ခံ အမတ်ကြီး ဇနက(သက္ကဋမှာ ချဏက္ယ)ပုဏ္ဏားကြီး၏ မွေးဖွားရာဇာတိသည်လည်း တက္ကသိုလ်ပြည်သာလျှင် ဖြစ်၏။

မောရိယမင်းဆက် ပြတ်ခဲ့ပြီးသည့်နောက် တက္ကသိုလ်ပြည်မှာ ဆုံဂလူမျိုးတို့၏ လက်အောက်သို့ ကျရောက်ခဲ့ရပြန်လေသည်။ ခရစ် (၆၀)နှင့် (၆၄)ခုနှစ်တွင် ကူဆန်လူမျိုးတို့သည် တက္ကသိုလ်ပြည်ကြီးသို့ ဝင်ရောက်သိမ်းပိုက်ပြန်လေသည်။ ကူဆန်မင်းတို့တွင် ခရစ်(၂)ရာစုလောက်တွင် ပေါ်ပေါက်ခဲ့သော ကနိရှက

မင်းကြီးသည် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူ ဖြစ်ခြင်းကြောင့် သူ့ခေတ်တွင် ဗုဒ္ဓဘာသာနှင့် သက်ဆိုင်ရာ အဆောက်အအုံပေါင်းများစွာတို့ကို တည်ထောင်ထားခဲ့လေသည်။ အသောကမင်းကြီး နတ်ရွာစံပြီးသည့်နောက် သာသနာတော်မြတ်ကြီးအား တကာယ်တမ်း ထောက်ပံ့ခဲ့သူမှာ ကနိရှကမင်းကြီးပင် ဖြစ်လေသည်။ တက္ကသိုလ်ပြည်သူပြည်သားတို့သည် ပေါင်းသင်းဆက်ဆံမှုအရာတွင် အထူးကျွမ်းကျင်လိမ္မာခြင်းကြောင့် ကုဆန်လူမျိုးတို့သာမက ဂရိလူမျိုးနှင့် ဆုံဂလူမျိုးပေါင်း များစွာတို့ကို ဗုဒ္ဓဘာသာသို့ ဆွဲသွင်းခဲ့လေသည် ဟူ၏။

နိုင်ငံခြားမှ ဝင်ရောက်တိုက်ခိုက်သူ အပေါင်းတို့တွင် ဟုန်းဖြူ (White Huns) လူမျိုးတို့သည်သာလျှင် ဗုဒ္ဓဘာသာကို မလိုလားသော လူမျိုး ဖြစ်လေသည်။ ဤယုတ်မာသော ဟုန်းဖြူလူမျိုးစုတို့သည် ပညာရေးတွင် ရောကန်ကြီးသဖွယ်ဖြစ်သော တက္ကသိုလ်ဌာနကြီးကို ဖျက်ဆီးပစ်လေသည်။ ထိုရောအခါမှစ၍ အိန္ဒိယပြည်၏ ပညာတည်းဟူသော ရတနာသိုက်ကြီး၏ တည်ရာဖြစ်သော တက္ကသိုလ်ပြည်ကြီးမှာ သိသိသာသာကြီး ဆုတ်ယုတ်ရလေသည်။ ဟုန်းဖြူလူမျိုးတို့သည် ခရစ် ၄၅၀-ပြည့်နှစ်တွင် ဝင်ရောက်ဖျက်ဆီးလေသည်။

ဖာဟီယန်သည် ခရစ် ၄၄၀-ပြည့်နှစ်တွင် တက္ကသိုလ်မြို့သို့ ရောက်ရှိခဲ့၍၊ ဟူယင်ဆန်မှာ ခရစ်(၇)ရာစုလောက်တွင် ရောက်ရှိခဲ့လေသည်။ ဖာဟီယန်ကား ကြွက်ပျံမကျ စည်ကားလှသော တက္ကသိုလ်မြို့ကြီးကို မြင်ဖူးသွား၏။ ဟူယင်ဆန်ကား ပျက်စီးယိုယွင်းလျက်ရှိသော ကျောင်းစသော အဆောက်အအုံတို့ကို မြင်သွားရလေသည်။ သို့သော် အနောက်မြောက်နယ်၏ သာသနာတော်ကို နိဂုံးချုပ် ဖျက်ဆီးသူတို့မှာ မိုဂေါလ်(မူဆလင်)မင်းတို့သာ ဖြစ်ကြောင်းကို ဒေဝပြိယ၏ (Buddhist shrine India by Deva Priya Valisinha) ခေါ်စာအုပ်တွင် ရေးသားထားလေသည်။

Buddhism disappeared altogether from northwestern India after Mogul invasion today we have only these wonderful ruins to speak of it is golden day.

အဓိပ္ပာယ်... *"မိုဂေါလ်မင်းတို့ ကျူးကျော်ဝင်ရောက်တိုက်ခိုက်ပြီးသည့်နောက် အနောက်မြောက်နယ်ရှိ ဗုဒ္ဓသာသနာတော်မှာ ပျောက်ကွယ်သွားရလေ*

*သည်။ ယခုအခါမှာမူကား ရှေးလွန်လေပြီးသော ရွှေခေတ်ကြီး၏ အကြောင်းကို ပြောပြစရာ ဤအံ့ဖွယ်မခန်း ထူးဆန်းသော အဆောက်အအုံပျက်များသာ ကျန်လျက် ရှိလေတော့သည်"*

---

ဝေဖန်ပြခဲ့ပြီးသည့်အတိုင်း မသူတော်မင်းတို့၏ အဆက်ဆက်ဖျက်ဆီးမှုကြောင့် ဗုဒ္ဓသာသနာတော်ကြီးမှာ ယခုကဲ့သို့ အန္တိမဘဝသို့ ကျရောက်ရလေသည်။ သို့မဟုတ်ပါက မည်သည့်နည်းနှင့်မှ ကွယ်ပျောက်နိုင်မည် မဟုတ်ပေ။ ရှေးရှေးသော ဒါနရှင်အပေါင်း သူတော်ကောင်းတို့၏ ကောင်းမှုတော်များ ဖြစ်သော ဇေတဝန်,နာလန္ဒာ,နန္ဒိယာရာမစသော ကျောင်း,စေတီ အဆောက်အအုံတို့ကား အထူးပင် သပ်ရပ်လှပပေသည်။ ခိုင်ခံ့လှပေသည်။ အကယ်၍ မသူတော်မင်းတို့ကသာ မဖျက်ဆီးခဲ့ဆိုပါက ကမ္ဘာနှင့်သာအတူ ပျက်စီးရပေမည်။ ကမ္ဘာထက် အလျင် ပျက်စီးနိုင်မည် မထင်ကြောင်း...။

## ဟိန္ဒူသည် သာသနာအင်အားကို ယုတ်စေသည်

**ဗုဒ္ဓသာသနာတော်ကို ဖျက်ဆီးခဲ့သော လူမျိုးကား ဟိန္ဒူနှင့် မူဆလင်လူမျိုးတို့ပင် ဖြစ်လေသည်။**

ဟိန္ဒူတို့သည် မြတ်စွာဘုရား-ပရိနိဗ္ဗာန်စံလွန်တော်မူပြီးမှ သာသနာတော်ကို စော်ကားခဲ့လေသည် မဟုတ်သေး။ ဗုဒ္ဓဘုရားရှင်၏ လက်ထက်တော်အခါကပင် သာသနာတော်ကြီးကို အကြိမ်ပေါင်းများစွာ စော်ကားခဲ့ပုံကို ကျမ်းဂန်အစောင်စောင်တို့တွင် ဖတ်ရှုရလေသည်။ သိရီဓမ္မာသောကမင်းကြီးနောက်ပိုင်း၌ သာသနာ-တော်ကို ကိုယ်ထိလက်ရောက် ဖျက်ဆီးခဲ့သူမှာလည်း ဟိန္ဒူပြာဟ္မဏ မျိုးနွယ်ဖြစ်သော ပုရှမိတြပင် ဖြစ်သည်။

ထို့နောက်တဖန် သမုဒြဂုတ္တ၊ ဆာဆင်္က၊ ဆံကရာချာရယ၊ ကုမာရီလဘဋ္ဋ အမှူးရှိသော ပုဂ္ဂိုလ်တို့သည်လည်း ဟိန္ဒူမျိုးများပင် ဖြစ်လေသည်။ သူတို့သည် အိန္ဒိယပြည်ကြီးတွင် လူထုဘာသာဖြစ်ခဲ့သော (ဝါ) အများဆုံးသော လူဦးရေရှိသော ဗုဒ္ဓသာသနာတော်အား အင်အားဆုတ်ယုတ်အောင် ဖျက်ဆီးကြလေ

သည်။ ၎င်းတို့ ဖျက်ဆီးခြင်းကြောင့် လုံးဝနစ်မြုပ် မသွားနိုင်ခဲ့ဟု ဆိုရစေကာမူ လည်း အလွန့်အလွန် အင်အားကြီးမားလှသော သာသနာတော်ကြီးမှာ အသက် ကုန်လုနီး လူမမာတမျှ အင်အားဆုတ်ယုတ်ရလေသည်။

## အကြွင်းမရဖျက်ဆီးသူ မူဆလင်

ဖော်ပြခဲ့ပြီးသည့်အတိုင်း ဟိန္ဒူသည် ဘုရားရှင်လက်ထက်တော်မှစ၍ သာသနာတော်ကို နည်းအမျိုးမျိုးဖြင့် ဖျက်ဆီးခဲ့သော်လည်း သာသနာတော် ကြီးကား လုံးဝမနစ်မြုပ်နိုင်ခဲ့ကြောင်း၊ သို့သော် တစ်နေ့(၅)ကြိမ် အနောက်ဘက် သို့ ရှေ့ရှု၍ ရှိခိုးခြင်းဖြင့် အလ္လာသခင်၏ နှုတ်ခပါဠ်တော်ကို ခံယူလျက်ရှိသော သူတို့မှာ သာသနာစား ပိုးကောင်ကြီးများ ဖြစ်လေသည်။

၎င်းလူမျိုးအထဲမှ မဟာမ္မဒ်ဂေါရီ၊ မဟာမ္မဒ်ဂါဇနီ၊ မဟာမ္မဒ်ကုတ်ဘွဒ္ဒိန်၊ မဟာမ္မဒ်ဘတ်တီယာခိလ်ဂျီနှင့် အိဗ္ဗတိယာရုတ်ဒိန်တို့သည် အကြီးဆုံးသော လက်သည်ကြီးများ ဖြစ်ကြောင်းကို ကျွန်ုပ် ဖော်ပြခဲ့ပြီးသော ရာဇဝင်အကိုး အကားများကို ဖတ်ရှုခြင်းဖြင့် သိနိုင်ပေပြီ။ အကယ်၍ ဤပုဂ္ဂိုလ်များကသာ မဖျက်ဆီးခဲ့ဆိုပါက ယနေ့အထိ ဗုဒ္ဓသာသနာ တည်ရှိနေပေဦးမည်။ ထိုသူတို့၏ ကိုယ်ချင်းစာတရား ကင်းမဲ့စွာဖြင့် ငါတို့၏ သာသနာတော်ကို ရမ်းခဲ့ကြမ်းခဲ့ ယုတ် မာခဲ့ခြင်းကြောင့် ကမ္ဘာပေါ်တွင် အအေးမြဆုံးသော ဖိုးရွှေလမင်းကြီးထက် အဆ အရာ,အထောင်,အသောင်း,အသိန်းမက အေးမြလှစွာသော ဗုဒ္ဓသာသနာ လမင်းကြီးမှာ လုံးစုံကွယ်ပခဲ့ရလေတော့သည်။ ဤကား ဝမ်းနည်း ကြေကွဲစရာ ကြီးပင် ဖြစ်တော့သည်။

## ဒသနီယဌာနလေးပါး

"စတ္တာရိမာနိ အာနန္ဒ သဒ္ဓဿ ကုလပုတ္တဿ ဒဿနီယာနိ သံဝေဇနီယာနိ ဌာနာနိ။ ကတမာနိ စတ္တာရိ?

'ဣဓ တထာဂတော ဇာတော'တိ အာနန္ဒ သဒ္ဓဿ ကုလပုတ္တဿ ဒဿနီယံ သံဝေဇနီယံ ဌာနံ။

'ဣဓ တထာဂတော အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ'တိ အာနန္ဒ သဒ္ဓဿ ကုလပုတ္တဿ ဒဿနီယံ သံဝေဇနီယံ ဌာနံ။

'ဣဓ တထာဂတေန အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတ'န္တိ အာနန္ဒ သဒ္ဓဿ ကုလပုတ္တဿ ဒဿနီယံ သံဝေဇနီယံ ဌာနံ။

'ဣဓ တထာဂတော အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗုတော'တိ အာနန္ဒ သဒ္ဓဿ ကုလပုတ္တဿ ဒဿနီယံ သံဝေဇနီယံ ဌာနံ။

ဣမာနိ ခေါ အာနန္ဒ စတ္တာရိ သဒ္ဓဿ ကုလပုတ္တဿ ဒဿနီယာနိ သံဝေဇနီယာနိ ဌာနာနိ။

"အာဂမိဿန္တိ ခေါ အာနန္ဒ သဒ္ဓါ ဘိက္ခူ ဘိက္ခုနိယော ဥပါသကာ ဥပါသိကာယော – 'ဣဓ တထာဂတော ဇာတော'တိပိ, 'ဣဓ တထာဂတော အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ'တိပိ, 'ဣဓ တထာဂတေန အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတ'န္တိပိ, 'ဣဓ တထာဂတော အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗုတော'တိပိ။ ယေ ဟိ ကေစိ အာနန္ဒ စေတိယစာရိကံ အာဟိဏ္ဍန္တာ ပသန္နစိတ္တာ ကာလင်္ကရိဿန္တိ၊ သဗ္ဗေ တေ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇိဿန္တိ"တိ။

မဟာဝဂ္ဂပါဠိ၊ မဟာပရိနိဗ္ဗာနသုတ် (ဒီ၊၂း၁၁၆)

အဓိပ္ပါယ်... *"အိုအာနန္ဒ, ကြည်ညိုခြင်း သဒ္ဓါတရားနှင့်ပြည့်စုံသော အမျိုးကောင်းသားသည် ပညာမျက်စိဖြင့် ရှုခြင်းငှာ ထိုက်ကုန်သော၊ ကြောက်လန့်ခြင်း သံဝေဂဉာဏ်ကိုလည်း ဖြစ်စေတတ်သော (၄)ပါးသော အရပ်ဌာနတို့သည် ရှိကုန်၏၊ အဘယ်(၄)ပါးတို့နည်း? ဟူမူကား...*

*(၁)အို အာနန္ဒ၊ "ဤအရပ်၌ မြတ်စွာဘုရားသည် ဖွားမြင်တော်မူပြီ"ဟူ၍ ကြည်ညိုခြင်းသဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုးကောင်းသားအား ပညာမျက်စိဖြင့် ရှုခြင်းငှာထိုက်သော၊ ကြောက်လန့်ခြင်း သံဝေဂကို ဖြစ်စေတတ်သော အရပ်ဌာန ဖြစ်ပါပေ၏။*

*(၂)အို အာနန္ဒ၊ "ဤအရပ်၌ မြတ်စွာဘုရားသည် အတုမရှိသော သမ္မာသမ္ဗောဓိဉာဏ်ကို ထိုးထွင်း၍ သိတော်မူ၏"ဟူ၍ ကြည်ညိုခြင်း သဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုးကောင်းသားအား ပညာမျက်စိဖြင့်*

ရှုခြင်းငှာထိုက်သော၊ ကြောက်လန့်ခြင်းသံဝေဂကို ဖြစ်စေတတ်သော အရပ်ဌာန ဖြစ်ပါပေ၏။

(၃)အို အာနန္ဒ၊ "ဤအရပ်၌ မြတ်စွာဘုရားသည် အတုမရှိသော ဓမ္မစကြာတရားတော်ကို ဟောကြားတော်မူသောအားဖြင့် ဖြစ်စေပြီ" ဟူ၍ ကြည်ညိုခြင်းသဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုးကောင်းသား အား ပညာမျက်စိဖြင့် ရှုခြင်းငှာထိုက်သော၊ ကြောက်လန့်ခြင်း သံဝေဂကို ဖြစ်စေတတ်သော အရပ်ဌာန ဖြစ်ပါပေ၏။

(၄)အို အာနန္ဒ၊ "ဤအရပ်၌ မြတ်စွာဘုရားသည် အနုပါဒိ သေသ နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူပြီ"ဟူ၍ ကြည်ညိုခြင်း သဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုးကောင်းသားအား ပညာမျက်စိဖြင့် ရှုခြင်းငှာထိုက်သော၊ ကြောက်လန့်ခြင်းသံဝေဂကို ဖြစ်စေတတ် သော အရပ်ဌာန ဖြစ်ပါပေ၏။

အို အာနန္ဒ၊ ကြည်ညိုခြင်းသဒ္ဓါတရားနှင့် ပြည့်စုံသော ရဟန်းတို့သည်လည်း ကောင်း၊ ရဟန်းမတို့သည်လည်းကောင်း၊ သီတင်းသည်ယောကျ်ားတို့သည် လည်းကောင်း၊ သီတင်းသည်မိန်းမတို့သည်လည်းကောင်း "ဤအရပ်၌ မြတ်စွာ ဘုရား ဖွားမြင်တော်မူဖူး၏၊ ဤအရပ်၌ မြတ်စွာဘုရားသည် အတုမရှိသော သမ္မာ သမ္ဗောဓိဉာဏ်ကို ထိုးထွင်း၍ သိမြင်တော်မူဖူး၏။ ဤအရပ်၌ မြတ်စွာဘုရား သည် အတုမရှိသော ဓမ္မစကြာတရားတော်ကို ဟောတော်မူဖူး၏။ ဤအရပ်၌ မြတ်စွာဘုရားသည် အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူဖူး၏" ဟူ၍ အသီးသီး လာရောက်ဖူးမြော်ကြကုန်လတ္တံ့။

အို အာနန္ဒ၊ စေတီတော်ကို လှည့်လည်ဖူးမြော်ကြကုန်သော ထိုသူတို့သည် (ရတနာသုံးပါး၌) ကြည်ညိုသော စိတ်ရှိကြကုန်လျက် သေလွန်ကြမည်ဆိုလျှင် သေလွန်ပြီးသည့်နောက်၌ သုဂတိဘဝဟုဆိုအပ်သော နတ်ပြည်သို့ ရောက်ကြ ပေလိမ့်မည်"

ဒဿနီယာနိကို သုတ်မဟာဝါအဋ္ဌကထာ ဤသုတ်အဖွင့်(နှာ-၁၇၃)၌ ဒဿနီယာနီတိ ဒဿနာရဟာနိ, ဒဿနတ္ထာယ ဂန္တဗ္ဗာနိ-ဟူ၍ ဖွင့်ပြထား၏။ "ဒဿနာရဟာနိ - ဖူးမြော်ခြင်းငှာ ထိုက်ကုန်သော၊ ဒဿနတ္ထာယ -

ဖူးမြော်စိမ့်သောငှာ၊ ဂန္တဗ္ဗာနိ - သွားအပ်ကုန်သော။ ဌာနာနိ - အရပ်တို့တည်း" ဤသို့လျှင် အဋ္ဌကထာဆရာကြီးက ဖွင့်ပြတော်မူခြင်းကြောင့် အထက်ပါ (ဖွား) လုမ္ဗိနီဌာန၊ (ပွင့်)ဗုဒ္ဓဂယာဌာန၊ (ဟော)မိဂဒါဝုန်ဌာနနှင့် (စံ)ကုသိနာရုံဌာနတို့သို့ ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်းတို့သည် မချွတ်မလွဲ အမြဲကေန် သွားရောက် အပ်သည် မှန်ပေ၏။

## ဥရောပသာသနာသမိုင်း

ကောင်းချီးသြဘာ ကျက်သရေမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံတော်မူသော ရှင်တော်ဂေါတမ မြတ်ဗုဒ္ဓ၏ ဓမ္မခေါ်သော တရားတော်သည် ဥရောပအတွင်းသို့ ချဉ်းနင်းဝင်ရောက်၍ ဗုဒ္ဓဇင် (Buddhism)ဟူသော သာမန်အမည်မျှကို ရရှိခဲ့သည်မှာ (၁၉)ရာစု[19] အလယ်မတိုင်မီ လောက်က ဖြစ်လေသည်။

ပထမရှေးဦးစွာ ဟာဒီအမည်ရှိ ပညာရှိတစ်ဦးသည် "လက်စွဲဗုဒ္ဓဝါဒ"ခေါ် စာအုပ်ကလေးကို ပါဠိဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆို ရေးသားခဲ့သော သက္ကရာဇ်မှာ ၁၈၆၀-ပြည့်နှစ် ဖြစ်သည်။ ၎င်းနောက် မကြာမီ မက္ကဆ်မူလာသည် အရှေ့တိုင်း၏ အယူအဆဖြစ်သော ဘာသာရေးဆိုင်ရာ စာအုပ်များကို ပြန်ဆို ရေးသားခဲ့လေရာ ထိုအထဲတွင်... "ဆဲကရက် ဘုက်(ခ်) အော့(ဗ်) အီးစ်"ခေါ် စာအုပ်မှာ အမွန်မြတ်ဆုံးသော ဗုဒ္ဓဝါဒကို ပြန်ဆိုရေးသားထားသော စာအုပ်ပင် ဖြစ်တော့သည်။

၁၈၇၉-တွင် ဆာ-အီဒွင်အာနိုသည် "အေရှအလင်းရောင်"ခေါ် စာအုပ်ကို ရေးသားပြန်လေရာ ထိုစာအုပ်မှာ ဖတ်ရှုရသူတိုင်းအား အကောင်းဆုံးသော အသိဉာဏ်ကို ဖွင့်ပေးနိုင်ခဲ့သည်။ ၁၈၈၁-ခုနှစ်တွင် ပါဠိစာပေအသင်းကြီး၏ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ပရိုဖက်ဆာ တီ ဒဗ္ဗလျူရစ်ဆစ်ဒေးဗစ်သည် ဖော်ပြပါ ပုဂ္ဂိုလ်တို့ ပျိုးထားသော ဗုဒ္ဓဝါဒမျိုးစေ့ကို အမြန်ပေါက်ပွားရန် ကြိုးစားအားထုတ် နေလေသည်။

## အယ်လင်ဘင်နက်

အေးရှအလင်းရောင်ခေါ် စာအုပ်သည် ဗုဒ္ဓသာသနာလမင်းကြီး၏ အလင်းရောင်ကို မခံစားကြရကုန်သော (ဝါ) ခရစ်တော်ဘာသာသာလျှင် ထွန်းကား၍ သာသနာ့အမိုက်တိုက်ကြီး ဖြစ်နေသော ဥရောပတိုက်ကြီးသို့ တစ်စတစ်စ အရောင်ဟပ်လျက် ပေးရာတွင် ထိုအလင်းရောင်ကလေးသည် အယ်လင် ဘင်

[19] ၁၉၉၉-ခုနှစ်မှ စတင်၍ ဗုဒ္ဓဘာသာကို ကမ္ဘာ့ဘာသာကြီးတစ်ခုအဖြစ် ကုလသမဂ္ဂအဖွဲ့ကြီးမှ အသိအမှတ် ပြုခဲ့သည်။ (စီစဉ်သူ)

နက်၏ အသိဉာဏ်ကိုလည်း ထွန်းတောက်စေလေသည်။ ဗုဒ္ဓတရားတော်၏ အလင်းရောင်ကို ရရှိပြီးသော အယ်လင်ဘင်နက်သည် ကျမ်းဂန်များကို ထိုအခါမှစ၍ လေ့လာသင်ကြားလေတော့သည်။ (၁၉)ရာစု ကုန်ခါနီးလောက်တွင် သူသည် ကျယ်ပြန့်သော အဘိဓမ္မာတရားကို တိုးတက်လေ့လာလိုရကား သီဟိုဠ်ကျွန်းသို့ လာရောက်ကာ မိမိ၏ ခရစ်ယာန်ဝါဒီဟူသော ဘဝကို ဗုဒ္ဓဝါဒီဘဝသို့ ကူးပြောင်းလိုက်လေသည်။

၁၉၀၂-ခုနှစ်လောက်တွင် သူသည် သာသနာပြုဓမ္မဆရာအဖြစ် ခန့်ထားခြင်းကို ခံရ၍၊ အနောက်တိုင်းသို့သွား၍ သာသနာပြုရန် အခွင့်အခါ ကြံပြီးဟုဆုံးဖြတ်လျက် ဗုဒ္ဓဘာသာမြန်မာရဟန်းတော်ဘောင်သို့ ဝင်လေသည်။ ထိုအခါမှစ၍ သဒ္ဓါတရားကောင်းလှသော မြန်မာလူမျိုးများနှင့် ဒေါက်တာအာနက်ရိုး(တ်)တို့၏ အကူအညီဖြင့် အင်္ဂလန်သို့ သာသနာပြုသွားရန် စီစဉ်လေသည်။

## ဗုဒ္ဓဘာသာ စာအုပ်ဆိုင်

သို့သော်လည်း အင်္ဂလန်ပြည်၌မူကား သာသနာမျိုးစေ့ အညှောက်ပေါက်ကာ ရှိနှင့်ပြီ ဖြစ်လေသည်။ အာရ်-ဂျေ-ဂျက်ဆင်သည် ၁၉၀၆-ခုနှစ်လောက်တွင် "အနောက်နိုင်ငံအတွက် ဘာသာတစ်ရပ်အဖြစ် ကိုးကွယ်ထိုက်သော ဗုဒ္ဓဝါဒ"ခေါ် စာတမ်းတစ်ခု ထုတ်ဝေလျက် ရှိသည်။ ဒေါက်တာရိုး(စ်တ်)သည် မြန်မာပြည်မှ ပြန်ရောက်လာသောအခါ ဂျက်ဆင်, ဂျေ-အာရ်-ပိန်းတို့နှင့်အတူ ဗုဒ္ဓဘာသာ စာအုပ်ဆိုင်ကြီး တစ်ဆိုင်ကို ဗြိတိသျှပြတိုက်အနီးရှိ ဗျူရီလမ်း၊ အမှတ်(၁၄)၌ ဖွင့်လှစ်လေသည်။

## ဂရိတ်ဗြိတိန်နှင့် အိုင်ယာလန် ဗုဒ္ဓဘာသာအသင်း

များမကြာမီ ၁၉၀၇-ခုနှစ် နိုဝင်ဘာလ၌ ဤလမ်းစဉ်ကို ချပေးသူများနှင့် တခြားစိတ်အားထက်သန်သူများသည် "ဂရိတ်ဗြိတိန်နှင့် အိုင်ယာလန်ဗုဒ္ဓဘာသာအသင်း"ကို တည်ထောင်ကြလေသည်။ ၎င်းအသင်းမှ (Buddhist Review) ဗုဒ္ဓစိတ်ရီးဗျူးခေါ် ဂျာနယ်ကိုလည်း ထုတ်ဝေကြလေသည်။

ဤအသင်းကြီး၌ ဖရီဖက်ဆာ ရစ်ဆ်ဒေးဗစ်က ပထမဥက္ကဋ္ဌ၊ ပရိုဖက်ဆာ အီး-တီ-မဂ်ဆ် ဒုတိယဥက္ကဋ္ဌ၊ ကပ္ပတိန် အယ်လင်က အတွင်းရေးမှူးအဖြစ် အသီးသီး ဆောင်ရွက်ကြလေသည်။

ပထမဆုံး လူထုအစည်းအဝေးသို့ တက်ရောက်ရန် ဗုဒ္ဓဘာသာဝင်များနှင့် ပါဠိ,သက္ကဋစာပေများကို စိတ်ဝင်စားသူတို့အား ဖိတ်မန္တက ပြုလိုက်လေသည်။ ဤကဲ့သို့ ပါဠိနှင့် သက္ကဋစာပေများကို စိတ်ဝင်စားသူများကို စုရုံးရခြင်းသည် ဗုဒ္ဓဝါဒထဲသို့ ယိုစီးစေရန် အနောက်တိုင်းသားတို့အား စည်းရုံးခြင်း၌ အကျိုးကျေးဇူးများမည်မှာ ယုံမှားဖွယ်မရှိချေ။

## အာနန္ဒမေတ္တေယျ

အချို့သော အင်္ဂလန်ပြည်သူပြည်သားတို့သည် စာအုပ်များကို ဖတ်ခြင်းအားဖြင့်လည်းကောင်း၊ အသင်းကြီး၏ ဟောပြောမှုကြောင့်လည်းကောင်း ဗုဒ္ဓဝါဒနှင့် ပတ်သက်သော အသိဉာဏ်ကို အတော်အတန် ရလျက်ရှိရာ၊ ထိုအသိဉာဏ်တည်းဟူသော မြေကွက်တွင် ပေါက်ပွားလျက်ရှိသော ဗုဒ္ဓဝါဒတည်းဟူသော အညှောက်ကလေးကို ထပ်လောင်းပြုစုရန်သာ လိုလားလျက်ရှိနေလေသည်။

၁၉၀၈-ခုနှစ် အင်္ဂလန်သို့ ကြွရောက်လာ၍ ဗုဒ္ဓဘာသာမျိုးစေ့ကို ထပ်မံစိုက်ပျိုးခဲ့သူမှာ ဘိက္ခုအာနန္ဒမေတ္တေယျပင် ဖြစ်လေသည်။ အာနန္ဒမေတ္တေယျယူဆောင်လာသော ဗုဒ္ဓဝါဒမှာ တရုတ်၊ ဂျပန်နှင့် တိဗက်ပြည်တို့တွင် ပျံ့နှံ့လျက်ရှိသော မဟာယာနဗုဒ္ဓဘာသာနှင့် ခြားနားသော အနောက်တိုင်း၌ ဟီနယာနဟု အသိအမှတ်ပြုထားသော ထေရဝါဒ[20]ဗုဒ္ဓမျိုးစေ့ပင် ဖြစ်သည်။

အာနန္ဒမေတ္တေယျမှာ ရန်ကုန်မြို့ရှိ လူပေါင်းစုံ ဗုဒ္ဓဘာသာအသင်းကြီး၏ အထွေထွေ အတွင်းရေးမှူးဖြစ်၍ သူ၏ ဒါယိကာမကြီး မစွက်လှအောင် (ဒေါ်လှအောင်)နှင့်အတူ ဧပြီလ(၂၇)ရက်နေ့တွင် အင်္ဂလန်ပြည်သို့ ကြွရောက်

[20] ထေရဝါဒကို (ဗုဒ္ဓဘာသာ နှစ်ဂိုဏ်း ကွဲပြားချိန်တွင် အိန္ဒိယတောင်ပိုင်း၌ ထွန်းကားသောကြောင့်) တောင်ပိုင်းဗုဒ္ဓဘာသာဟု ခေါ်ကြသည်။

လာလေသည်။ မြန်မာအမျိုးသမီးကြီး ဒေါ်လုအောင်သည် သာသနာပြု စာသင်ခန်းအတွက် ကုန်ကျမည့်စရိတ်ငွေကို ရက်ရောစွာ လှူဒါန်းခဲ့လေသည်။

သို့သော်လည်း သာသနာပြုခြင်းသည် အကြောင်း(၃)ချက်ကြောင့် ဆုတ်ယုတ်ရလေသည်။ ပထမအကြောင်းမှာ အာနန္ဒမေတ္တေယျသည် အရှေ့တိုင်း၏ အမွန်မြတ်ဆုံးသော တရားတော်ကို အနောက်တိုင်းသို့ သူကိုယ်တိုင် ယူဆောင်လာ၍ ပြန့်ပွားစေသော်လည်း သူဝတ်ဆင်ထားသော မြတ်သင်္ကန်းမှာ အနောက်တိုင်းသားတို့၏ မျက်စိ၌ ကိုးရိုးကားယားနိုင်လှခြင်း၊ ၎င်းပြင် အနောက်နိုင်ငံ၏ ရာသီဥတု ဒဏ်ကို လုံခြုံအောင် မကာကွယ်နိုင်သော သူ၏ တဘက်စောင်၊ ဝတ်ရုံသောသင်္ကန်းနှင့် ဝိနည်းသိက္ခာပုဒ်တော်ကို စောင့်စည်းလွန်လွန်းခြင်းတို့သည် အင်္ဂလန်ပြည်တွင် ဆောင်ရွက်လျက်ရှိသော သူ၏ အလုပ်ကိစ္စကို အခက်အခဲနှင့် တွေ့ကြုံစေလေသည်။ သိက္ခာပုဒ်တော်မှာ အလွန်အရေးကြီးသော ဥပဒေသကြီးတစ်ခု ဖြစ်သော်လည်း ခရီးသွားသော ဂမိကရဟန်းနှင့် သူ၏ အနောက်တိုင်း ပရိတ်သတ်အကြားတွင် အမြဲအနောက်အယှက် ဖြစ်နေလေသည်။

ဒုတိယအကြောင်းမှာ မေတ္တေယျသည် မြင့်မြတ်သော အမူအရာမျိုးနှင့် သာယာနာဒဖျော်ဖွယ် အသံများရှိသော်လည်း သူ့အား လာရောက် ဖူးမြော်သူများအပေါ် များစွာနှိပ်ကွက်ခြင်းကို မပြုဘဲ သူတစ်ပါး၏ စိတ်ဓာတ်ကို ဆွဲဆောင်နိုင်လောက်သော ဝီယဝါစာစကားများကို မြွက်ကြားရန် လိုအပ်နေခြင်းနှင့် လူထုအစည်းအဝေးကို ခဏခဏဖိတ်ခေါ်၍ ဟောကြားရန် လိုအပ်ခြင်းတို့ပင် ဖြစ်လေသည်။

တတိယအကြောင်းမှာ သူသည် အရှေ့တိုင်းအယူအဆများနှင့် ယဉ်ကျေးလိမ္မာမှုတို့ကို ပိုင်းခြားသတ်မှတ်ထားသော အချိန်အတွင်း အကျိုးထင်လာရန် လုပ်ကိုင်ဆောင်ရွက်ရမည့် အဓိကတာဝန်ကြီးကို ဦးထိပ်ရွက်ထားရသော်လည်း ကျန်းမာသန်စွမ်းမှု ချို့တဲ့ခြင်းပင် ဖြစ်ခလေသည်။

## အသင်းကြီးပျောက်ကွယ်ရခြင်း

ဂရိတ်ဗြိတိန်နှင့် အိုက်ယာလန် ဗုဒ္ဓဘာသာအသင်းကြီးသည် ၁၉၀၇-ခုနှစ်မှ ၁၉၂၁-ခုနှစ်တိုင်အောင် ဟောပြောသင်ကြားခြင်းများ၊ စာရွက်စာတမ်း ဝေငှခြင်းများ၊ အစည်းအဝေးများနှင့် မဂ္ဂဇင်းထုတ်ဝေခြင်းစသော အလုပ်များဖြင့် ဓမ္မ၏ နည်းဥပဒေကို လိုလားကြကုန်သော ထောင်ပေါင်းများစွာကုန်သော အနောက်တိုင်းသားတို့၏ အသိဉာဏ်တည်းဟူသော အလင်းရောင်ကို တဖြည်းဖြည်း တောက်ပကြည်လင်စေခဲ့သော်လည်း ကမ္ဘာ့လူထုကြီးဆီသို့ တစ်မဟုတ်ချင်း ပျံ့နှံ့သွားနိုင်ရန်ကိုကား ဘယ်သောအခါမှ မဆောင်ရွက်ခဲ့နိုင်။

အသင်းသည် ဒုတိယကမ္ဘာစစ်ကြီးအတွင်း အသက်ရှင်နေခဲ့သော်လည်း အသင်း၏ ဝိညာဉ်သဖွယ်ဖြစ်သော အမှုဆောင် ပုဂ္ဂိုလ်ကျော်တို့မှာ အနိစ္စ သဘောတရား၏ နောက်တော်ပါးသို့ လိုက်ပါသွားရခြင်းသည် အသင်းကြီးအား အလွန်အမင်း ထိခိုက်နစ်နာစေလေတော့သည်။

မေတ္တေယျအရှင်သည်လည်း ကျန်းမာသန့်စွမ်းခြင်း မရှိတော့ပြီဖြစ်၍ ၁၉၂၃ ခုနှစ်တိုင်အောင် သီတင်းသုံးခဲ့ပါသော်လည်း အသင်းကိစ္စ အဝဝကို ထမ်းဆောင်ရာ၌ စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့ပေ။ သူသည် ကြည့်ရှုမှတ်သားဖွယ် ကောင်းသော "အရိယာဗောဓိ" (ဝစ္စဒမ် အော့(ဖ်) အာရယ)စာအုပ်ကို အလှူအလဲ နိုပ်စက်လျက်ရှိသော ဝေဒနာနှင့် စစ်ပွဲဆင်ကာ ထုတ်ဝေခဲ့လေသေးသည်။ အသင်းကြီး၏ သစ္စာရှိလှသော အတွင်းရေးမှူး မစ္စတာဖရင့်ဘောလ်စ်နှင့် အထင်အရှားဆုံးသော အသင်းသားနှစ်ဦးဖြစ်သူ ပရိုဖက်ဆာမစ်လ်စ်နှင့် ပရိုဖက်ဆာ ရစ်ဆ်ဒေးဗစ်တို့သည် သင်္ခါရတရားကြီး၏ စီမံကိန်းအရ တမလွန်လောကသို့ ရွေးရွှေ့ကုန်ရကား အသင်းကြီးမှာ ဝိညာဏ်ပြတ်ကာ ပျောက်ကွယ်ရရှာလေတော့သည်။

## နောက်လူတို့၏ ဝီရိယ

မည်သို့ပင် ဖြစ်စေကာမူ သာသနာပြုလုပ်ငန်း၌ စိတ်အားထက်သန်လျက်ရှိသော ဖရန်စစ်ပိန်းသည် ကြွင်းကျန်နေသေးသော အသင်းသားအသင်းသူတို့အား စုရုံးပြီးလျှင် ဗုဒ္ဓဝါဒကို မည်သို့လေ့လာရမည်ဟူသော အချက်(၁၂)ချက်

ပါဝင်သော အစီအစဉ်တစ်ခုကို လန်ဒန်မြို့ အက်ဆက္ကခန်းဟော၌ ဟောပြော ပြသလေသည်။ ဤဟောပြောပွဲသို့ တစ်ချိန်တည်း ပရိတ်သတ် (၂၀၀)လောက် တက်ရောက်ခဲ့သော်လည်း ၁၉၂၃-ခုနှစ် အိုတန်ရာသီတွင် ကျင်းပသော ဟောပြောပွဲကား (၁၂)ယောက်မျှသာလျှင် တက်ရောက်တော့သည်။ ၁၉၂၄-ခု စပရင်း ဥတု၌ သူသည် အသင်း၏ ဥက္ကဋ္ဌတာဝန်ကို ခံယူပြီး၍ အစအဆုံးတိုင်အောင် ဆောင်ရွက်ခြင်းဖြင့် လန်ဒန်ဗုဒ္ဓဘာသာအသင်းကို တည်ထောင်နိုင်ပြီဟူသော ဂုဏ်ထူးဝိသေသကို ကျွန်ုပ်တို့ဗုဒ္ဓဘာသာဝင်တို့ထံမှ ခံယူလေသည်။

နောက်လတွင် လက်ရှိလန်ဒန်ဗုဒ္ဓဘာသာအသင်းကြီး၏ ဥက္ကဋ္ဌဖြစ်သူ ခရစ်စမတ်ဟမ်ဖရေသည် သီယိုဆိုဖီအသင်းကြီးထဲ၌ ဗုဒ္ဓဝါဒ ဗဟိုချက်တစ်ခုကို ဖွင့်လှစ်ခဲ့၍ ၁၉၂၄-နိုဝင်ဘာလ (၁၉)ရက်နေ့တွင် ထိုဗဟိုရ်ချက်ကို ဗုဒ္ဓစ်ထိလောဂျ်အဖြစ်သို့ ပြောင်းလဲလိုက်လေသည်။ ဤဗဟိုချက်ကြီးသည် အဒယာသီယိုဆိုဖီအသင်းကြီး၏ ဗုဒ္ဓဝါဒနှင့်ဆိုင်ရာ ဝတ္တရားကို ကျေပွန်စွာ ထမ်းဆောင်ရလေသည်။ သို့ရာတွင် ဝါဒစည်းမျဉ်းကို သဘောမကျသဖြင့် အိပ်ချ်ပီဘလက်စကီးနှင့် ကာနယ်အိုလ်ကောက်တို့မှာ ခွဲထွက်ခဲ့လေသည်။

## အနာဂါရိက ဓမ္မပါလ

သီဟိုဠ်သား ဥပါသကာကြီးတစ်ဦးဖြစ်သူ အနာဂါရိက ဓမ္မပါလသည် စက်တင်ဘာလ၌ အင်္ဂလန်ပြည်သို့ ရောက်ရှိလာ၍ လော့ဂျ်အသင်းကြီးမှ ကြီးမှူးကျင်းပသော လူထုအစည်းအဝေးသို့ တက်ရောက်လေသည်။ သူ့ထံ၌ သာသနာပြု စီမံကိန်းတစ်ခု ပါလာလေသည်။ သူသည် နှစ်ဆန်းတွင် အီလင်ခေါ် အရပ်ရှိ အိမ်တစ်လုံးတွင် တည်းခိုနေထိုင်၍ ထိုအိမ်၌ပင် ၁၈၉၁-ခုနှစ်က အိန္ဒိယပြည်တွင် တည်ထောင်ထားသော မဟာဗောဓိအသင်းကြီး၏ အင်္ဂလန်ဌာနခွဲတစ်ခုကို ၁၉၂၆-ဇူလိုင်လ၌ တည်ထောင်လေသည်။ ထိုနေ့မှစ၍ အသင်းနှစ်ခု တို့သည် အနောက်တိုင်း၌ သာသနာတော်ပြန့်ပွားစေရန် ရည်သန်စိတ်ထားလျက် အတူတကွ ပူးပေါင်းဆောင်ရွက်ကြလေသည်။ အမြဲသီတင်းသုံးတော်မူသော ရဟန်းတော် တစ်ပါးသည် ဗုဒ္ဓဝါဒနှင့်ဆိုင်သော မရှင်းမလင်းသော အချက်အလက်များကို လာရောက်မေးမြန်းကြသူတို့အား လွယ်ကူစွာ ဖြေရှင်းပေးခြင်းဖြင့် ဗြိတိသျှ

လူမျိုးအချို့အား ဗုဒ္ဓဘုရား၏ ဓမ္မစက်တော်အောက်သို့ အရောက်ဆွဲဆောင်ခဲ့လေသည်။

ခေတ်သာသနာပြုလုပ်ငန်းတွင် စံမတူအောင် ကျွမ်းကျင်သော အသိဉာဏ်နှင့် ပြည့်စုံသော ဓမ္မပါလသည် ဗြိတိန်ပြည်တွင် ဗုဒ္ဓလုပ်ငန်းကို ဆောင်နေစဉ် သူ့အား မနှစ်မြို့က်သည့်အလား ပြင်းထန်စွာ နှိပ်စက်လှသော ဗြိတိန်ကျွန်းကြီး၏ ရာသီဥတုဒဏ်ကြောင့် အင်အားကုန်ခမ်းခြင်းသို့ ရောက်လေသည်။ နှစ်ရှည်လများ နေရသည်နှင့်အမျှ ကျဆုံးသော ကျန်းမာရေးကြောင့် သူ၏ ဦးနှောက်နှင့် ကိုယ်ကာယသည် သူ့အား တော်လှန်စပြုလာလေသည်။ သူသည် ဗြိတိန်ရှိဗုဒ္ဓစ်ထင်ခေါ် မဂ္ဂဇင်းကို ထုတ်ဝေခြင်း၊ အီလင်အိမ်တော်၌ အစည်းအဝေးကျင်းပခြင်းတို့ကို ပြုလုပ်ပါသေး၏။ သို့သော် သူ၏ မကျန်းမာမှုသည် သူ့အား သီဟိုဠ်သို့ ပြန်ရန် နိုင်ထက်စီးနင်း ပြုလာလေတော့သည်။

သီဟိုဠ်ကျွန်းသို့ ရောက်ပြီး နောက်တစ်နှစ်တွင် ပြန်၍ ရီဂျင့်ပါတ်(ခ်)အနီး အိမ်တစ်အိမ်သို့ ဌာနရွှေ့ပြောင်း၍ ကြာရှည်စွာ နေထိုင်ရန် ကြံရွယ်ပါသော်လည်း သူ့အား အင်္ဂလန်ပြည်သို့ လာရောက်သည်ကို လုံးဝမလိုလားသော စပရင်းဥတုသည် သီဟိုဠ်ကျွန်းသို့ ပြန်လည် မောင်းထုတ်လိုက်ပြန်လေသည်။ ထိုသို့ပင် မောင်းနှင်ခြင်းခံရစေကာမူ သူ၏ကိုယ်စား လုပ်ကိုင်ဆောင်ရွက်ကြရန် အရည်အချင်းနှင့် ပြည့်စုံသော ဘိက္ခု ပီ၊ ဝဇီရဉာဏအမှူးရှိသော ရဟန်းတော်(၃)ပါး အား ထားပစ်ခဲ့လေသည်။

## ဆရာတော် တိုက်စူး

တရုတ်ပြည် အမွိုင်ကျောင်းကြီး၏ ဆရာတော်ကြီးဖြစ်သူ သာသနာပိုင် ဦးတိုက်စူးသည် အနောက်နိုင်ငံသို့ ဒေသစာရီ ကြွရောက်လာလေသည်။ ဆရာတော်သည် ၁၉၂၈-ခုနှစ်၊ အိုတန်ဥတုတွင် အင်္ဂလန်ကျွန်းသို့ ရောက်ရှိလာလေသည်။ ဆရာတော်၏ ရည်ရွယ်ချက်မှာ ဥရောပတိုက်ရှိ မြို့ဟူသရွေ့၌ ဗုဒ္ဓဘာသာအသင်းများကို ဖွဲ့စည်းတည်ထောင်ပြီးလျှင် ဗုဒ္ဓဝါဒနှင့်ဆိုင်သော စာပေများကို သင်ကြားပို့ချပေးရန် ဖြစ်သည်။ လန်ဒန်မြို့ရှိ မဟာဗောဓိအသင်းနှင့် လော့ဂျ်အသင်းတို့က ဆရာတော်အား သောင်းသောင်းဖျဖျ ဆီးကြိုကြလေသည်။

အင်္ဂလန်ပြည်တွင် ဗုဒ္ဓဘာသာအသင်းအဖွဲ့များ ရှိနှင့်ပြီဟု သိရှိတော်မူသောအခါ ချက်ချင်းပင် ပြင်သစ်ပြည်သို့ ထွက်ခွာသွားလေသည်။ ပြင်သစ်ပြည်၌ ဗုဒ္ဓဝါဒကို စိတ်ဝင်စားသူများ ပါဝင်သော ဆပ်-ကော်မတီတစ်ခုကို ဖွဲ့စည်းတည်ထောင်လေသည်။

ဆရာတော်တိုက်စိုး ပြင်သစ်သို့ ရောက်နေစဉ် အနာဂါရိက ဓမ္မပါလ၏ တူဖြစ်သူ ဒယာဟေဝါပိတာရနေသည် အင်္ဂလန်ကျွန်းသို့ ရောက်ရှိလာ၍ ဗုဒ္ဓဘာသာကျောင်းသားများအလို့ငှာ ဟော်စတယ်တစ်ခုကို တည်ထောင်လေသည်။ သို့သော် နိုင်ငံခြားဗုဒ္ဓဘာသာ ကျောင်းသားကျောင်းသူတို့၏ စိတ်ဝင်စားခြင်း၊ ထောက်ခံခြင်းကိုကား ဘယ်သောအခါမှ မရရှိခဲ့ချေ။

ပြင်သစ်ပြည်တွင် အားထုတ်ဆောင်ရွက်လျက်ရှိသော ဦးတိုက်စိုး၏ သာသနာပြု လုပ်ငန်းမှာ ပိုမိုအောင်မြင်လျက် ရှိသည်။ အဘယ့်ကြောင့်ဆိုသော် ဗုဒ္ဓဝါဒ၌ သင်ကြားနားလည်ပြီးသော များစွာသော ပါရီမြို့သူမြို့သားများကို နှိုးဆော်ခြင်း၌ အောင်မြင်မည်ဖြစ်သော "Les Amis du Buddhism" ခေါ် အသင်းတစ်ခုကို ပြုလုပ်ဖန်တီးခြင်းအားဖြင့် မစ်စီလောင်ဘဲရီသည် အသင့်ခင်းထားသော တံတားကို လျှောက်သွားရန်သာ လိုတော့သည် ဖြစ်သောကြောင့်တည်း။

## ပါဠိကျမ်းရင်း

ဗုဒ္ဓဝါဒဟူသော အလင်းရောင်သည် ခရစ်ဝါဒီလမင်းကြီး ထွန်းတောက်လျက်ရှိသော ဥရောပတိုက်ကြီးသို့ ထွင်းဖောက်ကာ အရောင်ဟပ်နေပြီး ဖြစ်သော်လည်း ဗုဒ္ဓဝါဒတည်ရာဖြစ်သော ပါဠိကျမ်းရင်းများမှာကား အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း၊ ပြင်သစ်ဘာသာဖြင့်လည်းကောင်း၊ ဂျာမဏီဘာသာဖြင့်လည်းကောင်း ပြန်ဆိုရေးသားပြီးစီးခြင်း မရှိသေးပေ။ ပြင်သစ်ပြည်တွင် သာသနာတော်ပြန့်ပွားရေးသည် ပြင်သစ်ဘာသာဖြင့် ပါဠိကျမ်းရင်းများ ရှိမှ ဖြစ်နိုင်မည်ဟု သိရှိတော်မူသော ဦးတိုက်စိုးသည် အဆိုပါအသင်းဝင်တို့၏ အကူအညီဖြင့် စတင်ပြန်ဆိုရေးသားလေတော့သည်။

## ဂျာမဏီဗုဒ္ဓဘာသာ

ဂျာမန်ဗုဒ္ဓဘာသာ၌ ထင်ပေါ်ကျော်စောသော ပုဂ္ဂိုလ်တစ်ဦးဖြစ်သူမှာ ကွယ်လွန်သူ ဒေါက်တာပေါလ်ဒါလ်ကေဖြစ်၍ ဘာလင်မြို့အနီး ဖရိုမန်ခေါ်ရပ်ကွက်ရှိ သူ၏ နေအိမ်မနီးမဝေးအရပ်တွင် ဂျာမန်ဗုဒ္ဓဘာသာဝင်တို့အလို့ငှာ ဝတ်ကျောင်းတော်ကြီးတစ်ဆောင်ကို ရက်ရောစွာ လှူဒါန်းတော်မူခဲ့လေသည်။ ဂျာမန်ဝါဒမှာ ကမ္ဘာမှ အော့နလုံးနာနေသော ဝါဒပင် ဖြစ်စေကာမူ ဘာသာတွင် မည်သို့မျှ အနှောက်အယှက် မပေးခဲ့။ လွတ်လပ်စွာ ကိုးကွယ်နိုင်ခွင့် ဆည်းပူးနိုင်ခွင့် ရှိလေသည်။ ထိုသို့ လွတ်လပ်ခွင့်ပေးထားခြင်းမှာ ဗုဒ္ဓရှင်တော်၏ ဝါဒသည် ဂျာမန်အဘိဓမ္မာနှင့်တူသော လောကဓာတ်ပညာကို များစွာ အထောက်အပံ့ပေးနိုင်သောကြောင့်တည်း။

## ကျေးဇူးရှင်များ

လောကဓာတ်ပညာနှင့် ခရစ်တော်ဝါဒီထွန်းကားရာဖြစ်သော ဥရောပတိုက်ကြီး၏ မြေပေါ်၌ ဗုဒ္ဓဝါဒတည်းဟူသော မျိုးစေ့မွန်ကို ပျိုးပေးခဲ့သော အထက်ပါကျေးဇူးရှင်ကြီးတို့၏ လက်ရာခြေရာများကား ယခုအခါ ပေါက်ပွားလျက်ရှိချေပြီ။ ဗုဒ္ဓဝါဒသည် လူ့လောက တစ်ရပ်လုံး၏ တိုးတက်စည်ပင်မှု၊ ယဉ်ကျေးလိမ္မာမှု၊ ဒုစရိုက်တရား ပပျောက်မှု-စသည်တို့ကို ဖန်တီးပေးနိုင်သော ဝါဒကောင်း ဝါဒမွန်တစ်ရပ် ဖြစ်ကြောင်းကို ကမ္ဘာက ထောက်ခံလိုက်လေပြီ။ ယခုကဲ့သို့ အညွန့်တလူလူ သန်းလျက်ရှိသော ဗုဒ္ဓဝါဒတော်ကို ဥရောပတိုက်၌ ထပ်မံပြုစုရာ၌ ကျွန်ုပ်တို့ မြန်မာနိုင်ငံသူနိုင်ငံသားတို့သည် လစ်လျူရှု၍ ထားသင့်ပါသလော?

မေဃဝတီ-ဦးနာရဒ

၁၆-၇-၁၉၅၁

ပြီးပြီ

FOR

ဗုဒ္ဓဂယာသို့ ဘုရားဖူးသွားရောက်မည့်သူများ
သမိုင်းဘာသာရပ်ကို လေ့လာလိုသူများ
အထူးသဖြင့် အိန္ဒိယနိုင်ငံ၏ ဗုဒ္ဓဘာသာသမိုင်းကို လေ့လာလိုသူများ

QUESTION

ဗုဒ္ဓဂယာသို့ ဘုရားဖူးလမ်းညွှန်စာအုပ်ကောင်းတစ်အုပ်က ဘာစာအုပ်လဲ
ဆရာတော်ဦးနာရဒ၏ ဘုရားဖူးမှတ်တမ်းစာအုပ်က ဘယ်မှာလဲ
မြတ်ဗုဒ္ဓပွင့်တော်မူရာ အိန္ဒိယမှာ ဘာကြောင့် ဗုဒ္ဓဘာသာကွယ်ပခဲ့ပါသလဲ

Answer
Buddha's History



